

www.burmeseclassic.com
BURMESE CLASSIC .com
ရှင်မြတ်နိုး၏
ကလောင်ခွဲ
လုံးချင်းဝတ္ထုသစ်
သင်မြတ်နိုး
အနမ်းပန်းပွင့်လေးတွေကြွေ
ပန်းချီ သိန်းရွှေကြည်
2012
www.burmeseclassic.com

www.burmeseclassic.com

သင်မြတ်နိုး

အနမ်းပန်းပွင့်လေးတွေ ကြွေ

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## (၁)

ရွှေအိုရောင် Cherry Wagon Taxi ကားလေးက စိန်မြရံချယ် ညွှန်ပြပေးတဲ့ ရှစ်ထပ်တိုက်ကြီးရှေ့မှာ ရပ်သွားသည်။ သူမ ကားပေါ်မှဆင်းလိုက်ပြီး သူမရဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အစားတွေကို အပြည့်အသိပ်ထည့်ထားသဖြင့် လေးလံလွန်းနေတဲ့ အိတ်ကြီးကို မ,ပြီး သူငယ်ချင်း ခင်ခခ နေထိုင်သော ရှစ်ထပ်တိုက်ကြီးရဲ့ လှေကားအဝင်ဝကို ရောက်လာခဲ့၏။ မိခ နေတာက ရှစ်ထပ်တိုက်ကြီးရဲ့ ရှစ်လွှာမှာတဲ့။ အမောဆို့သွားချင်သည်။ ဟူး… မလွယ်ပါလား၊ သေချင်လိုက်တာ။ မိခ နေစရာရှားလို့။ ရှစ်ထပ်တိုက်ကြီး၏ လှေကားထစ်တွေကို မော့ကြည့်မိနေရင်း စိန်မြရံချယ် မျက်နှာလေး ရှုံ့တွသွားရလေသည်။

'ဒီမှာ အမိ'

'ဟင်… အမလေး… လန့်လိုက်တာ၊ ဘာလဲ… ဘာကိစ္စရောက်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူမငှားစီးလာသော Taxi အငှားကားဒရိုင်ဘာက သူမ နောက်မှာကပ်ပြီး ရပ်၍ ဒီမှာဟု ခေါ်လိုက်သဖြင့် သူမ လန့်သွားခြင်းဖြစ်သည်။ ထို့ကြောင့်ပင် Taxi ကားဒရိုင်ဘာကို မျက်နှာထားတင်းတင်းနှင့် ပစ်ဟောက်ရင်း လာမစမ်းနဲ့ မရဘူးဆိုသည့် တည်တည်တင်းတင်း ကြည့်လိုက်၏။ စိန်မြရုံချယ်နှင့် ရွယ်တူနီးပါးလောက် အသက်အရွယ်ရှိသေး၍ ပို၍ပင် သူမမျက်နှာလေးကို စူတည်ပုပ်သိုးထားလိုက်သည်။

'အမိ... ကားငှားစီးပြီး ကားခ မပေးသွားဘူးလေ'

'ဘာ... ဟင်... ဟုတ်သားပဲ၊ ဒီမှာပေးမလို့ လက်ထဲမှာ ကိုင်ထားတာနော်၊ ဒါများ ဘာဖြစ်လို့ အနားအထိ ကပ်လာရတာလဲ ရှင့်'

'အားနာလို့ဗျ၊ မိန်းကလေးတစ်ယောက် ပိုက်ဆံမပေးဘဲ အမေ့ခံပြီး ထွက်သွားတာ အော်မတောင်းချင်လို့ အနားကပ်လာပြီး တောင်းတာ'

'Sorry နော်၊ အမေ့ခံတာ မဟုတ်ဘူးရှင့်၊ ပေးမလို့ပဲ၊ ဒီမှာ ထုတ်ထားပြီးသား ရော့'

'ဒီလိုပဲ ပြောကြတာပဲ'

'ဘာရှင့်'

Taxi မောင်းသမား မကျေမနပ်နှင့်ထွက်သွားမှ ရုံကလည်း ရုံပဲလေ။ ဘာတွေမှန်းလည်း မသိပါဘူး။ စိတ်တွေရှုပ်ထွေးပြီး စိတ်က လူနဲ့မကပ်တာ၊ မေ့သွားတာပါဆိုမှ Taxi မောင်းသမားကို မျက်စောင်း





လှည့်ပြီး ထိုးလိုက်သည်။ မိခကလည်းဟယ်... ရှစ်ထပ်တိုက်ရဲ့ ရှစ်လွှာမှာများ ငှားနေရလား။ မိခကို စိတ်ထဲကနေ အပြစ်တင်နေမိပေမယ့် သူငှားထားတဲ့တိုက်ခန်းမှာ ကပ်နေရမှာဖြစ်၍ မပြောရဲ။

'နင်က သူဌေးလား မိရုံ၊ ဒါတောင် ငါ့အစ်မက စိုက်ပေးပြီး ငှားထားရတာဟဲ့၊ တစ်နှစ်ပြည့်သွားရင် တိမ်တွေနား ထိတော့မယ့်တိုက်မှာ ရှာငှားရမလား၊ ဒါမှမဟုတ် ချောင်ကလောင်မှာ ငှားရမလားပဲ၊ ကြေးများမနေနဲ့ လာခဲ့'

မိခပြောတဲ့စကားတွေကို ရုံ ပြန်ကြားယောင်မိရင်း ဟုတ်သားပဲ။ ရုံက တိုက်ခန်းခ တစ်ဝက်ပေးပါ့မယ်ပြောထားပေမယ့် အလုပ်က ခုမှရှာရမှာ။ ကြေးများနေလို့ မဖြစ်သေးဘူး။ တက်ရတော့မှာပဲ။ အိတ်ကြီးကလည်း လေးလိုက်တာ။ တစ်အိတ်တည်း အပြီးဆိုပြီး ဖိသိပ် ထည့်လာခဲ့ခြင်းဖြစ်သည်။

'ဟူး... သေပြီ'

ဘာမှထွေထွေထူးထူး အပိုတွေ စဉ်းစားမနေတော့ဘဲ အိတ်ကြီးကို ဆွဲ၍ ရှစ်ထပ်တိုက်ကြီးပေါ် တက်လာခဲ့လေသည်။

'ရုံ... နင် အရင်က ဘယ်လိုဘဝမျိုးပဲ နေခဲ့ရနေခဲ့ရ တာဝတိံသာနတ်ပြည်ကပဲ ဆင်းလာခဲ့ ဆင်းလာခဲ့ လောလောဆယ် အခြေအနေကိုပဲ ကြည့်ရမယ်၊ ရုန်းကန်နိုင်အောင် ကြိုးစားသင့်တယ်၊ အခြောက်တိုက် ဘဝင်မြင့်ပြီး မိုးပေါ်ကို မျှော်ကြည့်နေလို့ ဘဝရပ်တည်ဖို့ မဖြစ်နိုင်ဘူးဟ၊ တွေဝေမနေနဲ့ စိန်မြရုံချယ်... ဘဝကို တည်ဆောက်ကြမယ်... Let's go'



www.burmeseclassic.com

www.burmeseclassic.com



ခင်ခခက စကားပြောလျှင် ဆရာကြီးလေသံ ဖမ်းနေတတ်ပေမဲ့ ကြိုးစားပမ်းစား အခက်အခဲတွေကြားထဲမှာ ကျော်ဖြတ်ရုန်းကန်ရင်း လက်ထောက်မန်နေဂျာဆိုတဲ့ရာထူးကို အရယူနိုင်ခဲ့သည်။ ရုံကသာ ယောင်ချာချာနှင့် အထက်မရောက်၊ အောက်မရောက် အလယ်မှာ တန်းလန်းကြီး။ အလုပ်တွေရွေးရင်း ဟိုဟာ သည်ဟာနှင့် ကြေးထူ ကြောက်ရွံ့တွေဝေစွာ, အချိန်တွေ ဖြုန်းပစ်နေမိသလို တကယ်တမ်း မလွဲမရှောင်သာ ဘဝကို ရင်ဆိုင်ဖြတ်သန်းရမည့်အခြေအနေနှင့် ကြုံတွေ့လာတော့ ဘယ်ကနေ ဘယ်လိုစတင်ရမှန်းပင် မသိခဲ့။ သူငယ်ချင်း ခင်ခခက အားပေးပြီး ခေါ်၍သာ ရုံ ရောက်လာခြင်းဖြစ်သည်။

'ဟူး… ရောက်ပြီ၊ အမလေး… အသက်တောင်ထွက်ချင်တယ်၊ မောလိုက်တာ'

ရုံ အိတ်ကြီးကို ပစ်ချလိုက်ပြီး ဟောဟဲလိုက်နေတဲ့ ရင်ဘတ်ကြီး ငြိမ်သက်သွားစေရန် အရင်ဆုံး အမောဖြေနေကာ နေ့စဉ် ဆင်းလိုက်တက်လိုက်နှင့် လုပ်နေရရင်တော့ သေပြီဆရာ… တွေးမိပြီးမှ ရုံက သူများအခန်းမှာ ကပ်နေရမှာ။ ကြေးများနေတာ မိခသိရင် ဆူပူကြိမ်းမောင်းမှာ သေချာသည်။

'ဟာ… ဒုက္ခပါပဲ၊ မိခအခန်းက A လား၊ B လား မေ့နေပြီ၊ မိခ ပြောသွားပါတယ်'

မိခက လိပ်စာထဲမှာ အခန်း A လား၊ B လားဆိုတာ မရေးထား။ ပါးစပ်ကပဲ ပြောထားခဲ့တာဖြစ်သည်။ ရုံကလည်း မေ့တတ်လိုက်တာ။ ဒီမှာက မျက်နှာချင်းဆိုင် နှစ်ခန်းတောင်။ ဒါပေမဲ့





တစ်ခန်းကတော့ သော့ပိတ်ထား၍ မိခအခန်း မဖြစ်နိုင်။ သူမရှေ့ အခန်းက အမြဲတမ်းသော့ပိတ်ထားသည်ဟု ပြောပြဖူး၍ သော့မခတ်ထားတာက A ခန်းပဲ။ မိခဆီမှာ ကုမ္ပဏီကနေ အကြွေးစနစ်နဲ့ ရောင်းပေးထားတဲ့ Hand Phone ရှိသည်။ ခက်နေတာက သူမမှာ Hand Phone မရှိတာပါ။ ဆင်းပြီးဆက်ဖို့ကလည်း စဉ်းတောင် မစဉ်းစားရဲ။ သူမက တံခါးလေးကို တွန်းကြည့်တော့ အတွင်းမှ ပိတ်မထားဘဲ ပွင့်သွားလေသည်။

'မိခ… ကြည့်စမ်း မိန်းကလေးတစ်ယောက်တည်းနေပြီး တံခါးကို ပိတ်မထားဘူး၊ နမော်နမဲ့နဲ့ သိမယ်၊ ပညာပေးရမယ်'

မိခကို ရုတ်တရက် အံ့သြထိတ်လန့်သွားစေရန် အသံမပေးဘဲ ဝင်သွားပြီး နောက်ပြောင်ဖို့ ရုံ စဉ်းစားမိသွားသည်။ ရုံ့ကိုလည်း လာမည်ဟု မိခ ထင်မှာမဟုတ်။ တစ်ပတ်အတွင်း အရောက်လာမည်ဟုပဲ ပြောထားတာပါ။ ရုံ တံခါးကို ဖွင့်လိုက်ကာ အိတ်ကြီးကို အခန်းထဲ ပစ်ထည့်လိုက်ပြီး ရုံလည်း ဝင်လိုက်လေသည်။

'ဟာ…'

'ဟင်…'

'အမလေး…'

စိန်မြရုံခြယ်ရဲ့ရှေ့မှာ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် အမလေးဟုအော်ဟစ်မိရင်း သူမမျက်နှာလေးကို လက်ဝါးတွေနှင့် ဖိအုပ်မိသွားရင်း သူမခန္ဓာကိုယ်လေးထဲမှာ ရှိသမျှသွေးတွေ လှည့်ပတ်မှု ရပ်ဆိုင်းသွားပြီလားတောင် မသိဘူး။ တောင့်တောင့်လေး ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း… မင်းဘယ်သူလဲ၊ ဘာကိစ္စနဲ့ ကိုယ့်အခန်းထဲ ဝင်လာရတာလဲ'

သူ့အသံကလည်း တုန်တုန်ရီရီနှင့် မေးနေပေမဲ့ ရံ မဖြေနိုင်။ သူမရှေ့မှာ ရပ်နေသူက ရေချိုးခန်းထဲကနေ ရုတ်တရက်ထွက်လာပုံရပြီး ခန္ဓာကိုယ်အလယ်ပိုင်းမှာ တဘက်အဖြူရောင်သေးသေးလေးပဲ ပတ်ထားလေသည်။ မိခ ကဲနေတာပဲ ဖြစ်မယ်။ ယောကျ်ားတစ်ယောက်ကို အခန်းထဲခေါ်ပြီး နှပ်နေတာ။ ဒင်းဘယ်မှာလဲ။ ရေချိုးခန်းထဲမှာလား၊ အိပ်ခန်းထဲမှာလား။ ဖြော်တော့ဖြင့် ဆရာကြီးလေသံနဲ့ ရံ့ကိုတွေ့တာနှင့် သွန်သင်ဆုံးမနေပြီး။ ဒေါသတွေနှင့် ရံ စိတ်ထဲမှာ နည်းနည်းလေး တင်းသွာရကာ မိခကို ပြဿနာရှာပစ်ဖို့ ဆုံးဖြတ်လိုက်၏။ လက်ပူးလက်ကြပ်မိတာပဲ ငြင်းလို့ရမလား။ သူမရှေ့မှာ ရပ်နေတဲ့ လူကိုကျော်ကာ ရေချိုးခန်းထဲ ဝင်ကြည့်သည်။

'ဟွန်း… ရေချိုးခန်းထဲမှာလည်း မရှိဘူး၊ ဒင်းက အိပ်ခန်းထဲမှာ အမောဖြေနေတာပဲဖြစ်မယ်၊ တွေ့မယ် စိန်မြရံခြယ်အကြောင်း ကောင်းကောင်းသိစေရမယ်၊ အရှက်မရှိ ယောကျ်ားတစ်ယောက်ကို လက်မထပ်ရသေးဘဲနဲ့များ'

သူမ စိတ်ထဲကနေ မိခအား အမျိုးမျိုးတွေးတောပြောဆိုပစ်နေရင်း ပိတ်ထားတဲ့ အိပ်ခန်းဟု ထင်မြင်ယူရသော အခန်းတစ်ခန်းရဲ့ တံခါးကို တွန်းဖွင့်ပစ်လိုက်ပြီး ကြည့်လိုက်တော့ အခန်းထဲမှာ ဘယ်သူမှ ရှိမနေဘဲ ယောကျ်ားလေးအသုံးအဆောင်ပစ္စည်းတွေနှင့် ကြွက်သား





ကြီးတွေ အဖုအထစ်ထနေသော မောင်ဗမာတွေရဲ့ ခန္ဓာကိုယ်အလှပြနေသော ပုံတွေပဲ ချိတ်ထားလေသည်။

'အမလေး…'

'ဝုန်း…'

သူမ ရှက်လန့်တကြားနှင့် တံခါးကို ဝုန်းခနဲနေအောင် ပြန်ပိတ်ပစ်လိုက်ပြီး တစ်ဖက်သို့ အလှည့်တွင် ထိုလူက သူမရှေ့မှာ မားမားကြီးရပ်နေသည်။

'ဟော့… မင်း ဘာဖြစ်လို့ သူများအခန်းထဲဝင်လာပြီး အခန်းတံခါးတွေ လိုက်ဖွင့်နေရတာလဲ၊ မင်း ဘယ်သူလဲ၊ ဘာကိစ္စရှိလို့ ဝင်လာရတာလဲ၊ အမိ… မင်း ဘာတွေရှာနေတာလဲ'

'ဟင်…'

သူက ရံ့ရှေ့မှာ ပိတ်ကာရပ်ထားကာ ရံ အထိတ်တလန့်ကြည့်မိပြီး အရှက်ကင်းမဲ့လွန်းတဲ့ သူ့ခန္ဓာကိုယ်ကြီးအား ကြောင်ကြည့်နေမိပြီး နောက်မှ အသိဝင်လာသဖြင့် ချာခနဲ လှည့်ထွက်ဖို့ ပြင်လိုက်သည်။

'ဟော့ နေဦး… မင်း ဘယ်သူလဲ၊ မင်း ဒီအခန်းထဲကို အကြံအစည်တစ်ခုခုနဲ့ ဝင်လာတာမဟုတ်လား'

'ဘာရှင့်'

'မင်း အနုကြမ်းစီးမလို့လား၊ ကိုယ့်အိပ်ခန်းထဲ အတင်းဝင်လာပြီး မင်းကို မတော်မတရားကြံစည်ပါတယ်လို့ အော်မလို့လား၊ ပြီးတော့မှ အမှုဆင်၊ ငွေညှစ်မလို့လား၊ ပြောစမ်း…'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်ဘာတွေ လာပြောနေတာလဲ၊ ကျွန်မက ခခ သူငယ်ချင်း စိန်မြရုံချယ်၊ ရှင်က ခခလူလား'

'ဘာပြောတယ်'

'ခခလူလားလို့ မေးနေတာပါ၊ ကျွန်မ ရှာနေတာက ခင်ခခပဲ၊ ကျွန်မသူငယ်ချင်း'

'အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့ အမိ အမိပွာယ်မရှိတာ၊ ဘယ်က ခင်ခခလဲ။ ဒီအခန်းက တို့ယောကျ်ားလေးတွေပဲ နေကြတဲ့ အခန်း'

'ဘာ'

'ဒီအခန်းကို မနက်ကမှ ပြောင်းလာကြတာ၊ မင်း ဘာတွေ အကြောင်းလာရိုက်နေတာလဲ အမိ၊ မယုံဘူးလား၊ မင်းလိုမိန်းကလေးမျိုးတွေ ယောကျ်ားလေးအခန်းထဲဝင်လာပြီး ပြဿနာရှာကြတာပဲ၊ မင်းကို ရဲစခန်းကို ပို့ရမယ်၊ စခန်းကျမှ ရှင်းတော့'

သူက စားပွဲပေါ်မှာ တင်ထားတဲ့ Hand Phone ကိုကောက်ယူပြီး ဖုန်းနံပါတ်တွေကို နှိပ်ဖို့ပြင်နေသဖြင့် သူမ အခန်းမှားဝင်လာတာများလားဟု စိတ်ထဲမှာ သံသယဝင်လာသည်။ စခန်းကို ပို့လိုက်လျှင်လည်း အရှက်တကွဲဖြစ်သွားနိုင်သည်။ ရဲ ဘာမှစဉ်းစားမနေတော့ဘဲ သူ့လက်ထဲက Hand Phone ကို အတင်းဝင်လုပစ်လိုက်၏။ သူကလည်း လက်ကို မြှောက်ထားပြီး ဖုန်းနံပါတ်တွေပဲ ဆက်နှိပ်နေသည်။





'ဒီမှာ မဆက်ပါနဲ့၊ ကျွန်မက ရှင်ထင်သလို မိန်းကလေးမျိုး မဟုတ်ပါဘူး၊ အခန်းမှားဝင်လာတာရှင့်'

သူ့ခန္ဓာကိုယ်ကြွက်သားအဖုအထစ်တွေကိုလည်း မကြည့်ရဲဘူး။ ရဲ ရှက်လို့သေတော့မယ်။ ခန္ဓာကိုယ်တစ်ခုလုံးလည်း တဆတ်ဆတ်လေး တုန်ရီချင်နေသည်။ အကြည့်ကို လွှဲထားပြီး အခန်းထဲကနေ ထွက်သွားဖို့ပဲ ကြံစည်ရင်း Phone မဆက်ဖို့ပဲ တောင်းပန်နေ၏။ ဒီလူကလည်း မယုံသင်္ကာနှင့် စခန်းကိုပို့ဖို့ ဟန်တပြင်ပြင်။ ရဲ သေချင်လောက်အောင် စိတ်ညစ်နေရသည်။

'မဆက်လို့မဖြစ်ဘူး အမိ၊ မင်းကို ဘာအထောက်အထားနဲ့ ယုံရမှာလဲ၊ မရိုးသားဘူး၊ မင်း အသံမပေးဘဲ ဝင်လာတာ၊ ပြီးတော့ ကိုယ့်အိပ်ခန်းထဲဝင်ဖို့ ကြံစည်တယ်၊ ရှုပ်တယ် မင်း စခန်းမှာပဲ ရှင်း'

'ကျွန်မ တကယ်ပဲ အခန်းမှားဝင်လာတာရှင့်၊ တကယ်ပြောတာပါ၊ တောင်းပန်ပါတယ်၊ ကျွန်မသူငယ်ချင်းအခန်း ထင်လို့ပါ၊ သူ့အခန်းက ရှေ့ခန်းထင်တယ်၊ စခန်းကိုတော့ မဆက်ပါနဲ့၊ ရှင်တို့လည်း အလုပ်ရှုပ်ပါတယ်နော်... အဟဲ သွားခွင့်ပြုပါဦး'

'နေဦး'

'ရှင်'

မလွှဲသာမရှောင်သာ အခြေအနေဖြစ်နေ၍ မထူးတော့ပါဘူး ဆိုပြီး မျက်နှာပူပူထူထူနှင့်ပဲ သူ့ကို ခပ်ရဲရဲလေးပဲ မျက်နှာချင်းဆိုင်ပစ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နေပါဦး မင်းသူငယ်ချင်းက ဘယ်မှာနေတာလဲ'

'ရွှေခန်းမှာ ထင်တယ်'

'ဘာထင်တာလဲ၊ မိန်းကလေးတစ်ယောက်ဖြစ်ပြီး မသေချာလိုက်တာ၊ ကိုယ်သတိထားမိသလောက် မနက်ကတည်းက သော့ခတ်ထားတယ်'

'ဟင်'

သူ့စကားကြောင့် ရုံပင် ယောင်ချာချာနှင့် တွေဝေသွားရသည်။ ခခ ဘယ်မှာနေတာလဲ။ ပေးထားတဲ့လိပ်စာက တိုက်ကတော့ မှန်နေပြီ။ အခန်းက A လား၊ B လားပဲ။ ခခ အပြင်သွားနေတာလည်း ဖြစ်နိုင်ပေမယ့် လောလောဆယ် ဖြေရှင်းဖို့ခက်နေသဖြင့် သူမ ရယ်ကျဲကျဲနှင့် အခန်းအပြင်ထွက်ဖို့ အိတ်ကို လှမ်းယူလိုက်သည်။

'ဟိတ်… နေဦး… မင်းအမူအရာတွေက မမှန်ဘူး၊ မင်းလို အကြံအဖန်ကောင်မလေးမျိုးကို ဒီအတိုင်းလွှတ်ပေးလို့ မရဘူး၊ မှတ်လောက်သားလောက်အောင် ပညာပေးရမယ်၊ ရဲစခန်းပို့မှဖြစ်မယ်'

'ရှင်… ရှင် ဘာစကားတွေ ပြောနေတာလဲ၊ ဘာအကြံအဖန်လဲ၊ ရှင့်စကားတွေက အရမ်းလွန်လာပြီနော်၊ ကျွန်မ အခန်းမှားဝင်လာတာလို့ ပြောထားပြီးပြီပဲ၊ ရှင်က အခွင့်အရေးသမားလား၊ တိုင်ချင်တိုင် စိန်မြရုံခြယ်တို့က မကြောက်ဘူး၊ ရင်ဆိုင်မယ်'

'ကောင်းပြီလေ၊ တိုင်ရမှာပဲ၊ မင်းနာမည်က စိန်မြရုံခြယ်လား၊ နာမည်ကတော့ မိုက်တယ်ကွာ'

'ဘာရှင့်'





အလကားလူ၊ အခွင့်အရေးသမား။ ရုံက ရိုးရိုးသားသားနဲ့ အခန်းမှား ဝင်လာတာပါဟု ပြောထားပြီးပြီပဲ။ ရုံ မျက်နှာထားကို တင်းပစ်လိုက်ကာ သူ့ Hand Phone ကိုလည်း မလုတော့ဘဲ တိုင်ချင် တိုင်တော့ ဆိုပြီး ရပ်နေလိုက်သည်။

'ဟဲလို… 199 ကလား၊ အခု တိုက်နံပါတ် 44 ရှစ်လွှာ အခန်းနံပါတ် A မှာ မိန်းကလေးတစ်ယောက် အတင်းဝင်လာပြီး ခြိမ်းခြောက်ငွေညှစ်ဖို့'

'ရှင်လူယုတ်မာ… ဖြန်း'

'ဟင်… မင်း… မင်း…'

သူမ ထပ်ရိုက်ဖို့အတွက် လက်တစ်ဖက်ကို မြှောက်လိုက်စဉ် သူကလည်း ဒေါသတကြီးနှင့် သူမလက်အား ဖမ်းယူဆုပ်ကိုင်ဖျစ်ညှစ်ထားလိုက်သည်။

'အား… နာလိုက်တာ၊ လွှတ်နော် လွှတ်၊ ရှင်ဘာလုပ်တာလဲ၊ အား…'

သူမ ရုန်းဖယ်ပစ်ပေမဲ့ သူက မလွှတ်ပေး။ ရုံ နာကျင်လွန်း၍ အားဟု အော်ရင်း သူမမျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပင် ပြည့်လျှံကျချင်လာလေသည်။

'မင်းကို ဒီအတိုင်းလွှတ်ထားလိုက်လို့ မဖြစ်ဘူး အမိ၊ ကိုယ် တကယ်မတိုင်ရသေးဘူး၊ မင်းက ရဲစခန်းရောက်မှာ အရမ်းကြောက်နေတာပဲ၊ ဒီတစ်ခါမှ တကယ်တိုင်ပစ်ရလိမ့်မယ်၊ မင်း အရမ်းဆော့ကားနေပြီ၊ မသွားနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'လွှတ်… ရှင်က မိန်းကလေးတစ်ယောက် အခန်းမှားဝင်လာတာပါလို့ တောင်းပန်နေပြီပဲ၊ မယုံရင်လည်း ရှင့်ဟာရှင် တိုင်ချင်ရာတိုင်၊ ကျွန်မလက်ကို လွှတ်ပါ… ဖယ်'

သူမ လက်ကို ဆောင့်ပြီးရုန်းဖယ်ပစ်ရင်း ဒေါသတကြီးအော်ဟစ်ရန်တွေ့ပစ်သည်။

'လွှတ်နော်… လွှတ်'

'မလွှတ်ဘူးကွာ၊ မင်းကို ရဲစခန်းပို့ရမယ်၊ ဒါမျိုးအကြောင်းလာရိုက်လို့ မရဘူး'

သူကလည်း မလွှတ်ပေ။ သူမ အတင်းရုန်းဖယ်ရင်း ရဲစခန်းရောက်မှာလည်း ကြောက်ပြီး ရှက်လည်းရှက်။ ရန်ကုန်တောင် မရောက်သေးဘူး ရဲစခန်းရောက်ရမယ်ဆိုတော့ လူကြားလို့ပင် မကောင်းပေ။ သူကလည်း သူမလက်ကို ကိုင်ထားပြီး ဖုန်းနံပါတ်တွေ နှိပ်နေသည်။

'ရှင် အသားလာယူမနေနဲ့နော်၊ လွှတ်…ဖယ်ပါ'

ရံ အတင်းရုန်းဖယ်ရင်း ယောကျ်ားလေးတစ်ယောက်ရဲ့အားနှင့်ဆုပ်ညှစ်ထား၍ နာကျင်လွန်းရကာ ငိုချင်စိတ်တွေ ပေါက်လာရသည်။ ထိုအချိန်တွင် အခန်းဝမှာ ကျေးဇူးရှင်မ ခင်ခခ ပေါ်လာတော့၏။ ရံ့အသံကြား၍ ဝင်လာကြည့်ခြင်း ဖြစ်နိုင်သည်။

'ရံ သူများအခန်းထဲဝင်ပြီး ဘာတွေ ဆူပူသောင်းကျန်းနေတာလဲ၊ အမလေး… ဟို… ဟို'

သူ့ကို မြင်လိုက်သည်နှင့် ခခလည်း ရှက်ရွံ့တုန်လှုပ်သွားပြီး အကြည့်ကို ချက်ချင်းပြန်လှည့်ကာ ထွက်သွားသဖြင့် ရံလည်း သူ့လက်





ထဲကနေ ရုန်းထွက်လိုက်ပြီး ခခနောက်ကို အပြေးအလွှား ထွက်လိုက်ခဲ့မိ၏။ ခခက မျက်နှာချင်းဆိုင်အခန်းသော့ကို ဖွင့်နေတာ လက်တွေတုန်ရီနေ၍ ဖွင့်မရ။ ခခကိုကြည့်ပြီး ရံ ရယ်ချင်စိတ်တွေ ပေါက်လာရကာ ရယ်တော့ ခခက ပြန်လှည့်ကြည့်၍ မျက်စောင်းထိုးပြီး နင်ဘာတွေလုပ်နေတာလဲ၊ မိန်းမ အရှက်ကို မရှိဘူး။ ရံ အခန်းမှားဝင်သွားတာ ပြောပြီး ရယ်မိကြလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## (၂)

‘ဘယ်လိုဖြစ်ရတာလဲ မိရုံရယ်၊ ခခက သူငယ်ချင်း အလှူမှာ လုပ်အားပေးဖို့ ညသွားအိပ်တာဟာ၊ နင်လာနိုင်တယ်ဆိုပြီး ခ ပြန်လာတာ၊ တစ်ဖက်အခန်းမှာ နင့်အသံကြားလို့ ဝင်ကြည့်တာ၊ သူတို့ အခန်းက အမြဲတမ်း သော့ပိတ်ထားတာဟာ၊ အခုမှ ပြောင်းလာကြတာ ထင်တယ်၊ အမလေး… နင်ကလေ လုပ်လိုက်ရင် ဒီအတိုင်းပဲ’

‘ရုံက သူ့ကိုတွေ့တော့ ခခ ကဲနေတယ်ထင်ပြီး ရေချိုးခန်းတွေ၊ အိပ်ခန်းတွေ လိုက်ဖွင့်ပြီး ဝင်ရှာတာလေ’

‘ဖြစ်မှဖြစ်ရလေ စိန့်မြရုံခြယ်ရယ်၊ မှားလည်း မှားတတ်တယ်၊ ခတော့လေ ရှက်ပြီး သတိတွေဘာတွေလစ်ပြီး မူးလဲကျသွားမတတ်ပဲ’

‘ရုံလည်း စိတ်တွေ အရမ်းများပြီး ခ လိပ်စာတောင် ရေးမှတ်ထားလို့ မမေ့စာဟာ၊ ရှင်ကလည်း အခန်းနံပါတ်တော့ ရေးမထားဘူး၊ ပြီးတော့ ရှင့်အခန်းရှေ့ကအခန်းက အမြဲတမ်းသော့ခတ်ထားတယ်ဆိုတော့လေ ဟွန်း… အဲဒီလူကလည်း တံခါးကို မပိတ်ထားဘူး၊





ပွင့်နေလို့ ရုံ အခန်းမှားဝင်မိသွားတာ၊ ခခ ကဲနေတယ်ထင်ပြီး နောက်မလို့ မစဉ်းစား မဆင်ခြင်ဘဲ ဝင်သွားမိတာလေ’

‘ကောင်းတယ်၊ အဲဒါ ခခလိုသူတော်ကောင်းကို စော်ကားလို့ပဲ၊ ရှင့်အကျင့်ကိုက ဖွတ်လုပ်တတ်တာလေ၊ မတော်လို့ အိပ်ခန်းထဲ ခေါင်းသွင်းလိုက်ရင် ရှင် ဘယ်လိုလုပ်မလဲ ရုံ၊ သူ့ကိုရော သေသေချာချာ ကြည့်မိလိုက်သေးလား’

‘မကြည့်လို့မှ မရတာဟဲ့၊ ပထမတော့ ရှက်ပြီး အသားတွေတောင် တဆတ်ဆတ်တုန်သွားတယ်၊ သူက ရုံကိုအကြံအဖန်ကောင်မလေးဆိုပြီး ခွပ်ခွပ်ခွဲခွဲနဲ့ စခန်းတိုင်ဖို့လုပ်တာ ဒေါသဖြစ်လိုက်တာဟာ၊ အဲဒါနဲ့ ပါးရိုက်ပစ်လိုက်တယ်’

‘ဟင်… ရုံ နင်… နင်… သူ့ကို ပါးရိုက်ပစ်လိုက်တယ်’

‘အင်း… ရုံကို အကြံအဖန်ကောင်မလေးဆိုပြီး ရဲစခန်းပို့မယ် လုပ်လို့လေ’

ရုံက မဟုတ်မခံ ဆတ်ဆတ်ကြဲ စွာတေးလန်မလေးဆိုတာ ခခ သိသည်။ တွေးကြည့်ရင်တောင် ကြက်သီးထစရာ။ ကြွက်သားအဖုအထစ်တွေနဲ့ စိုလက်ဖြူနေတဲ့ ခန္ဓာကိုယ်ပိုင်ရှင် ယောကျ်ားတစ်ယောက်ရဲ့ အတွင်းပိုင်းတွေကအစ တွေ့မြင်လိုက်ရသဖြင့် ခခတောင် စိတ်တွေ တုန်တုန်လှုပ်လှုပ်နှင့် ရှက်လို့သေတော့မယ်။ စိန့်မြရုံချယ်ကတော့ အေးစက်မာကျောစွာ ခခကို လုပ်မနေနဲ့ ဘာဆန်းလို့လဲဆိုတဲ့ မျက်ဝန်းအကြည့်တွေနှင့် ကြည့်ပြီး ရုံ့ နှုတ်ခမ်းသားလေးတွေက တွန့်ခေါက်ကွေ့ကောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆက်ပြောမနေပါနဲ့တော့ ခရယ်၊ တွေးမိတိုင်း ရံလေ ဒီရှစ်ထပ်တိုက်ကြီးပေါ်ကနေ ခုန်ချပစ်ချင်စိတ်တောင် ပေါက်သွားတယ်။ မေ့ပစ်လိုက်တော့၊ ဘာရှက်စရာရှိလဲ၊ လူလူချင်းပဲဟာ'

မိခကြောင့်ပေါ့။ သူမအရှေ့အခန်းမှာ လူမနေဘူး၊ အမြဲတမ်းသော့ခတ်ထားတယ်ပြောပြီး ရံက ခ လောက်တောင် ဟန်မပျက်။ မိခက မဆီမဆိုင် မျက်နှာကြီး ရဲတွတ်တွတ်။

'နင့်ကြောင့်သိလား မိခ၊ ဘယ်သွားနေမှန်း မသိဘူး'

'နင်က ဘာဖြစ်လို့ ဖုန်းကြိုဆက်မနေထားလဲ၊ ခလို သူတော်ကောင်းမကြီးကို စနောက်ချင်တဲ့စိတ်တွေ များနေလို့မဟုတ်လားဟဲ့… ရံ အဲ့ဒါ ဖူးစာလို့လည်း ပြောလို့ရတယ်'

'ဘာ… ဘာဖူးစာလဲ'

'နင်နဲ့ဟိုလူ တွေ့ဆုံပုံက ဆန်းနေတယ်လေ၊ သူတို့က မနက်ကမှ ပြောင်းလာကြတာ ထင်တယ်၊ ကြုံဖန်တွေ့ဆုံရတယ်လို့ဟယ်၊ တကယ့်ကို အမှတ်တရ'

'သေလိုက်ပါလား၊ နင်ရောက်လာတာ မြန်လို့ပေါ့၊ မဟုတ်ရင် ရံ အချုပ်ခန်းထဲ ရောက်နေပြီ'

'ရံ့ကို ခြိမ်းခြောက်တာလည်း ဖြစ်နိုင်တယ်၊ သူက အလုပ်ရှုပ်ခံပြီးတော့ တိုင်ပါ့မလား၊ ဘာမဟုတ်တဲ့ကိစ္စလေးကို၊ နင်ကိုက လက်မြန်တာ၊ အဲ့ဒီအကျင့်တွေကို ပြင်စမ်းပါ ရံရယ်၊ တစ်နေ့နေ့ ဒုက္ခရောက်သွားနိုင်တယ်နော်'

ဟုတ်တော့ဟုတ်တယ်။ ရံ့ကို ခြောက်တာလည်း ဖြစ်နိုင်တာ





ပဲ။ သူပြောတဲ့အထဲမှာ တကယ်မတိုင်ရသေးဘူးနော်တဲ့။ ရံ မှားသွားပြီထင်တယ်။ အတွေးကြောင့်လားမသိ ရံ့နှလုံးသားတွေထဲမှာ အေးစိမ့်စိမ့် နှာကျင်ကျင်ဝေဒနာ နင့်နင့်လေး တိုးဝင်ခံစားသွားရသလိုပင်။ ခခပြောသလိုပဲ နမော်နမဲ့လုပ်တတ်တဲ့အကျင့်စရိုက်တွေ ရံ့မှာရှိသည်။ ဒါပေမဲ့လည်း ဒီလူကိုတော့ တောင်းပန်တာတွေ ဘာတွေ လုပ်မှာမဟုတ်။ မိန်းကလေးတစ်ယောက်ကိုများ မညှာမတာစွပ်စွဲလိုက်တာ။ ရံ့လက်ကိုလည်း ညှစ်ထားသေး၏။ နိုင့်ထက်စီးနင်းလုပ်ချင်တဲ့လူ အမြင်ကတ်လိုက်တာနော်။

'ရံ'

'ဘာလဲဟ'

'သူက အရှေ့ခန်းမှာနေမယ်ထင်တယ်၊ ဘယ်လိုလုပ်မလဲ၊ တို့နဲ့ အမြဲတမ်းဆုံနေတော့မယ်လေ'

'ဆုံတော့လည်း ဘာဖြစ်လဲ၊ မသိချင်ယောင်ဆောင်နေလိုက်၊ လုံးဝအဖက်မလုပ်နဲ့၊ သူတို့ကို အရမ်းကြီးကျွတ်ပြလိုက်ရင် ရောင့်တက်ပြီး ပိုအနိုင်ကျင့်လာနိုင်တယ်၊ ရံတော့ မကြောက်ဘူး၊ ရှက်မနေစမ်းပါနဲ့ဟာ၊ သူ့ခန္ဓာကိုယ်ပဲ မြင်ရတာပါ၊ တခြားဘာမြင်လို့လဲ'

'အမလေး… စိန်မြရံခြယ်ရယ်… နင်က ဘာထပ်မြင်ချင်သေးလို့လဲ'

'ပြောပြတာပါ ခခရ၊ လုံးဝအရေးမစိုက်နဲ့၊ ရှင်က ကျုပ်ထက်တောင် ပိုရှက်နေတယ်။ အခန်းထဲဝင်လာပြီး မျက်နှာကြီးအုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ ပြန်လှည့်ပြေးထွက်သွားလိုက်တာ၊ ရှင့်မျက်နှာပေါ်မှာ ခုထိ ရဲတွတ်နေတုန်းပဲ… ဟား… ဟား… ဟား'

'ဟဲ့ မိရဲ… ရှင်ကတော့ အရှက်မှမရှိတာ၊ မွေးကတည်းက အန်တီကပြောတယ်၊ ရှက်ကြောနဲ့ ချက်ကြော မှားဖြတ်လာမိတာတဲ့'

'ဒီလူက နည်းနည်းလေးမှ စိတ်ဝင်စားစရာမကောင်းတဲ့လူ၊ မုန်းတောင်မုန်းတယ်၊ ရဲ့ကိုများ အကြံအဖန်ကောင်မလေးတဲ့၊ မညာမတာ ကိုယ်ချင်းစာစိတ် နည်းနည်းလေးမှ မရှိတဲ့လူ၊ ကြည့်စမ်း သူ့ယောက်ျား အားနဲ့ ဆုပ်ညှစ်ထားတာ ရဲ့လက်ကောက်ဝတ်မှာ နီနေတုန်းပဲ'

'အဲဒီလိုပဲ အရမ်းမုန်းစရာကောင်းတဲ့အဖြစ်အပျက်တွေနဲ့ဆုံပြီး အရမ်းမုန်းနေတဲ့လူတွေက အရမ်းချစ်သွားတတ်ကြတယ်နော် စိန်မြရဲ့ချယ်'

'ဒီအပျိုကြီး ဘာဖြစ်နေတာလဲ၊ သူ့ပုံစံကြီးကို ရှင့်လည်း မြင်လိုက်တယ်နော်၊ ကြွက်သားအဖုအဖုတွေနဲ့ ရှင်ပဲယူလိုက်'

'တကယ်လား ရဲ'

'တော်ပြီဟာ'

တခစ်ခစ်နှင့် သဘောကျစွာရယ်မောနောက်ပြောင်နေတဲ့ အပျိုကြီး ခင်ခခကို တွန်းဖယ်ပစ်လိုက်ရင်း ရဲ ခြေကလေးဆောင့်နင်းကာ အိပ်ခန်းထဲ ဝင်လာခဲ့သည်။

ပစ္စည်းတွေ ထည့်ရဦးမယ်။ အိပ်ခန်းထဲမှာ နံရံကပ်ဘီရိုတစ်လုံးရှိနေ၍ ရဲ အိတ်ကြီးထဲက ရဲ့အသုံးအဆောင်ပစ္စည်းတွေနှင့် အဝတ်အစားတွေထုတ်၍ သေသေသပ်သပ် ထည့်ရမည်ဖြစ်၏။ အိတ်ကြီးကို





မပြီး ဇစ်ကို ဆွဲဖွင့်လိုက်သည်။ ပထမဆုံး အပေါ်မှာတင်ထားတဲ့ပစ္စည်းက ရဲတို့မိသားစုဓာတ်ပုံလေးပါ။ ဖေဖေရယ်၊ မေမေရယ်၊ စိန်မြရဲ့ခြယ်ရယ်၊ မောင်လေး ခြိမ့်ရဲခြယ်ရယ်၊ ညီမလေး ခရမ်းပြာခြယ်တို့ စုရိုက်ထားတဲ့ ဓာတ်ပုံလေး။

'မင်းကို ခြံနဲ့တိုက် ပေးထားခဲ့တာပဲ မြသက်နွယ်၊ မင်းကြိုက်သလို စီမံနိုင်တယ်လေ၊ မိသားစုနဲ့ ကိုယ်မခွဲခွာချင်ပေမဲ့ မတတ်နိုင်ဘူးလေ၊ ကိုယ် မေမြတ်နိုးကို ချစ်မိသွားတယ်၊ မင်းသိပါတယ်ကွာ၊ ကိုယ် မိဘတွေ အတင်းအကြပ်လက်ထပ်ပေးခဲ့လို့ မင်းကို လက်ထပ်ခဲ့တာ၊ အမှန်အတိုင်းဝန်ခံရရင် အချစ်ဆိုတာ မရှိခဲ့ဘူး၊ အခုမှ အချစ်ကိုရှာဖွေ တွေ့ရှိသွားတယ်'

'ကိုစိန်ခြယ်… ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွန်မ တောင်းပန်ပါတယ်၊ စီးပွားရေးလည်း မလုပ်တတ်ပါဘူး၊ ကလေးသုံးယောက်လည်း အရွယ်မရောက်ကြသေးတော့ ကျွန်မတို့ကို စွန့်ခွာမသွားပါနဲ့၊ ရှင် ကလေးတွေမျက်ကို ထောက်ထားပါနော်၊ ရှင် နောက်ထပ်မိန်းမယူတာလည်း မြ မကန့်ကွက်ပါဘူး'

'မဖြစ်ဘူး မြ၊ မင်းကို ကွာရှင်းပြီး ကလေးတွေနဲ့ ကင်းရှင်းအောင်လုပ်ခဲ့မှ မေမြတ်နိုးက ကိုယ့်ကို လက်ထပ်မှာကွ၊ ကိုယ်ဆုံးဖြတ်ပြီးပြီ၊ ဖယ်ပါ မြ၊ မင်းညီမလည်း ရှိတာပဲ၊ ခြံနဲ့တိုက်ကို ရောင်းလိုက်ရင် မင်းတို့အတွက် ပိုက်ဆံတွေများကြီး ရနိုင်တယ်၊ နေစရာအသင့်အတင့်ဝယ်ပြီး ကျန်တာ စီးပွားရေးလုပ်လေ'

'မြ မလုပ်တတ်ဘူး၊ ကိုစိန်ခြယ် ပေးကမ်းသမျှပဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ထားရာ နေခဲ့တာလေ၊ ပြီးတော့ ကလေးတွေ မျက်နှာငယ်ရမှာလည်း အရမ်းစိုးရိမ်တယ်၊ မြ တာဝန်မယူနိုင်မှာလည်း ကြောက်နေတယ်ရှင်'

'မင်းက တော်တော်အသုံးမကျတဲ့ မိန်းမပဲ၊ ကိုယ်ကတော့ ပြင်လို့မရတော့ဘူး၊ လုပ်ရလိမ့်မယ်၊ ဖယ်စမ်းပါ မြသက်နွယ်၊ အချိန်မရှိတော့ဘူး၊ ကိုယ်သွားရမယ်၊ မင်းတားနေလည်း အပိုပဲကွ'

ဖေဖေ့အော်ဟစ်သံတွေ ဆူညံစွာထွက်ပေါ်လာသလို မေမေ့ရဲ့ တောင်းပန်တိုးလျှိုးသံနှင့် ငိုရှိုက်ရင်း တားဆီးနေသံတွေကို ရုံ ကြားနေရသည်။ မောင်လေးနှင့် ညီမလေးတို့ကလည်း သူမရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားကာ မိဘတွေ ဘာဖြစ်နေကြမှန်း မသိနိုင်ကြတဲ့ အရွယ်လေးတွေ ဖြစ်နေကြသည်။

'မမ'

'ဟင်'

'ဖေဖေနဲ့မေမေ ရန်ဖြစ်နေကြတာလား၊ ဖေဖေက ဘယ်ကို သွားမှာလဲဟင်'

'ဖေဖေက ဟိုးအဝေးကြီးကို အလုပ်သွားလုပ်မှာပါ မောင်လေးရယ်၊ မမတို့မောင်နှမတွေအတွက် ပိုက်ဆံတွေအများကြီး သွားရှာမှာပါ၊ ဘာမှမဖြစ်ပါဘူး'

'မမကရော ဘာဖြစ်လို့ ငိုနေရတာလဲဟင်၊ မေမေလည်း ငိုတယ်၊ ဖေဖေ့ကိုလွမ်းလို့လား'





'အင်း… ဟုတ်တယ်၊ မောင်လေးရော ညီမလေးရော အိပ်နေနော်၊ မမ သွားကြည့်ဦးမယ်'

'ဟုတ်ကဲ့'

မောင်လေး ခြံရုံခြယ်နှင့် ညီမလေး ခရမ်းပြာခြယ်တို့အား ချော့မော့နှစ်သိမ့်ပေးရင်း သိပ်ထားခဲ့ကာ ရုံက ဖေဖေနှင့်မေမေ ပြဿနာတက်နေတဲ့အခန်းဝ ရောက်သွားတော့ မေမေက ဖေဖေ့ခြေသလုံးအား ဖက်၍ မသွားရန် တောင်းပန်နေသလို ဖေဖေကလည်း မေမေ့အား ဆောင့်ကန်ရုန်းဖယ်၍ အပြင်ကို ထွက်လာသည်။ ရုံ့ကိုတွေ့တော့ နှုတ်ပင်မဆက်။ အကျိုးအကြောင်းတွေလည်း ရှင်းလင်းပြောပြမသွားခဲ့။ မေမေ့အနားသို့ ရုံရောက်သွား၏။ အိပ်ရာပေါ်မှာ မျက်နှာကိုမှောက်ချပြီး မေမေ တသိမ့်သိမ့်ရှိုက်ငိုနေလေသည်။

'မေမေ'

'ဟင်… သမီး ရုံ'

'မငိုပါနဲ့၊ ဖေဖေက ထွက်သွားပြီလေ၊ မေမေငိုနေတော့ရော ပြန်လာမှာတဲ့လားဟင်၊ ထပါ၊ ဖေဖေ့ကို အဝေးကြီး ပိုက်ဆံသွားရှာတဲ့ ယောကျ်ားတစ်ယောက်လို့ပဲ သဘောထားလိုက်တော့နော်'

ရုံ့အသံကိုကြားရတော့ မေမေ မှောက်အိပ်နေရကနေ ရုတ်ချည်းပင် လူးလဲထလိုက်လေသည်။ စောစောကမှ ကြေကြေကွဲကွဲနဲ့ ရှိုက်ငိုနေတဲ့ မေမေ့မျက်ဝန်းတွေ အံ့ဩစရာကောင်းလောက်အောင် ကြေကွဲဝမ်းနည်းမှုတွေ ကင်းပျောက်သွားကာ မေမေ့နှုတ်ခမ်းတွေပေါ်မှာ အပြုံးတွေပင် တင်လာခဲ့သေး၏။ စိန်မြရုံခြယ်က ဆယ်နှစ်သမီး



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်နေသည့်အပြင် ဉာဏ်ထက်မြက်သူလည်းဖြစ်၍ သားသမီးတွေအတွက် မေမေ ဝမ်းနည်းကြေကွဲနေမှုတွေကို ဖယ်ရှားပစ်ခဲ့ပြီး အားသစ်မာန်သစ် ခွန်အားသစ်တွေ တခဏအတွင်းမှာပင် မွေးဖွားလိုက်ခြင်းဖြစ်ကြောင်း ရုံသိရှိနားလည်လိုက်သည်။

'သမီးကြီးရယ် အရွယ်နဲ့မလိုက်အောင် နားလည်သိတတ်မှု ရှိလိုက်တာကွယ်၊ ဟုတ်တယ် မေမေ ဘဝကို ရင်ဆိုင်ရမှာ ကြောက်နေပြီး ဝမ်းနည်းကြေကွဲနေရင် သားသမီးတွေ စိတ်အားငယ်သွားလိမ့်မယ်၊ မေမေ သတ္တိရှိမှ ဖြစ်မယ်'

'ရုံ အားမငယ်ပါဘူး မေမေ၊ မောင်လေးနဲ့ညီမလေးအတွက်ပဲ စိတ်ပူတာပါ၊ ဖေဖေ ဟိုးအဝေးကြီးသွားပြီး ပိုက်ဆံတွေရှာမှာလို့ ပြောပြထားတယ်၊ မေမေလည်း ဒီအတိုင်းပဲ ပြောပါနော်၊ ဖေဖေ ဥပေက္ခာပြုထားတာ နှစ်နဲ့ချီပြီးတောင် ကြာနေခဲ့ပြီလေ၊ ရုံတို့ ကျင့်သားရှိပါတယ်'

'သမီးကြီးရယ် လိမ္မာလိုက်တာ၊ မေမေ့အပေါ် အားကိုးမှီတွယ်နေရတော့မယ့် သားသမီးတွေအတွက် မေမေ သတ္တိရှိမှ ဖြစ်တော့မယ်'

ဖေဖေက မိန်းကလေးငယ်ငယ်လေးတစ်ယောက်နဲ့ ငြိစွန်းနေကတည်းက မေမေနှင့် ရုံတို့မောင်နှမတွေအပေါ် တာဝန်မဲ့စွာ စိမ်းစိမ်းကားကား ဆက်ဆံခဲ့တာ တစ်နှစ်လောက်ပင် ရှိနေပြီဖြစ်လေသည်။ ရုံက အရွယ်ရောက်နေပြီဆိုတော့ မိသားစုအခြေအနေ ယိမ်းယိုင်ပြိုကွဲစပြုနေတာ နားလည်သဘောပေါက်နေခဲ့၏။ မေမေ ကျိတ်ကျိတ်ဖိုရှိုက်





နေခဲ့ရတာတွေ၊ ဖေဖေပြန်မလာတဲ့ရက်တွေ၊ မေမြတ်နိုးဆိုတဲ့ကောင်မလေးနှင့် ငြိစွန်း၍ တိုက်ခန်းဝယ်ပေးထားတာ၊ ကားတစ်စီးတောင်ဝယ်ပေးထားတာ သတင်းတွေ၊ အတင်းတွေက ပတ်ဝန်းကျင်မှာ မကြားချင်မှအဆုံး ဖြစ်နေခဲ့သည်။

'မေမေ ဘာမှကြေကွဲဝမ်းနည်းမနေပါနဲ့တော့နော်၊ ဘဝကို ရင်ဆိုင်ဖို့ပဲ ပြင်ဆင်ပါ၊ အန့်တီလေးမြိုင်လည်း မကြာခင်ရောက်လာတော့မှာပဲ၊ ရုံတို့နဲ့ နေပေးမယ်တဲ့လေ'

'သမီးကြီးရယ် မေ့မေ့ကို ယုံကြည်ပေးပါ၊ ဟုတ်ပါတယ်၊ မေမေ ထိန်းချုပ်ရမယ်၊ မေမေ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဘယ်တော့မှ မရှိစေရပါဘူး'

မေမေ့ရင်ထဲမှာ ယောကျ်ားတစ်ယောက်ရဲ့ စွန့်ပစ်ခြင်း ခံလိုက်ရတဲ့ နာကျင်ကြေကွဲမှုတွေ ကျိတ်မှိတ်ခံစားနေရမှာကို ရုံမလိုလားခဲ့ပေ။ လောလောဆယ်တော့ မေမေတစ်ယောက်တည်း ပေါက်ကွဲချင်သလောက် ပေါက်ကွဲနေပါစေဟု နားလည်မှုပေးသည့်အနေနှင့် မေမေ့ကို တစ်ယောက်တည်းထားပြီး ရုံ ပြန်ထွက်လာခဲ့သည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

(၃)

မိသားစုနေထိုင်ခဲ့တဲ့ ခြံနှင့်တိုက်ကိုရောင်းပြီး တိုက်ခန်းလေး တစ်ခန်း ဝယ်သည်။ အန်တီလေးမြိုင်ကလည်း ရံတို့နှင့်အပြီးအပိုင် လာရောက်နေထိုင်ခဲ့၏။ မေမေ စီးပွားရေးတွေလုပ်တာ မအောင်မြင်ခဲ့။ အရှုံးတွေများပြီး နောက်ဆုံး ရံတို့နေထိုင်တဲ့ တိုက်ခန်းလေးတစ်ခန်းပဲ ကျန်တော့သည်။

'ရံ တက္ကသိုလ်ဝင်တန်းအောင်ရင် အလုပ်ထွက်လုပ်မယ် မေမေ၊ ဘာမှစိတ်မပူပါနဲ့၊ ရံလည်း ရှိပါသေးတယ်၊ မေမေမှ စီးပွားရေးမလုပ်တတ်တာပဲ၊ ရှုံးချင်လည်း ရှုံးမယ်'

'ဟုတ်ပါတယ် မမမြရယ်၊ စီးပွားရေးလုပ်ငန်း အကြီးကြီး တွေမစဉ်းစားပါနဲ့တော့၊ မြိုင်လည်း စီးပွားရေးလုပ်ရင် ကောင်းမယ် ထင်တယ်နော်၊ မြိုင် ကျူရှင်ပြနိုင်တယ်လေ'

'မြိုင်ရယ် ညည်းတူတွေ တူမတွေကိုပဲ ထိန်းသိမ်းစောင့် ရှောက်ပေးပါ၊ ငွေရှာဖို့ စိတ်မကူးနဲ့၊ မမ ကလေးတွေအတွက်ပဲ စိတ်အေးချင်တယ်'





မေမေက သားသမီးတွေ **မျက်နှာမငယ်ဖို့**အရေး စီးပွားရေး လုပ်ငန်းတွေ ကြိုးစားလုပ်ကိုင်ရင်း ကျရှုံးခြင်းဒဏ်ရာဒဏ်ချက်တွေ ဖိစီးနှိပ်စက် ခံစားသဖြင့် ကျန်းမာရေးချို့တဲ့လာပြီး နောက်ဆုံးတော့ လူ့လောကကြီးထဲကနေ အပြီးအပိုင်ထွက်ခွာသွားခဲ့ရရှာသည်။

'သားတို့သမီးတို့ ဘာမှအားမငယ်ကြပါနဲ့၊ အန်တီမြိုင်ရှိပါ သေးတယ်၊ ရံလည်း တက္ကသိုလ်ဝင်တန်းအောင်ပြီးပြီလေ၊ တချို့ဆို ငယ်ငယ်လေးကတည်းက ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ ကြိုးစားခဲ့ကြ ရတာ အောင်မြင်ကြတယ်၊ ရံ့သူငယ်ချင်း ခင်ခခကိုပဲကြည့်လေ၊ ညီအစ်မတွေ အရမ်းချို့တဲ့ပြီး ဘဝကို ရင်ဆိုင်ကြိုးစားခဲ့ကြတာပဲ၊ အခုတော့ ရပ်တည်နိုင်နေကြပြီလေ'

အန်တီမြိုင်ကတော့ ရံတို့မောင်နှမတွေကို ပွေ့ဖက်ပြီး အားပေး နှစ်သိမ့်ခဲ့သည်။ မြို့မှာ ကျူရှင်ဆရာမလုပ်ပြီး ရံ့ကို တက္ကသိုလ်ဆက် တက်ဖို့ ပြောလာ၏။ အခြေအနေက မဖြစ်နိုင်တော့ကြောင်း ရံအသိဆုံး ပင်။

'ရံကတော့ စာလည်းတော်တယ်၊ ဂုဏ်ထူးတွေနဲ့လည်း အောင်ထားတော့ ဆေးတက္ကသိုလ်ဝင်နိုင်တယ်၊ ဆက်တက်ပါ ရံ၊ အန်တီမြိုင် ထားပေးနိုင်တယ်၊ NGO အဖွဲ့တွေလည်း ရှိပါသေးတယ်'

'ရံ အလုပ်ပဲလုပ်တော့မယ် အန်တီမြိုင်၊ အစ်မကြီးဆိုတော့ အငယ်တွေအတွက် လုပ်ပေးသင့်ပါတယ်၊ အန်တီမြိုင်တစ်ယောက် တည်း မနိုင်တဲ့ဝန်ကို ထမ်းရင်း မေမေ့လိုဖြစ်သွားမှာ စိုးရိမ်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုံ့အတွက် မပူပါနဲ့နော်၊ ရုံ ကြိုးစားမယ်၊ တည်ဆောက်မယ်၊ ခြံရုံနဲ့ ခရမ်းပြာတို့အတွက် အနာဂတ်လည်း အရေးကြီးတယ်လေ'

ရုံ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်လိုက်သလို တီတီလေးကိုလည်း ဝန်မပိစေချင်ပေ။ သူငယ်ချင်းဖြစ်သူ ခင်ခခနှင့်တိုင်ပင်၍ ရန်ကုန်မှာ အလုပ်ရှာရင်း သင်တန်းတွေတက်ရင်း ဘဝကို ရုန်းကန်တည်ဆောက်ဖို့ မာန်သွင်းပစ်လာခဲ့သည်။

'ရုံ'

'ရှင် တီတီမြိုင်'

'ရုံက ဘယ်လောက်ပဲ သိတတ်လိမ္မာတဲ့ကလေး ဖြစ်နေပေမဲ့ ဘဝကို တကယ်တမ်း ရင်ဆိုင်ဖို့ကျတော့ အတွေ့အကြုံ နုနယ်လွန်းတယ်ကွယ်၊ မမမြကိုယ်တိုင်လည်း သားနဲ့သမီးတွေကို အလိုလိုက်ထားတာပါ၊ သေတဲ့အထိ သူဘယ်လောက်ပဲ ခက်ခဲပင်ပန်းနေပါစေ မသိစေရဘဲ သားသမီးတွေကို လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးထားတာလေ၊ ရုံ့ကို စိတ်ပူတယ်'

'မပူပါနဲ့ တီတီမြိုင်ရယ်၊ စောင့်ကြည့်လိုက်စမ်းပါ၊ မေမေ့နေရာကို ရုံ ဝင်မှဖြစ်တော့မယ်လေ၊ ရုံတို့မှာ တီတီမြိုင်ပဲ မှီခိုအားကိုးတွယ်တာရာ ရှိတော့တာပါ၊ တာဝန်တွေ ပိမနေစေချင်ပါဘူး'

'ရုံလေးရာ တက္ကသိုလ်ဝင်တန်းမှာ အမှတ်တွေကောင်းရက်နဲ့ကွယ် နှမြောစရာ'

'ရုံ လုပ်သင့်တာကို လုပ်ရမယ် တီတီမြိုင်၊ မောင်လေးနဲ့ ညီမလေးကိုပဲ စောင့်ရှောက်နေပေးပါ၊ အရွယ်ရောက်လာပြီပဲ၊ ရုံ





ငွေရှာမှ ဖြစ်မှာပါ၊ ဝင်ငွေရှိအောင် ကြိုးစားရမယ်၊ စိတ်မပူပါနဲ့၊ ခခ ရှိပါတယ်၊ ရန်ကုန်မှာ တိုက်ခန်းငှားထားတယ်၊ ရုံ သွားနေမယ်၊ ခခကလည်း အတင်းခေါ်နေတယ်၊ ရုံတို့ ငယ်သူငယ်ချင်းတွေ အားနာစရာတော့ မရှိပါဘူး၊ ရုံ ကျောင်းတက်နေလို့ မဖြစ်သေးပါဘူးလေ'

ခင်ခခကလည်း ရုံလာနေဖို့ အတင်းအကြပ် ခေါ်နေသည်။ ရုံ အလုပ်လုပ်မှ ဖြစ်မည်ဟုပဲ တွေးနေသည်။ ခြံရုံနဲ့ ခရမ်းပြာတို့ကို ပညာတတ်လေးတွေ ဖြစ်စေချင်သည်။ မေမေက အလိုလိုက်ထားလို့ အခြေအနေကို မသိကြ။ ပညာရေးနဲ့ပဲ ထိန်းထားရမည်။ ရုံ့မောင်လေး ခြံရုံက အရမ်းချောတယ်။ ယောကျ်ားပီသတယ်။ ကိုရီးယားမင်းသား Lee Min Ho နှင့် ဆင်တူသလိုလိုပဲ။ ခရမ်းပြာကလည်း အရွယ်နှင့်မလိုက်အောင် ဖွံ့ဖြိုးစွာ အရပ်မြင့်မြင့် တောင့်တောင့်ဖြောင့်ဖြောင့်လေး ချောမောနေသည်။ မဖြစ်ဘူး မဖြစ်ဘူး။ သူတို့လေးတွေရဲ့ဘဝကို ထိန်းကျောင်းပေးရမယ်။

'ရုံ လုပ်သင့်တာကို လုပ်တာပါ၊ မေမေရှိစဉ်ကလို ပေါ့ပေါ့ပါးပါး ကလေးဆန်ဆန်နေလို့ မဖြစ်ဘူး တီတီမြိုင်၊ အခြေအနေတွေ ယိုင်နဲ့လဲပြိုမကျခင် ရုံက ဒေါက်တိုင်တစ်တိုင်အဖြစ် ထောက်ထားနိုင်မှ ဖြစ်မယ်ထင်တယ်၊ ရုံက အစ်မကြီးလေ'

ရုံ တောင်းဆိုလွန်း၍ တီတီမြိုင်လည်း မတားဆီးနိုင်တော့။ ယုံကြည်စွာ ခွင့်ပြုခဲ့သည်။ မောင်လေးခြံရုံနှင့် ညီမလေးခရမ်းပြာတို့ကိုလည်း ရန်ကုန်မတက်ခင် မောင်နှမတွေ စုဝေးတွေ့ဆုံ၍ လိမ်လိမ်မာမာနှင့် တီတီမြိုင့်စကားကို နားထောင်ဖို့၊ စာကြိုးစားဖို့ ဆုံးမခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ခြံရုံဘို့ကိုတော့ စိတ်ချပါ မမ၊ မိသားစုအနေအထားကို နားလည်ပါတယ်၊ မေမေမှ မရှိတော့တာ၊ မမကြီးပဲ အခက်အခဲတွေ ဒုက္ခတွေရောက်မှာ စိတ်ပူတယ်၊ သတိထားပါ'

'မမကြီးကို စိတ်ချပါကွယ်၊ ဘဝဆိုတာ တိုက်ပွဲတဲ့၊ ဘယ်တတ်နိုင်မလဲလေ၊ ဒီလိုပဲ ရင်ဆိုင်ဖြတ်သန်းကြရမှာပဲ'

'ခြံရုံတော့ ရန်ကုန်တက်ပြီး မော်ဒယ်လ်လုပ်ချင်တယ်၊ ခြံရုံ ရုပ်ရည်နဲ့ ဘယ်လိုလဲ'

'အမလေး… စိတ်ကူးထဲတောင် မထည့်နဲ့နော်မောင်လေး၊ စာပဲကြိုးစားစမ်းပါ၊ ငယ်သေးပါတယ်၊ မမက ပညာတတ်ကြီး ဖြစ်စေချင်တယ်၊ တကယ့်ကို အထွတ်အထိပ် ရောက်စေချင်တယ်။ မောင်လေးက ယောကျ်ားပီသတယ်၊ ချောမောခန့်ညားတယ်၊ ပညာပဲကြိုးစားကြားလား'

'အင်းပါ'

'ခရမ်းပြာကတော့လေ ဖေဖေ့ကို စိတ်နာတယ်၊ သားသမီးတွေကို နည်းနည်းလေးတောင် ပြန်မကြည့်ဘူး၊ အရမ်းလည်း ချမ်းသာနေမှာပဲ၊ ဖေဖေက စီးပွားအရှာကောင်းတယ်လေ၊ ခရမ်းပြာတို့ အခက်အခဲအကြပ်အတည်းဖြစ်လေ ဖေဖေ့ကို နာကျည်းလေပဲ'

'ဖေဖေ့အကြောင်းတွေ မပြောနဲ့တော့ ညီမလေးရယ်၊ မေ့ထားလိုက်၊ မမတို့ကံကြမ္မာပဲ၊ အရေးကြီးတာက ညီမလေး လိမ္မာဖို့'

'ခရမ်းပြာ ကြိုးစားမှာပါ၊ အမြဲတမ်း တစ်ပဲ ဖြစ်နေစေရမယ်၊ ခရမ်းပြာဘဝကို လူတွေအားလုံး အတုယူစံနမူနာ ထားစေရမယ်'





'ဝမ်းသာလိုက်တာ ခရမ်းပြာရယ်၊ မမ စိတ်ချမ်းသာတယ်၊ မမလည်း အစ်မကြီးတာဝန်ကို ကျေပွန်စေရမယ်'

'မမကြီးကို အရမ်းလွမ်းနေမှာပဲ၊ ခြံရုံလည်း ကြိုးစားမှာပါ၊ မမကြီးရဲ့ မျှော်လင့်ချက်တွေ မပျက်စီးစေရပါဘူး'

ခြံရုံနှင့် ခရမ်းပြာတို့ရဲ့ စကားတွေကြောင့် ရုံ အင်အားတွေ ပြည့်ဝစေကာ သတ္တိတွေလည်း အပြည့်ရှိလာခဲ့သည်။ မိသားစုဓာတ်ပုံလေးကိုကြည့်ပြီး ရုံ့မျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်လျှံကျလာပြီး ငိုပစ်မိပြန်၏။ ရုံ့ငိုသံကြောင့် ခခ အခန်းထဲ ဝင်လာကာ ဓာတ်ပုံကို လုယူလိုက်လေသည်။

'နင်ဘာဖြစ်လို့ ဒီဓာတ်ပုံကို ယူလာရတာလဲ ရုံရယ်၊ ငိုနေပြန်ပြီလားဟာ၊ အနာဂတ်အတွက် ကြေကွဲစရာတွေ ခေါက်ထားလိုက်တော့၊ ရုံ့ဘဝက ခခတို့လောက် မခက်ခဲ မကြမ်းတမ်းသေးပါဘူးနော်'

သူငယ်ချင်းဖြစ်သူ စိန်မြရုံခြယ်ကိုကြည့်ပြီး ခခလည်း စိတ်ထိခိုက်ကြေကွဲနေရတာပါပဲလေ။ ငယ်စဉ်က ပြည့်စုံချမ်းသာစွာ နေထိုင်ခဲ့ရတဲ့ စိန်မြရုံခြယ်ပါ။ ဖြူဝင်းအိစက်နုထွတ်နေတဲ့ အသားအရေနှင့် နှာတံလေးက ချွန်မြမြ၊ မျက်တောင်ကော့ကော့လေးတွေ၊ နှင်းဆီငုံအာအာလေးတစ်ပွင့်ကဲ့သို့ နှုတ်ခမ်းနီမဆိုးထားဘဲနှင့် ပန်းနုရောင်ပြေးနေတဲ့ နှုတ်ခမ်းလေးတစ်စုံ၊ ခန္ဓာကိုယ်အချိုးအစားက မယ်မြန်မာတောင် ရှုံးလောက်နေလေသည်။ လှပဆန်းပြားတဲ့ ဝတ်စားပြင်ဆင်နေရတော့မယ့် အရွယ်ရောက်မှ စိန်မြရုံခြယ်ဘဝလေး နေရောင်နွမ်းလျမြေခ ကြွေကျရတော့မည့် ပန်းလေးတစ်ပွင့် ဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမိသားစုဓာတ်ပုံကို ခခ သိမ်းထားမယ်နော်၊ မပျောက်စေရပါဘူး၊ ရံ အားငယ်တွေဝေသွားမှာ စိတ်ပူတယ်'

'ရပါတယ် ရံပဲ သိမ်းထားမယ်၊ ဘာပဲဖြစ်ဖြစ်လေ ဖေဖေ့ကို မမုန်းပါဘူး၊ မိသားစုကို စွန့်ပစ်လောက်အောင် ဖေဖေ့မှာ အကြောင်းတစ်ခုတော့ ရှိနိုင်တယ်၊ ဖေဖေက မိသားစုအပေါ် တာဝန်ကြေခဲ့သူပါ ခခရယ်'

'ပေးပါ ခခ သိမ်းထားပါ့မယ် ပေး'

ခခက အတင်းဆွဲယူပြီး သူ့အဝတ်ဘီရိုထဲ ထည့်ထားလိုက်သည်။ အိပ်ခန်းတစ်ခန်းကို ဂုံနှင့်ခခ နှစ်ယောက်အိပ်ကြရမည်ဖြစ်၏။ ရံ့အဝတ်တွေ၊ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ခခ ဝိုင်းကူထည့်ပေးရင်း ရယ်စရာမောစရာပြောသည်။

'နင့်အသုံးအဆောင် ပစ္စည်းတွေကလည်း များလိုက်တာဟယ်၊ ခခဆို အဝတ်ငါးစုံလောက်နဲ့ ဘဝမှာ ရှန်းကန်ဖြတ်သန်းရတာ နင်သိပါတယ်၊ ခမိဘတွေ ဘယ်လောက်ဆင်းရဲကြလဲ၊ ထမင်းတောင် နပ်မမှန်ခဲ့ဘူး၊ ဒါပေမဲ့ ခတို့မိသားစု အားမငယ်ကြဘူး၊ ကြိုးစားကြတယ်လေ၊ မမညီပြာလည်း ဘဝတစ်ခုမှာ ရပ်တည်နိုင်တယ်၊ ခခလည်း ကြိုးစားမယ်'

ခခရော ရံပါ ဒီနှစ်မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားကြပြီး အမှတ်တော့ ကောင်းကြပေမယ့် တက္ကသိုလ်တက်ဖို့ မရည်မှန်းနိုင်ကြ။ လုပ်ငန်းခွင်ဝင်ဖို့ ကြိုးစားနေကြသည်။ ခခက အလုပ်ရနေပါ





ပြီ။ ခခအစ်မက စက်ရုံမှာ အလုပ်ဝင်နေသဖြင့် ခခတို့မိသားစုအား အနည်းအကျဉ်းလေးပဲ ထောက်ပံ့နိုင်သေး၏။ ရံ့အတွက်ကတော့ သူငယ်ချင်းကောင်းတွေ ဖြစ်လေသည်။

'လာပါဟယ်… ဧည့်ခန်းမှာ သွားထိုင်ကြမယ်၊ ခခ လက်ဖက်တွေ သုပ်ထားတယ်၊ စားကြမယ်၊ နင် ဒီနေ့တော့ ကောင်းကောင်းအနားယူလိုက်၊ မနက်ဖြန် အလုပ်စရှာမယ်နော် ရံ'

'အင်း'

စိန်မြရံ့ခြယ်ကို သနားပြီး ခခ အတတ်နိုင်ဆုံး ဖေးမကူညီဖို့ စဉ်းစားထားသည်။ ရံ ဖြတ်သန်းရမည့်လမ်းမှာ ခလုတ်ကန်သင်းတွေ ရှိကောင်းရှိလာနိုင်တာပဲ။ သူမ အားငယ်ကြောက်ရွံ့နေမလား။ ခခ တိုက်ခန်းလေးထဲမှာက ဘာတစ်ခုမှ ပြည့်ပြည့်စုံစုံမရှိ။ ခခ အကူအညီပေးနိုင်သလောက်တော့ အကောင်းဆုံးဖြစ်စေရန် ကြိုးစားကူညီပေးချင်သည်။ နှစ်ယောက်သား အပြင်ထွက်လာကြပြီး ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ကြရင်း ခခ သုပ်ထားတဲ့ လက်ဖက်သုပ်ကိုစားဖို့ ပြင်လိုက်ကြ၏။ ထိုအချိန်တွင် တစ်ဖက်ခန်းဆီမှ ခေါ်သံတွေ ကြားလိုက်သည်။

'ဟော့ကောင် ဝဠာ'

'ဒေါက်… ဒေါက်'

'ဟော့ကောင် စကြဝဠာ… ဒီကောင် အိပ်နေပြီထင်တယ်၊ ဝဠာ… ဒေါက်… ဒေါက် ဘဲလ်တီးတာလည်း တံခါးမဖွင့်ဘူး၊ ဟော့ကောင် စကြဝဠာ'



www.burmeseclassic.com

www.burmeseclassic.com



ရုံနှင့်ခခ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ မတိုင်ပင်ရဘဲနှင့် ပြိုင်တူနှုတ်ခမ်းလေးတွေ တွန့်မဲ့ပြုံးပစ်မိကြလေသည်။

'ကြီးကျယ်လိုက်တာ၊ နာမည်ကိုက စကြဝဠာတဲ့၊ ကြီးကျယ်ခမ်းနားနေတယ်၊ နာမည်ကိုက အမြင်ကတ်စရာကောင်းနေတယ်'

'ယောကျ်ားလေးတွေပဲ နေကြတာထင်တယ်၊ မလွယ်ဘူးနော် ရုံ'

'ရှူး'

အပြင်ဘက်မှ တံခါးဖွင့်သံကြား၍ ဟိုလူနီးလာတာပဲ ဖြစ်မယ်။ သူငယ်ချင်းတွေက ဝိုင်းဝန်းဆူပွက်နေသံတွေ ကြားရသည်။

'မင်းကလည်းကွာ အိပ်နေတာလား၊ ခေါ်လိုက်ရတာ'

'တစ်မနက်လုံး စိတ်ရှုပ်လို့ အိပ်နေတာကွ ဝင်'

ရုံ့မျက်နှာလေး ရှုံ့မဲ့သွားသလို ခခလည်း ဇက်ကလေးပုသွားရသည်။ စကြဝဠာဆိုတဲ့လူက ဆရာကြီးလား။ တကယ်တော့လည်း ရုံ့ဘက်က စမှားသွားတာပဲ။ ရှက်သွေးလေးတွေ တဖြန်းဖြန်းနှင့် ခုထိ ရင်သိမ့်တုန်နေဆဲ။ စကြဝဠာဆိုတဲ့လူရဲ့ပုံစံကို ရုံ မေ့ပျောက်ပစ်ဖို့ ခက်ခဲလွန်းနေတာတော့ အမှန်ပင်။ အမြင်ကတ်တယ်၊ မုန်းစရာကောင်းတဲ့လူ။ ရုံ့လက်ကောက်ဝတ်နားမှာ အနီရောင်ပြေပြေလေး ထင်ကျန်ရစ်နေသလို နာကျင်နေဆဲဖြစ်သည်။

'နင် တကယ်ပဲ ရုံရယ်၊ မှားစရာရှားလို့၊ ရှေ့ခန်းက လူငှားမရသေးလို့ သော့ပိတ်ထားတာ နှစ်တောင်ချီနေပြီဟ၊ မိရုံလာမယ့်နေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင်ဟယ်… ရယ်ရတယ်နော်'





'ဟွန်း…'

ရုံကတော့ မရယ်ချင်ပါဘူး။ မျက်ဝန်းနက်နက်လေးတွေ ဖွေစောင်းရွဲ့ပွဲသွားအောင်ကို ခခအား မျက်စောင်းထိုးပစ်ရင်း နှာခေါင်းလေးပါ ရှုံ့ပြလိုက်လေသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## (၄)

'အရမ်းကို လှပချောမောတဲ့ ကောင်မလေးတစ်ယောက်က တို့အခန်းထဲ အခန်းမှားဝင်လာတယ် ဟုတ်လား ဝဠာ'

'အင်း'

'မင်းဘာလုပ်နေလဲ'

'ကိုယ်က ရေချိုးချင်တာနဲ့ မင်းတို့ရောက်လာရင် တံခါးထွက်ဖွင့်မပေးရအောင်လို့ တံခါးကို မပိတ်ဘဲ ထားတာကွ၊ အပြင်က ဝုန်းခနဲအသံကြားလို့ တဘက်အဖြူကို ခါးမှာကောက်ပတ်ပြီး အပြင်ထွက်ကြည့်တာ'

'ကောင်မလေးကို တွေ့ရောလား'

'အေး… သူကလည်း ရုတ်တရက်ကြောင်ကြည့်နေပြီးမှ ရေချိုးခန်းတွေရော၊ အိပ်ခန်းတွေရော လိုက်ဖွင့်ပြီး ရှာတော့တာပဲ'

'ဘာရှာတာလဲကွ'





'သူ့သူငယ်ချင်းကို ရှာတာ၊ ကိုယ်နဲ့ ကဲနေတယ်ထင်လို့တဲ့'

'ဟား… ဟား… ဟား မင်းဇာတ်လမ်းက ရယ်ရတယ်ကွာ၊ စိတ်ဝင်စားစရာ အရမ်းကောင်းနေပြီ'

'ကောင်မလေးကို ကိုယ်က ဘာ့ရှာနေတာလဲ၊ မင်း အကြံ အဖန်လုပ်ဖို့ ဝင်လာတာမဟုတ်လား ရဲစခန်းပို့မယ်လို့ ခြိမ်းခြောက်ပြီး ဖုန်းနံပါတ်တွေ နှိပ်ချင်ယောင်ဆောင်တာ ကောင်မလေးက ကိုယ့်ကို လူယုတ်မာဆိုပြီး ပါးရိုက်တယ်ကွ'

'ဘာ… မင်းကိုများ တော်တော်စော်ကားတဲ့ ဟာမလေးပဲ ဝဠာ၊ မင်း ဘာမှမလုပ်ဘူးလား၊ တကယ်ရဲစခန်းပို့ပစ်လိုက်ရမှာ'

'ကိုယ်နဲ့ ကောင်မလေး ပဋိပက္ခတွေ ဖြစ်နေတုန်းမှာပဲ စိန်မြရုံခြယ်ရဲ့ သူငယ်ချင်း ခင်ခခ ရောက်လာမှ ပြဿနာက ပြီးဆုံးသွားတော့တယ်လေ'

'စိန်မြရုံခြယ်ဆိုတာက…'

'ကောင်မလေးနာမည်လေ စိန်မြရုံခြယ်တဲ့…'

'နာမည်ကတော့ လန်ထွက်နေတာပါပဲလား၊ ဒါပေမဲ့ မင်း ပါးအရိုက်ခံရတာတော့ ဒေါသထွက်တယ်ကွာ၊ ရာရာစစ တော်တော်စွာတေးလန်တဲ့ ဟာမလေးပဲ'

ဝဠာကတော့ သူ့ပါးကို လက်မြန်ခြေမြန်နှင့် စဉ်းစားဆင်ခြင်တုံ ကင်းမဲ့စွာ ရိုက်ပစ်ခဲ့တဲ့ စိန်မြရုံခြယ်ကို စိတ်မဆိုးတဲ့အပြင် သူတို့နှစ်ယောက်က အတိတ်ဘဝမှာ ချစ်သူအဖြစ် ပြန်လည်ရေစက်ဆုံပါစေလို့



www.burmeseclassic.com

www.burmeseclassic.com



များ ဘုရားအဆူဆူမှာ ပန်းရေချမ်းဆီမီးတွေကပ်လှူပြီး ဆုတောင်းလာကြတာများလားဟုပင် တွေးမိရင်း စိန်မြရုံခြယ်နှင့် ဆုံစည်းခဲ့ရပုံလေးကို သဘောကျစွာ နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင်ခံစားနေရသည်။

'ဝဏ္ဏ'

'ဟင်'

'အရမ်းချောလား'

'မိုးပေါ်ကနေ နတ်သမီးလေး ပြုတ်ကျလာသလိုပဲကွ၊ အသားလေးက သူ့အမေ ရွှေမှုန်စားပြီး မွေးထားသလားလို့တောင် ထင်ရတယ်၊ ဝင်းအိမှည့်နုထွတ်…'

'တော်ပါတော့ကွာ မင်းချီးမွမ်းခန်းကလဲ၊ ဒီလောက်တောင်လှလား၊ ဝဏ္ဏဆိုတဲ့ကောင်က စီးပွားရေးကလွဲပြီး မိန်းကလေးတွေကို လုံးဝစိတ်ဝင်စားတာမဟုတ်ဘူး၊ တွေ့ချင်တယ်ကွာ'

'ဝဏ္ဏလိုကောင်တောင် စိန်မြရုံခြယ်ကို စိတ်ဝင်စားပြီး Heart ထိသွားတယ်ဆိုရင် စိန်မြရုံခြယ်ရဲ့ မာနတွေ ထင်းနေတဲ့မျက်ဝန်းနက်နက်လေးရယ်၊ မျက်တောင်ကော့ကော့ညွတ်ညွတ်လေးရယ်၊ နှင်းဆီဖူးငုံအာအာသဏ္ဍာန်နှုတ်ခမ်းလေးရယ်၊ နှာတံချွန်ချွန်လေးရယ်…'

'ဝဏ္ဏ… လွန်ပြီထင်တယ်ကွာ၊ မင်း အဲ့ဒီလောက်အထိ အသေးစိတ်ကြည့်မယ့်ကောင် မဟုတ်ပါဘူး၊ အပိုတွေ လျှောက်ပြောမနေနဲ့၊ ကိုယ်ရိပ်စားမိပြီ၊ မယ်ကုဝဏ်လို မိန်းကလေးမျိုးပဲ'





'ခဏ်ပါလား မိုးရိပ်ထင်ရာ၊ စိန်မြရုံခြယ်သူငယ်ချင်း ခင်ခခကလည်း မဆိုးဘူး ချောတယ်၊ ကိုယ့်ပုံစံကိုမြင်တော့ ရှက်ပြီး မျက်စိကို လက်ဝါးနဲ့အုပ်ပြီး ထွက်ပြေးတော့တာပဲ၊ အရှက်အကြောက်ကြီးတဲ့ မိန်းကလေးတွေ ဖြစ်မယ်'

မိုးရိပ်ထင်ကတော့ ဝဏ္ဏစကားကိုတွေကို မယုံမကြည်ဖြစ်စရာအကြောင်းမရှိဟု ထင်သည်။ ဒီကောင်က ဘယ်သောအခါမှ မိန်းကလေးတွေအကြောင်း ပြောလေ့ပြောထ မရှိဘဲ ဝဏ္ဏဦးနှောက်ထဲမှာ စီးပွားရေးကွန်ယက်ကြီးပဲ ဖြန့်ကျက်ထားသူပါ။ ဝဏ္ဏဘေးမှာ ချောမောလှပပြီး ဂုဏ်သရေရှိ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကောင်ပဲ။ အမေရိကားမှာ ကုမ္ပဏီထောင်တဲ့ လုပ်ငန်းရှင်ကြီး ဦးမေတ္တာဘုံရဲ့ တစ်ဦးတည်းသောသား ကောင်းကင်ဝဏ္ဏစီးပွားရေးလုပ်ငန်းစုကြီးကို ပိုင်ဆိုင်ထားသူ ဖြစ်နေလေသည်။

'ဒီအခန်းကို အရင်ကတော့ ကိုယ့်ဝန်ထမ်းတွေနေဖို့ ရည်ရွယ်ပြီး ဝယ်ထားခဲ့တာ မင်းအသိပဲ မိုးရိပ်၊ အခုတော့ ကိုယ် ခဏတဖြုတ်လောက်တော့ နေရတော့မယ် ထင်တယ်'

'မင်းက'

'စိန်မြရုံခြယ်ကို ကိုယ်အရမ်းစွဲလန်းနှစ်သက်သွားပြီထင်တယ် မိုးရိပ်ရာ၊ သူက ဘယ်လိုကောင်မလေးမျိုးလဲ၊ သူ့မျက်နှာလေးက ဖြူစင်တယ်၊ အရှက်တရားတွေ လွှမ်းခြုံနေတယ်၊ မာနမျက်ဝန်းတွေက ယောကျ်ားတွေကို မမြှူဆွယ်တတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်း ဝဠာရာ၊ အခုမှ ခဏတဖြုတ်လေးတွေ့ဖူးတဲ့ ကောင်မလေးကိုများ'

'တကယ်ပြောတာ မိုးရိပ်၊ အရမ်းကို စွဲဆောင်မှုရှိတယ်၊ ကိုယ်က ရဲစခန်းကို ပို့မယ်ဆိုတော့ အရမ်းကြောက်လန့်သွားပုံပဲ၊ မတိုင်ပါနဲ့ သူမ အခန်းမှားဝင်လာတာပါလို့ တောင်းပန်တယ်'

'ဝဠာ'

'ဟင်'

'မင်းကို စိန်မြရံခြယ်က ပါးတစ်ဖက်ကိုပဲ ရိုက်ပစ်လိုက်တာလား'

'အင်း'

'နောက်တစ်ဖက်ကို ထပ်ပြီးအရိုက်ခံလိုက်ပါလား'

'ဘာဖြစ်လို့လဲကွ'

'တစ်ဖက်တည်း ရိုက်ပစ်လိုက်တာတောင် ဒီလောက်စွဲလန်းနှစ်သက်မြတ်နိုးနေလိုက်တာကွာ၊ နှစ်ဖက်သာ ရိုက်သွားရင် မင်း သိဝိမင်းကြီးလို ရူးသွားမလားပဲ'

ကိုယ်တော့ သိဝိမင်းကြီး ဖြစ်သွားပြီထင်တယ် စိန်မြရံခြယ်။ ပပဝတီကို မြင်တွေ့လိုက်ကတည်းက အရူးတစ်ပိုင်း စွဲလန်းနှစ်သက်ချစ်မိသွားပြီ။ ကိုယ်နဲ့ စိန်မြရံခြယ်တို့ ဆုံတွေ့မှုက ရင်တုန်လှိုက်မောဖွယ်တွေ ပြည့်နှက်နေတယ်။ အံ့ဖွယ်ပဲလေ။ မင်းလက်ကလေးကို ကိုယ် ရုတ်တရက်နဲ့ ဒေါသတကြီး ဆုပ်ကိုင်ဖျစ်ညှစ်ထားမိသွားရတာ





ကိုယ့်လက်တွေကို ဖြတ်ပစ်ချင်လောက်အောင် အပြစ်ဒဏ်တွေ ခတ်ချင်တယ်။ ဝဠာ နောက်ချင်လို့ ရဲစခန်းကို ဖုန်းဆက်ဟန်ပြင်လိုက်တာပဲ ဖြစ်သည်။

'ကိုယ် ဒီတိုက်ခန်းမှာ ခဏနေဦးမယ်၊ စိန်မြရံခြယ်နဲ့ ရင်းနှီးမှုရအောင် ကြိုးစားမယ်'

'မင်း အရူးမထချင်စမ်းပါနဲ့ ဝဠာရာ၊ မင်း ဘာကောင်လဲဆိုတာ ပြလိုက်ရင် ဘယ်ကောင်မလေးမျိုးက မာနတွေပြပြီး တောင့်ခံနိုင်မှာလဲကွာ'

'ကိုယ်က ငွေမက်တဲ့မိန်းကလေးမျိုးကို မကြိုက်ဘူး မိုးရိပ်၊ မင်းသိတဲ့အတိုင်းပဲလေ ကိုယ်လက်ထပ်ဖို့အထိ စဉ်းစားထားတဲ့မိန်းကလေးတစ်ယောက်ကိုပဲ ပတ်သက်မှာပါ။ စိန်မြရံခြယ်ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားမိသွားတယ်ကွာ၊ ဒါကြောင့် ကိုယ် အောက်ခြေဘဝနဲ့ပဲ စပြီးလေ့လာချင်တယ်၊ အချစ်စစ်ကို ရှာဖွေချင်တာ၊ တို့နှစ်ယောက် ဒီကနေပဲ ကုမ္ပဏီကို သွားကြရအောင်'

'ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက် မင်းရဲ့အဖိုးတန်အချိန်တွေကို ဖြုန်းပစ်မလို့လား ဝဠာ'

'စိန်မြရံခြယ်က ဘာမဟုတ်တဲ့မိန်းကလေး မဟုတ်ဘူးကွ၊ ဒီမှာမိုးရိပ် ကိုယ်အမှန်အတိုင်း ဝန်ခံရရင် ကိုယ့်နှလုံးသားထဲအထိ စူးနစ်အောင် မြတ်နိုးတန်ဖိုးထား ချစ်မိသွားရတဲ့ ကိုယ့်ဇနီးလောင်းအဖြစ် ရွေးချယ်လိုက်မိတဲ့ မိန်းကလေးပါ'



www.burmeseclassic.com

www.burmeseclassic.com



စိန်မြရုံခြယ်ဆိုတဲ့ တစ်ဖက်ခန်းမှာရှိနေတဲ့မိန်းကလေးကို ဝဠာ ချစ်မိသွားတာကိုကပဲ မိုးရိပ်ထင်အတွက် ထူးဆန်းအံ့သြကာ မယုံနိုင်အောင်ဖြစ်နေနိုင်ပေမယ့်လည်း စကြာဝဠာအတွက်ကတော့ အချစ်ရဲ့ နူးညံ့သိမ်မွေ့လွန်းနေသော ရင်တုန်လှိုက်ခါ ရူးနှင့်နှင့်အတွေ့အထိလေး တစ်ခု သူ့နှလုံးသားထဲ စတင်တွေ့ထိသွားစေရန် ညှို့ယူဖမ်းစားနိုင်သူ ဖြစ်နေသည်။

ဒက်ဒီက အချစ်ရေးမှာ ဝင်ရောက်စွက်ဖက်ဖို့အကြောင်း လုံးဝမရှိဘူး။ သား ချစ်မြတ်နိုးရလွန်းတဲ့ မိန်းကလေးကိုပဲ ရွေးချယ်လက်ထပ်ခွင့်ပေးထားခဲ့၏။ ဒါပေမဲ့ ကိုယ့်ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သတ်သွားအောင် နင်းချေဖျက်ဆီးပစ်နိုင်တဲ့ ကိုယ်ကျင့်တရားပျက်ပြားနေတဲ့ မိန်းကလေးတော့ မဖြစ်စေချင်ပါဘူးတဲ့။

စိန်မြရုံခြယ်က ဒက်ဒီမလိုလားနိုင်တဲ့ မိန်းကလေးမျိုး လုံးဝ မဖြစ်နိုင်တာတော့ သေချာသည်။

'ဝဠာ… ဝဠာ… အင်းလေ မင်းရဲ့ ဖူးစာဘက်ဆိုတာလည်း ဖြစ်နိုင်တာပဲ၊ မင်းက ဘယ်လိုမိန်းကလေးမျိုးကိုမှ မခံစားတတ်တဲ့ကောင်ပဲ၊ မင်းလက်ထပ်မယ့်မိန်းကလေးက အမြဲတမ်း မင်း စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီဖို့ လွယ်မှမလွယ်တာ၊ လုပ်ပေါ့ကွာ'

'စိန်မြရုံခြယ်ကို မင်းမတွေ့သေးလို့ပါ မိုးရိပ်ရာ၊ ပြီးတော့ သူ့သူငယ်ချင်း ခင်ခခ ဆိုတာကလည်း ဣန္ဒြေကြီးပြီး ချောတယ်ကွ'

'တော်ပါတော့ကွာ၊ မင်းအဖေက ကိုယ့်ကို ယုံကြည်လို့





အပ်ထားတာနော် ဝဠာ… ရှစ်လွှာမှာနေတဲ့ မိန်းကလေးနှစ်ယောက်က ရိုးသားဖြူစင်နိုင်ပါ့မလား၊ သူတို့မိဘတွေက စိတ်ချလက်ချ လွှတ်ထားတာပဲလားကွာ'

'အခြေအနေကို လေ့လာအကဲခတ်ကြည့်မယ်ကွာ၊ ကိုယ့်နှလုံးသားထဲမှာ စိန်မြရုံခြယ်ကို ဖြူစင်တယ်လို့ ထင်မှတ်နေတယ်၊ တကယ်ပါကွာ၊ မင်း ကိုယ့်ရင်ဘတ်ကို စမ်းကြည့် နှလုံးသားတွေ တဒိန်းဒိန်း ခုန်နေသေးတယ်'

စကြာဝဠာ နိုင်ငံခြားကနေ ပြန်ရောက်လာတာ ဘယ်လောက်ကြာသေးလို့လဲ။ အန်ကယ်မေတ္တာဘုံကတော့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့ လွှတ်ပေးလိုက်တာပါ။ အိမ်ထောင်ဘက်လည်း သားချစ်မြတ်နိုးတဲ့ မိန်းကလေးပဲဖြစ်စေချင်သည်တဲ့။ မိုးရိပ် စိတ်တော့ပူတယ်။ ဝဠာက မိန်းကလေးတွေနှင့် ပတ်သက်လျှင် စိမ်းလွန်းနေ၍ အလွယ်တကူဖြားယောင်းသွေးဆောင် သွားနိုင်သဖြင့်လည်း မိုးရိပ်လွှတ်ပေးမထားချင်။ ပြောဆိုတားဆီးလို့လည်း ရမှာမဟုတ်။ သေချာတာက စိန်မြရုံခြယ်ကို ချစ်နေပြီ။ အခြေအနေကို စောင့်ကြည့်ဖို့ပဲ မိုးရိပ် စဉ်းစားထားသည်။

'ကိုယ့်အတွက် စိတ်မပူပါနဲ့ မိုးရိပ်ရာ၊ ကိုယ့်နှလုံးသားက မင်းထင်သနေသလောက် မပျော့ညံ့ပါဘူး၊ မင်းရဲ့ဆုံးဖြတ်ချက် အကြံဉာဏ်တွေကိုလည်း ရယူမှာပါ'

'မင်းသဘောပဲလေ၊ တစ်ခုရှိတာက မင်းဒက်ဒီရဲ့ စံချိန်စံညွှန်း မပြည့်မီရင်တော့ ကိုယ်အကြီးအကျယ် ကန့်ကွက်ရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကန့်ကွက်ပါ၊ မင်းက ကိုယ့်ရဲ့အချစ်ဆုံးသူငယ်ချင်းပဲ၊ မင်းကန့်ကွက်တာ ကိုယ့်အကျိုးစီးပွားအတွက်ပဲ ဖြစ်မှာလေ၊ ကိုယ်ခံတယ်'

'OK'

စိန်မြရုံခြယ်ကို မင်းမတွေ့သေးလို့ပါ မိုးရိပ်ရာ။ ဝဋ္ဋာဘဝမှာ မိန်းမချောလေးတွေ အများကြီးနှင့် တွေ့ဆုံရင်းနှီးပတ်သက်ခဲ့ဖူးလေသည်။ ဝဋ္ဋာပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေနှင့် ဝဋ္ဋာ့ရဲ့ ယောကျ်ားပီသခန့်ညားချောမောတဲ့ ရုပကာကို မက်မက်မောမော အငမ်းမရ တွယ်ကပ်နေချင်ကြ၍ ဝဋ္ဋာ မနှစ်သက်မိ။ သူ့ကို ခါးခါးသီးသီးငြင်းဆန်နေတဲ့ မာနမျက်ဝန်းလေးတွေလည်း ပိုင်ဆိုင်နေစေရမယ့် မိန်းကလေးမျိုး သူနှစ်သက်သွားတာက စိန်မြရုံခြယ်ရဲ့ မျက်ဝန်းလေးအစုံ။ မင်းလေးကတော့ ကိုယ့်စံချိန်ခွက်ထဲ ကွက်တိဝင်မယ့် ကိုယ့်ဇနီးလောင်းလေးပဲဖြစ်မယ် စိန်မြရုံခြယ်။

'ဝန်ထမ်းတွေထားဖို့တိုက်ခန်းဆိုတော့ ဘာမှပြည့်ပြည့်စုံစုံမရှိဘူး ဝဋ္ဋာ၊ မင်း စားသောက်နေထိုင်ဖို့ အခက်အခဲ ဖြစ်မလားပဲ'

'မဖြစ်ပါဘူး မိုးရိပ်ရာ စိတ်ပူမနေစမ်းပါနဲ့၊ ကိုယ်လည်း သဘာဝအတိုင်းလေး နေမလို့'

'မင်းတော့ ရူးပြီ'

မိုးရိပ်က စားစရာတွေ စီစဉ်ဖို့အတွက် မီးဖိုခန်းထဲ ဝင်သွားသဖြင့် ဝဋ္ဋာလည်း သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အခန်းထဲရောက်တော့မှ အရင်လူတွေ ကပ်ထားသည့် ယောကျ်ားလေးတွေရဲ့ ခန္ဓာကိုယ်





အလှပြထားတဲ့ပုံတွေ မြင်လိုက်သဖြင့် အမလေးလို့အော်ပြီး ပြန်လှည့်ထွက်လာတဲ့ စိန်မြရုံခြယ်ကို သတိရပြီး သူ သဘောကျစွာ ဟားတိုက်ရယ်မောပစ်လိုက်မိ၏။

မျက်နှာလေးနီရဲသွားကာ သူ့ရှေ့ကနေ ရှက်ကိုးရှက်ကန်း တုန်တုန်ရီရီ ရှောင်ထွက်သွားဖို့ ပြင်နေတဲ့ စိန်မြရုံခြယ်ပုံစံလေးက ရိုးသားနေသည်ဟု ဝဋ္ဋာတစ်ယောက် သူ့ဟာသူ အမှတ်တွေ အပြည့်အဝ ပိုပိုလျှံလျှံတွေ ပေးထားနေလေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## (၅)

'ရုံ... ခ အလုပ်သွားတော့မယ်နော်၊ နင့်အလုပ်ကိစ္စအတွက် ခ ပြောထားမှာမို့ ဆယ်နာရီလောက်ဆိုရင် လိုက်လာခဲ့'

'အင်းပါ'

'ဒီတစ်ခါ လိပ်စာမမှားနဲ့ဦးနော်၊ လမ်းဘေးဖုန်းတွေ အများကြီးရှိတယ်၊ ရုံးရှေ့ရောက်ရင် ဖုန်းလှမ်းဆက်'

'အင်းပါဟ'

'သွားပြီ'

ခခ နှုတ်ဆက်ပြီး ထွက်သွားတော့ ရုံ အေးအေးဆေးဆေးပင် ရေချိုးခန်းထဲဝင်ပြီး ရေချိုးခေါင်းလျှော်၊ အလှတွေပြင်နှင့် အချိန်တွေက ကုန်မှန်းမသိ ကုန်သွားကာ ခခနှင့် ချိန်းထားသော ဆယ်နာရီက ထိုးဖို့ နာရီဝက်ပဲ လိုတော့သည်။

'အမလေး... အချိန်တွေကလည်း မြန်လိုက်တာနော်၊ နောက်ကျလို့ မဖြစ်ဘူး၊ ခခ ဒေါသူပုန်ထလိမ့်မယ်၊ အချိန်တွေ ဘယ်လိုကုန်သွားတာလဲ၊ သွားမယ် သွားမယ်'





သူမ အိတ်ကို ကောက်ယူလိုက်ပြီး ယူဆောင်သွားရမည့် စာရွက်စာတမ်းတွေ ပါ မပါ အပြေးအလွှား စစ်ဆေးနေရင်း အခန်းတံခါးကို သော့ပြန်ပိတ်၊ နာရီဝက်အတွင်း ခခ အလုပ်လုပ်နေတဲ့ ကုမ္ပဏီ အရောက်သွားရမည်ဖြစ်၍ ခြေလှမ်းတွေကို သွက်သွက်လေး မပြေးရုံတမယ်လှမ်းကာ ရှစ်လွှာလှေကားမှ ဆင်းလိုက်သည်။

'ဟာ...'

'အို...'

'အင့်...'

'အမလေး...'

မထင်မှတ်ဘဲ ရုံနှင့် လူတစ်ယောက်ဝင်တိုက်မိပြီး အပြေးအလွှားဆင်းလာသော ရုံ့ခန္ဓာကိုယ်လေး မထိန်းသိမ်းနိုင်တော့ဘဲ ဒေါက်မြင့်ဖိနပ် ဒေါက်ချွန်ချွန်လေးကိုလည်း စီးထားသဖြင့် ယိုင်ခွေလဲပြိုကျမတတ် ဖြစ်သွားလေသည်။

'ဟာ... ပြုတ်ကျတော့မယ်'

အသံနှင့်အတူ ရုံ့ကိုယ်လေးက တစ်စုံတစ်ယောက်ရဲ့ ရင်ခွင်မှ ဆွဲယူပွေ့ဖက်ထားခြင်း ခံလိုက်ရသလို ရုံ့လည်း ကြောက်လန့်တကြားနှင့် သူ့ခန္ဓာကိုယ်အား မှီတွယ်သိုင်းဖက်လိုက်ရသည်။ မျက်နှာနှစ်ခုက ထိကပ်လုမတတ်ဖြစ်သွားသည်။ ရုံ အကြောက်တရားတွေနှင့် မျက်ဝန်းတွေထဲမှာ မှောင်မိုက်ပြာဝေသွား၍ တဒင်္ဂလေး အသိကင်းမဲ့ မိန်းမောသွား၏။ ရုံ အသိတွေဝင်လာတဲ့အချိန်မှာတော့ ယောကျ်ားတစ်ယောက်နှင့် ရင်ချင်းထိအပ်နေကာ သူ့နှုတ်ခမ်းတွေ၊ သူမနှုတ်ခမ်းသားလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ထပ်တည်း ကျလုမတတ် အပ်ချည်မျှင်တစ်မျှင်စာလောက်လေးပဲ ကွာဟတော့သည်။

'အမလေး… ရှင် ရှင် ဘာလုပ်တာလဲ လွှတ်'

သေသေချာချာ ကြည့်မိတော့ ရှေ့ခန်းက သူမနှင့် ပြဿနာဖြစ်ထားတဲ့ စကြဝဠာဆိုတဲ့လူ ဖြစ်နေသည်။ ရှံ့ ရှက်ရှက်နှင့် ကယောင်ကတမ်း ရုန်းဖယ်မည်ပြုစဉ် သူ့လက်တွေကလည်း မလွှတ်။ နှစ်ယောက်သား လုံးထွေးပြုတ်ကျမတတ် ဖြစ်သွားသဖြင့် ရုံလည်း မရုန်းတော့ဘဲ သူ့ခန္ဓာကိုယ်အား ကြောက်လန့်တကြား ပြန်ဖက်ထားမိသွားရ၏။ သူက သူမခန္ဓာကိုယ်လေးအား ဖွေ့ခနဲ ပွေ့ယူကာ အခန်းရှေ့ ပြန်ချပေးသည်။

'မင်း ဘာတွေအရေးကြီးနေလို့ အပြေးအလွှား ဆင်းလာရတာလဲ အမိ'

'မစပ်စုပါနဲ့ ဖယ်'

'မင်း ခြေမခိုင်လက်မခိုင်နဲ့ ထပ်ပြုတ်ကျသွားရင် ဖမ်းထားပေးမယ့်သူက ရှိမှာမဟုတ်ဘူး စိန်မြရုံခြယ်'

'ရှင်… ရှင် ကျွန်မနာမည်ကို ဘယ်လိုလုပ် သိနေရတာလဲ၊ ရှင် ဘယ်မှာသွားစပ်စုထားတာလဲ ဟွန်း'

'အမိပဲ ပြောသွားတာလေ၊ အမိနာမည် စိန်မြရုံခြယ်လို့'

ဟုတ်သားပဲ။ ဒါပေမဲ့ သူမကပဲ မမှားသလိုလို။ မျက်စောင်းတင်းတင်းတောက်တောက်တွေကို ဆတ်ခနဲထိုးပစ်ရင်း ရန်လိုတဲ့မျက်နှာပေးမျိုး ရုတ်ချည်းပြောင်းပစ်ကာ လှည့်ထွက်မည်ပြင်တော့ သူပြော





သလိုပဲ သူမခန္ဓာကိုယ်က ရပ်တည်နိုင်ခြင်းမရှိ။ ဒေါက်မြင့်ဖိနပ်ချွန်ချွန်လေး ချော်၍ ပြန်လဲပြိုကျသွားမလို ဖြစ်သွားသည်နှင့် သူက ကိုယ်ပြောသားပဲ၊ မင်းခန္ဓာကိုယ် မထိန်းနိုင်သေးပါဘူးလို့ ပြောရင်း ရုံ့ကိုယ်လုံးလေးအား သူ့လက်တွေနှင့် အလျှင်အမြန်ထိန်းပေးတော့လည်း ရုံ ငြင်းပယ်ပုတ်ခတ်ဖယ်ရှားပစ်ဖို့နေနေသာသာ သူ့လက်မောင်းတွေကို ကြောက်လန့်တကြား ဖမ်းဆုပ်ကိုင်ထားမိနေလေသည်။

'မင်းစိတ်တွေကို တည်ငြိမ်အောင် ထိန်းထားပါဦး စိန်မြရုံခြယ်၊ အေးအေးဆေးဆေးပေါ့ ဘာတွေအလျှင်လိုနေတာလဲဟင်'

'အရေးတကြီးကိစ္စရှိနေလို့ပေါ့ရှင်၊ နောက်တောင်ကျနေပြီ၊ ဖယ်ပါ သွားမယ်'

ထပ်မလဲပြိုအောင်လည်း ခန္ဓာကိုယ်ကို ထိန်းမတ်ရင်း ရှက်လည်းရှက်၊ မျက်နှာပေါ်မှာလည်း အပူငွေ့တွေ တဖျန်းဖျန်း ရိုက်ခတ်ကာ လူကလည်း တုန်တုန်ယင်ယင်။

စိန်မြရုံခြယ်ဘဝမှာ ယောကျ်ားလေးတစ်ယောက်နှင့် ထိထိကပ်ကပ် နေထိုင်ပတ်သက်ဖူးတာမျိုးလည်း မရှိခဲ့။ ကျောင်းစာတွေကလွှဲပြီး ဖေဖေ့ကြောင့် ယောကျ်ားတွေအပေါ် အယုံအကြည်ကင်းမဲ့စွာ ကြောက်ကြောက်နှင့် ကင်းရှင်းအောင် နေထိုင်လာခဲ့တဲ့ သူမပါ။

ဒီလူ့ကျမှ သူမအမှားဆိုတာ သိသိကြီးနှင့် ကျေးဇူးတင်စကားမပြောချင်၍ မျက်စောင်းလေးပဲ ထိုးပစ်မိသည်။

'မင်းတို့နှစ်ယောက်က ဘာတွေဖြစ်နေတာကြတာလဲ၊ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့တစ်ယောက်က ဒီလောက်အထိ ရင်းနှီးသွားကြပြီလားကွာ၊ အရမ်းလိုက်ဖက်တဲ့ အတွဲပဲ'

'ဟုတ်ကောင်း'

'ဘာရှင့်'

'နှစ်ယောက်သား ချိန်းတွေ့နေကြတာ မဟုတ်ဘူးလား၊ ကိုယ်အမှတ်မထင်တွေ့လိုက်တာက တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ ပွေ့ဖက်နေကြတယ်ထင်တာ'

'ဒီမှာ လူကိုဘာမှတ်နေလဲ၊ လာပြီးအထင်သေးစကားတွေ မပြောနဲ့နော်၊ ဒီလိုတိုက်ခန်းအစုတ်ပလုတ်မှာ ငှားနေတဲ့ အစွမ်းအစမရှိတဲ့ ယောကျ်ားငပွဲငတေကို စိန်မြရံခြယ်က ဘုမသိ ဘမသိ မဆင်မခြင် ကြိုက်မယ်ထင်လို့လား...ဟွန်း'

သူမ ပျစ်ပျစ်နှစ်နှစ် ဒေါသက ဝုန်းခနဲ မီးထတောက်သလိုမျိုး ထိထိမိမိစကားလုံးတွေနှင့် ရန်တွေ့ပစ်လိုက်သည်။ ကြီးကျယ်နေလိုက်တာ ဒီလိုလူကို အခုတွေ့ အခုကြိုက်ပစ်လား။

'မင်း... မင်း ဘာစကားပြောတာလဲ၊ ဒီကောင်က...'

'ထားလိုက်ပါ မိုးရိပ်ရာ၊ ပြောချင်တာ ပြောပါစေ၊ မင်းကလည်း ဘုမသိ ဘမသိနဲ့ ဝင်ပြောလိုက်တာကိုးကွ၊ ကိုယ် သူ့စကားအတွက် တောင်းပန်ပါတယ် စိန်မြရံခြယ်'

'ဝဋ္ဋာ... မင်း'

'ထားလိုက်ပါကွာ'

'ရှင်တို့ ယောကျ်ားလေးတွေဖြစ်ပြီးတော့ မိန်းကလေးတစ်





ယောက်ရဲ့ ဂုဏ်သိက္ခာကိုတောင် ငဲ့ညှာထောက်ထားမှုမရှိ၊ ကိုယ်ပြောချင်တိုင်း အနိုင်ကျင့်ပြောတတ်တဲ့ အကျင့်စရိုက်တွေကို ပြင်ပါ၊ အသေအချာမှတ်ထားဖို့ တစ်ခုပဲပြောလိုက်မယ်၊ စိန်မြရံခြယ်တဲ့နော်၊ မိုးပေါ်က တိမ်တွေကို ဖမ်းဆုပ်ဖို့ ကြိုးစားနေတာ၊ ခြေဖဝါးအောက်က မြေဓာမြက်ဆိုရင် နင်းချေခံရလိမ့်မယ်'

'မင်း... မင်း တော်တော်စော်ကားပါလားအမိ၊ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ မင်းတော့လား'

'မိုးရိပ်... ထားလိုက်ပါကွာ၊ မာနရှိတဲ့မိန်းကလေးတွေက အထင်ကြီးလေးစားဖို့ ကောင်းပါတယ်'

'ဟွန်း'

'ဒေါက်... ဒေါက်... ဒေါက်'

သူမ တမင်တကာပင် ဒေါက်မြင့်ဖိနပ်သံကို တဒေါက်ဒေါက်ပေးရင်း စည်းချက်ညီညီ လှေကားထစ်တွေကို ကျော်နင်း၍ ဆင်းလာခဲ့သည်။ နည်းနည်းလေးတော့ ကျောထဲကစိမ့်ပြီး ချမ်းသလိုပဲ။ နောက်ကများလိုက်လာပြီး သူမအား ပြဿနာလာရှာမလားလို့။

မှတ်ထား စိန်မြရံခြယ်ကို လာထိလို့မရဘူး။ ချမ်းသာကြွယ်ဝစွာ နေထိုင်လာရတဲ့ သူပါ။ အထင်သေးအမြင်သေးနဲ့ တွေ့တဲ့ယောကျ်ားကို ရံက ကြိုက်စရာလား။ မဆင်မခြင် စွပ်စွဲပုတ်ခတ်ပြောဆိုလိုက်တာ။

ရှစ်လွှာက လှေကားထစ်တွေကို မနည်းသတိထား ထိန်းဆင်း



www.burmeseclassic.com

www.burmeseclassic.com



လာရင်း ရံ့စိတ်တွေလည်း ပူပူလောင်လောင်နှင့် အောက်ထပ်ရောက်လာသည်။

'အရေးထဲ အရမ်းနောက်ကျနေပြီ၊ ဒီလူနဲ့ပဲ ပြဿနာတက်တက်နေရတယ်'

သွေးအေးသွားတော့မှ ထိုစကြဝဠာဆိုတဲ့လူရဲ့ ရင်ခွင်ထဲရောက်သွားခဲ့ရတဲ့အဖြစ်အပျက်တွေကို စဉ်းစားမိပြီး ရှက်လိုက်တာ။ ချစ်သူနှစ်ယောက် ချိန်းတွေ့နေကြတယ်လို့ ဟိုလူစွပ်စွဲတာလည်း မမှားပါဘူး။ ဒါပေမဲ့လည်း သူ ဆွဲယူပွေ့ဖက်ထိန်းမတ်ထားပေလို့ပဲ။ ရံ့ဆက်ပြီးတောင် မတွေးရဲ။

တကယ်ပါပဲဟယ် ချိန်းထားရင်တောင် အဲဒီလောက်ကွက်တိကျမှာ မဟုတ်။ ခခ သိရင် ဟာသဖြစ်ဦးမယ်။ နောက်ကျနေပြီ။ သူမ ဖျာယာပျာယာနှင့် အငှားကားကို လက်ပြတားလိုက်သည်။

'ကားအားလား'

'ဟုတ်ကဲ့ အားပါတယ်'

သူမ ကားခတွေ ဘာတွေ မေးမနေတော့ဘဲ ကားပေါ်ဖွေ့ခနဲ တက်လိုက်သည်။

'ကျွန်မက Crown Hyper Mart ကိုသွားမှာနော်။ ကားခတော့ အရမ်းမတောင်းပါနဲ့၊ ပိုက်ဆံချမ်းသာလို့ Taxi စီးတာမဟုတ်ပါဘူး၊ သူငယ်ချင်းနဲ့ ချိန်းထားတာ အရမ်းနောက်ကျသွားလို့၊ မြန်မြန်လေး မောင်းပေးပါနော်'

ရံ့ ပြောပြရမယ်လေ။ Taxi တွေက လူဝင်ထိုင်လိုက်တာနဲ့





ဈေးကို အဆမတန်တောင်းချင်တာ။ ရံ့အနေအထားက ဈေးဆစ်ပြီး အေးအေးဆေးဆေး ငှားနေဖို့ အချိန်မှမရှိတာ။ မတတ်နိုင်ဘူး။ Taxi ဒရိုင်ဘာကိုတော့ ကားပေါ်တက်ထိုင်ပြီးဆိုပြီး ကားခတွေ အရမ်းအဆမတန် မတောင်းအောင် အသနားခံပြောသင့်လည်း ပြောရမှာပဲ။ လူ့အောက်ကျို့လို့ လူပိပြီးသေတဲ့မသာ မရှိသေးပါဘူး။ ရံ့မှာ ပိုက်ဆံကလည်း တကယ်မရှိတာပါ။ ချွေချွေတာတာလေး သုံးစွဲရမှာဖြစ်၍ နှစ်ထောင်ပဲ ယူလာခဲ့သည်။

'ကျွန်မသူငယ်ချင်းနဲ့ ချိန်းထားတာလေ၊ အရမ်းကိုနောက်ကျနေလို့ပါ၊ ဘတ်စ်ကားစီးသွားဖို့ အချိန်က မမီတော့ဘူး၊ ကားခတွေ အရမ်းမတောင်းပါနဲ့နော်၊ ကျွန်မ အခုမှ အလုပ်ရှာနေရတဲ့သူပါ'

'မင်းကို ပိုက်ဆံတစ်ပြားမှမယူဘဲ အလကားလိုက်ပို့ပေးမယ်ဆိုရင်ရော အမိ'

'ဘာရှင့်'

Taxi ကားသမား၏ ရိုသဲ့သဲ့နှင့် လူကို အထင်အမြင်သေးစွာ အထာပေးသလိုလို ညုတုတုလေသံကြောင့် သူမဒေါသတကြီးနှင့် မျက်စောင်း မာမာထန်ထန်ကြီးခဲပြီး ဆတ်ခနဲလှမ်းကြည့်မိသည်။

'ဟင်'

သူမတွေ့လိုက်တဲ့ Taxi မောင်းသမားရဲ့ပုံစံက ဝတ်စားပြင်ဆင်ပုံတွေက လန်ထွက်နေပြီး တစ်ထည်ကို သိန်းချီပေးရမည့် ပြင်သစ် Brand နှင့်။ သူ့ရဲ့ဖြူဖွေးသန့်စင်နေတဲ့လက်မှာ Rolex နာရီကို ဝတ်ထားသဖြင့် ရံ့ မျက်လုံးပြူးသွားကာ ဘယ်လို Taxi ကားသမားလဲဟ။



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာကြည့်မိတော့ ကားကြီးကလည်း အတွင်းပိုင်းမှာ အရမ်းကြီးကောင်းနေသည်ဟု ထင်မိသွား၍ ဒတ်ချ်ဘုတ်ပေါ်မှာတင်ထားတဲ့ Taxi မောင်းသမားတွေရဲ့ ကိုယ်ရေးရာဇဝင် ရှာတော့လည်း မတွေ့။ ဘုရားရေ ရံ မှားသွားပြန်ပြီထင်တယ်။ ကိုယ်ပိုင်ကားကြီးများလား မသိဘူး။ ဒုက္ခပါပဲဟယ်။

ဒီနေ့ပြဿဒါးမလွတ်ဘူးထင်တယ်။ ရံ ထူပူပြီး ကိုယ်ပိုင်ကားကိုတားပြီး Taxi နှင့်မှားသွားတာ သိလိုက်သည်။

'ရပ်··· ရပ်··· ရှေ့မှာ ရပ်ပေးပါ၊ ကျွန်မက Taxi ထင်လို့၊ ဦးလေးကရော Taxi မဟုတ်ဘဲ ဘာဖြစ်လို့ရပ်ပေးရတာလဲ'

'မသိဘူးလေကွာ၊ မင်းကတားတော့ ကိုယ်ကလည်း အခက်အခဲဖြစ်နေတာထင်ပြီး ရပ်ပေးမိတာ၊ လူမှုရေးအသိနဲ့ပါ၊ မင်းက ဘာမပြောညာမပြောနဲ့ ကားပေါ်ရွေ့ခနဲဝင်ထိုင် အတင်းမောင်းခိုင်းတော့တာပဲ'

'Sorry နော်၊ တောင်းပန်ပါတယ်၊ ကျွန်မသူငယ်ချင်းနဲ့ ချိန်းထားတာ အလုပ်လျှောက်ဖို့ကိစ္စလေ၊ ကုမ္ပဏီသူဌေးနဲ့ တွေ့မလို့ပါ၊ နောက်ကျနေလို့ ကမန်းကတန်းငှားလိုက်မိတာပါ'

ရှင့်ကြောင့်ပဲ ကိုစကြဝဠာ။ ရံ့မျက်လုံးတွေ ပြာဝေမှိုင်းဝေသီသွားပြီး ကိုယ်ပိုင်ကားကြီးကို Taxi ထင်ပြီး တားမိတာပါ။ ဒီလူကြီးကလည်း ဘာဖြစ်လို့ ရပ်ပေးရတာလဲ။

စားနေကျ ကြောင်ဖားကြီးလားတောင် မသိဘူး။ ကြောက်စရာကြီး။ သူ့ကိုကြည့်ရတာတော့ ရည်ရည်မွန်မွန် Gentle Man





Style က အပြည့်ပဲ။ ရံ အထိတ်တလန့်နှင့် ကားကို အတင်းအကြပ်ရပ်ခိုင်းသည်။

'မင်းသူငယ်ချင်းနဲ့ ချိန်းထားတာ နောက်ကျနေပြီမဟုတ်လားအမိ၊ မင်းကလည်း အမျိုးမျိုးပါပဲလားကွာ၊ အခုပဲ မောင်းမောင်း၊ အခုပဲ ရပ်ရပ်နဲ့၊ ကိုယ်လည်း Crown Hyper·Mart ကိုသွားမှာ၊ လမ်းကြုံပါတယ်'

'ရှင်'

ဟုတ်တယ်၊ ခခနဲ့ ချိန်းထားတာ နောက်ကျလို့မဖြစ်ဘူး။ ရံ့ကို အလုပ်ရှင်နှင့်တွေ့ဖို့ ပြောဆိုပြီးသား။ မတတ်နိုင်တော့ဘူး။ သူမ အသာငြိမ်ပြီး လိုက်လာခဲ့သည်။

ခခ အလုပ်လုပ်တဲ့ Super Market ကြီးရှေ့မှာ ကားရပ်သွားတော့ ရံ ကပျာကယာ ကားပေါ်မှ ဆင်းဖို့ပြင်လိုက်၏။ အရမ်းနောက်ကျနေပြီဖြစ်သဖြင့် သူမ သုတ်ခြေတင်၍ ကုမ္ပဏီသွားဖို့ ပြင်သည်။

'ဟေ့ မိန်းကလေး မင်း ကျေးဇူးတင်စကားတော့ ပြောသင့်တယ်ထင်တယ်'

သူမ လက်ပဲပြလိုက်ပြီး ကုမ္ပဏီကြီးထဲ အပြေးကလေးဝင်လာခဲ့လေသည်။ ဒီလိုလူမျိုးတွေနှင့် ကင်းကင်းရှင်းရှင်းနေထိုင်တာ အသင့်တော်ဆုံးပဲ။ ရံက သူ့ကားပေါ်တက်လိုက်လာလို့ အရောဝင်ချင်ပြီ၊ ရမလား စိန်မြရံခြယ်ပဲ။ ရံလည်း ဒီနေ့ ပြဿဒါးမလွတ်ဘူးထင်ပါရဲ့၊ အရာရာနဲ့ အကြောင်းကြောင်း လူအထင်အမြင်သေးစရာတွေချည်းပဲ တွေ့ကြုံနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရံ ကုမ္ပဏီကြီးထဲ ဝင်မည်လုပ်တော့ ခခကလည်း ထွက်ပြီး စောင့်တာနှင့် တိုးလေ၏။ သူမက အဟဲဟုရယ်ပြလိုက်ပေမယ့် ခခ နှုတ်ခမ်းကြီးစူထော်ပြီး နင် ဘာဖြစ်နေလို့ နောက်ကျနေတာလဲ၊ လာ တော်သေးတာပေါ့ဟယ်၊ ကုမ္ပဏီပိုင်ရှင်ဥက္ကဋ္ဌက အလုပ်ကိစ္စတွေ အရေးတကြီးပေါ်လာလို့ နောက်ကျသွားလို့ပေါ့တဲ့။

သူမလက်လေးအား အတင်းဆွဲပြီး ကုမ္ပဏီထဲဝင်တော့ ရံ ဒေါက်မြင့်ဖိနပ်စီးလာမိ၍ ချော်မလဲစေရန် ခက်ခက်ခဲခဲ ထိန်းလျှောက် ရင်း ခခကိုလည်း ဖြည်းဖြည်းသွားပါဟု မပြောရဲ။ သူမခြေလှမ်းတွေ က ရုပ်ပျက်ဆင်းပျက် ဒယီးဒယိုင် ခခ ဆွဲခေါ်ရာနောက် လိုက်ပါ လာလေသည်။

□ □ □



(၆)

'ရံ ဘယ်လိုအခက်အခဲတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရလည်း ဆိုတာ မေးစမ်းပါဦး ခရဲ့၊ ဒီနေ့ ပြဿဒါးနေ့လား'

အမှတ်မထင်ဘဲ သူမရှေ့မှာ ချိတ်ထားတဲ့ ပြက္ခဒိန်တစ်ခုကို တွေ့လိုက်ရသဖြင့် ရံ ထသွားပြီး ပြက္ခဒိန်ကိုကြည့်တော့ ဟုတ်တယ်၊ တကယ့်ကို ပြဿဒါးနေ့ ကွက်တိပဲ။ ပတ်ဝန်းကျင်မှာ အင်တာဗျူး ဖြေမည့်လူ လေးယောက်က ရံ ပြက္ခဒိန်ကြည့်ပြီး ရံ ပြဿဒါးနေ့ပဲ ဟု အော်လိုက်ဖြင့် ဝိုင်းအုံလှည့်ကြည့်ကြသည်။

'ရံ နင်ဘာတွေအရူးထနေတာလဲ၊ ပြက္ခဒိန်ကြည့်ပြီး ဘာလုပ် တာလဲဟ၊ ဟိုမှာ လူတွေ ကြည့်နေပြီ'

'လူတွေကြည့်တာပဲ ခခရယ် ဘာရှက်စရာရှိလဲ၊ ကြည့်ပါစေ၊ ဒီမှာ မနက်စထွက်ကတည်းက ခနဲ့တွေ့ဖို့ နောက်ကျနေပြီဆိုပြီး အပြေး အလွှားထွက်လာတာ လှေကားထိပ်မှာ ဟိုလူနဲ့ ဝင်တိုက်မိတယ်လေ'

'ဟယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူ့ရင်ခွင်ထဲ တန်းဝင်သွားတာပဲ၊ ဒါကြောင့်လည်း ရံ အောက်ကိုပြုတ်ကျမသွားတာပါ'

'ရံရယ် နင်ဟာလေ ဖြစ်လိုက်ရင် အရာရာအကြောင်းကြောင်း တွေပဲ၊ ကံကောင်းလို့ပေါ့'

'အရေးထဲ သူ့သူငယ်ချင်း အသံကျယ်ကျယ်ကျယ်ကျယ်နဲ့ ကောင်လေ ငမိုးရိပ်မိချောင်းကလေ မင်းတို့ ချိန်းတွေ့နေကြတာလားတဲ့၊ ရံက ဒီလိုအစုတ်အနုတ်တွေ တိုက်ခန်းငှားနေတာတောင် ရှစ်လွှာမှာ နေနိုင်တဲ့လူတွေကို မသုံးဘူးလို့ ပြောပစ်ခဲ့တယ်'

'ဟဲ့ ရံ… နင်ကလဲဟယ် တို့လည်း ရှစ်လွှာမှာ ငှားနေနိုင်တာ ပဲလေ၊ အစုတ်အနုတ်ချင်း'

'သူတို့က ယောကျ်ားလေးတွေတွေ၊ ပိုက်ဆံရှာနိုင်ရမှာပေါ့၊ အစွမ်းအစ ရှိရမယ်လေဟာ'

'ကျောင်းသားတွေလားမှ မသိဘဲဟယ်'

'နင်က ဒီငမိုးရိပ်တို့ဘက်ကနေ ဝင်ကာနေတယ်၊ ဘာလဲ အဲဒီငမိုးရိပ်မိချောင်းကို ကြိုက်နေလို့လား'

'အမလေး… ပေးစားတာတောင် ငမိုးရိပ်မိချောင်းနဲ့လား မိရံရဲ့ စကြဝဠာနဲ့ဆို တော်သေးတယ်'

'ဘာပြောတယ်'

'ကြည့်စမ်း သူ့စကြဝဠာကိုထိတော့ မျက်နှာကြီးမာထန် တင်းပြတ်ပြီး အချစ်ဆုံးငယ်သူငယ်ချင်း တိုက်ခန်းမှာလည်း ခိုကပ်နေ





နိုင်းထားပြီး အလုပ်လည်းရှာပေးရတဲ့သူကို ရန်စွယ်နဲ့ငေါငေါပါလား'

ခခပြောလည်း ပြောချင်စရာပါ။ ရုတ်တရက်ယောင်ပြီး စကြ ဝဠာကို ယူမယ်ဆိုလို့ မနာလိုဝန်တိုနှင့် ဒေါသတွေ ပေါက်ကွဲတော့ မလို့။ ဘာဆိုင်လို့လဲလေ။ အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ရံ့ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်ကြီးနှင့် မနာလိုဝန်တိုစိတ်တွေ ဘယ်ကနေဘယ်လို တိုးဝင်ရောက်ရှိလာမှန်း မသိဘဲ မထိန်းနိုင်မသိမ်းနိုင် ဒေါသတွေ ပေါက်ကွဲသွားချင်ရလေသည်။

'Sorry ဟာ စကြဝဠာဆိုတဲ့လူကိုလည်း အမြင်ကတ်တယ်၊ အချောင်အသားယူနေတာ ထင်တယ်'

'ရံရယ် အချစ်ဆိုတာ အဲဒီကစတာပဲဟ၊ နင့်စကြဝဠာက မိန်းကလေးတစ်ယောက် ပြစ်မှားချင်စရာ Style ကအပြည့်ပဲ၊ စွဲဆောင် နိုင်တယ်၊ ညှို့ယူဖမ်းစားနိုင်လွန်းတယ်'

'ကဲ… အမိ ယူလိုက်တော့နော်၊ ညွှန်းနေလိုက်တာ စကြ ဝဠာကို ကြိုက်နေတယ်ပေါ့လေ၊ ယူလိုက်တော့'

ခခက ရယ်နေလေသည်။ ရံ့ကို မခံချင်စိတ်တွေနှင့် ရင်တွင်း မှာ ကိန်းဝှက်ထားတဲ့ အချစ်ဆိုတာကိုဖော်ထုတ်ဖို့ ရှင်ကြီး ကြိုးစားနေ တာမဟုတ်လား။

ဒါပေမဲ့ဟယ် စကြဝဠာဆိုတဲ့လူကိုတော့ မျှဝေမပေးနိုင် သလိုပဲ ငါ့လူပဲဟာလို့ ပြောပစ်ချင်နေသည်။ တကယ်တော့လည်း ရံ့ဘဝက အချစ်ရေးကို စိတ်ကူးယဉ်ခွင့် နည်းနည်းလေးမှတောင်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့သူပဲလေ။ မောင်လေးနဲ့ ညီမလေးတာဝန်တွေက ရံ့အပေါ် ပုံကျနေခဲ့၏။ လေးလေးလံလံကြီး မဟုတ်တာတောင် ရံ့တာဝန်ကျေချင်ပါတယ်။

'ရံ'

'ဟင်'

'နောက်တာနော်၊ ရံ့ဘဝကို ခခအသိဆုံးပဲ မဟုတ်လား။ အချစ်ရေးကို ရံမစဉ်းစားနိုင်ဘူးဆိုတာ နားလည်ပါတယ်၊ ဥက္ကာ့နဲ့ တွေ့ဖို့ပဲ စဉ်းစားပါ'

'ဥက္ကာ့ဆိုလို့ သိလား ခခ၊ ရံလေ အပေါ်မှာ ပြဿနာတွေ တက်၊ ငမိုးရိပ်က စွပ်စွပ်စွဲစွဲလုပ်လို့ ဒေါသတွေဖြစ်ဖြစ်နဲ့ အောက်ဆင်းလာခဲ့ပြီး ခခနဲ့လည်း ချိန်းထားတာ နောက်ကျနေတယ်ဆိုတော့ ကားငှားလိုက်တာ ကိုယ်ပိုင်ကားကြီး ဖြစ်နေတယ်၊ သန့်သန့်ပြန့်ပြန့် လူတစ်ယောက်ကို ရံက Taxi ဒရိုင်ဘာထင်ပြီး ဟောက်နေတာဟ'

'ရံရယ် ရှင်ကလည်း တကယ့်ဒုက္ခပါပဲ၊ ပြဿနာကို မီးခွက်ထွန်းရှာနေတာပဲ'

'မှားသွားမှန်းသိတော့ ကားရပ်ပေးဖို့ပြောတာ သူလည်း ဒီကိုလာတာတဲ့၊ ရံလည်း မထူးတော့ဘူးဆိုပြီး လိုက်ခဲ့တာ၊ ဆင်းတော့ နှုတ်ဆက်ဦးလေတဲ့၊ မဆက်ပါဘူး၊ ဒီလိုလူမျိုးတွေနဲ့ ကင်းကင်းနေရမယ်၊ ဘာကျေးဇူးတင်စရာရှိလဲ၊ ရံ့ကို မိန်းကလေးမို့ ရပ်ပေးတာလေ၊ သိသားပဲ၊ စားနေကျကြောင်ဖားကြီး ထင်တယ်ဟ'





'အင်း… ဟုတ်တယ်၊ အရေးကြီးတာက တို့ဘဝတက်လမ်းက ပျောက်သွားလို့မဖြစ်ဘူးရံ၊ အရေးကြီးတာ ကိုယ့်တန်ဖိုး အမြင့်ဆုံးတင်ထားနိုင်ဖို့ပဲ ရံရဲ့'

'အဲ့ဒါကြောင့်ပေါ့ ခပ်ပြတ်ပြတ်ဆက်ဆံပစ်လိုက်တာ'

ခခနှင့်ရံကတော့ ခံယူချက်၊ ယုံကြည်ချက်တွေ၊ စိတ်ဓာတ်တွေ တူညီကြတဲ့ သူငယ်ချင်းတွေ ဖြစ်ကြလေသည်။

'စိန်မြရံခြယ်'

'ရှိပါတယ်'

'ရံ ရှင့်ကိုခေါ်နေပြီ၊ သတိထားနော်၊ အရေးကြီးတယ်၊ ဒီမှာက ပညာဆက်သင်ရမယ့် • ကျောင်းသားကျောင်းသူတွေအတွက် Chance ရှိတယ်ဟ၊ လိုအပ်တာတွေလည်း ကူညီတယ်၊ ဥက္ကာ့က စိတ်သဘောထား ပြည့်ဝသူပဲ၊ ခခတောင် စာပေးစာယူတက်ဖို့ အဆင်ပြေလို့၊ ရံလည်း ကံကောင်းပါစေ၊ ပြဿနာတော့ မဖြစ်စေနဲ့ဟ'

'အေးပါ စိတ်ချပါ ခခရယ်၊ မနက်က ဟိုအကုသိုလ်တွေကြောင့်ပါ၊ ဒါပေမဲ့ ဒီနေ့ကတော့ ပြဿဒါးနေ့ပဲ၊ မေတ္တာသုတ်တော့ ရွတ်ရမယ်ထင်တယ်'

'ရံရလား'

'မရဘူး'

'လုပ်ပြီ'

'နင်ရွတ်ပေးနေနော် ခခ၊ နင်က အမြဲတမ်း ပရိတ်တွေ ရွတ်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပါပဲဟယ်၊ ကဲ… သွား စိတ်ကိုထိန်း၊ သွက်သွက်လက်လက်ဖြေ၊ ဒီမှာက ရုပ်ရည်ချောမောလှပတာထက် အရည်အချင်းကို ရွေးချယ်တာဟဲ့၊ ယောင်တောင်ပေါင်တောင် လာလုပ်လို့မရဘူး'

'စိတ်ချ OK စေရမယ်'

စိန်မြရုံခြယ်ပဲ။ အစွမ်းအစရှိတာပေါ့။ ဂုဏ်ထူးငါးဘာသာတောင် ထွက်ထားတာပါ။ Interview အတွက်လည်း အခမဲ့ပညာရေးသင်တန်းတွေမှာ တက်ထားတာ။ ရုံက ဉာဏ်လည်းကောင်းတော့ အတတ်လည်း မြန်သည်။ သူမ အမှားအယွင်းတွေမဖြစ်စေရန် ခဲသတိပေးလိုက်သလို စိတ်ကိုထိန်းချုပ်ပစ်ပြီးမှ ခါးလေးကော့ ရင်လေးမော့ပြီး အောင်မြင်မှုသရဖူဆောင်းနိုင်ဖို့ မာန်အပြည့်နှင့် အခန်းကြီးထဲဝင်လာကာ အင်တာဗျူးမေးမည့် လူသုံးယောက် ထိုင်နေတဲ့စားပွဲရှေ့ သတ်မှတ်ထားတဲ့နေရာမှာ ဝင်ထိုင်လိုက်လေသည်။

'မင်းနာမည်က စိန်မြရုံခြယ်လား'

'ဟုတ်ပါတယ်'

'ပညာအရည်အချင်းက ဘယ်ဆိုးလို့လဲ၊ ဂုဏ်ထူးတွေ ငါးခုတောင်၊ ဆေးကျောင်းတက်ခွင့် အမှတ်မီရဲ့သားနဲ့ ဘာဖြစ်လို့ အလုပ်ဝင်လုပ်ချင်ရတာလဲ'

'ရှင်… အမလေး'

'ဘာဖြစ်တာလဲ စိန်မြရုံခြယ်'

သူမ မော့ကြည့်လိုက်တော့ သူမရှေ့မှာ ထိုင်နေတဲ့လူကို





တွေ့လိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားရကာ အမဲလေးဟုပင် အသံထွက်အော်လိုက်မိ၍ ရှေ့မှာထိုင်နေကြတဲ့ လူကြီးသုံးယောက်လုံးလည်း မျက်လုံးတွေပြူးသွားကြရကာ ရုံ့အား ဘာဖြစ်တာလဲ ဘာဖြစ်တာလဲဟု ဝိုင်းမေးနေကြလေသည်။

'ဘာဖြစ်တာလဲ ကောင်မလေး၊ ဘာတွေ့လို့လဲ'

ရုံ တော်တော်နှင့် တုံ့ပြန်၍စကားမပြောနိုင်သေးပေ။ သူမ Taxi အငှားကားမောင်းသမားထင်ပြီး ဟောက်ခဲ့တဲ့လူကြီးက အလယ်မှာ အခန့်သားထိုင်နေသည်။ ဥက္ကဋ္ဌထင်တယ်။ သူကတော့ ခပ်တည်တည်ပင်။ ရုံ့ကို တစ်ကြိမ်တစ်ခါမှပင် မတွေ့ဖူးမဆုံခဲ့ဖူးသလိုလို တည်တည်ငြိမ်ငြိမ်ပဲ ထိုင်နေ၏။

ဒုက္ခပါပဲနော်၊ ပြဿနာကစပြီ။ ရုံက ရှာတာမဟုတ်ပါဘူး၊ ကံကြမ္မာတွေကိုက ပြဿနာတွေကို ရုံ့အတွက် မီးခွက်ထွန်းရှာပေးနေကြတာထင်တယ်။ ရုံ့ မှိုချိုးမျှစ်ချိုးနှင့် ပြတ်ပြတ်သားသား ကင်းကင်းရှင်းရှင်းနေထိုင်ဖို့ လုပ်ခဲ့တဲ့လူကြီး ဘယ်လိုကဘယ်လို ကုမ္ပဏီရဲ့ဥက္ကဋ္ဌလာဖြစ်နေရတာလဲ။

သေချင်လိုက်တာနော်။ ပြဿဒါးမှ ပြဿဒါးနေ့ပဲ။

'ဟော့… မိန်းကလေး မင်းဘာဖြစ်သွားတာလဲလို့ မေးနေတယ်လေ၊ ကြောင်မလေးပဲ၊ မင်းနာမည် ဘယ်သူလဲ'

'ဟို… ဟို… စာရွက်ထဲမှာ ရေးထားတယ်လေ၊ စောစောကပဲ မေးနေတာပဲ၊ အဲဒီနာမည်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'ရှင်'

ရံ ကိုယ့်နာမည်ကိုတောင် အစီအစဉ်တကျပြောဖို့ မေ့မေ့လျော့လျော့ဖြစ်သွားရကာ သူမရင်တွေက ထိန်းချုပ်ဖို့ခက်ခဲစွာ တဒိန်းဒိန်းခုန်နေသဖြင့် ရင်ဘတ်ကို ဖိထားမိတော့မလို ဟန်ပြင်လိုက်ပြီးမှ မသင့်တော်ပါဘူးလေဟု အသိဝင်လာ၍ သူမအား ဝိုင်းကြည့်နေကြတဲ့ လူသုံးယောက်ရှေ့မှ ထပြေးချင်စိတ်တွေ ပေါက်လာရသည်။

သွားပြီ ခခရေ… ရံတော့ အကြီးအကျယ်ကို ကံဆိုးမိုးမှောင်ကျသွားတာပဲ ထင်တယ်။ သူ့ကားပေါ်တက်လိုက်လာပြီး ကျေးဇူးမတင်နိုင်ဘူး၊ နှုတ်လည်းမဆက်ခဲ့တဲ့ စိန်မြရံခြယ်ကို ဘယ်လိုကုမ္ပဏီဥက္ကဋ္ဌက အလုပ်ခန့်မှာလဲ။ ပြီးတော့လည်း ရုပ်ရည်ကို အဓိကမထားတဲ့ကုမ္ပဏီဥက္ကဋ္ဌတဲ့လေ။ ခခရေ…သွားပါပြီ။ စိန်မြရံခြယ် ဒီတစ်ခါတော့ အဖတ်လိုက်ဆယ်လို့တောင် မရတော့ဘူးထင်တယ်။

'စိန်မြရံခြယ်'

'ရှင်'

'မင်း စောစောက မင်းကိုပေါက်သတ်မယ့် မြွေဟောက်တစ်ကောင်ကို တွေ့လိုက်လို့လား'

'ဟုတ်ကဲ့'

'ဘာပြောတယ်၊ မင်းတကယ်တွေ့လိုက်တာလား ကောင်မလေး ဘယ်မှာလဲ'





အရေးထဲ ဘေးကနှစ်ယောက်က ဘာမှမသိဘဲနှင့် ပြုံးတုံးပြာတာနှင့် ပတ်ဝန်းကျင်ကို လိုက်ကြည့်နေသေးသည်။ တကယ်ပါပဲ ဟယ် စိန်မြရံခြယ်ရယ် နင်ဘာဖြစ်နေရတာလဲ။ အထိတ်တလန့်နှင့် ပျာတာတာလုပ်တတ်တဲ့ အကျင့်ကြီးက မပျောက်နိုင်ပါလား။ ရံကလေးဆန်လွန်းသွားတာကို ဟိုဥက္ကဋ္ဌဆိုတဲ့လူက အထင်သေးသွားပုံရလေသည်။

'မင်းကိုကြည့်ရတာ ကမ္ဘာ့ပျာယာအခတ်ဆုံး မိန်းကလေးအဖြစ် ဂရင်းနစ်စံချိန်တင်ပေးတဲ့အဖွဲ့ကြီးကို အကြောင်းကြားရမလို ဖြစ်နေပြီ'

'အဟဲ'

'ဥက္ကဋ္ဌပြောတာလည်း ဟုတ်ပါရဲ့ဗျာ၊ မင်း တကယ် မြွေကို တွေ့လိုက်တာလား စိန်မြရံခြယ်'

'မတွေ့ပါဘူး၊ ဟိုလေ… အရမ်း… ဟို အခန်းကြီးက ကြီးကျယ်ခမ်းနားပြီး မေးလိုက်တဲ့လူကြီးမင်းရဲ့အသံကလည်း ဩဇာရှိလွန်းလို့ ကျွန်မ ရုတ်တရက် လန့်သွားမိတယ် ထင်ပါတယ်'

'ဒုက္ခပါပဲကွာ ပြဿနာပဲ၊ တို့တောင်လန့်သွားတယ်'

'တောင်းပန်ပါတယ်ရှင်'

'ထားလိုက်ပါတော့ကွာ၊ စောစောကမေးတဲ့မေးခွန်းကို ပြန်မေးမယ်၊ အဲဒီမေးခွန်းကို မင်းသတိပြန်ရသေးလား'

'ဟင့်အင်း… အယ်… ဟို… ဟို ကျွန်မ သတိရပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ ကျွန်မကို ပညာအရည်အချင်းက ဂုဏ်ထူးတွေပါပြီး ဘာဖြစ်လို့ ဒီအလုပ်ကို လာလျှောက်ရတာလဲလို့ မေးတာမဟုတ်လား’

‘အင်း… မင်းက မှတ်ဉာဏ်တော့ ကောင်းသားပဲ၊ ဖြေလေ’

ရံ ဘယ်လိုဖြေရင် ကောင်းမလဲ။ ဒီတစ်ခါတော့ ပေါက်ကရတွေ ဖြေလို့မဖြစ်ဘူး။ ရံ အလုပ်လုပ်ချင်တယ်။ ခုက သူတို့ကုမ္ပဏီက ပညာရေးကို အားပေးတယ်ဆိုလို့ပါ။ အလုပ်ရဖို့ကလည်း မျှော်လင့်ချက်က နည်းနည်းလေးမှပင် မရှိနိုင်။ ရံ စိတ်ဓာတ်ကျချင်သည်။

‘ကျွန်မမှာ တာဝန်ယူရမယ့် မောင်လေးနဲ့ ညီမလေး ရှိနေလို့ပါ၊ မိသားစုမှာ အစ်မအကြီးဆုံးပါ၊ မိဘတွေလည်း မရှိကြတော့ပါဘူး၊ ဒါကြောင့် ကျွန်မ ဘယ်လောက်ပဲ ဉာဏ်ထက်မြက်ပြီး ဆေးကျောင်းတက်ခွင့်ရှိပေမယ့်လည်း မတက်တော့တာပါ၊ ကျွန်မအတွက် ဝင်ငွေရှိဖို့က အဓိကဖြစ်နေပါတယ်’

‘စိန်မြရံခြယ်’

‘ရှင်’

‘မင်း ဝတ်စားပြင်ဆင်ထားတာကတော့ သူဌေးသမီး ရှုံးတယ်နော်၊ မင်းက တာဝန်တွေပိနေတဲ့ အစ်မကြီးဆိုတာရော ဖြစ်နိုင်ပါ့မလား’

ဟွန်း… အလုပ်မခန့်ချင်တိုင်း လူကို ပေါက်ကရမေးခွန်းတွေ မေးတော့မယ်ထင်တယ်။ ရံကလည်း ရံပဲ။ အပြင်ထွက်လျှင် ညှိုးညှိုးမှိန်မှိန် စုတ်စုတ်နုတ်နုတ် မထွက်တတ်။





မေမေက ရံတို့မောင်နှမတွေကို လိုလေသေးမရှိ ပြည့်စုံအောင် နေထိုင်စေခဲ့သည်။ မရှိတာကိုပင် မသိရ။ သားသမီးတွေ ပတ်ဝန်းကျင်မှာ အထင်သေးအမြင်သေးနှင့် မျက်နှာငယ်ရမှာ အစိုးရိမ်ဆုံးပါ။ ဒါကြောင့်ပင် ရှာကြံ၍ ဖြည့်စွမ်း ပေးခဲ့၏၊ ရံပင် အကျင့်က မပျောက်ချင်သေး။ သူမကို သူက အထင်ကြီးမှာ မဟုတ်တော့ပါဘူး။ ဆက်ဖြေနေလည်း အပိုပဲမို့ ပြန်ခွင့်ပြုပါဟု ခွင့်တောင်း၍ ပြန်ထွက်လာခဲ့လေသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## (၇)

'ဘာပြောတယ် ရုံ… နင့်ကို အင်တာဗျူးမေးတာ နင် မထေမဲ့မြင်လုပ်ခဲ့တဲ့လူ ဟုတ်လား… အလယ်မှာထိုင်တာဆိုရင် အဲ့ဒါ ဥက္ကဋ္ဌဟဲ့၊ တို့ကုမ္ပဏီမှာ နာမည်ကြီး ဦးတိမ်သခင်'

'ဟွန်း… နာမည်ကြီးကလည်း မြင့်လိုက်တာ၊ ရုံနဲ့တွေ့သမျှ ယောကျ်ားတွေ မိုးပေါ်ကကို မဆင်းကြပါလား၊ တစ်ယောက်က စကြဝဠာ၊ တစ်ယောက်က တိမ်သခင်၊ မသိတော့ဘူးဟာ၊ သိမှ မသိတဲ့ဟာပဲ၊ မတတ်နိုင်တော့ဘူး'

'နင့်အပြစ်လည်း မဟုတ်ပါဘူး ရုံရယ်၊ စိတ်မတတ်တော့ အရမ်းမကျပါနဲ့၊ တစ်နေ့နေ့ အလုပ်ရမှာပါ'

'ရုံက ဒီကုမ္ပဏီမှာ အလုပ်ဝင်ချင်တာပါ၊ ပညာဆက်သင်ဖို့ လည်း အခွင့်အရေးရတယ်လေ'

ဦးတိမ်သခင်လို့ခေါ်ပေမယ့် လေးစားမှုနှင့် ဦးတပ်ခေါ်ရသော် လည်း အသက်အရွယ်က သုံးဆယ်ကျော်ပတ်ဝန်းကျင်ပဲ ရှိမည်ဖြစ်ပြီး နှုတ်ခမ်းစိုရဲရဲတွေနှင့် တည်ကြည်ခန့်ညားနေသူ ဖြစ်သည်။





'ရုံ'

'ဟင်'

'ဦးတိမ်သခင်အကြောင်းတွေ စဉ်းစားနေတာလား၊ သူက လည်း လူပျိုကြီးနော်၊ တို့ကုမ္ပဏီမှာဆို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဟ၊ နင်နဲ့ ဘယ်လိုများတွေ့ခဲ့ကြတာလဲဟယ်၊ ရုံ့ရဲ့နှုတ်ခမ်းဖူးစာကတော့ ရှာလည် နေပြီထင်တယ်'

'တော်စမ်းပါ ခရယ်၊ အလုပ်မရလို့ စိတ်ညစ်ရတဲ့အထဲဟယ် ရုံ ကံအရမ်းဆိုးဝါးနေပြီ ထင်တယ်'

'အဲဒါ ရှင့်ရဲ့ နမော်နမဲ့အကျင့်ကြောင့်လေ၊ အရင်က အကျင့် တွေကို ဖျောက်ပစ်လိုက်စမ်းပါ၊ ရုံ အခု… ဘဝကို ဦးဆောင်ပြီး ပြတ်သန်းရင်ဆိုင်ရတော့မယ်လေ'

'မဟုတ်ပါဘူးဟာ၊ ကံပါ အားလုံးက အချိန်ကိုက်ကွက်တိ တွေ ဖြစ်နေတာပါ၊ ဘယ်လောက်ဆိုးလဲ၊ ပြဿဒါးနေ့မှာမှ အင်တာဗျူး တဲ့လေ'

ရုံ့အတွက် မျှော်လင့်ချက်ရောင်ခြည်တန်းက မှုန်မှုန်လေးပင် မရှိနိုင်။ လုံးဝ အမှောင်ထုပဲ။ ပိန်းပိန်းကို မှောင်နေတာပါ။ ဝင်ငွေရှိ မှ ဖြစ်တော့မယ်။ မောင်လေးနဲ့ ညီမလေးတို့ ကျောင်းစရိတ်တွေက နှစ်လစာလောက်ပဲ ရှိတော့တာပါ။ အိမ်မှာ ရောင်းချပေးစရာလည်း ကုန်နေပါပြီ။

တီတီလေးမြိုင်ကလည်း ဖုန်းဆက်တယ်။ ဖန်တီးပေးစရာ မရှိတော့ဘူးတဲ့။ ရုံလေးကို သနားပေမယ့်လည်း အလုပ်အမြန်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နော်တဲ့။ ကံဆိုးခြင်းတွေအားလုံး ရုံ့ဆီ အစုလိုက်အပြုံလိုက် ကျရောက်နေတာမျိုးလားပဲ။

'ဟိုလူ့ကြောဝင့်ပေါ့၊ ဟိုလူကယ်လိုက်လို့လေ'

'ဘယ်လူလဲ'

'စကြဝဠာဆိုတဲ့လူလေ၊ အဲဒီတုန်းက လေ့ကားထိပ်ကနေ ပြုတ်ကျသွားပြီး သေသွားရင်လည်း ဒီကံဆိုးခြင်းတွေနဲ့ ရင်ဆိုင်ရမှာ မဟုတ်တော့ဘူးလေဟာ'

'ရုံ့ရယ် နင်သေသွားရင် နင့်တီတီမြိုင်ရောဂါသည်နဲ့ ခြံ့ရုံ့ရော၊ ခရမ်းပြာရော အရွယ်မရောက်ကြသေးပဲ ဘယ်လိုကျန်ရစ်ခဲ့ကြမှာလဲ'

'ဟုတ်သားပဲနော်'

ရုံ့ ပြောမိပြီးမှ ခခ သတိပေးလိုက်တဲ့စကားကြောင့် ရုံ့ သေလို့မဖြစ်သေးပါဘူး ဖွဟဲ့လွဲပါစေ ဖယ်ပါစေလို့ ဆုတောင်းမိလေသည်။

'ရုံ့ စိတ်ဓာတ်ကျနေလို့ မဖြစ်သေးပါဘူးခရယ်၊ အခုမှ ဘဝကို စရမှာပါ၊ ဒီအလုပ်တော့ ရဖို့မလွယ်တော့ပါဘူး၊ ခနဲ့လည်း အတူတူလုပ်ရမယ်၊ ပညာဆက်သင်ဖို့လည်း အဆင်ပြေတယ်ဆိုတော့လေ၊ အရမ်းခံစားရတယ်၊ ခ… ရုံ့ပြန်နှင့်တော့မယ်၊ သွားပြီ'

'ရုံ့'

'ဘာလဲ'

'ဘယ်နေရာမဆို သတိနဲ့ နေထိုင်သွားလာပြောဆိုပါဟယ်၊





အလုပ်တွေ ထပ်ရှာရင် ရှိပါတယ်ဟာ၊ ရုံ့က အရည်အချင်းရှိနေတာပဲဟာ၊ စိတ်ဓာတ်မကျပါနဲ့ ရုံ့'

'ရုံ့ ပြန်မယ်ဟာ'

'အင်း… အခန်းပြန်ပြီး အနားယူလိုက်တော့၊ သတိလည်းထားနော်၊ ဒီနေ့က ရုံ့အတွက် ပြဿဒါးပဲ'

'သွားပြီ'

ခခပြောလည်း ပြောစရာပဲ။ ရုံ့အတွက် ပြဿဒါးနေ့။ သေချာနေတာက ဦးတိမ်သခင်က ရုံ့အား ဘယ်တော့မှ မရွေးချယ်တော့ဘူး ဆိုတာပဲ။ ရုံ့အပြစ်တွေပါ။ နမော်နမဲ့နဲ့ ကုမ္ပဏီဥက္ကဋ္ဌကိုများ Taxi ဒရိုင်ဘာနဲ့ မှားရတယ်လို့။

စိန်မြရုံ့ခြယ် နင်ကတော့လေ ရေမရှိတဲ့ ချောင်းမှာ နှာခေါင်းဖော်သေဖို့ပဲ ရှိတော့တယ်။ အသုံးမကျလိုက်တာ။ နင်က မိသားစုကို ဦးဆောင်ရတော့မယ့် အစ်မကြီးတစ်ယောက်။ ရုံ့တစ်ယောက် ခန္ဓာကိုယ်လေးလေးလံလံကြီးကို သယ်မပြီး ခြေလှမ်းတွေကလည်း မရွေ့လျားနိုင်တော့သလို အတွေးပူပူလောင်လောင်တွေနှင့် ဦးတည်ရာမဲ့ လျှောက်လှမ်းနေမိသည်။

'တီ… တီ'

'တီ'

'အမလေး… ဟယ် ဒီကားကလဲ၊ ဒုက္ခပါပဲ၊ လူနားရောက်မှ ဟွန်းအကျယ်ကြီး တီးရတယ်လို့'

သူမထုံးစံအတိုင်း အမလေးဟု အော်မိသွားပြီးမှ သူမကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူမ သတိထားရမယ်ဆိုတဲ့ အသိဝင်လာ၍ မျက်စောင်းထိုး ရန်စွာတော့မည့် ပေါက်ကွဲလုစိတ်ကို အလျင်အမြန် ထိန်းချုပ်ပစ်လိုက်ရသည်။ ကားက သူမရှေ့မှာ ရပ်တန့်သွားပြီး ကားပေါ်မှ လူတစ်ယောက် ဆင်းလာကာ ဘာမပြောညာမပြောနှင့် သူမလက်လေးအား ဆွဲ၍ ကားထဲ ဝင်ထိုင်စေပြီး ချက်ချင်းဝေါခနဲ မောင်းထွက်သွားတော့၏။ ရုံ့ခန္ဓာကိုယ်လေး ဘယ်ရော ညာရော ရှေ့ရော နောက်ရော ယိမ်းထိုး ခါရမ်းသွားလေသည်။

'ရှင်... ရှင် ဘာလုပ်တာလဲ... ဟင်... ရှင်... ရှင်'

ရုံ့ကို ကားတင်ပြေးတော့မည်ထင်ပြီး ဒေါသတကြီးနှင့် ကားမောင်းသူအား ရန်တွေ့တော့မလို ပြင်ပြီးမှ ဦးတိမ်သခင် ဖြစ်နေ၍ စိုးရိမ်တကြီး ဒေါသသံတွေနှင့် အော်ဟစ်ဆူပူကြိမ်းမောင်းနေတာတွေ ရပ်တန့်တိတ်ဆိတ်သွားလေသည်။

'မင်း စိတ်နဲ့လူနဲ့ မကပ်ဘဲ ခြေဦးတည့်ရာ လျှောက်သွားနေတာမဟုတ်လား စိန်မြရုံခြယ်'

'ရှင်'

'ဘာရှင်လဲ'

'ကျွန်မကို ကားရပ်ပေးပါ၊ အဲဒီလို ပိုင်စိုးပိုင်နင်း လုပ်တာမျိုး ကျွန်မ လုံးဝမကြိုက်ဘူးနော်၊ ရပ်ပါ'

'ကိုယ် မင်းကို အရမ်းစိတ်ဝင်စားနေလို့ပါ စိန်မြရုံခြယ်'

'ဘာရှင့်... ဦးတိမ်သခင်နဲ့ ကျွန်မတို့က အလာပသလာပတွေ မျက်နှာချင်းဆိုင်ပြီး ပြောရလောက်အောင်လည်း မရင်းနှီးပါဘူး၊





ပြီးတော့ ကျွန်မကို စိတ်ဝင်စားရလောက်အောင် ကျွန်မမှာ ဘာဆွဲဆောင်မှုမှ မရှိဘူး၊ စိတ်ဝင်စားတာထက် အထင်သေးတာမဟုတ်လား'

'မင်းက ကိုယ့်နာမည်ကိုတောင် သိနေပါလား၊ စုံစမ်းမေးမြန်းထားတယ်ထင်တယ်'

'ကားရပ်ပေးပါ ဦးတိမ်သခင်၊ စိန်မြရုံခြယ်ကို လျှော့မတွက်နဲ့နော်၊ ရှင်တို့လို လူတန်းစားတွေ စိတ်ဝင်စားတယ်ဆိုတာ အဲဒီမိန်းကလေးအတွက် အန္တရာယ်အရှိဆုံး ထောင်ချောက်တစ်ခု ဆင်လိုက်တာပဲ၊ ကားရပ်ပါ'

'မရပ်ဘူးကွာ'

'ကျွန်မ အော်လိုက်မှာနော်၊ ရှင်က ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်၊ ဂုဏ်ဒြပ်တွေနဲ့၊ ကျွန်မကို မအော်ဘူးမထင်နဲ့နော်၊ ရပ်ပါ'

'မင်းကို ကိုယ် အေးအေးဆေးဆေး စကားပြောချင်တယ် စိန်မြရုံခြယ်၊ ကိုယ်က မင်းကို အန္တရာယ်ပေးမယ့် မြွေဆိုးကြီးတစ်ကောင်မဟုတ်ပါဘူးကွာ၊ ကျေးဇူးပြုပြီး ပါးစပ်ပိတ်နေစမ်းပါ၊ တစ်နာရီလောက်ပဲ ဟိုရှေ့က ကော်ဖီဆိုင်မှာ ဝင်ထိုင်မယ်၊ နည်းနည်းလေးလူရှင်းနေတာပဲ ရှိပါတယ်၊ ဆိတ်ကွယ်ရာမဟုတ်ပါဘူး၊ မင်းက လက်မခံဘူးဆိုရင် ကိုယ့်ကားကို မရပ်ဘူး၊ ဖြစ်ချင်ရာဖြစ် ကမ္ဘာကြီးရဲ့အပြင်ဘက်အထိ မောင်းထွက်သွားမယ်၊ မင်း မယုံဘူးလား၊ စမ်းကြည့်လေ၊ မရပ်ဘဲ တွေ့သမျှအရာတွေ အကုန်တိုက်ပစ်သွားမယ်၊ ခဏလေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ ရှင်နဲ့ကျွန်မ ဘာမှပြောစရာအကြောင်း မရှိဘူး၊ အနိုင်မကျင့်ချင်ပါနဲ့ ဦးတိမ်သခင်၊ ကျွန်မက လုံးဝအထင်မကြီးဘူးနော်၊ မိန်းကလေးတွေကို ရှင်ကြီးတို့တွေ ဖြားယောင်းသွေးဆောင်ပြီး ခြေတော်တင် ဖျက်ဆီးပစ်နေကျထင်တယ်၊ စားနေကျကြောင်ဖားကြီး… အမလေး…'

သူမ ပါးစပ်ထဲရောက်လာတဲ့ စကားလုံးတွေကို ပျစ်ပျစ်နှစ်နှစ် မညှာမတာ မုန်းမုန်းနှင့် စိန်မြရုံခြယ်ကို အထင်မသေးရဲအောင် စည်းစိမ်ချမ်းသာတွေနှင့် မြူဆွယ်ဖြားယောင်းပြီး မိန်းကလေးတွေရဲ့ဘဝကို ခြေတော်တင် နင်းချေဖျက်ဆီးပစ်ချင်တဲ့ လူတွေကို စုတ်ပြတ်သတ်သွားအောင် ပြောပစ်ဖို့ပဲ ကြံစည်နေတဲ့သူမ… ဦးတိမ်သခင်က ကားအရှိန်ကို စွတ်တင်ပစ်လိုက်သဖြင့် အထိတ်တလန့်အော်မိသွားပြီး ကြည့်တော့ သူက ပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်တော့ဘဲ အသိတရားတွေ ကင်းမဲ့နေသလို ကားကိုပဲ တရကြမ်း မောင်းနှင်နေသည်။

'ဒီမှာ… ဒီမှာ ဦးတိမ်သခင် ကားကို အရှိန်လျှော့လိုက်ပါ၊ ရှင့်ဆန္ဒကို ကျွန်မ လိုက်လျောမယ်၊ ဘယ်မှ မမောင်းပါနဲ့၊ စောစောက ကော်ဖီဆိုင်ကိုပဲ မောင်းပါ'

ဦးတိမ်သခင်ရဲ့လက်မောင်းတွေကို ဆုပ်ကိုင်လှုပ်ခါရင်း ကားအရှိန်ကို လျှော့ပစ်လိုက်ဖို့ ပြောနေရသည်။ သေတော့မှာပဲ။ ရုံက သေလို့မဖြစ်သေးဘူး။ မောင်လေးနဲ့ ညီမလေး ရှိသေးတယ်။ ဦးတိမ်သခင် ရူးသွပ်နေတာလား။ ရုံလည်း ပြဿဒါးမလွတ်ပါလားနော်။





သူမ တားဆီးတော့မှ ကားက အရှိန်လျှော့သွားကာ လူရှင်းတဲ့ ကော်ဖီဆိုင်လေးရှေ့မှာ ရပ်သွားသည်။

'ဟူး… တကယ်ပါပဲနော်၊ ဒီမှာ ဦးတိမ်သခင် ခဏလေးပဲနော်၊ ကျွန်မမှာ အချိန်မရှိလို့ပါ'

တော်တော်လေး ကြီးကျယ်ခမ်းနားတဲ့ ကောင်မလေးပဲ။ အမြင်ကတ်လို့ တမင်လုပ်ပစ်မိတာပါ။ သူ့လိုလူတစ်ယောက်ကိုများ ပြောလိုက်တာ မညှာမတာ။ ကိုယ်ကျင့်တရား နည်းနည်းလေးမှ မရှိတော့ဘူး။ အသက်အရွယ်နှင့်မလိုက်အောင် အမျိုးကြီးဂိုက်ဖမ်းထားပြီး လေသံတွေက တင်းတင်းမာမာပြတ်ပြတ်။ သူ ကော်ဖီဆိုင်အတွင်းထဲ မဝင်ဘဲ အပြင်စားပွဲလေးမှာပဲ ဝင်ထိုင်သည်။

'စိန်မြရုံခြယ်… ထိုင်ပါ၊ ဒီဆိုင်လေးက အေးဆေးတိတ်ဆိတ်တယ်၊ ပတ်ဝန်းကျင်ရှုခင်းလေးကလည်း အရမ်းကောင်းတယ်၊ လာထိုင်… မင်းကြည့်စမ်း'

အင်တာဗျူးမှာ တွေ့တုန်းကတော့ တည်တည်တင်းတင်း Gentle Man Style က အပြည့်ပဲ။ အခုတော့လည်း တကယ့်ကို နူးညံ့ပျော့ပြောင်းညင်သာပြီး မျက်ဝန်းတွေက ရီရီဝေဝေ။ ဦးတိမ်သခင် စိတ်ရောဂါမှန်ရဲ့လား။ သူ့အပြုအမူတွေက သူ့အဆင့်အတန်းနှင့် လုံးဝ ဆန့်ကျင်ဘက် ဖြစ်နေကာ အောက်တန်းစားဆန်လွန်းတဲ့ အပြုအမူတွေ ဟု ရုံ ထင်နေသည်။

သူ့ဆီမှာ ရုံကို အနိုင်ကျင့်လိုတဲ့ ဟန်ပန်အမူအရာတွေ ရှိမနေပေ။ ရုံကတော့ စိတ္တဇဝေဒနာရှင်များလား ဦးတိမ်သခင်ရဲ့ ရင်ထဲမှာ ခံစားချက် နင့်နင့်တွေ ရှိနေမည်ဟု တွေးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ခံစားလို့ရလား'

'ဟင့်အင်း'

'ဟာကွာ'

'ပြောပါ ဦးတိမ်သခင် ဘာပြောချင်တာလဲ၊ ကျွန်မအရမ်းရှက်တယ်၊ မျက်နှာလည်း ပူတယ်၊ ဦးတိမ်သခင်လို လူကြီးတစ်ယောက်နဲ့ ကျွန်မအရွယ် နှစ်ယောက်တည်း ဒီလိုနေရာမှာ ထိုင်နေကြလို့ မကောင်းဘူးထင်ပါတယ်နော်'

'ဟား… ဟား… ဟား'

သူ အော်ဟစ်ရယ်မောလိုက်၍ ကောင်တာမှာ ထိုင်နေတဲ့ ဆိုင်ရှင်ရော၊ ပတ်ဝန်းကျင်ဝိုင်းတွင် ထိုင်နေကြသော စားသုံးသူများကပါ လှည့်ကြည့်လာကြ၍ ရံ့မျက်နှာပြင်လေးပေါ်သို့ အပူငွေ့တွေ လာဟပ်သလို ပူထူသွားရလေသည်။

'ဒီမှာ ဘာဖြစ်လို့ ဒီလောက်အထိ ဟားတိုက်ရယ်နေရတာလဲ၊ လူတွေ ဝိုင်းကြည့်နေကြပြီ'

'ကြည့်ကြည့်ကွာ၊ ကိုယ်တို့နဲ့ သိတဲ့လူတစ်ယောက်မှ မရှိတာပဲ စိန်မြရံ့ခြယ်၊ ရှက်နေစရာအကြောင်း မရှိဘူးထင်တယ်'

'အရှက်ဆိုတာ မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးထား ထိန်းသိမ်းရမယ့် သဘာဝအရင်းအမြစ်တစ်ခုလေ ဦးတိမ်သခင်၊ ကိုယ့်အသိမိတ်ဆွေရှေ့ရောက်မှ ရှက်ရမှာလား၊ ခန္ဓာကိုယ်အသွေးအသားတွေထဲမှာ ထာဝရစီးဆင်းလည်ပတ်နေမှ အဲဒီမိန်းကလေး မှန်ကန်တဲ့ဘဝလမ်းကြောင်းပေါ် လျှောက်နိုင်မှာလေ'





'မင်းက တော်တော်ကြီးကျယ်ခမ်းနားတဲ့ စကားလုံးတွေကို အရွယ်နဲ့မလိုက်ဖက်အောင် ပြောတတ်နေတာပဲ'

ဦးတိမ်သခင်ရဲ့ ဂုဏ်သိက္ခာမဲ့စွာ စူးစူးစိုက်စိုက်နှင့် ရီရီဝေဝေ ကြည့်နေမှုကို ရံ့ မနှစ်သက်မိ။ စိတ်ဝေဒနာရှင်တစ်ယောက်လိုလို၊ ယဉ်ယဉ်လေးနှင့် စိတ်ခံစားမှု နယ်ပယ်လွန် လူသားတစ်ယောက်လိုလိုနှင့်။ ရံ့ မျက်နှာလေးကို တည်တင်းထားလိုက်သည်။

'ကျွန်မကို ဘာပြောချင်လို့လဲ ဦးတိမ်သခင်၊ မြန်မြန်ပြောပါရှင့်၊ ဒုက္ခပါပဲ အခွင့်အရေးယူလွန်းတဲ့ ယောကျ်ားတွေကို ကျွန်မ အမုန်းဆုံးပဲနော်'

'မင်း ကော်ဖီကို ကြိုက်လား'

'မကြိုက်ဘူး'

'ကိုယ်နဲ့တူတယ်'

'ဒါနဲ့များ ဘာဖြစ်လို့ ကော်ဖီဆိုင်မှာ ထိုင်ရတာလဲ'

'Romantic ဖြစ်လို့'

'သေပစ်ချင်တယ်'

ဦးတိမ်သခင်က Coffee Two ဟု လှမ်းမှာပြီး Waiter တွေ ကော်ဖီနှစ်ခွက် လာချပေးတော့လည်း မသောက်တော့ဘဲ ကော်ဖီဖိုး ငွေရှင်းပြီး ပြန်ထလာခဲ့လေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## (၈)

စိန်မြရုံခြယ်ဆိုတဲ့ နာမည်လေး ကြားလိုက်မိသည်နှင့် ပြီးတော့ တိမ်သခင်ရဲ့မမ မေမြတ်နိုးရဲ့ခင်ပွန်း ဦးစိန်ခြယ်နှင့်လည်း ရုပ်ရည်ချင်း ဆင်တူလွန်းနေသလို နာမည်ကလည်း စိန်မြရုံခြယ်ဖြစ်နေ၍ တိမ်သခင် အလွန်အမင်း မှင်သက်မိသွားရကာ စိန်မြရုံခြယ်နှင့် တွေ့ဆုံခဲ့မှုကလည်း ဆန်းကြယ်တွေပြားလွန်း၍ မထင်မှတ်ဘဲနှင့် စိန်မြရုံခြယ်အား စွဲလန်း နှစ်သက်မြတ်နိုးမိသွားခဲ့ရလေသည်။

ဒါပေမဲ့ မဖြစ်နိုင်ဘူးဆိုတာလည်း တိမ်သခင် အသိတွေထဲမှာ ရှိနေ၏။ စိန်မြရုံခြယ်အား အကူအညီပေးချင်ပေမယ့် ဘယ်ကနေ စရမှန်းမသိ။ အူကြောင်ကြောင်နှင့် စိန်မြရုံခြယ်အား ခင်မင်ရင်းနှီး ခွင့်ရစေရန် အရှက်တွေ၊ ဂုဏ်သိက္ခာတွေကို ဘေးဖယ်ထားပြီး ဟိုလို လို ဒီလိုလိုလေး ကောင်မလေးလက်လေးကို မသိမသာဆွဲ၍ ကားဆီ ပြန်လာခဲ့သည်။

'ဦးတိမ်သခင်... ဘာတွေလုပ်နေတာလဲ၊ ကျွန်မလက်ကို





လွှတ်ပါ၊ ကျွန်မကို ဒီလိုနိမ့်ကျတဲ့ကောင်မလေးတစ်ယောက်လို့ သတ်မှတ်ထားပြီး အနိုင်ကျင့်တာလား'

'မင်းအဖေနာမည် ဘယ်သူလဲ'

'ဦးစိန်ခြယ်လေ၊ ကျွန်မကိုယ်ရေးရာဇဝင်မှာ အားလုံးထည့်ရေးထားပြီးပြီ'

'မင်းမောင်လေးရဲ့ နာမည်နဲ့ ညီမလေးနာမည်ကလည်း အရမ်းကဗျာဆန်တယ်၊ ခြံရုံခြယ်နဲ့ ခရမ်းပြာခြယ်တဲ့လား၊ မင်းအမေရော၊ မင်းတို့မိသားစုက စိတ်ဝင်စားစရာနာမည်ပိုင်ရှင်တွေပဲနော်'

'ကျွန်မတို့မိသားစုအကြောင်း နာမည်တွေက ဒီလောက်စိတ်ဝင်စားစရာမရှိပါဘူးနော်၊ အပိုတွေလျှောက်ပြောမနေပါနဲ့၊ ကျေးဇူးပြုပြီး ကားရပ်ပေးပါတော့၊ ခခ မရောက်ခင် ကျွန်မ အခန်းပြန်ရောက်ရမယ်၊ ညစာအတွက် ထမင်းချက်ရဦးမယ်'

'ကိုယ် အကောင်းဆုံးဆိုင်ကြီးတစ်ဆိုင်ကနေ အကောင်းဆုံး ထမင်းဟင်းတွေ ဝယ်ပေးလိုက်မယ် ဘယ်လိုလဲ'

'အဓိပ္ပာယ်မရှိတာ၊ ကျွန်မကို ဘယ်လိုအတန်းအစားများထင်နေလဲ ဦးတိမ်သခင်'

'ကိုယ်က စိန်မြရုံခြယ် ဦးတပ်ခေါ်ရလောက်အောင် အသက်မကြီးသေးပါဘူးကွာ၊ အသက်သုံးဆယ်ပဲ ရှိပါသေးတယ်'

'ဟာ ဒုက္ခပါပဲ၊ အခုခေတ်မှာ အသက်သုံးဆယ်ဆိုတာ အရမ်းဟိုင်းနေပြီရှင့်၊ အဖိုးကြီးပဲ၊ ခေတ်ကိုလည်း မသုံးသပ်ဘူး၊ ပိုက်ဆံချမ်းသာတယ်၊ အောင်မြင်တဲ့လုပ်ငန်းရှင်ကြီး အသက်ငယ်ငယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ငါအရမ်းစွမ်းဆောင်နိုင်တယ်ဆိုပြီး ဘဝင်တွေ လေဟပ်နေပြီထင်တယ်… အမလေး…'

ပြောချင်တာတွေကို တရစပ် တိမ်သခင့်လိုယောကျ်ားတစ်ယောက်အား ချိုးချိုးနှိမ်နှိမ်ပြောဆိုနေတဲ့ စိန်မြရုံခြယ်ကို အမြင်ကတ်လာ၍ သူ့ကားကို ရုတ်တရက် ဘရိတ်အုပ်လိုက်ပြီး လမ်းဘေးထိုးရပ်ပစ်လိုက်လေသည်။

စိန်မြရုံခြယ်၏ ခန္ဓာကိုယ်လေး သူ့ဘက်ယိမ်းယိုင်လဲပြိုလာသဖြင့် သူ့လက်တွေက ထိန်းထားပြီးသား ဖြစ်နေ၏။ စိန်မြရုံခြယ်ရဲ့ မျက်စောင်းမာမာတင်းတင်းလေး ဖွေ့ခနဲ ရောက်လာကာ သူ့လက်တွေအား ဆတ်ခနဲ ပုတ်ချဖယ်ရှားပစ်သည်။

'ကားရပ်ပါ၊ ဦးတိမ်သခင်ရဲ့ အပြုအမူတွေက အရမ်းအောက်တန်းကျတယ်၊ ကျွန်မ ဒေါသဖြစ်လာပြီနော်၊ ဦးတိမ်သခင်က စိန်မြရုံခြယ်အပေါ် အထင်သေးအမြင်သေးနဲ့ ကြောင်တစ်ကောင်က ကြွက်ကို ဆော့ကစားနေတာမျိုးတွေ ရပ်ပါ'

စိန်မြရုံခြယ်က စွာတေးလန်မလေးတစ်ယောက်လို ရန်စွယ်ငေါငေါလေးအော်ဟစ်ပြောနေသံလေးက သူ့နှလုံးသားထဲအထိ နက်ရှိုင်းစွာ စူးဝင်ဖောက်ထွင်းသွားရသည်။ စိန်မြရုံခြယ်ရဲ့အဖေ ဦးစိန်ခြယ်က တိမ်သခင်ရဲ့ယောက်ဖ ဖြစ်နေတာကိုက ကံကြမ္မာရဲ့ ရက်စက်လွန်းတဲ့ ထိုးနှက်တိုက်ခိုက်မှုတစ်ခု ဖြစ်နေ၏။ ဦးစိန်ခြယ်က အသက်ကြီးပြီး မမနိုးက ငယ်ရွယ်နေသည်။

'မမ ဘာဖြစ်လို့ သူများမိသားစုကို ဖြိုခွဲပစ်ရတာလဲ၊ အိမ်





ထောင်ရှိတဲ့ယောကျ်ားတစ်ယောက်ဖြစ်တဲ့အပြင် မမဦးလေးအရွယ်ကြီးပါ'

'သခင်လေး နားမလည်ပါဘူးကွယ်၊ ဦးက ငွေထောတယ်၊ မမတို့ဘဝကို ကြီးကျယ်ခမ်းနားမှုတွေနဲ့ စည်းစိမ်ချမ်းသာတွေ ပေးနိုင်တယ်၊ မောင်လေးအနာဂတ်အတွက်…'

'တော်စမ်းပါဗျာ၊ ရှက်စရာအရမ်းကောင်းတယ်၊ ပတ်ဝန်းကျင်မှာ မျက်နှာဘယ်လိုပြရမလဲ၊ သခင် မနေဘူး၊ မမနိုးပဲ စည်းစိမ်တွေနဲ့ နေပါ'

'မဟုတ်သေးဘူးလေ မောင်လေးရယ်၊ ဒါက မမရဲ့ကံကြမ္မာပါ၊ ဦးက မမကို အရမ်းချစ်တယ်၊ ဘယ်လိုနည်းနဲ့မှ စွန့်လွှတ်နိုင်မှာမဟုတ်ဘူး၊ သူတို့မိသားစုအတွက်လည်း ခြံနဲ့တိုက် ပေးထားခဲ့တာပဲ'

'ဘာပဲဖြစ်ဖြစ်ဗျာ ကျွန်တော် မမနဲ့ မနေနိုင်ဘူး၊ မသမာတဲ့နည်းလမ်းတွေနဲ့ စည်းစိမ်ချမ်းသာတွေ ရလာတာလည်း ရှုံတယ်၊ မမနိုးရယ် ဦးစိန်ခြယ်နဲ့ လက်မထပ်ပါနဲ့ဗျာ၊ သခင် အသက်အရွယ်ရလာရင် မမကို ရှာဖွေကျွေးမွေးပါ့မယ်နော်'

'မဖြစ်နိုင်တော့ဘူး၊ မမတို့ တရားဝင်လက်ထပ်ထားပြီးပြီ၊ ဘဝတစ်ခုကို ထူထောင်ဖို့ ပြင်ဆင်ထားတယ်၊ အခု မမတို့ ဦးနဲ့အတူနေဖို့ မမနာမည်နဲ့ ခြံဝယ်ထားတယ်၊ တိုက်ကြီးဆောက်နေတယ်၊ ပြောင်းကြရတော့မယ် မောင်လေး'

'အဲဒါ ကျွန်တော့်အနာဂတ်အတွက်လားလို့၊ အဓိပ္ပာယ်မရှိတာပဲ၊ မမ အရှက်မရှိဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



'အရှက်ဆိုတာ လူတိုင်းမှာ မွေးကတည်းက ပါလာခဲ့ကြတဲ့ မွေးရာပါအသိတစ်ခုပဲ၊ ဒါပေမဲ့လည်း မမဘဝက ရွေးချယ်စရာလမ်း မရှိလို့ ရှက်ကြောတွေကို ခန္ဓာကိုယ်ထဲကနေ ဖြတ်ထုတ်ပစ်လိုက်တာလေ'

'မမ...'

တိမ်သခင် ရှုံးသွပ်စွာ အော်ဟစ်ရင်း မြင်မြင်သမျှအရာတွေ အားလုံး တစ်ခုစီကောက်ယူကာ ပစ်ပေါက်ကွဲရှစေ၍ ပေါက်ကွဲခဲ့ရပေမဲ့ မမနိုးနှင့်အတူ ဦးစိန်ခြယ်ငွေကြေးတွေအသုံးပြုပြီး မမနိုးနာမည်နှင့် ဝယ်ပေးခဲ့သော ခြံကြီးထဲ လိုက်လာခဲ့ရလေသည်။

ထိုအချိန်က တိမ်သခင်က အသက်ငယ်သေး၏။ အစ်မ တစ်ယောက်တည်းမို့ ခွဲပြီး နေနိုင်ခြင်းမရှိ။ အစ်မစီမံရာ နာခံလိုက်ရသလို သူ နိုင်ငံခြားကိုလည်း အလုပ်လုပ်ဖို့ ထွက်လာခဲ့သည်။

သူ မြန်မာပြည်ကိုပြန်လာတာ နှစ်နှစ်ပဲ ရှိသေး၏။ နိုင်ငံခြားမှာ ရှာဖွေစုဆောင်းထားတဲ့ ငွေအရင်းအနှီးနှင့် စီးပွားရေးလုပ်ငန်းတွေကိုလုပ်ရင်း အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်လာခဲ့ရလေသည်။

'ဦးတိမ်သခင် ကားရပ်ပေးပါ၊ အဲဒီလိုမလုပ်ပါနဲ့၊ ရှင်ထင်ထားသလို ကျွန်မက လမ်းပေါ်က မိန်းကလေးမဟုတ်ပါဘူး၊ ဘဝ တစ်ခုကို ရိုးရိုးသားသား တည်ဆောက်နေတာပါ၊ ကျွန်မ တကယ်ပြောတာနော်၊ ရှင့်ကို မာယာတွေနဲ့ မြူဆွယ်ဖြားယောင်းလိမ်ညာဟန်ဆောင်နေတာ မဟုတ်ဘူး ဦးတိမ်သခင်... ဒီမှာ'





သူ စိန်မြရံခြယ်ဆိုတဲ့ ကောင်မလေးကို ရှင်းပြချင်သည်။ မင်းတို့မိသားစုဘဝလေး ပြိုကွဲခဲ့ရတာ ကိုယ့်အစ်မက အဓိကတရားခံဆိုတာ မှန်နေပေမဲ့ ကိုယ်လုံးဝ မနှစ်သက်ဘဲ အပြင်းအထန် ကန့်ကွက်တားဆီးခဲ့ပါတယ်လို့။

ကိုယ့်ချမ်းသာကြွယ်ဝမှု စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ရတာလည်း မင်းအဖေငွေကြေးနှင့် လုပ်ကိုင်ခြင်းမဟုတ်ဘဲ ကိုယ့်ကြိုးစားအားထုတ်မှုတွေပါလို့ ရှင်းပြရင် မင်းလက်ခံမလား။

ဒီအကြောင်းတွေသာသိရင် စွာတေးလန်မလေး စိန်မြရံခြယ် လက်ခံဖို့ နေနေသာသာ ကိုယ့်အပေါ် ကြမ်းတမ်းခက်ထန်တဲ့ ပျစ်ပျစ်နှစ်နှစ် စကားလုံးတွေနှင့် ကုတ်ဖဲ့ထိုးနှက်ပစ်မှာ သေချာသည်။

'ဦးတိမ်သခင် ကားရပ်နော်၊ ကျွန်မ ခုန်ချပစ်လိုက်မှာ၊ ကြောက်နေမယ်မထင်နဲ့၊ စိတ်ရောမှန်သေးရဲ့လား၊ ဒီမှာ... ဒီမှာ...'

ဦးတိမ်သခင်ရဲ့ မျက်ဝန်းတွေက အသိကင်းမဲ့စွာ ခပ်ကြောင်ကြောင်။ စိတ်ဝေဒနာရှင်တစ်ယောက်လိုလို။ သူ့ဘေးနားမှာ သူမ ရှိနေတယ်ဆိုတာတောင် အသိရှိပုံမပေါ်ပေ။ စိုစွတ်ရီဝေနေတဲ့မျက်လုံးတွေက အဝေးကိုပဲ ကြောကြောကွဲကွဲ ငေးစိုက်နေပြီး စိတ်စေရာ လွင့်မျောနေသည်။

ရံ ကြောက်ရွံ့လာရ၏။ ခုန်ဆင်းဖို့ကလည်း ကားက အရှိန်မြန်နေပြီး Lock တွေလည်း ချထား၍ ဖွင့်မရ။ သူမ ကားပေါ်က ခုန်ဆင်းလျှင် အသက်ရှင်နိုင်စရာလမ်းမရှိ။ ပြင်းထန်သော ဒဏ်ရာဒဏ်ချက်တွေနှင့် အသေဆိုးနှင့် သေဖို့က သေချာသလောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကားရပ်ပေးပါ၊ ကျွန်မ အိမ်ပြန်ဖို့ အရမ်းနောက်ကျနေပြီ၊ ရပ်ပေးပါ'

ပတ်ဝန်းကျင်မှာ အမှောင်ထုတွေက တဖြည်းဖြည်းလွှမ်းခြုံလာတဲ့အပြင် သူမလက်မှာ ပတ်ထားတဲ့နာရီကို ကြည့်မိတော့လည်း ညရှစ်နာရီထိုးနေပြီ ဖြစ်လေသည်။ ခခ စိတ်ပူနေတော့မှာပဲ။ ဖုန်းအဆက်အသွယ်ကလည်း မရ။ ဦးတိမ်သခင်ရဲ့ လက်မောင်းကို သူမ ဆုပ်ကိုင်လှုပ်ရင်း အော်ဟစ်နေပေမယ့် စောင်းငဲ့၍ပင် မကြည့်။ ဘာတွေဖြစ်ကုန်ပြီမှန်းတောင် မသိတော့ဘူး။

'ဦးတိမ်သခင်... ဒီမှာ... ဒီမှာ ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်ပါ၊ ဘာမဟုတ်တဲ့ ကျွန်မလို မိန်းကလေးတစ်ယောက်အတွက် လူကြီးမင်းရဲ့ ဂုဏ်သိက္ခာတွေ အပွန်းအပဲ့မခံပါနဲ့'

'ကျွီ'

'အမေ့'

ကားက လမ်းဘေးမှာ အမှောင်ထုထဲမှာ ထိုးရပ်သွားပြန်လေသည်။ သေချာတယ်၊ ဦးတိမ်သခင်က စိတ်ဝေဒနာရှင်ပဲ။ သူ့မျက်ဝန်းတွေက ရီဝေစိုလက်နေသလို သူမမျက်ဝန်းတွေထဲ ထိုးဖောက်တော့မတတ် တပ်တပ်မက်မက် ကြည့်နေတာမျိုးမဟုတ်ဘဲ ပြစ်မှုတွေကျူးလွန်ထားတဲ့ တရားခံတစ်ယောက်ရဲ့ အသနားခံတောင်းပန်တိုးလျှိုးနေတဲ့ မျက်ဝန်းအကြည့်တွေပါ။

သေချာနေတာက ဒီလူကြီးမှာ စိတ်ဝေဒနာတစ်ခုခုတော့ ရှိနေရမယ်။ ပုံမှန်လုံးဝမဟုတ်ဘူး။ ယဉ်ယဉ်လေးနဲ့ ရူးသွပ်နေတာ





မျိုးလား။ ဘုရားရေ... ရံ ဘယ်လိုလုပ်ရမလဲ။ အရမ်းကြမ်းလို့လည်း မဖြစ်ဘူး။ သူ့ခန္ဓာကိုယ်ကြီးက သူမဘက် ယိမ်းယိုင်လာ၍ သူမ ကိုယ်လေး ကျုံ့ဝင်သွားသည်။

'မင်း ကိုယ့်ကိုကြောက်နေတာလား စိန်မြရံခြယ်'

'ရှင်'

'ကိုယ့်ကို အရူးလို့ ထင်နေတာလား'

'ဟို... ဟို... အဲဒီလိုတော့ မထင်ပါဘူး၊ ရံလေ... ကျွန်မ ပြန်ပါရစေနော်၊ ခခ စိတ်ပူပြီး ရဲတွေဘာတွေတိုင်ရင် မလိုလားအပ်တဲ့ ပြဿနာတွေ တက်လာနိုင်ပါတယ်၊ ဦးတိမ်သခင်အတွက်ပါ၊ ခခက အရမ်းစိတ်ပူတတ်တယ်၊ တစ်ခုခုဖြစ်တာနဲ့ ရဲစခန်းတွေဘာတွေ တိုင်တောတတ်တယ်'

'ဘာလဲ မင်းက ကိုယ့်ကို ရဲနဲ့ ခြိမ်းခြောက်နေတာလား စိန်မြရံခြ .'

'အင်း... အဲ... မဟုတ်ပါဘူး ပြောပြတာပါ၊ ခခ လုပ်တတ်လို့၊ ကျွန်မ ပြန်မယ်နော်၊ တစ်သက်လုံးမတွေ့ကြရတော့မယ့် လူတွေမှ မဟုတ်တာ၊ ဟိုလေ နောက်တွေ့ဂိရအောင် ဦးတိမ်သခင်ကို ကျွန်မ လိပ်စာပေးခဲ့ပါ့မယ်'

ရံ ချော့ရသည်။ မလွယ်ဘူး။ စိတ္တဇဝေဒနာရှင်တစ်ယောက်ဆိုတာတော့ သေချာတယ်။ ကားထဲကနေ ထွက်ပြေးချင်ပေမယ့် သူက မျက်ခြည်မပြတ်ကြည့်နေပြီး ကား Lock တွေလည်း ချထား၍ ရံ ကြောက်စိတ်တွေကြောင့် ဇောချွေးတွေပင် ပြန်လာရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခခရေ… ရုံတော့ ဘယ်ဘ၀က ပြုခဲ့တဲ့ အကုသိုလ်တွေလည်း မသိဘူးဟယ်။ တကယ့်ကို ဆိုးဝါးပြင်းထန်တဲ့ အန္တရာယ်စက်ကွင်းထဲ ကျရောက်နေရတယ်။ နင်တို့ရဲ့ ကုမ္ပဏီပိုင်ရှင်က ရှူးနေတယ်။ ကြောက်နေပေမယ့် သူမ နှုတ်ခမ်းလေးက ပြုံးရယ်ပြနေရသည်။

'မင်းလိပ်စာပေး'

'ဟုတ်… ဟုတ်ကဲ့'

သူမလည်း ဦးတိမ်သခင်ကျေနပ်စေရန် စိတ်ထဲရှိတဲ့ လိပ်စာတစ်ခု ရေးပေးလိုက်သည်။ အမှန်တော့မပေးပါဘူး။ နောက်ထပ်လည်း မပတ်သက်တော့ဘူး။ ခခကိုတောင် အကျိုးအကြောင်းပြောပြပြီး အလုပ်ထွက်ခိုင်းမယ်။

'ရော့'

'ပေး… အမှန်ပဲနော်'

'အမှန်ပါ၊ ဦးတိမ်သခင်လို ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ Gentleman တစ်ယောက်ကို ကျွန်မ လိမ်ညာရဲပါ့မလား'

မင်းက ကိုယ့်ကို ချည်ပြီးတုပ်ပြီး ရိုက်နေတာ မဟုတ်လား စိန်မြရုံခြယ်။ သတိပေးသလိုလိုနဲ့ ကိုယ့်ကို ဂုဏ်သရေရှိ Gentleman လို့ ပြောနေတာပဲ။ မင်းလိပ်စာကြီးကလည်း အမှန်မှ မဟုတ်တာ။ မင်းနေတဲ့တိုက်ကြီးကို ကိုယ်သိနေတယ်လေ။ ကိုယ်က မှတ်ဉာဏ်အရမ်းကောင်းတဲ့လူ။

စိန်မြရုံခြယ်ရဲ့ မျက်ဝန်းစိုလက်လက်တောက်တောက်လေး





တွေက သူ့ကို ကြောက်ရွံ့ထိတ်လန့်စွာ ရှုံ့ရှာမုန်းတီးနေပေမဲ့ မလွဲသာမရှောင်သာ၍ သူမ နှုတ်ခမ်းလေးတွေက ပြုံးပြနေလေသည်။ အပြစ်ကင်းစင်လွန်းပြီး ကလေးဆန်နေတယ်။

မင်း ကိုယ့်လိုလူမျိုးတစ်ယောက်ကို မမြူဆွယ် မဖြားယောင်းတာကိုက ကိုယ်အရမ်းနှစ်သက် မြတ်နိုးတန်ဖိုးထားရတဲ့ အရာပဲ စိန်မြရုံခြယ်။ မင်း တကယ်ဖြူစင်ပါတယ်။

'ကောင်းပြီလေ စိန်မြရုံခြယ်၊ ဒီလိပ်စာအတိုင်း ကိုယ်လိုက်ပို့ပေးမယ်၊ ပြီးတော့ မင်းတို့အခန်းမှာ ခဏထိုင်မယ်၊ ကော်ဖီတစ်ခွက်သောက်မယ်'

'မဖြစ်နိုင်တာပဲ၊ ဦးတိမ်သခင်က ကော်ဖီမကြိုက်ဘူးဆို၊ ဆိုင်မှာတောင် မသောက်ဘူးလေ၊ ကျွန်မလည်း ကော်ဖီမကြိုက်လို့ မရှိပါဘူး၊ ဘာလဲ ကျွန်မကို မယုံလို့လားဟင်'

'ပို့ပေးမလို့ပါ၊ မင်းနေတဲ့နေရာလည်း သိရတာပေါ့လေ'

ဦးတိမ်သခင် မရိုးသားတော့ဘူး။ သူမအား အတင်းကြီးရင်းနှီးခင်မင်စေရန် ဝင်ပူးနေ၍ သတိထားရမယ်။ ကျွန်မက ဦးတိမ်သခင်ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို အထင်ကြီးမယ်မထင်နဲ့နော်။ ကျွန်မက တန်ဖိုးကြီးကြီးမားမား မိန်းမတစ်ယောက်အဖြစ်ပဲ ဖြတ်သန်းချင်တာ။

ဟိုရောက်မှ ကြည့်ရှင်းမယ်ဆိုပြီး မျက်လုံးလေးကိုမှိတ်ထားပစ်လိုက်ပြီး အကြံထုတ်နေတုန်း ကားလေးက ရပ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



မင်းနေတဲ့ နေရာရောက်ပြီ ဆင်းဆို၍ သူမ မျက်လုံးလေးဖွင့်ကြည့်လိုက်တော့ သူမ့နေထိုင်ရာ ရှစ်ထပ်တိုက်ကြီးရှေ့ ရောက်နေသည်။

'လူလိမ်မလေး… Bye'

သူ လက်ပြပြီး ကားကို ဝေါခနဲမောင်းထွက်သွားလေသည်။

□ □ □



(၄)

'ဘယ်လိုလူကြီးမှန်းလည်း မသိဘူး၊ ကြောင်တောင်တောင်နဲ့ ခခကို သတိပေးရမယ်၊ နဗ်တို့ဉက္ကဋ္ဌက ပုံမှန်မဟုတ်ဘူးလို့၊ နောက်ကျနေပြီ၊ ခခ တစ်မျိုးထင်တော့မှာပဲ၊ ဘယ်အချိန်ရှိနေပြီလဲ၊ အားမှောင်လိုက်တာ၊ မီးမလာဘူးထင်တယ်၊ အရေးထဲ ဒေါသထွက်လိုက်တာ'

ဦးတိမ်သခင်ကြောင့် ရံ အတော်လေး စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။ ခခ ဒေါကန်နေမလား၊ စိတ်လည်းပူမှာပဲ။ ရံ မည်းမည်းမှောင်မှောင်ထဲမှာပဲ လှေကားထစ်တွေအတိုင်း တက်လာခဲ့ပြီး သူမနေတဲ့ အခန်းရှေ့ရောက်မှ အခန်းရှေ့မှာ လူတစ်ယောက်ရပ်၍ သူမကိုကြည့်နေသဖြင့် ရံ အထိတ်တလန့် ဖြစ်သွားရသည်။

'စိန်မြရံခြယ်… မင်း အောက်ကိုပြန်ဆင်းဦးမလို့လား၊ မင်းနောက်ကျနေလို့ မင်းသူငယ်ချင်း ခင်ခခ ပျာယာခတ်နေတယ်၊ မင်းက အခန်းထဲမဝင်သေးဘဲ ဘာကိစ္စ ပြန်ဆင်းသွားဦးမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲနော်။ အရေးထဲ ရုံက သူ့ကိုကြောက်ပြီး အောက်ဆင်းပြေးတော့မလို့ကို စကြဝဠာပဲ… ဆုံရပြန်ပါပြီ။

'ကိုယ်တောင် မင်းကို ဆင်းပြီး ရှာတော့မလို့'

'ဘာရှင့်'

'မင်းအရမ်းနောက်ကျလွန်းတယ်၊ မင်း အစောကြီးပြန်သွားတာတဲ့၊ တကယ်ဆို ခင်ခခဆီ ဖုန်းဆက်သင့်တယ်'

'နေပါဦး ရှင်နဲ့ဘာဆိုင်လို့ ဆရာကြီးလေသံနဲ့ ဝင်ပြောနေရတာလဲ၊ ကျွန်မကိစ္စနဲ့ကျွန်မပဲ၊ ဝင်ပြီးအရောတဝင်လုပ်ချင်တဲ့ဒီဇိုင်းတွေလာမလုပ်ပါနဲ့'

အမှောင်ထဲမှာ ဒေါသတကြီး စွတ်ယောက်ပစ်လိုက်ပြီး သူ့ကိုကျော်၍ သူမတို့အခန်းရှေ့မှာ ရပ်သည်။ အရေးထဲ မီးကပြန်လာသဖြင့် မမြင်ချင်တဲ့မျက်နှာကြီးက သူမရှေ့မှာ ဘွားခနဲပေါ်လာ၏။

မနက်က အဖြစ်အပျက်တွေကြောင့် မျက်နှာတွေ ရှိန်းရှိန်းမြမြ အပူငွေ့တွေ ရိုက်ခတ်သွားပေမယ့် ရုံက လုံးဝမကျွတ်တဲ့ပုံစံနှင့် အခန်းဝမှာ တပ်ထားသော လူခေါ်ဘဲလ်ကို နှိပ်ပစ်လိုက်သည်။ ခခက တော်တော်နှင့် တံခါးလာမဖွင့်ပေ။

သူက ထွက်မသွားသေးဘဲ ဘဲလ်ကိုလာနှိပ်၍ သူမနှင့်နှစ်ယောက်သား ပြိုင်တူနှိပ်မိသွားရ၏။ ရုံ ဒေါသထွက်သွားလေသည်။

'ရှင် ဘယ်လိုလူလဲ၊ ဘာဆိုင်လို့ ဝင်ပါနေရတာလဲ'

'မိန်းကလေးတစ်ယောက်တည်းဖြစ်နေလို့ ဝင်ကူညီတာပါ'





'မလိုဘူး၊ ဖယ်ပါ၊ ခခ… ခခ ဒုက္ခပါပဲဟယ်၊ အရေးထဲစိတ်ကောက်နေပြီထင်တယ်၊ ခခ… တံခါးဖွင့်စမ်းပါ၊ ဒီမှာ မသူတော်နဲ့ တွေ့နေလို့ဟ'

'ဒုန်း… ဒုန်း'

'ဒုန်း…'

'ဟော့… ဟော့ ဘာမသူတော်နဲ့ တွေ့နေတာလဲ၊ မင်းကိုကူညီနေတဲ့ဟာ၊ တော်ကြာ အောက်ထပ်ကလူတွေကြားရင် တကယ်ထင်သွားမယ်နော်'

'ဟုတ်တယ်လေ၊ ကိုယ့်အခန်းထဲ ကိုယ်မဝင်ဘဲ ဘာဖြစ်လို့ကျွန်မအနား ကပ်နေရတာလဲ၊ အဲဒါမရိုးသားလို့ပေါ့၊ ဝင်ပါ၊ ရိုးသားရင် ရှင့်အခန်းထဲ ရှင်ဝင်နေလေ၊ မဆီမဆိုင်'

'မဟုတ်ဘူးလေ၊ မင်းနဲ့ကိုယ်က မျက်နှာချင်းဆိုင်အခန်းမှာနေကြတဲ့လူတွေပဲ၊ ရိုးရိုးသားသား စောင့်ရှောက်နေတာကွ'

'အရေးထဲ ဒီနေ့တစ်နေ့လုံး ဘယ်လိုယောကျ်ားတွေနဲ့များလာတွေ့နေလဲ မသိပါဘူး'

'ဟင်… မင်း တစ်နေကုန် ဘယ်လိုယောကျ်ားတွေနဲ့ တွေ့ခဲ့လဲ စိန်မြရုံခြယ်၊ ကိုယ့်အရင် ဘယ်သူတွေနဲ့ တွေ့ခဲ့သေးလဲ၊ မင်းကအခုမှ ရန်ကုန်ရောက်တာ မကြာသေးဘူးလေ'

'ဒီမှာ… ကျွန်မဟာကျွန်မ ဘယ်လိုယောကျ်ားတွေနဲ့ပဲတွေ့တွေ့ ရှင့်ကို အစီရင်မခံနိုင်ဘူး၊ မဆီမဆိုင် ဖောရှောလုပ်ပြီး ဝင်စပ်စုမနေနဲ့၊ အချောင်သမားထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်က သူမ ခါးပေါ်ထောက်ပစ်လိုက်ပြီး လာမစမ်းနဲ့ မီးပွင့်သွားမယ့်ပုံစံမျိုးချိုး၍ ကျန်လက်တစ်ဖက်နှင့် ဘဲလ်ကိုနှိပ်ရာ သူ့လက်နှင့် ပြိုင်တူနှိပ်မိလျက်သား ဖြစ်သွားပြန်သည်။

'ရှင် ဘယ်လိုလူလဲ၊ ခုထိ ဘာဖြစ်လို့ အခန်းထဲမဝင်သေးတာလဲ၊ ကျွန်မအနားကနေ ဖယ်နော်၊ ပြောလို့မရရင် အော်ပစ်လိုက်မှာ'

'ကိုယ်က စေတနာနဲ့ ရိုးရိုးသားသား မင်းနဲ့အဖော်လုပ်ပေးနေတာပါ၊ တစ်မျိုးမထင်ပါနဲ့ စိန်မြရုံခြယ်၊ ရိုးရိုးသားသားပါ'

'ဘယ်လိုလူလဲ၊ အူကြောင်ကြောင်နဲ့ ခခရေ… ခခ'

'ဒုန်း… ဒုန်း'

သူမ အခန်းတံခါးကို တဒုန်းဒုန်းနှင့်ထုတော့မှ အိပ်ချင်မူးတူးနှင့် မျက်နှာကို ပွတ်သပ်နေရင်း တံခါးလာဖွင့်ပေးလေသည်။

'ဟင်… နင်က အိပ်နေတာလား၊ သူပြောတော့ ရံ နောက်ကျနေလို့ စိတ်ပူနေတယ်ဆို'

'ပူတာပေါ့ဟဲ့၊ နင် ဘယ်တွေလျှောက်သွားနေတာလဲ၊ ဝင်လေ၊ ကိုစကြဝဠာကိုလည်း ကျေးဇူးတင်ပါတယ်၊ အကူအညီပေးလို့ပါ'

'ရပါတယ် မခင်ခခ၊ အခန်းနီးနားချင်းတွေပဲ၊ လိုအပ်တဲ့အကူအညီလည်း တောင်းပါ၊ အားမနာပါနဲ့ဗျာ၊ ကျွန်တော်တို့က လူကောင်းတွေပါ၊ ရိုးရိုးသားသားပါ'

'ဟွန်း'

သူမ နဂါးမင်းမျက်စောင်းကဲ့သို့ မီးတောက်မီးလျှံတွေ ထွက်





မတတ် မျက်စောင်းထိုးပစ်လိုက်ကာ အခန်းထဲဝင်၍ တံခါးကို ဂျိုင်းခနဲပိတ်ပစ်လိုက်လေသည်။

'ဟဲ့ရံ… ပတ်ဝန်းကျင်က ရှိသေးတယ်၊ သူက တကယ်ရိုးရိုးသားသား ကူညီတာပါဟာ၊ ခ ဘယ်လောက်အထိ စိတ်ပူရလဲ၊ နင် ဖုန်းလေးတော့ ဆက်သင့်ပါတယ်၊ နင်မဟုတ်တာမလုပ်ဘူးဆိုတာ သိနေပေမဲ့ အရမ်းနောက်ကျတော့ ခလေ ရှစ်ထပ်တိုက်ကြီးပေါ် ဆင်းလိုက်တက်လိုက်နဲ့ မီးပြတ်မှ အထဲဝင်တာ၊ မောမောနဲ့ လှဲလိုက်တာ အိပ်ပျော်သွားတယ်၊ အရှေ့ခန်းက ကိုစကြဝဠာက ကူညီပြီး စောင့်ပေးနေတာ၊ သူစောင့်နေပေးမယ်တဲ့၊ နင် ဘယ်တွေလျှောက်သွားနေတာလဲ ရံ'

'နင်တို့ကုမ္ပဏီဥက္ကဋ္ဌကြီးကြောင့်ပေါ့ဟဲ့'

'ဘာ'

ရံ ဧည့်ခန်းမှာ ဝင်ထိုင်လိုက်ပြီး ဆောင့်ဆောင့်အောင့်အောင့်လေးနှင့် နှုတ်ခမ်းလေးကိုလည်း တွန့်မဲ့ရှုံ့တွရင်း ခခကို ဦးတိမ်သခင်နှင့် ဖြစ်ပျက်ခဲ့တာတွေကို အသေးစိတ်ပြောပြလိုက်သည်။

'ခ… နင်တို့သူဌေးက စိတ္တဇဝေဒနာရှင်နော်၊ လူကြီးလူကောင်းဟန် အပီဆောင်နေတာဟ၊ ကြောက်စရာကြီး'

'နင်နဲ့ကျမှ အဲဒီလိုတွေ ဖြစ်သွားရတာပါ ရံရယ်၊ ဦးတိမ်သခင်ဆိုတာက အရမ်းတည်ကြည်ပြီး Gentleman ဟ၊ အလုပ်လည်း အရမ်းကြိုးစားတယ်၊ မရှုပ်မပွေဘူး၊ ဘယ်ကလာ စိတ္တဇဝေဒနာရှင်ဖြစ်ရမှာလဲ၊ ပေါက်ကရတွေဟယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ရုံကိုဘာဖြစ်လို့ တစ်ယောက်နဲ့တစ်ယောက် မသိကျွမ်းဘဲနဲ့ နိုင့်ထက်စီးနင်းပြုမူဆက်ဆံရတာလဲ'

'သူ့ကို ရုံက မထေမဲ့မြင် ဆက်ဆံသွားခဲ့လို့ထင်တယ်၊ ဒါပေမဲ့လည်း ဦးတိမ်သခင်က လက်စားချေတတ်တဲ့ လူစားမျိုးလည်း မဟုတ်ပါဘူး'

'မသိဘူးဟာ၊ သူ့ကြောင့် နောက်ကျရတာ၊ သေတောင်သေပစ်ချင်တယ်၊ ဘယ်လိုကုမ္ပဏီဥက္ကဋ္ဌလဲ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေလို့ ဘဝင်လေဟပ်သွားတာထင်တယ်၊ လုံးဝအထင်ကြီးစရာမရှိဘူး'

'ဘယ်လိုလုပ်မလဲ ရုံ၊ ညစာအတွက် ထမင်းတောင်မချက်ရသေးဘူး၊ ခလည်း ရုံ နောက်ကျလို့ စိတ်ပူပြီး အောက်ဆင်းစောင့်လိုက် အပေါ်တက်လိုက်နဲ့ ထမင်းချက်ဖို့ မေ့နေတယ်'

'ပြောမှပဲ ဗိုက်ဆာလာပြီ၊ စားစရာ ဘာမှလည်းမရှိပါလား၊ အောက်ပြန်ဆင်းပြီး ဝယ်ဖို့လည်း အရမ်းနောက်ကျနေတယ်၊ ဘယ်လိုလုပ်ရမလဲ၊ ဟော... လူခေါ်ဘဲလ်တီးနေပြန်ပြီ၊ အရေးထဲဟာ၊ ဟိုငကြောင် စကြာဝဠာထင်တယ်၊ ငါသွားဖွင့်မယ် ခခ၊ ဘယ်အချိန်ရှိနေပြီလဲ၊ မိန်းကလေးတွေနေတဲ့အခန်းကိုများ'

သူမ ထလာပြီး အခန်းတံခါးကို ဝုန်းခနဲ ဖွင့်လိုက်၍ ရန်တွေ့ဖို့ ပြင်လိုက်စဉ် အဝမှာ ရပ်နေသူက ချိုင့်တစ်လုံးဆွဲထားသော လူတစ်ယောက်ဖြစ်နေလေသည်။

'ဘာကိစ္စရှိလို့လဲ၊ အခန်းမှားလာတာ ထင်တယ်'

'မမှားပါဘူး၊ ဒီလိပ်စာပါပဲ၊ ဦးတိမ်သခင်က ထမင်းတွေ





ဟင်းတွေ ပို့ခိုင်းလိုက်လို့ပါ၊ ကျွန်တော်က လမ်းထိပ်က ထမင်းဆိုင်ကလေ'

'ဟင်'

'ချိုင့်ကိုတော့ မနက်မှပဲ လမ်းကြုံဝင်ပေးပါ၊ ညီမက မစိန်မြရုံခြယ်လား၊ မခင်ခခခလား'

'ထားခဲ့ပါ'

'ဟုတ်ကဲ့'

မယူဘဲ ငြင်းလိုက်ပြန်လျှင်လည်း အတင်းအကြပ်ပေးတော့မည်ဆိုတာ သိနေ၍ ချိုင့်ကိုလက်ခံထားလိုက်သည်။

'ဂျိုင်း'

'ဟဲ... တံခါးကို ဖြည်းဖြည်းပိတ်ပါ ရုံရယ်၊ ဒါက ဘယ်သူလာပေးခိုင်းတာလဲ၊ စကြာဝဠာလား'

'ခတို့သူဌေးပေါ့၊ ဦးတိမ်သခင်က လမ်းထိပ်ထမင်းဆိုင်ကို မှာထားတာ'

'ဟင်'

'တွေ့လား၊ ဘယ်လောက်ရူးကြောင်ကြောင်နိုင်လဲ၊ ရုံက ထမင်းပြန်ချက်ရဦးမယ်ဆိုတော့ သူ အကောင်းဆုံးဆိုင်က အကောင်းဆုံးဟင်းတွေ ဝယ်ပေးလိုက်ပါ့မယ်တဲ့'

'ဘာဖြစ်လဲ စားရတာပေါ့၊ တို့နှစ်ယောက်လုံး ဗိုက်ဆာနေကြတာလေ၊ ဟယ်... ကျေးဇူးတင်စကားတောင် မပြောလိုက်ရဘူး၊ တို့သူဌေးက အရမ်းကတိတည်တယ်နော် ရုံ'



www.burmeseclassic.com

www.burmeseclassic.com



'ခ'

'ဟင်'

'မစားပါဘူး၊ ရုံက ပေရှည်မှာစိုးလို့ ယူထားလိုက်တာဟ၊ ခတို့သူဌေး လုပ်ပုံက တို့ကို ပတ်ဝန်းကျင်က ဘယ်လိုထင်မလဲ၊ မိန်းကလေးတွေဆီကို ပို့စရာလား၊ တမင်သက်သက် ချိုးနှိမ်တာ၊ ခပါ အလုပ်ထွက်တော့'

'အမလေး အလုပ်ထွက်လို့ မဖြစ်သေးပါဘူးဟယ်၊ နှစ်ယောက်စလုံး ဝင်ငွေမရှိဘဲ ထိုင်ငတ်နေကြတော့မှာလား၊ နင့်ကြောင့်ပဲ လေရုံ၊ လူကြီးကို လူကြီးမှန်းမသိ မလေးမစား ဆက်ဆံတာကိုး၊ လာပါ၊ ဗိုက်ဆာတယ် စားရအောင်၊ အိုက်တင်ခံမနေစမ်းပါနဲ့ ရုံရယ်၊ ဟင်းတွေက မွှေးနေတာပဲ၊ ထမင်းကလည်း ဆန်လေးကောစင်းနေတာပဲ၊ စားပြီနော်'

'အင်တ်'

ခကတော့ စပ်ဖြဲဖြဲမျက်နှာပေးနှင့် ဦးတိမ်သခင် ပို့လိုက်တဲ့ ထမင်းဟင်းတွေကို စားနေလေရာ ရုံ မျက်နှာလေးမဲ့၍ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ဗိုက်တော့ ဆာနေတယ်။ ဦးတိမ်သခင်ပေးတဲ့ ထမင်းဟင်းကိုလည်း မစားချင်ပါဘူး။

ပတ်ပတ်သက်သက်ကို မလုပ်ချင်တာပါ။ ရုံမှာ မိဘ အုပ်ထိန်းမှု ကင်းမဲ့နေရတဲ့ ဘဝမျိုး။ မောင်လေးနှင့် ညီမလေးအတွက် ဦးစီးဦးဆောင် ပြုနေရသည့် အစ်မ။ အသက်ငယ်ပေမယ့်လည်း ရုံ





အသိနဲ့ ထိန်းချုပ်ရမယ်။ ဒီလိုလူမျိုးတွေက မိန်းကလေးတွေအပေါ် အကဲစမ်းချင်ကြတာ။ စိန်မြရုံခြယ်ကို ဒီလိုလာလုပ်လို့ မရဘူး မှတ်ထားပါ။

သူမ အဝတ်အစားတွေလဲပြီး ဗိုက်ဆာနေပေမယ့်လည်း အိပ်တော့မယ်ဟု ဆုံးဖြတ်ပြီး အိပ်ရာပေါ် လှဲချလိုက်လေသည်။

'စိန်မြရုံခြယ်… မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ ကိုယ်က မင်းကို စောင့်ပေးနေတာ'

အရှေ့မျက်နှာချင်းဆိုင်အခန်းက စကြဝဠာဆိုတဲ့လူအကြောင်းက ရုံ့အတွေးထဲ ဝင်လာပြန်သဖြင့် ဒေါသက ထွက်ရပြန်လေသည်။ သူနဲ့ ဘာဆိုင်လို့လဲ။ ကူညီသလို ဘာလိုလိုနဲ့ အရောတဝင်လုပ်ဖို့ ကြိုးစားနေတာပါ။ စိန်မြရုံခြယ်ကို အထင်သေးတာပဲ။ အလုပ်အကိုင် မဆင်မပြေလို့ စိတ်ညစ်ရတဲ့အထဲမှာ ဗိုက်ကလည်း ဆာလိုက်တာနော်။

'မင်းတို့နှစ်ယောက်က ချိန်းတွေ့နေကြတာကိုး'

'ဟင်'

မနက်က အဖြစ်အပျက်တွေကို တွေးမိသွားပြန်တော့ သူမ အိပ်နေရာကနေ ဆတ်ခနဲ ထထိုင်မိသွားသည်။ ငမိုးရိပ် တော်တော် လျှာရှည်တယ်။ စကြဝဠာဆိုတဲ့လူက ရုပ်ချောတာပဲ ရှိတာ။ အလုပ်မရှိ အကိုင်မရှိထင်တယ်။ ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး ဘော် ကြော့နေတာလောက် မုန်းတာမရှိဘူး။ မတွေးတော့ဘူး အိပ်တာပဲ ကောင်းတယ်။

အတွေးတွေကို ဖျောက်ပစ်ဖို့ ကြိုးစားရင်း ဦးတိမ်သခင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုစကြာဝဋ္ဋာတို့ အကြောင်းတွေက တစ်လှည့်စီပေါ်ပေါ်လာ၍ ရံ့ ခန္ဓာကိုယ်လေးက အိပ်ရာပေါ်မှာ ဘယ်ညာလူးလှိမ့်ရင်း ခေါင်းလေးကိုလည်း ခါရမ်းပစ်ရင်း ညဥ့်နက်မှ အိပ်ပျော်သွားရလေတော့သည်။

❒ ❒ ❒



## (၁၀)

'စိန်မြရုံခြယ်ဆိုတဲ့ ကောင်မလေးက မာထန်ထန် ကျွတ်ဆတ်ဆတ်နဲ့ ဝဋ္ဋာ၊ မင်းကိုလည်း ငမွဲငတေတစ်ယောက်လို့ထင်ပြီး စွတ်ကောနေတာ ဖြစ်မယ်'

သူကတော့ စိန်မြရုံခြယ်ရဲ့ မာကျောကျော ကျွတ်ဆတ်ဆတ် မာနတံခွန်လွှင့်ထူနေတာလေးကိုပဲ နှစ်သက်သဘောကျလေသည်။ အရမ်းကြီး နွမ်းနွမ်းပါးပါးတော့ မဟုတ်ဘူးဟု တွေးမိနေ၏။ အဝတ်အစားဝတ်တာ လန်းသည်။

ဝဋ္ဋာ့ကိုကြည့်တတ်တဲ့ မျက်ဝန်းတွေက သူ့ခန္ဓာကိုယ်တစ်ခုလုံး လောင်မြိုက်ပြာကျသွားနိုင်လောက်အောင် ဝင်းဝင်းတောက်နေသလို နှုတ်ခမ်းသားတွေကလည်း တွန့်လိုက်ကွေးလိုက်နှင့် စိန်မြရုံခြယ် မူယာမာယာများပြနေတာ မဟုတ်တာ ဝဋ္ဋာ သိနေခဲ့လေသည်။

'ရုပ်ရည်ရူပကာကတော့ လန်းတယ် ဝဋ္ဋာ၊ တစ်ခါတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နှစ်ခါလောက် သမင်လည်ပြန်ကြည့်ရမယ့် ရှုမဝကြည့်မဝမလှပိုင်ရှင် မလေးပဲ၊ ဒီလိုဟာမလေးမျိုးက ငထောတွေမှ ချိုင်မယ်ထင်တယ်'

'မိုးရိပ်… မင်းဘယ်လိုပြောလိုက်တာလဲကွာ၊ မညာမတာ၊ စိန်မြရုံခြယ်က အရမ်းအထင်ကြီးလေးစားသင့်တဲ့ မိန်းကလေးကွ၊ တန်ဖိုးကြီးမားတယ်'

'ဝဋ္ဌာ… မင်းတော့ သွားပြီ၊ မနက်ကဖြစ်တဲ့ကိစ္စကလေ မင်းကို ဟိုဟာမလေးက တမင်လဲပြိုချင်ယောင်ဆောင်ပြီး မာယာ ထောင်ချောက်ဆင်တာလည်း ဖြစ်နိုင်တယ်နော်'

'ကိုယ့်မှာ စိန်မြရုံခြယ် မက်မောစရာမှ မရှိတာ၊ ကိုယ် သူဌေးဆိုတာလည်း စိန်မြရုံခြယ်မှ မသိတာပဲ'

'ဝဋ္ဌာ… ကိုယ်ကတော့လေ မင်းရဲ့ ကြွယ်ဝချမ်းသာမှုတွေ ကို ပြသသင့်တယ်ထင်တယ်၊ မင်းရင်ထဲမှာ ငြိနေတာမဟုတ်လား'

'အဲဒီလိုမလုပ်ချင်ဘူး မိုးရိပ်၊ ဒီအတိုင်းလေးပဲ သံယောဇဉ် တွယ်ငြိသွားစေရမယ်၊ အချစ်စစ်စစ်လေ… ကိုယ်နဲ့စိန်မြရုံခြယ်တို့က ရေးကရေစက် ရှိခဲ့ကြတဲ့ ဖူးစာရှင်တွေပါ'

'မပြောတော့ဘူးကွာ၊ သတိတော့ထားပါ၊ အလှတရားတွေရဲ့ နောက်ကွယ်မှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်စက်ကွင်းတွေ လိုက်လာတတ်တယ်၊ အရမ်းတော့ မချစ်မိပါစေနဲ့ ဝဋ္ဌာရာ'

'အရမ်းချစ်နေတယ်'

'သေစမ်း'

'ကိုယ့်နှလုံးသားတွေထဲမှာ မြတ်မြတ်နိုးနိုး တန်ဖိုးထားချစ်





နေတာကွ၊ မိန်းကလေးတွေကို ဘယ်တော့မှ စိတ်မဝင်စားတတ်တဲ့ စကြဝဋ္ဌာက စိန်မြရုံခြယ်နဲ့တွေ့မှ ချစ်တတ်လာတယ်၊ ခံစားနေရတယ်၊ ရင်တွေ တဆတ်ဆတ်တုန်ရီလှုပ်ခါပြီး ချစ်နေမိတယ်'

'တော်ပါတော့ကွာ၊ ဆယ့်နှစ်ကြိုးနိုင်တဲ့ ကဝေမနဲ့တွေ့နေဦး မယ်၊ သတိထား'

'မိုးရိပ်… မင်းရော စိန်မြရုံခြယ်ရဲ့သူငယ်ချင်း ခင်ခခကို မကြိုက်ဘူးလား'

'ခင်ခခက မဆိုးဘူး၊ အေးချမ်းတယ်၊ ဣန္ဒြေသိက္ခာလည်း ရှိတယ်'

'မင်းကောင်မလေးကျတော့ ချီးမွမ်းခန်းဖွင့်လို့မဆုံးတော့ဘူး မိုးရိပ်'

'ရုံကလည်း ချောပါတယ်၊ မာနလည်းရှိတယ်၊ ဒါပေမဲ့ ကက်ကက်လန်ကောင်မလေး သတိတော့ထားသင့်တယ်လို့ထင်တယ်'

'စိန်မြရုံခြယ်ကို ကိုယ်ချစ်နေပြီ၊ အရမ်းကို အသည်းနှလုံးတွေ အထိ နက်နက်ရှိုင်းရှိုင်း တိုးဝင်ချစ်မိနေတယ်'

'မင်းကို စိန်မြရုံခြယ်က အထင်သေးနေတယ်လေ၊ မင်းလို အစုတ်အနုတ်ကို စိတ်မဝင်စားဘူးတဲ့'

'ဝဋ္ဌာပဲ… စောင့်ကြည့်နေမိုးရိပ်၊ မကြာခင် စိန်မြရုံခြယ် ကိုယ့်ရင်ခွင်ထဲ ရောက်စေရမယ်၊ ကိုယ်အပိုင်သိမ်းပြမယ်'

မနက်က စိန်မြရုံခြယ်ရဲ့ ခန္ဓာကိုယ်လေးအား မထင်မှတ်ဘဲ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားခွင့်ရလိုက်တာကပင် ဝဋ္ဌာ့အတွက် ကံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းခြင်းလက်ဆောင်ဟု ထင်သည်။ မိုးရိပ်နှုတ်ခမ်းက တွန့်မဲ့မဲ့။ ဝဠာ့စိတ်က စည်းစိမ်ဥစ္စာတွေနှင့် ဖြားယောင်းမြူဆွယ်တာမျိုး မလုပ်ချင်ပါဘူး။

အိအိစက်စက် အထိအတွေ့၊ မျက်နှာချောချောဝင်းဝင်းလေးပေါ် ဝဠာ့မျက်နှာက အုပ်မိုးနေကာ နှုတ်ခမ်းနီတြာတြာလေးအား နမ်းပစ်ချင်စိတ်တွေ နမ်းပစ်ချင်မိလေသည်။

'ဝဠာ… ဟေ့ကောင်'

'ဟင်'

'ဘာတွေတွေးမိပြီး မင်းမျက်နှာကြီးပေါ်မှာ ပီတိတွေ ဖြာဝေနေရတာလဲကွ'

'စိန်မြရုံခြယ်ကို နမ်းချင်လို့'

'သေလိုက်စမ်းကွာ'

'သူ့ကိုယ်လုံးလေးက ကိုယ့်ရင်ခွင်ထဲမှာ လဲပြိုကျလာတော့ ကိုယ်လည်း အထိတ်တလန့်နဲ့ သိမ်းကျုံးဖက်ထားမိလိုက်တယ်၊ နှုတ်ခမ်းချင်းက ထိကပ်မတတ်ပဲ'

'မောင်ရင် ညံ့တယ်၊ စွာတေးလန်မလေး ငြိမ်သွားအောင်ကို သူ့ပါးစပ်ကို ပိတ်ပစ်လိုက်ရမယ်'

'အမလေး စိန်မြရုံခြယ်ရဲ့ မျက်ဝန်းတွေက ကိုယ့်ကိုဝါးမျိုတော့မယ့် နဂါးကြီးတစ်ကောင်လိုပဲ ဒေါသငွေ့တွေ အလျှံညီးညီးထွက်နေတယ်'

'သူက လဲကျလာတာပဲ'





'ကိုယ်အရမ်းကြောက်သွားတယ်၊ စိန်မြရုံခြယ်ရဲ့ အမုန်းတွေကို မခံယူချင်ဘူး၊ ဒါတောင် ကိုယ့်ကို အထင်သေးမုန်းတီးနေတဲ့ မျက်ဝန်းအရိပ်တွေ ပြည့်နှက်နေတာပဲ မိုးရိပ်ရာ'

'ဝဠာရာ မင်းက ဘာလဲ ကောင်မလေးတွေ မက်မောနှစ်ခြိုက်စေမယ့်အရာအားလုံးကို ပိုင်ဆိုင်ထားတာလေကွာ၊ စိန်မြရုံခြယ်က မင်းကို အိုးမည်းတွေ ပေကျံနေတဲ့ လက်နှီးစုတ် ထင်နေတာ၊ မင်း ပြသင့်တယ်'

'ကိုယ်ကတော့ စိန်မြရုံခြယ်က အဲဒီလိုကောင်မလေးမျိုး မဟုတ်ဘူးထင်တယ်၊ သူ့မျက်ဝန်းလေးတွေထဲမှာ ရိုးသားဖြူစင်မှုတွေ လွှမ်းနေတယ်'

'ဆေးမမီတော့ဘူး ထင်တယ်'

'မမီတော့ဘူး၊ စိန်မြရုံခြယ်ကို အရမ်းချစ်တယ်၊ ကိုယ် ရယူပိုင်ဆိုင်ဖို့ ကြိုးစားမှာပါ'

'မည်းညစ်ညစ်လက်နှီးစုတ်ကြီးဘဝနဲ့လား'

'အင်း'

'စောင့်ကြည့်ရသေးတာပေါ့လေ'

'မိုးရိပ်'

'ပြော'

'မင်းက စိန်မြရုံခြယ်ရဲ့သူငယ်ချင်း ခင်ခခကို ကပ်ကွာ၊ ရင်းနှီးအောင်လို့လေ၊ ခင်ခခက ပိုပြီးခင်မင်ရင်းနှီးမှု မြန်မယ်ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ မင်းဆန္ဒရှိမယ်ဆိုရင်တော့ ကိုယ်လည်း ကူညီရမှာပေါ့လေ'

'မင်းလည်း ခင်ခခကို ကြိုက်နေတာပဲ မဟုတ်လား'

နှစ်ယောက်သား သဘောကျစွာ ရယ်မိလေသည်။ စိန်မြရံခြယ်… မင်းကိုတော့ ကိုယ် မြတ်မြတ်နိုးနိုးကို ချစ်မိသွားပြီကွာ။ မင်းကို ကိုယ့်ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်တယ်။ သဘာဝအတိုင်း ကော့ညွတ်ညွတ်မျက်တောင်ကော့ကော့လေးတွေ ကာရံထားတဲ့ မျက်ဝန်းနက်နက်ကျယ်ကျယ်လေးအစုံက မာနတွေနှင့် မာထန်ရန်လိုနေပေမဲ့လည်း နှလုံးသားချင်း ထိတွေ့မှုကြောင့် စိန်မြရံခြယ်နှင့် သူ့ရင်ခုန်သံတွေ နွေးထွေးဆူညံထပ်တူကျသွားခဲ့ပြီဟု ဝဠာထင်မှတ်ထားခဲ့လေသည်။

'အဲဒါက အရေးမကြီးဘူး ဝဠာ၊ တို့နှစ်ယောက်အတွက် ထမင်းဟင်းလည်း မရှိဘူး၊ ဝယ်ဖို့လည်း အောက်ဆင်းရမှာကွ၊ ဟိုဘက်ခန်းက ကောင်မလေးတွေဆီမှာ သွားတောင်းမယ်'

'OK ကောင်းတယ်၊ အကြောင်းတစ်ခုခုရှာပြီး ပတ်သက်ဖို့ ကြံစည်ရမယ်၊ သွားမယ်'

'လာ'

မိုးရိပ်က ထမင်းစားခန်းထဲမှ ထမင်းအုပ်ကိုယူပြီး ဝဠာရော နှစ်ယောက်သား တစ်ဘက်အခန်းကို လာကြသည်။ လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ စိန်မြရံခြယ်က တံခါးလေး ခပ်ဟဟဖွင့်ကြည့်၏။





သူတို့ကိုတွေ့လိုက်သဖြင့် မျက်နှာလေး စူတင်းသွားကာ တံခါးကို ပြန်ပိတ်ပစ်သည်။

'ဒီမှာ တံခါးလေး ခဏလောက် ဖွင့်ပေးပါဗျာ၊ အကူအညီလေးတစ်ခုလောက် တောင်းချင်လို့ပါ'

သူမက တံခါးကို ပြန်ဖွင့်၍ သော့ခတ်ထားတဲ့ သံပန်းတံခါးကိုတော့ မဖွင့်ပေးဘဲ ဘာကိစ္စလဲဟု မာဆတ်ဆတ်ပြတ်တောက်တောက် မေးသည်။

'ဟို… ကျွန်တော်တို့ ထမင်းမချက်ထားမိလို့ပါ၊ ဗိုက်ကလည်း ဆာနေပြီ၊ အဲဒါ ထမင်းကြမ်းလေးများ မကျန်ဘူးလားဗျာ၊ အောက်ဆင်းရမှာလည်း မဆင်းချင်တော့လို့ပါ၊ ထမင်းနည်းနည်းလောက်'

'ဒီမှာ ရှင်တို့ ယောကျ်ားလေးတွေဖြစ်ပြီး ဒီလောက်ပဲ ပျင်းရလား၊ အရှက်မရှိ ထမင်းအကျန်လာတောင်းရတယ်လို့၊ ရှုပ်ရှုပ်ယှက်ယှက် မရှိဘူး'

'မဟုတ်ပါဘူး မစိန်မြရံခြယ်၊ ဒီကောင်က ဗိုက်ဆာရင် အရမ်းအောင့်တတ်တယ်၊ အစာအိမ်ရောဂါအခံရှိလို့ပါဗျာ၊ အောက်ဆင်းဝယ်ရင် ကြာနေမှာစိုးလို့ပါ'

'အခုတောင် ကိုယ် အရမ်းဗိုက်က အောင့်ချင်နေပြီ စိန်မြရံခြယ်၊ အခန်းနီးနားချင်းတွေပါ၊ ကူညီနိုင်ရင် ကူညီပါ၊ အား… ကျွတ်… ကျွတ်၊ အဆာလွန်နေတာဗျ'

'သေလိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ'

စိန်မြရုံခြယ်က ခပ်မာမာပြောပြီး တံခါးကို ပြန်ပိတ်မယ်ပြင်တော့ မိုးရိပ်က လက်နှင့်တွန်းထား၍ ပိတ်မရ။ ခင်ခခ ရောက်လာတော့မှ တံခါးဖွင့်ပေးသည်။

'ရုံရယ်… နင်ကလဲ၊ ဝင်ကြပါ၊ ဘာကိစ္စများရှိလို့လဲ'

'ခခ… နင်ကလဲ အမိပ္ပာယ်မရှိတာ၊ အလကားပါ၊ လာရောနေတာ'

'ရုံ'

'ဧည့်ခံမနေနဲ့'

စိန်မြရုံခြယ် မျက်စောင်းက မိုးရိပ်ထံ ဆတ်ခနဲ ဝဲသွားတာဖြစ်ပြီး ဝဠာဘက်သို့ ရောက်မလာတာပဲ ချစ်ကြည်ရေးသင်္ကေတဟု သတ်မှတ်လိုက်သည်။

'ကျွန်တော်တို့ အလုပ်ရှုပ်သွားပြီး ထမင်းမချက်ထားမိလို့ပါ၊ ထမင်းကြမ်းလေးများကျန်ရင် ပေးဖို့ပါ'

'အို… ရပါတယ်၊ ခတို့လည်း ဒီနေ့အလုပ်ရှုပ်သွားလို့ ဆိုင်ကနေ ဝယ်ထားတာပါ၊ အများကြီးကျန်ပါသေးတယ်၊ ယူသွားပါ'

ကုမ္ပဏီဥက္ကဋ္ဌက ရုံနှင့်သူမတို့စားဖို့ ဆိုင်ကနေ ဟင်းတွေမှာပို့ထားတာ အများကြီးကျန်နေသေးသည်။

'လာပါ ယူသွားပါ၊ ရုံတော့ မစားတော့ဘူးတဲ့၊ စားပါ'

'မစိန်မြရုံခြယ် မစားရသေးဘူးလား၊ မေးလိုက်ပါဦး၊ တော်ကြာ စိတ်ဆိုးနေပါဦးမယ်၊ ကိုယ်သွားမေးလိုက်မယ်လေ'





'နေ… နေပါစေ… သူ့အိပ်ခန်းထဲမှာပါ၊ ရပါတယ်၊ ယူသွားကြပါနော်'

'ဟင်းတွေက အရမ်းကောင်းလွန်းနေပါလား၊ ကျွန်တော်တို့က ယောကျ်ားလေးတွေဆိုတော့ ဖြစ်သလိုစားနေကြရတာလေ၊ ယူသွားမယ်နော်၊ ကျေးဇူးပါပဲ'

မိုးရိပ်ကတော့ စားစရာလည်း မရှိ၍ ဟင်းတွေ၊ ထမင်းတွေကို ယူနေလေသည်။ ဝဠာကတော့ စိန်မြရုံခြယ်ကိုတွေ့မြင်ချင်၍ အပြင်ထွက်လာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေမိ၏။ မိုးရိပ်ပြောသလိုပဲ ဝဠာက အစုတ်အနုတ် တိုက်ခန်းမှာငှားနေရပြီး အစွမ်းအစမရှိတဲ့ယောကျ်ားဆိုပြီး အထင်သေးတာမျိုးလား။

ဝဠာကတော့ ချစ်သူကို ငွေကြေးတွေ အဆောင်အယောင်တွေပြပြီး မြူဆွယ်ဖြားယောင်းခြင်းမပြုလိုပေ။ ရင်ထဲက နှလုံးသားထဲအထိ နက်ရှိုင်းသော သံယောဇဉ် ရစ်ပတ်နှောင်ဖွဲ့ထားတဲ့ အချစ်တွေပဲ လိုအပ်သည်။

'ကျေးဇူးတင်ပါတယ်ဗျာ၊ အားလည်း နာပါတယ်၊ သိတဲ့အတိုင်း အောက်ဆင်းရမှာလည်း အရမ်းနောက်ကျနေတယ်လေ'

'ရပ့ါတယ် ကိုမိုးရိပ်ရယ်၊ ဒီလိုပါပဲ၊ မျက်နှာချင်းဆိုင်နေကြတာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကူညီရိုင်းပင်းရမယ်လေ၊ အားမနာပါနဲ့၊ မိတ်ဆွေတွေအဖြစ်ပဲ သဘောထားပါ'

'ဟုတ်ကဲ့'

ဝဠာကတော့ စိန်မြရုံခြယ်ရဲ့ မျက်နှာလေးကို မတွေ့မမြင်ရဘဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့်တော့ မပြန်သွားနိုင်၍ သူမ ရှိနေနိုင်မည့် အခန်းရှေ့မှာ အားဟု အသံကျယ်ကျယ်အော်ပြီး ဗိုက်ကို နှိပ်ထားမိသည်။

'အား… ကျွတ်… ကျွတ်… အား'

'ဟင်… ကိုစကြာဝဠာ ဘာဖြစ်တာလဲ'

'အောင့်တယ်ဗျာ၊ အစာအိမ်ရောဂါရှိလို့ အဆာခံလိုက်ရင် အောင့်လာတတ်တယ်… အား…'

'ဒုက္ခပါပဲ၊ လမ်းတောင်မလျှောက်နိုင်တော့ဘူးလား၊ ခဏ လေး ထိုင်နေပါဦးနော်၊ ရုံ… ဟဲ့ ရုံ နင့်ဆီမှာ ဆေးရှိတယ် မဟုတ်လား၊ ပေးပါဦး၊ ဒီမှာ ကိုဝဠာအောင့်နေတယ်၊ ထွက်လာခဲ့ပါဦး ဟယ်၊ ရုံလည်း အစာအိမ်ရောဂါရှိတာပဲ၊ အဆာခံရင် အောင့်တယ် လေ… ဟဲ့ ရုံ'

'ဒုန်း… ဒုန်း… ရုံ… ဟဲ့'

'အပိုတွေ… ရုံ့မှာ ဘာဆေးမှလည်း မရှိဘူး၊ ယောက်ျား လေးဖြစ်ပြီး သေတော့မတတ် အော်နေတယ်၊ ဆေးခန်းသွားလေ'

'ရုံ… နင်ကလဲဟယ်၊ ထွက်လာခဲ့စမ်းပါ၊ ဆေးယူခဲ့'

'ဘာဆေးမှ မရှိဘူးလို့ ပြောပြီးပြီလေ ခရယ်၊ ဆေးခန်းသွား လိုက်ပါဆိုမှ၊ ရုံကတော့ ထွက်လာမယ်မထင်နဲ့၊ အလုပ်ရှုပ်မခံနိုင်ဘူး၊ ဒါပဲ'

တကယ်လည်း စိန်မြရုံခြယ်က ထွက်မလာခဲ့။ အကြောင်းသိ နေတဲ့ မိုးရိပ်ကတွဲပြီး မင်းအောင့်နေရင်လည်း ဆေးခန်းသွားကြရအောင်





တဲ့။ ဒါမှမဟုတ်လည်း ရှိတဲ့မြန်မာဆေး လျက်ဆားလေးပဲလျက်ပြီး နေကြည့်ပါလားတဲ့။

ကိုယ် မင်းကို လုံးဝမကျေနပ်ဘူး စိန်မြရုံခြယ်။ ရက်စက် လွန်းရာ ကျမနေဘူးလား။ ပြတ်သားလိုက်တာ။ စိန်မြရုံခြယ်ရဲ့ အသံလေးက တင်းမာပြတ်တောက်နေသော်လည်း စိတ်ရှုပ်ထွေးနေ သံလေး ရောစွက်နေသည်ဟု ဝဠာထင်မိ၍ မနေှာင့်ယှက်တော့ပါဘူး ကွာဟု စိတ်ထဲကနေ တောင်းပန်ရင်း ပြန်လာခဲ့လေသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

သူ တကယ်ပဲ ဗိုက်အောင့်နေတာများလားဟု ရုံတွေးမိသွားတော့လည်း လူမှုရေးအရ အခန်းနီးနားချင်းတွေ ကူညီရိုင်းပင်းရမည့် လူ့ကျင့်ဝတ်တစ်ခုကို ရုံ ပျက်ကွက်တာပဲဟု ထင်ပြီး စိတ်ထိခိုက်သလို နာကျင်စူးရှမှုလေး နည်းနည်းတော့ ခံစားသွားရလေသည်။

ရုံလည်း အဆာလွန်လျှင် ဗိုက်အောင့်တတ်၏။ ဆေးတွေလည်း ရှိနေသည်။ ရုံ လွန်သွားလား။ ရိုင်းပျတဲ့အပြုအမူမျိုးဖြစ်သွားပြီလားတောင်မသိပါဘူး။ တကယ်တော့ ရုံ မျက်နှာပူနေတာပါ။ မနက်က အဖြစ်အပျက်တွေကြောင့် ကိုစကြဝဠာဆိုတဲ့လူနှင့် မျက်နှာချင်း မဆိုင်လိုပေ။

ဟိုလူ မိုးရိပ်ကရော ရုံတို့ကို ချိန်းတွေ့နေတာလားဟု မညာမတာပြောလိုက်တာ။ ပြန်တွေးမိသွားတော့လည်း ပတ်ပတ်သက်သက် မလုပ်တာ အကောင်းဆုံးပဲဟု ဆုံးဖြတ်ထားလိုက်သည်။

'ရုံ'





'ဟင်'

'နင်ဘယ်လိုလုပ်လိုက်တာလဲဟယ်၊ အားနာစရာကြီး၊ တို့တွေက တစ်နေ့တစ်နေ့ ရှောင်လွှဲလို့မရတဲ့ အိမ်နီးနားချင်းတွေလေ'

ခခက အခန်းထဲဝင်လာပြီး ရုံကို ဆူပူသည်။ အဲဒီလိုပဲ ခခက ပျော့တယ်။ လူတွေနဲ့ပတ်သက်လာရင် အားနာတတ်တယ်။ ရုံလည်း အားမနာတတ်တာတော့ မဟုတ်ပါဘူး။ အထူးသဖြင့် ယောကျ်ားလေးတွေနဲ့ အကင်းရှင်းဆုံးနေထိုင်သွားလိုခဲ့သည်။

'သူတို့တွေက ရုံတို့နဲ့ ရင်းနှီးအောင် အရောတဝင်လာလုပ်နေတာပါ၊ အလကားပါဟာ ရုံတို့အတွက် အနှောင့်အယှက် အဟာန့်အတားတွေ ဖြစ်သွားနိုင်တယ်၊ ရုံတော့ ကင်းကင်းပဲ နေချင်တယ်'

'ခကတော့ သူတို့ကို လူကောင်းတွေလို့ ထင်တယ်၊ တို့က မိန်းကလေးနှစ်ယောက်တည်း အပေါ်ဆုံးထပ်ကြီးမှာ နေတာလေ၊ လိုအပ်ရင် အကူအညီရတာပေါ့'

'မကူညီရင်လည်းနေ၊ အနှောင့်အယှက်တော့ မခံနိုင်ဘူးခ၊ ထားလိုက်ပါ အိပ်မယ်'

'ရုံ ဘာမှလည်း မစားရသေးဘူး၊ ခ ကော်ဖီဖျော်ပေးမယ်၊ မုန့်နဲ့စားလိုက်နော်'

'ရုံ ကော်ဖီမကြိုက်ဘူး၊ စားချင်စိတ်လည်း မရှိပါဘူး၊ ရတယ်၊ အိပ်ချင်နေပြီကွာ'

'အိပ်ချင်လည်း အိပ်တော့နော်၊ ခတော့ အပြင်မှာ စာဖတ်နေဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း'

'ရုံ နေရောကောင်းရဲ့လား၊ မျက်နှာလေးညိုညိုနဲ့၊ ဘာလဲ ဘယ်သူ့ကြောင့် စိတ်အနှောင့်အယှက်တွေ ဖြစ်နေရတာလဲ၊ ဦးတိမ်သခင်ကြောင့်လား၊ ဒါမှမဟုတ် ကိုစကြဝဠာကြောင့်လား'

'နှစ်ယောက်လုံးပဲ၊ သူတို့ရဲ့ ချဉ်းကပ်ပုံကိုက မရိုးသားဘူး၊ ဦးတိမ်သခင် ဒီလောက်အထိ လုပ်စရာလိုလို့လား'

'အင်း… ဦးတိမ်သခင်ကတော့ ရုံထင်သလို စားနေကျ ကြောင်ဖားကြီးမဟုတ်ပါဘူး၊ နာမည်ပျက်လည်း မရှိဘူး၊ ဒါပေမဲ့ စိန်မြရုံခြယ်က မြင်သူငေးမောရလောက်အောင် ချောနေတယ်လေ၊ ဥမ္မာဒန္တီလား၊ ပပဝတီလား'

'တော်ပါဟာ၊ စိတ်ညစ်ရတဲ့အထဲ အိပ်မယ်'

'အိပ်… အိပ် ခကို ပထုတ်ပြီး ကိုလူချောနှစ်ယောက်အကြောင်း စဉ်းစားမလို့လား'

'ခနော်'

ခခက ရယ်ပြီး ပြန်ထွက်သွားမှ ရုံနှုတ်ခမ်းတွေ တွန့်မဲ့၍ ဒီလူတွေအကြောင်းများ အရေးအရာလုပ် စဉ်းစားတွေးတောစရာလားဟု စိတ်ထဲမှပြောပစ်ကာ အိပ်ဖို့ သူမမျက်ဝန်းတွေကို ပိတ်ပစ်သည်။

'အား… ကျွတ်…ကျွတ်… ဗိုက်က အရမ်းအောင့်နေတယ်၊ အဆာလွန်ရင် ကျွန်တော်က ဗိုက်အရမ်းအောင့်တတ်တယ်'

ကိုစကြဝဠာရဲ့ စကားတွေကို ကြားမိပြန်ရာ သူ တကယ်ပဲ အောင့်နေတာလားဟု တွေးမိလာ၍ အိပ်ရာကနေ ဆတ်ခနဲ ထထိုင်မိ





သွားသည်။ ဆေးသွားပေးရင် ကောင်းမလားပဲ။ ရုံ အရမ်းရိုင်းရာ ကျသွားပြီထင်တယ်။

ရုံလည်း အဆာလွန်လျှင် ဗိုက်အောင့်တတ်၍ ကိုယ်ချင်းစာနေမိသည်။ သူဟန်ဆောင်တာ မဖြစ်နိုင်ပါဘူး။ လူရည်သန့်သန့် ပိရိတိကျတဲ့ နှုတ်ခမ်း၊ ရဲရဲစိုစိုနှင့် မျက်နှာအကျ။ မျက်ဝန်းအကြည့်ကလည်း လူကြီးလူကောင်းတော့ ဆန်နေလေသည်။

'သူ အရမ်းအောင့်နေမလား၊ ဟုတ်သားပဲ၊ ရှစ်လွှာကြီးကို ဆင်းရတက်ရတာမှ မလွယ်တာ၊ ရုံရယ် နင်ကလဲ ဆေးလေးပေးလိုက်တော့ ဘာဖြစ်မှာလဲ၊ လူမှုရေးမရှိဘူး'

သူမ ထိုင်နေရာကနေထပြီး ဆေးပုလင်းလေးကိုကိုင်ကာ ခကို သွားပေးခိုင်းမည်ဟု စိတ်ကူးမိသွားပေမယ့် ဟိုလူက တစ်မျိုးထင်မှာလည်းကြောက်သည်။ မူယာမာရာများတာဆိုရင် ရုံပဲအထင်သေးခံရမှာ။ နေပစေ။ မပတ်သက်တာပဲ ကောင်းတယ်။ သူမ လက်ထဲမှာ ကိုင်ထားတဲ့ ဆေးပုလင်းကိုပြန်ချပြီးမှ တကယ်အောင့်နေတာဆိုရင်ဟု တွေးမိပြန်တော့လည်း ဆေးပုလင်းလေးကို ပြန်၍ ဆုပ်ကိုင်ထားမိသည်။

'အခန်းအပြင်ထွက်ပြီး အခြေအနေနားထောင်ရမယ်၊ တကယ်လို့ အော်ဟစ်နေရင်လည်း ဆေးပေးရအောင်'

ရုံ့စိတ်ထဲမှာ ကိုစကြဝဠာဆိုတဲ့လူအတွက် စိတ်ပူပင်သောကတွေ ခံစားမိတာတော့ ဝန်ခံရမည်ဖြစ်လေသည်။ မပတ်သက်ချင်ပါဘူးဆိုမှ ပြန်အိပ်နေလို့လည်း မရ။ သူ ဘာတွေဖြစ်နေလဲဆိုတာ နားစွင့်နေချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောကတော့ အိပ်ချင်တယ်ဆိုပြီး အပြင်ပြန်ထွက်လာတော့ ဘာအကြောင်းပြရမလဲ ဗိုက်ဆာလို့ဆိုပြီး ခကို ခေါက်ဆွဲပြုတ်ခိုင်းရမယ်။ ဟုတ်တယ်။ အဲဒါအကောင်းဆုံးပဲ။ သူမ အစာအိမ်ဆေးပုလင်းလေးကို သူမဝတ်ထားတဲ့ ဂျင်းဘောင်းဘီအိတ်ထဲ အသာထိုးထည့်ထားပြီး အပေါ်မှ အင်္ကျီပြန်ဖုံး၍ ထွက်လာခဲ့သည်။

'ဟင် ရှံ… အိပ်ချင်တယ်ဆို၊ ဘာဖြစ်လို့လဲ'

'ဗိုက်ဆာလို့'

'ထင်သားပဲ၊ စောစောက ခ ကော်ဖီဖျော်ပေးပါမယ်ဆိုတော့ အိုက်တင်ခံနေတယ်'

'ရှံမှ ကော်ဖီမကြိုက်တာ၊ ခေါက်ဆွဲပြုတ်ပေးပါလား ခရယ်၊ ကိုယ်တိုင်လုပ်ရမှာလည်း စိတ်တွေက မသက်မသာနဲ့၊ လက်ဆယ်ချောင်းလုံး တစ်ချောင်းမှ မလုပ်ချင်ဘူး ဖြစ်နေတယ်'

'ဟွန်း… ငပျင်း အပိုတွေလာပြောမနေနဲ့၊ ကျွန်မက အိမ်ရှင်ဆိုတော့ ဧည့်သည်ကို ပြုစုပေးပါ့မယ်၊ လူမှုရေးနားမလည်တဲ့ စိန်မြရှံခြယ်ကို လူမှုရေးသမား ခင်ခခက ဧည့်ဝတ်ကျေစေရပါ့မယ်ရှင်'

'Thank You'

'ဟွန်း'

ခခက မျက်စောင်းလေး ခပ်စေ့စေ့ထိုးပစ်ရင်း အနောက်ခန်းထဲ ဝင်သွားမှ ခေါက်ဆွဲပြုတ်တာလည်း အချိန်ယူရသဖြင့် ခခ တော်တော်နှင့် ထွက်လာမှာမဟုတ်။ အရှေ့ခန်းက လူအကြောင်းသိချင်၍ ရှံအပြင်သို့ အသာလေးတံခါးဖွင့်ကာ ထွက်လာခဲ့သည်။





'အား… ကျွတ်… ကျွတ်'

'ဟင်'

တစ်ဘက်အခန်းနား တိုးကပ်သွား၍ ကိုစကြာဝဠာတို့အခြေအနေကို နားစွင့်နေစဉ် တစ်ဘက်အခန်းအတွင်းမှ အား… ကျွတ်… ကျွတ် ဟု အော်နေတဲ့အသံကို ကြားလိုက်ရလေသည်။

'ဟင်… သူ… သူ တကယ် အောင့်နေတာပဲ၊ တော်တော်ပေတဲ့လူ၊ ဆေးခန်းလည်းမသွားဘူး'

သူမ ဘောင်းဘီအိတ်ထဲမှာ ထိုးထည့်ထားတဲ့ ဆေးပုလင်းလေးကို စမ်း၍ ဆုပ်ကိုင်ထားရင်း ဝင်ပြီးပေးရရင်ကောင်းမလား၊ ဒါမှမဟုတ် ခခကို သွားပြောပြီး ပေးခိုင်းလိုက်ရင် ကောင်းမလား၊ ခခက သူမအား အထင်လွဲသွားမှာလည်း ကြောက်ရ၏။ စ,နောက်လို့ဆုံးမှာမဟုတ်တော့။ မျက်နှာလည်း ပူစရာကြီး။ ရှံ တွေဝေနေစဉ်မှာပင် အခန်းထဲမှ အော်ဟစ်ညည်းညူနေသံ ထပ်ကြားရပြန်သည်။

'အမလေး… အောင့်လိုက်တာ သေရပါတော့မယ်၊ အား… အား… ကျွတ်… အား'

'ဟင်'

ရှံ ဘာမှစဉ်းစားတွေဝေမနေတော့ဘဲ ဘောင်းဘီအိတ်ထဲမှ ဆေးဗူးကို ထုတ်ယူ၍ တံခါးကလည်း သော့ပိတ်မထားသဖြင့် သူတို့အခန်းထဲ ဝင်လာခဲ့သည်။

'ဟင်… ရှင်… ရှင်တို့'

သူမ ဝင်ရောက်သွားတော့ ဧည့်ခန်းထဲမှာ ကိုစကြာဝဠာက



www.burmeseclassic.com

www.burmeseclassic.com



ဘီယာဗူးကို မော့သောက်နေပြီး ကိုမိုးရိပ်ဆိုတဲ့လူက မတ်တပ်ရပ်အနေအထားဖြင့် ဗိုက်အောင့်ချင်ဟန်ဆောင်ပြီး အော်ဟစ်ပြနေတာ တွေ့လိုက်ရသည်။

'စိန်မြရုံခြယ်··· မင်း··· မင်း ဘာလာလုပ်တာလဲ··· ထိုင်လေ'

'မထိုင်ဘူး၊ ရှင်တို့က နောက်ပြောင်နေတာကိုး၊ ကျွန်မကတော့ အော်ဟစ်ညည်းညူနေသံကြားလို့ စိတ်ပူပြီး ဆေးဝင်ပေးတာ'

'ဟာ··· မစိန်မြရုံခြယ်က အိပ်နေတာမဟုတ်ဘူးလား၊ ဘယ်လိုကနေ··· ဆေး··· ဟုတ်သားပဲ၊ ဆေးဗူးကြီးကိုင်လို့ ပေးပါ၊ ဝဥ္စာ မင်းစောစောက တကယ်အောင့်နေတာမဟုတ်လား'

'ဟုတ်··· ဟုတ်တယ်မိုးရိပ်၊ အစားစားလိုက်လို့ သက်သာသွားတာပါ၊ ဆေးလာပေးတာ ကျေးဇူးပါပဲ၊ ထိုင်ပါ'

'မထိုင်ပါဘူး၊ ရှင်တို့ လူလိမ်တွေ၊ မိန်းကလေးတွေအနားကပ်ချင်တိုင်း ဟန်ဆောင်လိမ်ညာနေတယ်၊ ကျွန်မကတော့ လူမှုရေးအရ ဆေးလာပေးတာ၊ တော်ပြီ နောက်တစ်ခါ ကျွန်မတို့ကို လာမပတ်သက်ပါနဲ့၊ ဒါပဲ'

'မစိန်မြရုံခြယ်'

'ရုံ'

ရုံ ဒေါသတကြီးပြောဆိုကာ သူတို့အခန်းထဲကနေ ပြန်ထွက်လာခဲ့ပြီး သူမတို့အခန်းထဲဝင်လိုက်တော့ ခခက ခေါက်ဆွဲပြုတ်ပန်းကန်ကြီးကိုင်၍ ရုံ့အား ကြောင်၍ကြည့်နေသည်။





'ရုံ နင် ဘယ်ကနေပြန်လာတာလဲ၊ ခ ခေါက်ဆွဲပြုတ်ပန်းကန်ကြီးယူလာတော့ ရုံ မရှိတော့ဘူး၊ စိတ်ပူသွားတာပဲ၊ ဘာဖြစ်လာရတာလဲ၊ နင့်မျက်နှာက ဒေါသထွက်လာတဲ့ပုံပဲ'

'ဟိုလူတွေလေ'

'ဘယ်လူတွေလဲ'

'ဘယ်လူတွေရမှာလဲ၊ နင့်လူတွေလေ၊ ဟိုစကြဝဠာနဲ့ ငမိုးရိပ်မိချောင်းပေါ့၊ ငါထင်သားပဲ၊ ဗိုက်အောင့်ချင်ယောင်ဆောင်နေတာပါလို့'

'ရုံ··· နင် ဟိုအရှေ့ခန်းကိုသွားတာလား၊ လက်ထဲမှာလည်း ဆေးဗူးကြီးကိုင်လို့၊ ကိုစကြဝဠာကို ဆေးဗူးသွားပေးတာလား'

'အော်သံကြားလို့ပေါ့၊ တကယ်အောင့်နေတယ်ထင်ပြီး ဆေးသွားပေးတာ၊ အထဲရောက်တော့ လူလိမ်တွေက လှောင်ပြောင်နေကြတာလေ'

'အော်သံဟုတ်လား၊ နင်က အခန်းထဲမှာထိုင်နေတာ ဘယ်လိုလုပ် အော်သံကြားရမှာလဲ၊ ခတောင် ထိုင်နေတာကြာပြီ မကြားရပါဘူး၊ ကေန္တတော့ မရွှေရုံ ဟိုလူကို စိတ်ပူပြီးဆေးပုလင်းသွားပို့တာမဟုတ်လား၊ ခေါက်ဆွဲပြုတ်ခိုင်းတာက ကျုပ်ကို ပထုတ်ဖို့ နည်းပရိယာယ်ဆင်တာပါနော်'

'ဟွန်း··· လူလိမ်တွေ၊ ထင်သားပဲ၊ ဟုတ်တယ်ပေါ့၊ ငါက လူမှုရေးခေါင်းပါးတာမျိုး အဖြစ်မခံချင်လို့ ဆေးသွားပေးတာ၊ အော်သံလည်းကြားလို့ပဲ့၊ ဒေါသဖြစ်လိုက်တာ၊ လူလိမ်လူညာတွေ ကြောက်စရာကောင်းတဲ့လူတွေ'



www.burmeseclassic.com

www.burmeseclassic.com



'ရံရယ် နင်ကိုယ်တိုင်လည်း ကိုစကြဝဠာအတွက် စိတ်ပူပင်တတ်နေပါလားဟ၊ ဆေးဖူးပေးချင်တာ ခကို ပြောပါလား၊ တိတ်တဆိတ်သွားပေးဖို့လုပ်တာ ရှင်လည်း မရိုးသားဘူးနော်'

'ဘာမရိုးသားရမှာလဲ၊ အော်ဟစ်ညည်းညူနေသံကြားလို့ပါဆို၊ ဗိုက်အောင့်တတ်တဲ့လူအချင်းချင်း ကိုယ်ချင်းစာလို့ သွားပေးတာ၊ ငမိုးရိပ်မိချောင်းက လျှာအရိုးမရှိတိုင်း ဟန်လုပ်အော်ဟစ်နေတာလေ၊ မုန်းစရာကောင်းလိုက်တာ၊ နောက်ထပ် ဒီလိုလူမျိုးတွေနဲ့ လုံးဝမပတ်သက်နဲ့တော့ ခ ကြားလား'

'အေးပါ၊ နင်လည်း ခ မသိအောင် တိတ်တိတ်လေး သွားမပတ်သက်နဲ့ဦးနော်၊ ကြည့်စမ်းပါဦး၊ ယောကျ်ားလေးတွေနေတဲ့အခန်းထဲ စွတ်ဝင်သွားတာ ဘယ်လောက်များ ရင်ထဲမှာ စိုးရိမ်ပူပန်နေရလဲ မသိဘူး၊ သံယောဇဉ်တွေ...'

'ခနော်... ဘာတွေလာပြောနေတာလဲ၊ နင်ပြောတော့ လူကောင်းတွေပါဆို၊ ဟိုလူက ဘီယာတွေသောက်လို့'

'ကဲပါဟယ် ထိုင်ပါ၊ စောစောက ဗိုက်ဆာနေတယ်ဆို၊ ဒီမှာ ခေါက်ဆွဲပြုတ်စားလိုက်ဦး'

'မစားတော့ဘူး၊ ဒေါသတွေထွက်လွန်းလို့ ဗိုက်ဆာတာတောင် ဘယ်ပျောက်သွားလဲမသိဘူး၊ သွန်ပစ်လိုက်ဟာ'

'နှမြောစရာကြီး ရံရယ်၊ စားလိုက်ပါ၊ တို့တွေက ချွေတာနေကြရတာလေ၊ ရံက ဗိုက်ဆာရင် ဗိုက်အောင့်တတ်တယ်မဟုတ်လား၊ တော်ကြာ ညသန်းခေါင်အောင့်လာမှ မျက်နှာချင်းဆိုင်အခန်းကို အကူ





အညီသွားတောင်းနေရဦးမယ်၊ ရေစက်တွေက ကြံဖန်ဆုံစည်းတတ်တယ်နော်'

'တော်ပြီဟာ၊ ဒီလိုလူလိမ်တွေအကြောင်း ဆက်မပြောနဲ့တော့ ခနော်... နောက်လည်း မပတ်သက်နဲ့၊ ကင်းကင်းနေ၊ တို့ကို အထင်သေးတာ၊ အလွယ်တကူရမယ်ထင်နေလားမသိပါဘူး'

'ခေါက်ဆွဲပြုတ်လေး စားလိုက်ပါဟယ်၊ ဒေါသမီးတွေ သေသွားအောင် စားပါ'

အစောကြီးထဲကလည်း ဘာမှစားချင်စိတ် မရှိတာပါ။ မစားပြန်လျှင်လည်း ခက ပြောလို့ဆုံးမှာမဟုတ်တော့။ ခေါက်ဆွဲပြုတ်ပန်းကန်ကို ယူပြီး စားပစ်လိုက်ရသည်။

ရံ အခန်းထဲပြန်ဝင်လာကာ အိပ်ရာပေါ် လှဲချသည်အထိ သူ့ခန္ဓာကိုယ်မှာ လည်ပတ်နေတဲ့သွေးတွေ ပူနွေးလောင်မြိုက်နေဆဲပင်။ ရှက်စရာကောင်းတယ်။ ရံမှားတာပါ။ မဆင်မခြင်လုပ်တတ်တဲ့အကျင့်တွေကြောင့် ယောကျ်ားလေးတွေရဲ့ အထင်သေးစော်ကားမှုကို ခံလိုက်ရတာပဲမဟုတ်လား။

သူတို့က ရံ့နောက်ကွယ်မှာ လှောင်ပြောင်ရယ်မောနေကြတော့မယ်။ ဒေါသတွေ ထွက်နေမိသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com



သူ့အမုန်းတွေကို ကိုယ်မခံနိုင်ဘူး၊ ရင်ခုန်နွေးထွေးလာအောင် ကြိုးစားနေရပါတယ်ဆိုမှ'

ဝဠာတစ်ယောက် ခြေမကိုင်မိ လက်မကိုင်မိနှင့် စိုးရိမ်ထိတ်လန့်မှုတွေနှင့် ပျာယာခတ်သွားကာ စိန်မြရုံခြယ်အား ချော့မော့ဖျောင်းဖျဖို့ ပြင်လိုက်စဉ်မှာပင် မိုးရိပ်က ဖမ်းဆွဲထားသည်။

'မင်းမသွားနဲ့ စိန်မြရုံခြယ်က ပိုပြီးဒေါသထွက်လိမ့်မယ်၊ စောင့်ကြည့်ပါဦးကွာ၊ မင်းနဲ့ရုံက နီးစပ်မှာပါ၊ ကိုယ်ပြောရဲတာက မင်းကို သံယောဇဉ်တွယ်နေပြီ ဝဠာ'

'ဟုတ်ရဲ့လားကွာ'

'သေချာတယ်ဝဠာ။ စိန်မလား'

'ရုံ့ကို ကိုယ့်နှလုံးသားတွေနဲ့ နှစ်ပြီး ချစ်မိနေတယ်၊ ကိုယ့်အပေါ်လည်း ရုံက မြတ်မြတ်နိုးနိုး တုံ့ပြန်ချစ်စေချင်တယ်၊ ကိုယ်ကြိုးစားမယ်'

သူနှင့်ရုံတို့ နှစ်ယောက်တွေ့ဆုံမိတိုင်း ပြဿနာတွေ ထိပ်တိုက်ဖြစ်ပျက်နေရ၍ ဝဠာ စိုးရိမ်မိနေသည်။ စိန်မြရုံခြယ်ကို အနှောင့်အယှက်ဖြစ်စေမှာလည်း မလိုလားမိ။ မထင်မှတ်ဘဲ စိန်မြရုံခြယ် ဆေးဗူးလေးကိုင်၍ ရောက်လာတာကတော့ ရင်ခုန်နွေးထွေးစရာပင်။ မင်းမှာ မာနတွေရှိနေပေမဲ့ ကိုယ့်အပေါ် သံယောဇဉ်တွယ်နေတာ ကိုယ်သိနေသလိုပဲ။ စိန်မြရုံခြယ်အား အသေအချာတောင်းပန်စကားတွေ ပြောဖို့ ဝဠာစဉ်းစားထားသည်။



# (၁၂)

'ဘယ်လိုလုပ်ကြမလဲ မိုးရိပ်၊ မင်းကလဲ အရေးထဲ နောက်နေသေးတယ်၊ စိန်မြရုံခြယ် စိတ်ဆိုးသွားပြီကွ၊ လိုက်ပြီးတောင်းပန်မယ်ကွာ'

'ထားလိုက်စမ်းပါကွာ၊ ပိုဆိုးသွားလိမ့်မယ်၊ စိန်မြရုံခြယ် ရောက်လာမယ်ထင်မလားကွ၊ ဝဠာ သေသေချာချာစဉ်းစားကြည့်၊ စိန်မြရုံခြယ် ရောက်လာတာ လျှော့တွက်လို့တော့ မရဘူး၊ မင်းအပေါ် ကြီးမားတဲ့ သံယောဇဉ်ကြိုးတစ်ချောင်း ရင်ထဲမှာ ငြိတွယ်နေပြီထင်တယ်'

'ဘာကွ'

'ဆေးဗူးလာပေးတာထင်တယ်၊ ငါကလည်း နောက်ပြီးအော်လိုက်တော့ တကယ်ထင်လို့ စိုးရိမ်တကြီး ပြေးဝင်လာတာလေ'

'ကံကြမ္မာတွေကလည်းကွာ ရက်ရက်စက်စက် မွှေနှောက်ရက်တယ်၊ ဒီလိုအချိန်မှာ စိန်မြရုံခြယ် ရောက်လာစရာလား သေပြီ၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ဝဠာ… မင်း စိတ်ဓာတ်မကျနဲ့၊ ကိုယ်ကတော့ ခင်ခခကို ဝင်လုံးမယ်၊ ကိုယ်လည်း ရိုးသားတဲ့ ခခကို ချစ်နေမိပြီကွ'

'မင်းကမှ ခင်ခခနဲ့ အဆင်ပြေနိုင်သေးတယ်၊ ကိုယ်ကတော့ ရုံနဲ့ မလွယ်ဘူးထင်တယ်၊ အမြဲတမ်း ပြဿနာတွေနဲ့ပဲ ဆုံရတယ်၊ အဆဲင်ပြေချင်လိုက်တာကွာ၊ ကံဆိုးပြီး မင်းနောက်ပြောင်နေတာနဲ့မှ သွားတိုးရတယ်လို့ကွာ'

'စိန်မြရုံခြယ်… စိန်မြရုံခြယ် ဟား… ဟား… ဟား ရယ်ရတယ်၊ ဆေးဗူးလေးကိုင်ပြီး ပြေးဝင်လာတာများ ဟား… ဟား … ဟား'

'တိုးတိုးရယ်ပါကွ'

မိုးရိပ်က ရယ်နေသဖြင့် သူ စိုးရိမ်တကြီး ဟန့်တားမိသည်။ ဝဠာ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အိပ်ရာပေါ် လှဲချရင်း သူ့စိန်မြရုံ ခြယ်ဆိုတဲ့ ကောင်မလေးအကြောင်း တွေးမိနေ၏။ သူ့ဘဝက ပြည့်စုံ သူပါ။ ဖေဖေဆုံးပါးသွား၍ ဖေဖေ့ကုမ္ပဏီမှာ သူ အမွေဆက်ခံသူအ ဖြစ် ဦးဆောင်လုပ်ကိုင်နေရာ အောင်မြင်မှုအပြည့်အဝရှိနေခဲ့သည်။

မေမေရှိပေမယ့် သူ့ကို ထိန်းချုပ်တာတွေ၊ ညွှန်ကြားတာတွေ၊ ဝင်ရောက်စွက်ဖက်မှုတွေ မရှိခဲ့။ လွတ်လပ်ခွင့်ပေးထားခဲ့သည်။ စိန်မြရုံခြယ်နှင့် ဆုံရတာ တကယ့်ကို ထူးဆန်းအံ့ဩဖွယ် မထင်မှတ် သော တွေ့ဆုံမှုလေးပါ။ သူ့ဝန်ထမ်းတွေထားဖို့ အခန်းငှားရင်း





သူငယ်ချင်းမိုးရိပ်လည်း လာမှာဖြစ်တဲ့အတွက် ရေဝင်ချိုးရင်း စောင့်နေ ခဲ့ခြင်းဖြစ်သည်။

'စိန်မြရုံခြယ်ရယ်…. ရင်တွေ ခုန်ရတယ်ကွာ၊ ကိုယ် တစ် ကြိမ်တစ်ခါမှတောင် မခံစားဖူးဘူးကွ၊ အချစ်ဆိုတာ ကိုယ့်နှလုံးသား ထဲ တိုးဝင်ငြိတွယ်နေတယ်၊ အရမ်းချစ်တယ်'

မနက်မိုးလင်းသည်နှင့် စိန်မြရုံခြယ်ကို တွေ့အောင်စောင့်နေ ပြီး အနူးအညွတ်တောင်းပန်ဖို့ စဉ်းစားထားသည်။ အောက်ကျခံရတာပဲ ဖြစ်ဖြစ်၊ ဒူးထောက်ချင် ထောက်ရပါစေ မင်း ကျေနပ်မယ်ဆိုရင် ကိုယ် ဘယ်လိုအရာမျိုးမဆို လုပ်ချင်တယ် စိန်မြရုံခြယ်ရယ်။

သူ့ရင်ခွင်ထဲ လဲပြိုကျလာတဲ့ ခန္ဓာကိုယ်အိစက်စက်လေး မျက်နှာချင်းအပ်မိနေပြီး နှုတ်ခမ်းချင်း ထိလုမတတ် ဝဠာမတွေးရဲ။ ရှက်သွေးတွေ ဖြာဝေနေတဲ့ ပန်းသွေးရောင်မျက်နှာလေးပေါ်မှ ရှက်ကိုး ရှက်ကန်းမျက်ဝန်းလေးတစ်စုံ။

ရုံ့ကို ချစ်တယ်။ အိပ်မက်ထဲမှာ သူမနှုတ်ခမ်းလေးကို နမ်းပစ်မိသည်။

'ကိုယ်… မင်းကို ကြီးကျယ်ခမ်းနားစွာလက်ထပ်မယ် စိန် မြရုံခြယ်၊ မင်းလိုအပ်ချက်တွေကို တန်ဖိုးအကြီးမားဆုံး ဖြည့်စွမ်းပေးပါ့ မယ်၊ ကိုယ့်ရင်ခွင်ထဲမှာ မင်းပျော်ရွှင်ချမ်းမြေ့စေရပါမယ်ကွာ'

သူ့အခန်းထဲမှာ ကပ်ထားတဲ့ ကြွက်သားတွေ ထနေကြတဲ့ ယောကျ်ားပုံတွေကြောင့် ရှက်လန့်တကြား ပြန်ထွက်ပြေးသွားသော



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စိန်မြရုံခြယ်ရဲ့ မျက်နှာလှလှလေးကို ဝဠာ မေ့ပစ်၍မရနိုင်။ သူ ရယ်မောမိသည်။

'မင်းက ကိုယ့်ကို အိုးမည်းတွေ ပေကျံနေတဲ့ အဝတ်စုတ်လို့ သတ်မှတ်ထားပြီး အထင်မကြီးတာလားကွာ၊ ဒီအတိုင်းလေးနဲ့ပဲ မင်း အချစ်တွေကို အရယူမယ် ရုံ'

သူ အတွေးနယ်ပယ်ချဲ့ထွင်ရင်း အိပ်စက်ခဲ့သည်။ မနက်မိုးလင်းတော့ စောစောထကာ ရေချိုးခန်းထဲဝင်၍ ပြင်ဆင်နေခဲ့၏။ စိန်မြရုံခြယ်ကို တောင်းပန်ဖို့ လှေကားထိပ်မှ စောင့်မည်ဖြစ်သည်။

'ဝဠာ… မင်း တကယ်ကို အချစ်ရဲ့ကျေးကျွန် ဖြစ်သွားပြီပဲ၊ ကျွတ်… ကျွတ်'

'ကိုယ့်နှလုံးသားကတော့ စိန်မြရုံခြယ်မှ စိန်မြရုံခြယ် ဖြစ်သွားပြီမိုးရိပ်၊ သွားပြီ'

သူသာမန်အဝတ်အစားတွေ ဝတ်ဆင်ပြီး အပြင်ထွက်လာသည်။ သူပိုင်ဆိုင်တဲ့ နောက်ဆုံးပေါ်ကားကြီးက သူနေထိုင်ရာ ဖိုးစိန်လမ်းမှ ခြံကျယ်ကြီးထဲမှာ ရှိနေ၏။ အဲဒီကမှ အဝတ်အစားလဲပြီး ကုမ္ပဏီကို သွားမည်ဖြစ်လေသည်။

'ကျွိ'

အရှေ့ခန်းမှ တံခါးဖွင့်သံက ဝဠာ့ရင်ကို ဒိန်းခနဲ ဝင်ဆောင့်လာကာ သူ ထိတ်ထိတ်ပြာပြာ သူ့အခန်းရှေ့မှာ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ရပ်မိသွားသည်။ စိန်မြရုံခြယ် ထွက်လာ၏။ ခင်ခခကတော့ စောစောကတည်းက အလုပ်သို့ ထွက်သွားပြီဖြစ်သည်။





'စိန်မြရုံခြယ်'

'ဟင်'

တံခါးကို သော့ပိတ်ပြီး လှည့်အထွက်တွင် သူမအနားမှ ကပ်၍ ထွက်ပေါ်လာသောအသံကြောင့် ကြည့်လိုက်တော့ ကိုဧကြဝဠာ ဖြစ်နေလေသည်။ ရုံ နှုတ်ခမ်းလေး စူထော်တင်းမာသွားရကာ အဖက်မတန်သလို လှည့်၍ပင်မကြည့် လှေကားအတိုင်း ဆက်ဆင်းလာတော့ သူကည်း သူမနောက်မှကပ်၍ လိုက်လာလေသည်။

'ကိုယ်တောင်းပန်ချင်ပါတယ် ရုံ၊ ကိုယ်အနူးအညွတ် တောင်းပန်ပါတယ်၊ ရုံ့ကို စော်ကားသလိုဖြစ်သွားလို့ပါဗျာ၊ တကယ်တော့ ကိုယ်တို့က မိန်းကလေးတွေကို စော်ကားချင်တာမျိုး အထင်သေးတာမျိုး မဟုတ်ပါဘူး၊ အခန်းနီးနားချင်းတွေ ခင်မင်းရင်းနှီးချင်လို့ပါ'

သူ့ကို သူမ အဖက်လုပ်ပြီး စကားတုံ့ပြန်ပြောဆိုခြင်းမပြုဘဲ လှေကားအတိုင်းပဲ ဆက်ဆင်းလာခဲ့သည်။ အလကားလူ။ ယောကျ်ားဆိုတာ မာနတွေ အစွမ်းအစတွေ ရှိနေမှ ယောကျ်ားပီသတာ။ မိန်းကလေးတွေနဲ့ အရောတဝင်နေချင်တာမျိုး အရှက်မရှိတဲ့အပြုအမူတွေနှင့် မျက်နှာပြောင်တိုက် ဗရုတ်ကျတာချင်တာ ရုံအမုန်းဆုံးပဲ။ အထင်မကြီးပါဘူး။

'ခဏလေးပါရုံ၊ ကိုယ်တောင်းပန်တာကို လက်ခံပေးပါ၊ ကိုယ် စိန်မြရုံခြယ်တို့နဲ့ မိတ်ဆွေတွေ ဖြစ်ချင်ပါတယ်'

သူမ စကားတစ်ခွန်းတလေပင် မပြော။ လှေကားထစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ခပ်သွက်သွက်လေး ဆက်ဆင်းလာခဲ့တာ ငါးလွှာအထိ ရောက်လာသည်။

'ခဏလေးပါကွာ၊ ကိုယ် သေသေချာချာ ရှင်းပြချင်ပါတယ်၊ ခွင့်လွှတ်ပေးပါ၊ နောက်ထပ် စိန်မြရုံခြယ်တို့ စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုး မဖြစ်စေရပါဘူး၊ တောင်းပန်တာကို လက်ခံပါ'

ရုံ စိတ်ရှုပ်တယ်။ နောက်ထပ် ကုမ္ပဏီအသစ်တစ်ခုမှာ ဝန်ထမ်းလိုအပ်သည်ဆို၍ သွားလျှောက်ရမည် ဖြစ်သည်။

လူတွေ့စစ်ဆေးဖို့ တွေ့ရမည်ဖြစ်၍ မေတ္တာသုတ်ကို နှစ်ဆယ့်ခုနစ်ခေါက်ပြည့်အောင် ရွတ်ပါ့မည်ဟု ဘုရားရှေ့မှာ သစ္စာဆိုပြီး ရွတ်လာတာ။ ငါးခေါက်ပင် မပြည့်သေး။ ဒီလူ တော်တော်လေး စိတ်အနှောင့်အယှက်ပေးတာပဲ။

ရုံတို့က မိန်းကလေးနှစ်ယောက်တည်း ကိုယ်တတ်နိုင်တဲ့ ငွေကြေးလေးနဲ့ ရှစ်လွှာမှာ ရိုးရိုးသားသား ငှားရမ်းနေထိုင်ကြတာ။ ပတ်ဝန်းကျင်မှ တစ်မျိုးထင်မှာလည်း ကြောက်သည်။

'ဟင်… ရှင်… ရှင် ဘာလုပ်တာလဲ'

သူက သူမရှေ့မှကျော်တက်လိုက်ပြီး ငါးလွှာရဲ့ လှေကားထိပ်တွင် ဒူးထောက်ထိုင်ချလိုက်၍ ရုံ အထိတ်တလန့် ဖြစ်သွားရကာ ပတ်ဝန်းကျင်ကလူတွေ ထွက်လာလျှင် ဘယ်လိုလုပ်မလဲ။ ရှက်စရာကြီး ကိုစကြဝဠာက လှေကားထိပ်ကို ပိတ်ထားသည်။

'ကိုယ်တောင်းပန်တာကို ရုံ လက်ခံပေးပါကွာ နော်၊ ကိုယ့်အပေါ် ရန်သူတစ်ယောက်လို သတ်မှတ်မထားစေချင်လို့ပါ'





'ဒီမှာ… ရှင် ဒီလိုတွေ လိုက်လုပ်နေတာကိုက ကျွန်မစိတ်တွေထဲမှာ တော်တော်လေး အနှောင့်အယှက်ဖြစ်ရတယ်နော်၊ ပတ်ဝန်းကျင်အခန်းကလူတွေ တွေ့သွားရင် ဘယ်လိုလုပ်မလဲ၊ ရှင့်ရဲ့ပြုအမူတွေကို ကျွန်မ သနားမယ်၊ အထင်ကြီးမယ်လို့ ထင်နေလား ကိုစကြဝဠာ၊ ရှင့်ဟာရှင် ကြိုက်သလောက် ဒူးထောက်ထိုင်နေ၊ ကျွန်မ ဘယ်တော့မှ ခွင့်မလွှတ်ဘူး၊ ရှင်တို့လိုလူတွေကိုလည်း ဘယ်တော့မှ မိတ်ဆွေလို့ အသိအမှတ်မပြုဘူး၊ နောက်ထပ်မနှောင့်ယှက်ပါနဲ့တော့၊ ဒါပါပဲ'

သူမ ပြတ်ပြတ်သားသား မာမာထန်ထန်ပြောပြီး သူ့ကိုကျော်၍ အောက်ထပ်ကို ဆင်းလာခဲ့သည်။ ယောကျ်ားမပီသလိုက်တာ ဘယ်လိုလူတွေမှန်းကို မသိဘူး။ စိန်မြရုံခြယ်ကိုများ ဘာထင်နေလဲမသိ။

သူမ အောက်အလွှာထိ ရောက်သွားပြီး သူ့ကိုပြန်လှည့်ကြည့်၍ မျက်စောင်းထိုးဖို့ ပြင်တော့ သူမနောက်မှာ ကပ်ပါမလာဘဲ သူဒူးထောက်ပြီး ဆက်ထိုင်နေတုန်းပဲလားဟူသော အတွေးက နှင့်နှင့်လေး တိုးဝင်လာ၍ ရုံ ဒေါသတကြီး ခေါင်းကို ခါရမ်းဖယ်ထုတ်ပစ်သည်။

'ဘာမှ သနားနေစရာမလိုဘူး၊ စိန်မြရုံခြယ်ရဲ့ ဘဝရေဆန်ကို လှော်ခတ်ရဦးမယ်၊ တက်ကျိုးသွားလို့မဖြစ်ဘူး၊ အရေးမပါလိုက်တာ'

မောင်လေးနှင့်ညီမလေးတို့ အနာဂတ်မှာ စိန်မြရုံခြယ်က ပဲ့ကိုင်ရှင်ပါ။ သူမ တစ်စက်လေးမှ ယိမ်းယိုင်ချည့်နဲ့သွားလို့ မဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ နောက် ကုမ္ပဏီတစ်ခုမှာ အင်တာဗျူးဖြေရဦးမယ်။ အလုပ်တစ်ခုခုကတော့ အမြန်ဆုံးရမှ ဖြစ်မှာပါ။

ဦးတိမ်သခင်ဆိုတဲ့လူကြီးက သူမအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနိုင်သူဖြစ်ပေမဲ့ သူ့အတွက် စိန်မြရုံခြယ်ပေးဆပ်ရမှာက တန်ဖိုးကြီးမားနေလေသည်။ သူ့ကို စိန်မြရုံခြယ်ဘယ်လိုနည်းမျိုးနှင့် ကျေးဇူးတုံ့ပြန်ရမလဲ။ အဖြေက ထွက်ပြီးသားပဲ။ ဦးတိမ်သခင် လိုအပ်တာက သူမခန္ဓာကိုယ် အသွေးအသားတွေ ဝါးမျိုဖို့ပဲ။ မလွယ်လိုက်တာ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတဲ့ စကားပုံအတိုင်း ဖြစ်နေပြီ။

အခုလည်း ကြည့်လေ နောက်ထပ်သွားလျှောက်မည့်အလုပ်အတွက် အဆင်မပြေမှုတွေ ပပျောက်သွားစေဖို့ မေတ္တာသုတ် နှစ်ဆယ့်ခုနစ်ခေါက် ရွတ်ဖတ်ပူဇော်ဖို့ အဓိဋ္ဌာန်ဝင်ထားပြီး ရွတ်ဖတ်နေတာ ဟိုလူစကြဝဠာကြောင့် စိတ်တွေ ညစ်နွမ်းနောက်ကျသွားရသည်။ ကုမ္ပဏီအသစ်က ပိုင်ရှင်တွေကို မေတ္တာပို့နေတာ။

မဖြစ်ဘူး မေတ္တာသုတ် နာနာလေး ရွတ်ရမယ်။ ဘယ်နှစ်ခေါက်ရှိနေပြီလဲ။ နောက်ထပ် ဆယ်ခေါက်ထပ်ရွတ်ရဦးမယ်။ သူမနှုတ်ခမ်းလေးတလှုပ်လှုပ်နှင့် မေတ္တာသုတ်ရွတ်ရင်း ဘတ်စ်ကားဂိတ်ရောက်တော့ အဆင်ပြေချင်တာလား မသိပါဘူး ချောင်ချောင်ချိချိ ဘတ်စ်ကားတစ်စီး သူမရှေ့ထိုးရပ်လာ၍ သူမတက်စီးလာခဲ့သည်။

'ယခုသွားတွေ့ရမယ့် ကုမ္ပဏီပိုင်ရှင်တွေနဲ့ အဆင်ပြေပါစေ၊ အလုပ်တန်းရပါစေ၊ မေတ္တာပို့ပါတယ်၊ ကျန်းမာကြပါစေ'





သူမ စိတ်တွေကို ငြိမ်သက်အောင် ထား၍ မေတ္တာသုတ်နှစ်ဆယ့်ခုနစ်ခေါက်ပြည့်အောင် အာရုံစိုက်ရွတ်ဖတ်နေသည်။

'မစိန်မြရုံခြယ် ကားခပေးလိုက်ပြီနော်'

သူမအသိများလားဟု လှည့်ကြည့်တော့ အရှေ့ခန်းမှ ဂိုစကြဝဠာရဲ့အခန်းဖော် ကိုမိုးရိပ်ဖြစ်နေသည်။ အရေးထဲ ကားပေါ်မှာဖြစ်နေ၍ မျက်စောင်းမထိုးမိစေရန် သူမစိတ်ထဲမှ ဒေါသတွေကို ထိန်းချုပ်နေရသည်။

'ဝဋ္ဌာတစ်ယောက်တော့ ဘယ်သူက အပြစ်ဒဏ်ပေးခဲ့လဲ မသိဘူး ဒူးထောက်နေတုန်းပဲ၊ "တခြားအခန်းကလူတွေကတော့ ငကြောင်လား၊ စိတ်ရောဂါအထူးကုဆေးရုံကို ပို့ပါတဲ့'

သူမနှုတ်ခမ်းသားလေးတွေကို တင်းတင်းကြပ်ကြပ် ဖိကပ်ထားလိုက်ရသည်။ ရန်မစွာချင်လို့ပါ။

ကားပေါ်မှာ လူတွေက ပြည့်သိပ်ကြပ်ညပ်နေ၍ သူမအနားကပ်ပြောနေတဲ့ သူ့လေသံတိုးတိုးလျလျကပင် ရုံနားထဲမှာတော့ ပြင်းထန်တဲ့ ချိန်ကိုက်ဗုံးတစ်လုံး ပေါက်ကွဲသွားသလို နားကွဲတော့မလားမသိဘူး။

မုန်းလိုက်တာ မျက်နှာပေးက ပြောင်စပ်စပ်နဲ့ ရုံ့ကို နောက်ပြောင်နေသည်။

'ဝဋ္ဌာမှာ အပြစ်မရှိပါဘူး စိန်မြရုံခြယ်၊ ကိုယ့်အမှားပါ၊ ကိုယ်က စနောက်မိတာ၊ သူကတော့ စိန်မြရုံခြယ်ကို အလွန်အမင်း



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်ထားတာပါ၊ တန်ဖိုးလည်း ထားတယ်၊ အမြဲတမ်း စိန်မြရုံခြယ်အကြောင်းတွေ စဉ်းစားပြောဆိုတဲ့ကောင်ပဲ'

ဘတ်စ်ကားပေါ်မှာ လူကလည်း ကြပ်ကြပ်၊ သူက သူမအနား တိုးကပ်၍ နားနားမှာ ပြောချင်တာတွေ ပြောနေလေသည်။ ရုံ တုံ့ပြန်ပြောဆို ရန်တွေ့ချင်ပေမဲ့ မဖြစ်သေးပါဘူးဆိုပြီး ဒေါသတွေ ပြန်မျိုချပစ်ရ၏။

ဘယ်လိုလူတွေလဲ။ နည်းနည်းလေးမှ အထင်ကြီးစရာ မရှိဘူး။ လူရှုပ်တွေ။ သူမ သည်းခံနေလိုက်သည်။

'ဘယ်သွားမလို့လဲ'

'စပ်စုလိုက်တာ၊ ယောကျ်ားဖြစ်ပြီး'

'ခင်ခခရော ဘယ်မှာအလုပ်လုပ်တာလဲ၊ မစိန်မြရုံခြယ် ညကဝဋ္ဌာ တကယ်မိုက်အောင့်တာပါ၊ ကိုယ်တို့ အစာစားပြီး ဆေးသောက်မှ သက်သာသွားတယ်'

'ဟင်း… ရှင့်စကားကို စိန်မြရုံခြယ်က ယုံမယ်ထင်လို့လား၊ လူလိမ်တွေ၊ အစာအိမ်အောင့်နေတဲ့လူက ဘီယာသောက်နေတယ်ဟွန်း'

သူမ စိတ်ထဲကပဲ ဒေါသတကြီးပြောနေပြီး နှုတ်ခမ်းသားလေးတွေကတော့ စေ့စေ့လေး တင်းနေခဲ့သည်။ ဒီလူတွေနဲ့ အဖက်လုပ်ပြီး မပြောချင်ပါဘူး။

သူမ ဆင်းရမည့်မှတ်တိုင်ရောက်လာသဖြင့် ဝင်္ကျွတ်ပြီဟုတွေး၍ ကားပေါ်မှ ခပ်သွက်သွက်လေးဆင်းလိုက်ပါသည်။





အမလေး… ဒီလူကလည်း ရုံနဲ့အငှားတူ ဆင်းတာပါပဲလား။ တမင်နှောင့်ယှက်ချင်လို့ပဲ ဖြစ်မယ်။ စိန်မြရုံခြယ်ကို လာထိကြည့် ခေါက်ထီးစာမိသွားမယ်။ အင်တာဗျူးလည်း ဖြေစရာရှိလို့ စိန်မြရုံခြယ် ဒေါသတွေ ပေါက်ကွဲလွင့်စင်ထွက်မသွားစေရန် ထိန်းချုပ်ပစ်နေရလေသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

'ဝဠာ… မင်းရဲ့စိန်မြရုံခြယ်က မင်းကုမ္ပဏီမှာ အလုပ်လာလျှောက်မှာကွ၊ ကိုယ် ကားပေါ်မှာ ဒိုင်တွေထည့်တာပဲ၊ မျက်နှာထားကြီးတင်းပြီး သူ့မျက်လုံးတွေထဲမှာ ဒေါသအမျက်ချောင်းချောင်း ထွက်နေတယ်'

'မိုးရိပ်'

'ဟင်'

'စိန်မြရုံခြယ်ကို မစမိ မနှောက်မိစေဖို့ သတိထားတော့ကွာ၊ တဖြည်းဖြည်း ကိုယ့်ကိုမကြည့်ချင်လောက်အောင် မုန်းသွားလိမ့်မယ်'

'အချစ်ဆိုတာ အမုန်းကစတာကွ၊ အရမ်းချစ်ကြတဲ့ ချစ်သူစုံတွဲတွေကို လိုက်ပြီးသုတေသနလုပ်ကြည့်၊ တွေ့တွေ့ချင်း အရမ်းမုန်းတီးပြီး ပြဿနာတွေ တက်နေကြတာပဲ'

သူနှင့် စိန်မြရုံခြယ်တို့ တွေ့ဆုံမှုတွေက အမုန်းတွေ၊ ပြဿနာတွေနှင့်ပဲ ဆုံတွေ့ဖြစ်နေကြရသည်။ မနက်ကလည်း စိန်မြရုံခြယ်





ကျေနပ်ဖို့ သူ ဒူးထောက်ပြီးတောင်းပန်လို၍ သူ့အပြုအမူက ခပ်ကြောင်ကြောင်နိုင်သွားရကာ စိန်မြရုံခြယ်စိတ်တွေ အနှောင့်အယှက်ဖြစ်စေခဲ့သည်။

'ဝဠာ… မင်းဘဝမှန်နဲ့ပဲ တွေ့လိုက်ပါ၊ စိန်မြရုံခြယ်မှာ မိဘတွေမရှိကြတော့ဘူး၊ ပညာရေးကောင်းပါလျက်နဲ့ ရရာအလုပ်ရှာနေရတာ၊ မင်း လက်နှီးစုတ်အဖြစ်နဲ့ မိန်းကလေးတစ်ယောက်ကို ရမယ်ထင်နေလား ဝဠာရာ'

'ကိုယ့်ကိုအထင်ကြီးပြီး သူတို့ဘဝတိုးတက်မြင့်မားဖို့ လှေကားထစ်တွေအဖြစ် အသုံးချမှာ မလိုလားဘူးမိုးရိပ်၊ ကိုယ်အာရုံခံစားမိနေတာက စိန်မြရုံခြယ်နဲ့ကိုယ် အဂ္ဂမ်းချစ်မိသွားကြမယ်ဆိုတာလေ'

သူ့အခန်းရှေ့မှာ အင်တာဗျူးဖြေကြမည့် လျှောက်လွှာတင်သူတွေ ထိုင်နေတာ စိန်မြရုံခြယ် ပါနေသည်။ လျှောက်ထားသူတွေရဲ့ ကိုယ်ရေးရာဇဝင်တွေ Form တွေရှိနေ၍ သူ စိန်မြရုံခြယ်ရဲ့ Form ကို ယူပြီးကြည့်လိုက်သည်။

'မောင်လေးနဲ့ ညီမလေး ရှိတာပဲ၊ ခြံရုံခြယ်နဲ့ ခရမ်းပြာခြယ်တဲ့'

ဝဠာ့စိတ်ထဲမှာ မောင်လေးနှင့်ညီမလေးအား သူ့ညီလေး၊ ညီမလေးအဖြစ် ခံစားရကာ ထောက်ပံ့စောင့်ရှောက်လိုသည်။ မာနခဲမလေးက လက်ခံမှာမဟုတ်။

'ကိုယ်မတွေ့ချင်ဘူး၊ တခြားသူတွေနဲ့ပဲ ရွေးချယ်ပါစေ၊ စိန်မြရုံခြယ်ကို မရွေးနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'စိန်မြရုံခြယ်က ဝင်ငွေရဖို့ အလုပ်အရမ်းလိုအပ်နေတာလေ'

'ကိုယ်စီစဉ်ပေးမယ်၊ ဒီမှာတော့ မဖြစ်ဘူး'

'ဝဠ္ဍာရာ ဘာဖြစ်လို့များ ပေရှည်ချင်နေရတာလဲ'

'ကိုယ့်အစီအစဉ်အတိုင်းလုပ်ပါ မိုးရိပ်'

တခြားအခန်းတစ်ခုမှာ အင်တာဗျူးဖြေဖို့ စီစဉ်စေသည်။ စိန်မြရုံခြယ်ရယ်… ကိုယ် အရမ်းချမ်းသာတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေတယ်ဆိုရင် မင်း အသာတကြည်လက်ခံမှာလား။ အဲ့ဒီလိုအဖြစ်မျိုးကို ဝဠ္ဍာမနှစ်သက်မိ။ သူ့ဘဝအမှန်ကို ထုတ်ဖော်ပြသဖို့ ဝန်လေးနေမိတာက စိန်မြရုံခြယ် လက်မခံလိုက်မှာလည်း စိုးရိမ်မိနေသည်။

'ကိုယ်နဲ့ရုံ ဘာဖြစ်လို့များ ဒီလိုဘဝမျိုးတွေနဲ့ လာပြီးဆုံတွေ့ကြရတာလဲကွာ'

သူ အခန်းထဲမှာ အချိန်အကြာကြီးနေပြီးမှ အပြင်ကိုထွက်လာတော့ အင်တာဗျူးတာ ပြီးဆုံးသွားသည်။

'MD ဆန္ဒအတိုင်းပဲ စိန်မြရုံခြယ်ဆိုတဲ့ကောင်မလေးကိုတော့ မရွေးချယ်ပါဘူး၊ အရမ်းတော်ပြီး ထက်မြက်တဲ့ ကောင်မလေးပဲ'

'OK'

သူအပြင်သို့ ထွက်လာတဲ့အချိန်အတွင်းမှာ မိုးတွေက သဲသဲမဲမဲ ရွာလာသည်။ စိတ်တွေမလန်းပါဘူးဆိုမှ။ သူ့အတွေးထဲမှာ ရုတ်ခြည်းဝင်လာရတာက စိန်မြရုံခြယ် မိုးမိနေမလားဟုပင်။ အခုလောက်ဆို ဘတ်စ်ကားဂိတ်မှာပဲ ရှိဦးမယ်။ သူမစီးမည့်ကားလိုင်းက ကြပ်သည်။





'ဝဠ္ဍာ… မင်းဘယ်လဲ'

'ခဏ'

သူ့ကားထဲမှာ အသင့်ရှိနေတဲ့အဝတ်အစားတွေကို အမြန်လဲပြီး ထီးတစ်ချောင်းယူ၍ အပြင်ထွက်လာခဲ့လေသည်။

'ဝဠ္ဍာ… ဘာအရူးထပြန်ပြီလဲကွာ၊ အအေးပတ်မယ်'

မိုးရိပ်အော်ဟစ်သတိပေးသံတွေက မိုးပေါက်တွေ တဝေါဝေါရွာနေတဲ့အသံတွေအောက်မှာ ငုပ်လျှိုးပျောက်ကွယ်သွားသည်။ ဝဠ္ဍာဘာကိုမှ ဂရုမစိုက်ချင်တော့။

ဘတ်စ်ကားဂိတ်မှာ စိန်မြရုံခြယ်တစ်ယောက်တည်း ရပ်စောင့်နေလျှင် အန္တရာယ်များမည်ဟု ထင်သည်။ သူ့အတွေးတွေထဲမှာ စိန်မြရုံခြယ် ထီးမပါဘူးဟု စိုးရိမ်တကြီးတွေးမိနေသလို ထူးဆန်းစွာပဲ ကားဂိတ်မှာ ထီးမပါဘဲစိန်မြရုံခြယ် ရပ်နေတာ ဝဠ္ဍာတွေ့လိုက်ရသည်။

'စိန်မြရုံခြယ်'

'ဟင်'

မိုးပေါက်တွေ ပက်ဖြန်းထား၍ သူမခန္ဓာကိုယ်လေး စိုရွှဲနေသည်။ သူ ထီးမိုးပေးလိုက်သဖြင့် သူမ ကျေးဇူးတင်တဲ့မျက်ဝန်းတွေနှင့် ဖြတ်ခနဲ ကြည့်သည်။

'မင်း ထီးမပါဘူးလား စိန်မြရုံခြယ်၊ ဘယ်ကနေ ပြန်လာတာလဲ၊ ကိုယ် ဟိုအရှေ့က ကုမ္ပဏီမှာအလုပ်လာလျှောက်တာပါ'

'ရုံလည်း အဲဒီမှာ အလုပ်လာလျှောက်ရင်း မိုးမိနေတာလေ'



www.burmeseclassic.com

www.burmeseclassic.com



ရုံ မိုးရေတွေထဲမှာ ဘယ်လောက်အထိ ဒုက္ခအခက်အခဲတွေ ရောက်နေရလဲဆိုတာ ရုံအသိဆုံးပင်။ ရေစိုနေ၍ ရုံဝတ်ထားတဲ့ ထဘီက ကပ်ပြီး အတွင်းခံပင် ပေါ်ချင်နေ၍ ရုံ ရပ်သာ ရပ်နေရတာပါ ပတ်ဝန်းကျင်က မျက်လုံးအကြည့်တွေ သူမခန္ဓာကိုယ်အောက်ပိုင်း ရောက်လာမှာအကြောက်ဆုံးပင်။ ထီးမပါတာလည်း လူတွေရဲ့အထင်သေးစရာ ဖြစ်နေသည်။

'ဘတ်စ်ကားတွေက အရမ်းကြပ်တယ် ရုံ၊ ကိုယ်တို့ Taxi နဲ့ပဲ သွားမယ်၊ မင်းလည်း အခန်းပဲပြန်မှာမဟုတ်လား'

'အင်း'

ဝဠာ စကားကို အတည်ငြိမ်ဆုံးဖြစ်စေရန်နဲ့ အမှားအယွင်းမရှိ ပြောဆိုနေရသည်။ စိန်မြရုံခြယ်ရဲ့မျက်နှာလေး အညှိုရိပ်လေး ယှက်သန်းသွားမှာပင် သွေ့စိုးထိတ်နေရ၏။

ဘာဖြစ်လို့လဲဆိုတော့ လောလောဆယ် စိန်မြရုံခြယ်က သဘောကောင်းစွာ သူ့ကို အသာတကြည် အလိုက်အထိုက် ပြန်ပြောနေ၍ ဖြစ်သည်။

'ကိုယ် Taxi ခ ခံပါ့မယ်၊ ကိုယ်လည်း ဖျားချင်နေတယ်၊ ဟို… ဟန်ဆောင်တာ မဟုတ်ဘူးနော်၊ တကယ်ပါ'

'ရုံ တစ်ဝက်ကျခံပါ့မယ်၊ ကိုစကြဝဠာလည်း အလုပ်မှ မရသေးတာ၊ အခက်အခဲရှိနိုင်မယ်ထင်တယ်'

'ဟာ… ရပါတယ် ရုံ၊ ကိုယ်ပဲပေးပါ့မယ်၊ ခဏလေးနော်၊ ထီးကိုင်ထား၊ ကိုယ် လမ်းမပေါ်တက်ပြီး ကားငှားမယ်'





'ဟုတ်ကဲ့'

အမလေး… ကယ်တင်ရှင်ကြီး။ ဒီတစ်ခါတော့ ရှင့်ကို ကျေးဇူးအထူးတင်ပါတယ်နော်။

မိန်းကလေးဖြစ်ပြီး ထီးမပါတာရော၊ ရုံ့ထဘီ ပါးနေတာရော၊ အတွင်းခံအနက်ရောင်ဝတ်မိနေတာရော၊ သူမ ဘတ်စ်ကားဂိတ်မှာ အတော်လေးအနေရခက်နေတာပါ။

ကိုစကြဝဠာ ရောက်လာတော့ သူမရဲ့ အရှက်ကိုလည်း အကာအကွယ်ပေးပြီးသား ဖြစ်သွားသည်။ သူ ကားငှားနေ၏။ အလွယ်တကူမရ။ သူ ဖျားချင်နေသည်တဲ့။ မိုးရေထဲမှာ ဒီလိုကျတော့လည်း သူက ယောကျ်ားပီပီသသ ဦးဆောင်သူ ဖြစ်နေ၏။ ရုံ တစ်ကိုယ်ကောင်းဆန်နေပြီလား။ တကယ်ဆို သူ့ကို ထီးမိုးပေးသင့်တယ်။

ဘတ်စ်ကားဂိတ်မှာ လူတွေ အရမ်းများလာပြီး ကားကမလာသေး။ မိုးကလည်း သဲသဲမဲမဲ။ သူ့ ခန္ဓာကိုယ်ပေါ်မှာ အကာအကွယ်ကင်းမဲ့နေကာ မိုးပေါက်တွေက တရကြမ်းပဲ ပစ်ပေါက်တိုက်ခိုက်နေသလို ဖြစ်နေ၍ ရုံ ဘာမှတွေဝေ စဉ်းစားမနေတော့ဘဲ ထီးလေးနှင့် သူ့ခန္ဓာကိုယ်ပေါ် အုပ်မိုးပေးလိုက်လေသည်။

'ရုံပဲ လုံအောင်ဆောင်းပါ၊ ကိုယ်က ယောကျ်ားလေးပဲ၊ ကားကလည်း ငှားရတာ ခက်နေတယ်၊ ရုံရော ရရဲ့လား'

'ဟုတ်ကဲ့'

မိုးမင်းဒေဝါကြီးရယ် မတိတ်ဘဲတောင် ရွာချပစ်ပေးစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ဝဠာ ချစ်မြတ်နိုးရတဲ့ ကောင်မလေးက သံယောဇဉ်တွေ တပွေ့တပိုက်ကြီး သယ်ဆောင်လာပြီး အကြင်နာထီးလေး မိုးပေးနေတယ်။ ဝဠာ့ရင်ထဲမှာ အပျော်တွေလွှမ်းနေသလိုပင်။

မိုးနတ်မင်းကြီးရဲ့ လက်ဆောင်ပဲ။ နှစ်ယောက်သား ထိထိကပ်ကပ်။ ရံ့မျက်နှာလေးက စိတ်ညစ်မနေဘဲ ပျော်ရောင်လေးသန်းနေခဲ့သည်။

'ခင်ဗျားကြိုက်သလောက် ယူပါဗျာ၊ အရေးကြီးတာ အမြန်ဆုံးအရောက်ပို့ပေးဖို့ပဲ'

ရံ့ကို တံခါးဖွင့်ပေးလိုက်ကာ ထီးနှင့်မိုးပေးထားပြီး သူ့အလှည့်ကျတော့ ထီးပိတ်လိုက်ရ၍ မိုးပေါက်တွေကြားထဲ ရံက မြန်မြန်ဝင်လေ အအေးမိတော့မယ်ဆိုတဲ့ စကားသံလေးက နွေးထွေးရင်ခုန်သွားရလေသည်။

'ကျွန်မကြောင့် ကိုဝဠာ အအေးမိတော့မယ် ထင်တယ်'

'ကိုယ်က ရံကအတွက်ပဲ စိတ်ပူတာပါ၊ ရရဲ့လား ရံ'

'အင်း'

နီစွေးတဲ့ စိန်မြရံခြယ်ရဲ့ နှုတ်ခမ်းလေး တဆတ်ဆတ်တုန်ခါနေ၍ အရမ်းချမ်းနေတာ သိနေသည်။ ကိုယ့်ရင်ခွင်ထဲ ထွေးပွေ့ထားချင်တယ်။ မင်းကို အနွေးဓာတ်တွေ ဖန်တီးပေးချင်တယ်။ သူ့ကိုလှည့်ကြည့်ပြီး ပြုံးပြသည်။

'အရမ်းချမ်းနေလား ရံ'

'ကိုဝဠာရောဟင်'





'ကိုယ်က ယောကျ်ားလေးဆိုတော့ ရတယ် ရံ၊ မိုးရေထဲသွားလာနေကျပါ'

'ရှင် ဖျားချင်နေတယ်ဆို'

'ဆေးသောက်လိုက်မယ် ရံ'

ရံက ဆေးပုလင်းလေးကိုင်ပြီး ပြေးဝင်လာတာ မြင်ယောင်မိပြီး သူပြုံးမိသွားတာ ရံမမြင်လို့ တော်သေးတယ်။ မိုးရိပ်ကတော့ သူ့ကို ငကြောင်… အောက်ကျခံလွန်းတယ်ဟု ထင်နေမှာပဲ။ အချစ်ပါ။ စိန်မြရံခြယ်ထက် သူပိုင်ဆိုင်ထားသမျှ အရာရာ တန်ဖိုးနိမ့်ကျသွားရလေသည်။

'မင်းတစ်ယောက်တည်းကိုပဲ ကိုယ်တန်ဖိုးထားတယ်၊ ချစ်တယ်၊ ကိုယ် အရမ်းပျော်နေတယ်ကွာ'

ရံကတော့ သူ့ဘေးမှာ လက်လေးပိုက်ပြီး ငြိမ်ငြိမ်လေးထိုင်နေသည်။ သူတို့နေတဲ့ တိုက်ရှေ့ရောက်တော့ သူအရင်ဆင်းကာ ရံ့ကို ထီးမိုးပေးနေ၏။

အရမ်းကို လိုက်ဖက်တဲ့စုံတွဲလေးပဲဟု Taxi ဒရိုင်ဘာက ပြောလိုက်သဖြင့် သူ ပီတိတွေဖြစ်သွားရကာ ပိုက်ဆံတစ်ထောင်ပိုပေးလိုက်တာ ရံမသိ။ ရှစ်ထပ်တိုက်ကြီးရဲ့ လှေကားထစ်ထဲ ပြေးဝင်ကြပြီး အပေါ်ဆုံးအထိ တက်လာခဲ့သည်။

'ကျေးဇူးပဲ ကိုဝဠာ၊ ဒီနေ့တော့ ရံ တကယ်ပဲ ကျေးဇူးတင်တယ်၊ မိုးရေထဲမှာ ရံတစ်ယောက်တည်း ရပ်နေရတာ အရမ်းခက်ခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုစကြာဝဠာကို ရံ တကယ်ကျေးဇူးတွေ တင်နေမိသဖြင့် ရန်စွယ်ငေါငေါစကားတွေ မပြောဖြစ်တော့။ သူက လူကောင်းပါ။ ရံတို့နှင့် ဘဝတူ အလုပ်ရှာဖွေရင်း ဘဝကို ရုန်းကန်နေသူချင်း ရံ မိတ်ဆွေဖွဲ့တာ လက်ခံလိုက်ဖို့ ဆုံးဖြတ်မိနေသည်။

'ရံ'

'ရှင်'

'အခန်းထဲရောက်ရင် ရေကို အမြန်ဆုံးခြောက်အောင် သုတ်ပစ်နော်၊ ပြီးတော့ ကော်ဖီပူပူလေးတစ်ခွက်သောက်၊ နွေးနွေးထွေးထွေး နေပါ'

'ဟုတ်ကဲ့'

သူက ရံ့ကို စိတ်ပူပြီး မှာနေသလို ရံလည်း ရေတွေရွှဲနစ်နေတဲ့ သူ့ကို စိတ်ပူနေသည်။ ဒါပေမဲ့ မမှာချင်ပေ။ ရံ့မာနတွေကို ထိပါးမှာတော့ ကြောက်၏။

ပြီးတော့လည်း ရံ လမ်းလျှောက်လျှင် သူ့နောက်မှပဲ လျှောက်သည်။ ရံ့ထဘီက ပါးနေတယ်။ အနက်ရောင် အတွင်းခံပင် ပေါ်လု ဖြစ်နေ၍ သူ့ကို မြူဆွယ်ဖြားယောင်းသည်ဟု အထင်မခံနိုင်။ အခန်း ရှေ့ရောက်တော့ သူက မဝင်သေးဘဲ ရပ်ပြီး မှာတမ်းတွေ ချွေနေ သေးပေမယ့် ရံကတော့ အခန်းထဲသို့ လှစ်ခနဲ ဝင်လိုက်မိလေသည်။

'ရံ ကိုယ်ပြောတာ မမေ့နဲ့နော်၊ ရေကို ခြောက်သွားတဲ့အထိ သုတ်ပါ၊ ရာသီဥတုက အေးနေတယ်၊ ဖျားရင်မလွယ်ဘူးနော်'

အရေးထဲမှာ သူ့ကိုလည်း ရေတွေခြောက်အောင်သုတ်ဖို့၊





နွေးနွေးထွေးထွေးနေဖို့၊ အဖျားတွေ ပြင်းထန်တဲ့အကြောင်း၊ ပေပေ တေတေ ယောက်ျားပဲဆိုပြီး ပေါ့ပေါ့ဆဆမနေဖို့ မှာတမ်းတွေ တသီတတန်းကြီး ရေနွေးခရားအိုးထဲမှ ရေတွေ သွန်ချလိုက်သလို တရစပ်သတိပေးစကားတွေ ပြောဆိုချင်ပေမယ့် ရံ့နှုတ်ခမ်းလေးက စိုးရွံ့စွာ စေ့ပိတ်နေလေသည်။

အခန်းထဲ ဝင်လာပြီး သူမစိတ်တွေ ကစဥ့်ကလျားဖြစ်နေသလို သူ့အခန်းသွားပြီး သတိပေးရမလား။ ဒီလူ ပေါ့နေမှာသေချာတယ်။ စောစောကတည်းက ဖျားချင်နေတာတဲ့။ ရံကလည်း မာနတွေထားနေ သေးတယ်ဟယ်။

အခန်းနီးနားချင်းတွေပဲ။ ခင်ခင်မင်မင် နေထိုင်ကြတာ ကောင်း ပါတယ်လေ။ တကယ်တမ်း အကူအညီလိုအပ်ရင် ဒီလူတွေပဲ ရှိတာ။ ကိုစကြာဝဠာကို သတိမပေးမိတာ နောင်တတွေ့ရရင်း သူမ ရေစို အဝတ်တွေ လဲဖို့ပင်မေ့နေပြီးမှ သူ သတိပေးတာ သတိရသွားပြီး အလျှင်အမြန် လဲပစ်ရသည်။

'ရေကိုခြောက်သွားအောင် သုတ်၊ အအေးမခံနဲ့နော်၊ ဒီရာသီ အဖျားတွေက ပြင်းထန်တယ်'

သူက ရံ့ကိုလည်း စိတ်ပူပြီး သတိပေးစကားတွေ ပြောချင် တယ်။ ပြဿနာလည်း ဖြစ်ရမှာ ကြောက်ပြီး ထိန်းချုပ်ဆင်ခြင်နေရ သလိုပင် ရံ ရယ်ချင်သွားရလေသည်။

'ဟွန်း . . . အရှမ်းဆရာလုပ်ချင်တဲ့လူ၊ စိန့်မြရံခြယ် စိတ်ကို လျှော့ပစ်ထားလိုက်လို့သိလား၊ မာနမထားတော့ပါဘူး၊ ရှင်နဲ့ အဆင် ပြေချင်တော့လည်း မြန်လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



သူမ နှုတ်ခမ်းလေးက ပွစိပွစိနှင့် သူ့စကားအတိုင်း ရေတွေ ခြောက်သွေ့သွားစေရန် တဘက်နှင့် ပွတ်တိုက်သုတ်နေရင်း ရုံ့လို မာနတံခွန်တွေ တလွင့်လွင့်ထူချင်နေတဲ့ မိန်းမက ယောကျ်ားတစ်ယောက်ရဲ့ အမိန့်ကို ဘယ်တုန်းကများ နာခံတတ်သွားရတာလဲ။

သူမ ကြိုက်နှစ်သက်ခြင်း မရှိတဲ့ ကော်ဖီကိုပင် သူက ပူပူလေး ဖျော်သောက်ပြောလိုက်တာနှင့် ရုံ ဖျော်ပြီးသောက်ကြည့်တာ ကောင်းသလိုပင်။

'ရှင့်ကြောင့် ကျွန်မ ကော်ဖီတောင် ကြိုက်သွားပြီထင်တယ်၊ ပူပူခါးခါးလေး ရင်ထဲကို နွေးထွေးသွားတာပဲ'

သူရော ရေတွေကို ခြောက်အောင် သုတ်ရဲ့လား။ ထီးပါလာတဲ့လူက အအေးမိနေဦးမယ်။ ရုံ မာနတွေနှင့် သူ့ကို သေသေချာချာ မပြောလိုက်ရ။ ယောကျ်ားလေးနေတဲ့အခန်း ရုံ သွားပြောလို့လည်း မဖြစ်သေးပါဘူး။ သူ့အတွက် ပူပင်သောက ရောက်နေရတာလည်း အမှန်ပဲ ဖြစ်သည်။

❐ ❐ ❐



(၁၄)

'မမနိုး ဘာဖြစ်လို့ ကျွန်တော့်ဆီ လာရတာလဲဗျာ၊ အဝေးဆုံး မှာနေစမ်းပါ၊ မမနိုးကိုမြင်တိုင်း ကျွန်တော့်စိတ်တွေ ချောက်ချားရတယ်၊ မမအတွက် ကျွန်တော် ထောက်ပံ့ကြေး ပေးနေတာပဲ ကျေးဇူးပြုပြီး ကျွန်တော်နဲ့ အဝေးဆုံးမှာနေပေးပါ'

'သခင်… မောင်လေးရယ်၊ မမတို့မှာ သံယောဇဉ်တွယ်စရာဆိုလို့ ဒီမောင်နှမပဲရှိကြတာပါ၊ မမကို ခွင့်လွှတ်ပေးပါ၊ ငယ်ရွယ်စဉ်က မမ အရမ်းချမ်းသာချင်ခဲ့လို့ အရှက်ကင်းမဲ့ခဲ့ရတာပဲ၊ မောင်လေး ခွင့်လွှတ်ပေးပါတော့'

သူ ခေါင်းကို ခါရမ်းပစ်လိုက်သည်။ ငယ်စဉ်လေးကတည်းက ယနေ့အထိ အတိတ်က မမရဲ့လုပ်ရပ်ကို လက်မခံနိုင်ခဲ့။ ရှက်စရာ အပြုအမူတစ်ခုအဖြစ် ရှက်နေဆဲပင်ဖြစ်သည်။ မမခင်ပွန်း ဦးစိန်ခြယ်လည်း သက်ရှိထင်ရှားရှိနေခဲ့ပြီး သူချစ်ရတဲ့ စိန်မြရုံခြယ်ရဲ့အဖေ ဖြစ်နေတာလည်း သူ့ရင်တွေကို နာကျင်စေကာ ရှုးသွပ်မတတ် ခံစားနေစေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမ ပြန်သွားပါ၊ လိုအပ်တာ ကျွန်တော် လက်ထောက်တွေနဲ့ စီစဉ်နိုင်းထားတာပဲ၊ မမအတွက် လိုလေသေးမရှိအောင် ဖြည့်စွမ်းပေးထားတာပဲဗျာ'

'သခင်… မောင်လေးရယ် တို့မောင်နှမတွေ အရင်ကလို ချစ်ချစ်ခင်ခင် နေချင်တယ်၊ မမချမ်းသာချင်တာက မောင်လေးရဲ့ အနာဂတ်…'

'တော်ပါတော့ မမ၊ ဆက်မပြောပါနဲ့တော့ဗျာ၊ ကျွန်တော် မကြားချင်ဆုံးက ဒီစကားလုံးတွေပဲ'

သူ ရှုံ့သွပ်နာကျင်စွာ ကြေကြေကွဲကွဲ အော်ဟစ်မိသည်။ မမနီးတို့နှင့် မပတ်သက်ဘဲ နေထိုင်ခဲ့တာ ကြာပါပြီ။ သူ မြန်မာပြည်ကို ပြန်ရောက်လာတာပင် မကြာသေး။ စိန်မြရုံခြယ်နှင့် ဆုံခဲ့ပြီးမှ မမနီးနှင့် ရင်ဆိုင်ရတာ ပို၍စိတ်ချောက်ချားတုန်လှုပ်နေသည်။

'သခင်'

'မမ ပြန်ပါတော့၊ ကျွန်တော့်ဒေါသတွေ မပေါက်ကွဲခင် ထွက်သွားပါ၊ ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ကျွန်တော်နဲ့ လာပြီးမပတ်[illegible]ပါနဲ့'

[illegible]က်လိုက်တာ သခင်ရယ်၊ မမက မောင်လေးရဲ့ တစ်ဦး[illegible]

'ရက[illegible]တွေကွယ်လွန်ချိန်မှာ မောင်လေး ငါးနှစ်ပဲ တည်းသော အစ်မပါ၊ မိ[illegible]အောင် ဘဝကိုရုန်းကန်ပြီး မောင် ရှိသေးတယ်၊ မမကလေ အရွယ်နဲ့မမျှ[illegible]မောင်လေး ဆယ်နှစ် လေးအပေါ် ကျေးမွေးစောင့်ရှောက်လာခဲ့တာ၊ [illegible]





သားရောက်တဲ့အထိပဲလေ၊ ဆက်ပြီးတာဝန်ယူရတာ ခက်ခဲကြမ်းတမ်းလာလို့ မမ လုပ်မိလုပ်ရာ လုပ်ခဲ့တာပါ'

'ဆက်မပြောပါနဲ့တော့၊ ကျွန်တော် မကြားချင်ဘူး၊ ကျွန်တော် တောင်းပန်တာပါဗျာ၊ ပြန်ပါတော့၊ လိုအပ်တာပဲပြောပါ၊ ကိုအုံ့မောင်… ကိုအုံ့မောင်…'

'ဗျာ… ဥက္ကဋ္ဌ'

'ဒီမှာ မမနီးကို ခေါ်သွားပါ၊ နောက် ဘယ်တော့မှ ကျွန်တော့်ခြံထဲ အဝင်မခံပါနဲ့'

သူ ခြံစောင့်ကြီးကိုအုံ့မောင်အား အော်ဟစ်ခေါ်ယူကာ တစ်ချက်လှမ်းအမိန့် ထုတ်ပြန်လိုက်ရာ မမနီးက ရက်စက်လိုက်တာသခင်ရယ်၊ ဒီလောက်တောင်ပဲ မမနီးကို မုန်းတီးနေပြီလားဟု ငိုယို၍ ပြန်သွားသည်။

'စိန်မြရုံခြယ်… ကိုယ် မင်းကို ရှင်းပြချင်တယ်၊ မမကလည်း မလွဲသာမရှောင်သာတဲ့ဘဝမို့ မင်းအဖေကို လုယူခဲ့တာပါလို့၊ မင်းတို့ မိသားစုအတွက် ပြည့်ပြည့်စုံစုံ ထားခဲ့ဖို့လည်း ကိုယ့်မမက ပြောခဲ့ပါတယ်ကွာ'

သူ့ရင်ထဲမှာ ထာဝရသိုဝှက်စွာရှိနေခဲ့တဲ့ မမနီးလုပ်ရပ်အတွက် ရှက်နေမှုတွေ၊ စိန်မြရုံခြယ်ကို မထင်မှတ်ဘဲ တွေ့ဆုံလိုက်ရချိန်တွင် ပြင်းထန်တဲ့ မီးတောက်တွေအဖြစ် သူ့ရင်ကို လောင်မြိုက်လာစေခဲ့သည်။

'ကိုယ့်မမ အပြုအမူကြောင့် မင်းတို့မိသားစုဘဝလေး လဲပြို



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရတာ ကိုယ်ပြန်ပေးဆပ်ပါရစေ၊ မင်းလက်ခံရမယ်၊ မင်း အရမ်း ခက်ခဲပင်ပန်းလွန်းနေတယ်၊ မင်းအဖေ သက်ရှိထင်ရှားရှိသေးတယ်၊ အဲဒါရော မင်းသိချင်မှာ မဟုတ်ပါဘူးကွာ'

မထင်မှတ်ဘဲနှင့် စိန်မြရုံခြယ်နှင့် ဆုံတွေ့ခဲ့ရပြီး ဦးစိန်ခြယ် ရဲ့သမီးမှန်း သိခဲ့ရတဲ့အချိန်တွင် တိမ်သခင် ဆောက်တည်ရာမရအောင် တုန်လှုပ်ချောက်ချားစွာ စိန်မြရုံခြယ်အပေါ် ဘယ်လိုစောင့်ရှောက်ပေး နိုင်မလဲ၊ မဖြစ်မနေ စောင့်ရှောက်ပေးမယ်ဆိုတဲ့ အသိတွေ နိုင်မာစွာ တိုးဝင်နေခဲ့သည်။

'မင်းကို ချစ်မိနေတယ်၊ စတွေ့တွေ့ချင်းမှာပဲလေ၊ မင်း ကိုယ့်ကားကို Taxi အမှတ်နဲ့ တားခဲ့တုန်းကတည်းကပါ၊ မင်းကို ကိုယ် အထင်ကြီးလေးစားပြီး ချစ်မိသွားရတာ အရက်သိက္ခာမဲ့တဲ့ အကျင့်စရိုက်တွေ ရှိမနေခဲ့လို့ပဲ'

စိန်မြရုံခြယ်က အရွယ်နှင့်မလိုက်အောင် ဘဝကို ခက်ခဲကြမ်း တမ်းစွာ ရုန်းကန်နေပေမယ့် တိမ်သခင်လို ချမ်းသာသူကို တည်တည် တင်းတင်း ကင်းကင်းပြတ်ပြတ် နေထိုင်ပြောဆိုမှုတွေက မမန်းစိတ် ဓာတ်နှင့် ဆန့်ကျင်ဘက်ပဲဟု ထင်သည်။

'ကိုယ့်အစ်မက မင်းအရွယ်သာသာလောက်မှာပဲ သူမဘဝ တိုးတက်ကြီးပွားဖို့ ကိုယ့်အဖေအရွယ် လူတစ်ယောက်ကို အရယူခဲ့ တယ်'

စိန်မြရုံခြယ်က ကိုယ်ကျင့်တရားတွေကို တန်ဖိုးရှိစွာထိန်းသိမ်း နိုင်တဲ့ မိန်းကလေး။ တိမ်သခင့်ဘဝတစ်လျှောက်လုံး ကံဆိုးမိုးမှောင်





ကျရတော့မည့် အခြေအနေတစ်ခု စိန်မြရုံခြယ်နှင့် ဆုံတွေ့ကြပြီး ရှုံးသွပ် စွာချစ်မိခဲ့ရလေသည်။

'မင်းကို ချစ်တယ်၊ ကိုယ် လက်ထပ်ချင်တယ်၊ ကိုယ့်ရင်ခွင် ထဲမှာ မြတ်မြတ်နိုးနိုး ထွေးပွေ့ထားချင်တယ်၊ မင်းကို အရမ်းချစ်နေမိ ပြီ စိန်မြရုံခြယ်ရယ်'

စိန်မြရုံခြယ်ရဲ့အဖေ ဦးစိန်ခြယ်က သူ့ယောက်ဖဖြစ်နေရခြင်း က သူတို့နှစ်ယောက် ဘယ်နည်းနှင့်မှ မနီးစပ်နိုင်တော့ဘူးဆိုတဲ့ အဖြေ တစ်ခုက အတိအကျထွက်ပြီးသား ဖြစ်နေသည်။ သူ ဘယ်လိုအ ကြောင်းအရာတွေပဲရှိရှိ စိန်မြရုံခြယ်ကို စောင့်ရှောက်ပေးဖို့ ဆုံးဖြတ်၍ စိန်မြရုံခြယ်နှင့်လည်း တွေ့ချင်လာကာ အပြင်ကို ထွက်လာခဲ့၏။

သူမ နေထိုင်ရာရပ်ကွက်ထိပ်က ကားဂိတ်မှာ သူ့ကားကို ထိုးရပ်ပြီး စောင့်နေစဉ် စိန်မြရုံခြယ် ဘတ်စ်ကားပေါ်ကနေ ဆင်းလာ တာ တွေ့လိုက်ရသည်။

'စိန်မြရုံခြယ်'

'ဟင်... ဦးတိမ်သခင်၊ ဒီမှာဘာလုပ်နေတာလဲ၊ ကျွန်မကို စောင့်နေတာတော့ မဟုတ်ပါဘူးနော်'

'ဟုတ်တယ် မင်းကိုတွေ့ချင်လို့ တမင်လာစောင့်နေတာပဲ'

'ဘာရှင်'

'ကားပေါ်တက်ပါ'

'မတက်ပါဘူး၊ ကျွန်မကို ဘယ်လိုမိန်းကလေးထင်နေလို့ ပိုင်စိုးပိုင်နင်း လာခေါ်ရတာလဲ၊ ကျွန်မနဲ့ပတ်သက်စရာ ဘာအကြောင်း မှ မရှိဘူးထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် အေးအေးဆေးဆေး တက်ခိုင်းနေတုန်း တက်ပါ၊ ကိုယ်တို့ တစ်ခုခုသွားစားကြမယ်၊ မင်း အလုပ်ကိစ္စအတွက်လည်း ကိုယ် စဉ်းစားပေးနိုင်တယ်'

ဘယ်လိုလူကြီးလည်း မသိဘူး။ သူ့ကုမ္ပဏီမှာတော့ ရံ့ကို အလုပ်မခန့်ဘဲနဲ့ ဘာအလုပ်ကိစ္စကို စဉ်းစားပေးမှာလဲ။

သူခေါ်ရာနောက်သို့ မလိုက်ဘူးဟု ရံ ဆုံးဖြတ်ထားသည်။ ကျွန်မ ရှင်ထင်သလို ကားအကောင်းစားမြင်တိုင်း ငမ်းငမ်းတက် လိုက်မယ့်အပေါစား မိန်းကလေးတစ်ယောက် ထင်နေလား။

ရံကတော့ လုံးဝမလိုက်နိုင်။ ခပ်ပြတ်ပြတ်ပဲ ရှေ့ဆက်လျှောက် သွားဖို့ ပြင်လိုက်၏။ သူ့လက်က သူမ လက်လေးအား ဆတ်ခနဲ ဆွဲယူကာ သူ့ကားထဲ အတင်းအကြပ် ဝင်ထိုင်စေသည်။

'ရှင်··· ရှင် ဘာလုပ်တာလဲ၊ ဦးတိမ်သခင်ရဲ့ ဂုဏ်သိက္ခာနဲ့ အသက်အရွယ်အရ ဆင်ခြင်ပါ၊ ကျွန်မက ဘဝနဲ့ ရင်းရဲတယ်'

'ရော့'

'ဘာလဲရှင့်'

'Hand Phone လေ၊ မင်း 199 ကို သိတယ်မဟုတ်လား၊ ဆက်လိုက်ပါ'

ရံလည်း ကားပေါ်ရောက်နေပြီ။ သူကလည်း Hand Phone တစ်ခု ထိုးပေးကာ ထုံးစံအတိုင်း Lock တွေပိတ်၍ ကားစက်နှိုးကာ မောင်းထွက်သည်။

'ဦးတိမ်သခင်··· ကိုယ့်ကိုကိုယ် ဘာတွေလုပ်နေလဲဆိုတာ





ရော သိရဲ့လား၊ ပိုက်ဆံတွေအရမ်းပေါနေတယ်ဆိုပြီး ရဲစခန်းကို ရောက် ချင်နေတာလား'

ဦးတိမ်သခင် ဘာတွေလုပ်နေတာလဲ။ ခမျက်နှာကလည်း ရှိသေးသည်။ ရံကိုယ်တိုင် အလုပ်တောင် မဝင်ရသေးဘူး။ နာမည် ပျက်ရှိနေတာမျိုး အဖြစ်မခံနိုင်၍ ဦးတိမ်သခင်ကို ရဲစခန်းမပို့တာပါ။ ဒေါသဖြစ်နေရသည်။ သက်သက်ပိုက်ဆံရှိတိုင်း အနိုင်ကျင့်ဗိုလ်ကျ ချင်တာဟု ထင်သည်။

ရံ အလုပ်လျှောက်တာလည်း တစ်ခုမှ အဆင်မပြေ၍ စိတ်ညစ်ရတဲ့အထဲ··· ဖုန်းကို သူ့ပေါင်ပေါ် ပစ်ပေါက်တင်လိုက်သည်။

'ဘာဖြစ်လို့လဲ၊ မင်းက စပွေ့ကတည်းက ကိုယ့်ကို ခြိမ်း ခြောက်ဟိန်းဟောက်နေတာပဲကွာ၊ စစ်မြေပြင်မှာ တစ်ဘက်နဲ့တစ်ဘက် ရန်သူတွေဖြစ်ပေမယ့် လက်နက်ချရင် နွေးထွေးစွာကြိုဆိုကြတယ်'

'ဒီမှာ'

'ကိုယ်က မင်းကို ခင်မင်တာပါ၊ မိတ်ဆွေတွေ ဖြစ်ချင်တယ်'

'ဘယ်လိုအကျိုးရလဒ်တွေကို ဦးတိမ်သခင်က မျှော်ကိုးနေ တာလဲ'

'ဘာအကျိုးရလဒ်မှ မမျှော်ကိုးပါဘူး စိန်မြရံခြယ်ရယ်၊ မင်းနဲ့ ဆုံတွေ့ပုံလေးက အမှတ်တရတွေ ဖြစ်လွန်းလို့ပါ၊ မင်းဘက်က စတင် မှားယွင်းတာနော်၊ ကိုယ်တွေ့နှစ်ယောက် မိတ်ဆွေဖြစ်သင့်တယ်'

သူမ စကားတွေကို ဆက်ပြောချင်စိတ်တွေပင် ကုန်ခမ်းသွား ရလေသည်။ ပြောလို့ရော ဘာထူးမှာလဲ။ သူမ ပြန်ချင်နေ၏။ ကိုစကြ



www.burmeseclassic.com

www.burmeseclassic.com



ဝင္ဇာ ဖျားနေတယ်ဟု ကိုမိုးရိပ်က ပြော၍ စိတ်ပူပြီး တွေ့ချင်သည်။ ဦးတိမ်သခင်နှင့် လုံးဝပတ်သက်ချင်တာမဟုတ်။ လူလွတ်တစ်ယောက်ဆိုတာ သိနေပေမယ့်လည်း သူ့အပြုအမူတွေက လူကြီးလူကောင်း မပီသဟု ထင်နေသည်။

'စကားပြောရုံလေးပါ စိန်မြရုံခြယ်၊ ကိုယ် မင်းကို မေ့ပစ်လို့ ကိုမရတာတော့ ဝန်ခံတယ်၊ မင်းကို ထပ်ပြောချင်တယ်၊ ကိုယ့်ကို ဦးတိမ်သခင်လို့ မခေါ်ပါနဲ့၊ ကိုယ့်အသက်က မင်းအစ်ကိုအရွယ်လေ'

'အဲ့ဒါကတော့ ကျွန်မရဲ့ အခွင့်အရေးတစ်ခုပဲ၊ ကျွန်မကတော့ ဦးတိမ်သခင်ပဲ ခေါ်နိုင်မယ်၊ အစ်ကိုကြီးတွေ၊ ကိုကိုတွေခေါ်မယ်လို့ မျှော်လင့်မနေပါနဲ့၊ ကျွန်မကို ဘာဖြစ်လို့ လိုက်ပြီးစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေရတာလဲ'

မင်းကိုချစ်လို့ဟု ဖြေလိုက်ချင်ပေမယ့် စိန်မြရုံခြယ် ဒေါသတွေ ပေါက်ကွဲသွားမယ်ဆိုတာသိ၍ မပြောဖြစ်တော့။ ကိုယ်လုပ်နေတဲ့ အပြုအမူတွေက မင်းစိတ်တွေ အနှောင့်အယှက်ဖြစ်စေမယ်ဆိုတာ သိပါတယ်။ တိမ်သခင်ကလည်း စိန်မြရုံခြယ်အား ဦးတည်ရာမဲ့ ကားပေါ် တင်မောင်းနေတာ ယောင်ချာချာနိုင်လွန်းသည်။

'Sorry စိန်မြရုံခြယ်၊ ကိုယ် အနိုင်ကျင့်တာမဟုတ်ပါဘူး၊ ကိုယ် မင်းနဲ့စကားပြောချင်တာ တစ်ခုတည်းရှိတာပါ'

ခခရဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်နေ၍ ရုံ စွတ်ကောနေလို့လည်း မဖြစ်သေးပါဘူး။ သူက စကားပြောရုံလေးပဲဟာ။ ကျန်တာတွေက ရုံလက်ခံချင်မှ ဖြစ်တာပဲ။ သူမလည်း မှားထား၍ စိတ်မပါတပါနှင့် ငြိမ်နေလိုက်သည်။





စားသောက်ဆိုင်ကြီးတစ်ခုရှေ့မှာရပ်၍ သူဦးဆောင်သွားရာ နောက်သို့ သူမ လိုက်လာခဲ့၏။ ပတ်ဝန်းကျင်ကလူတွေ ဘယ်လို ထင်မလဲ။ ရုံ ရှက်သည်။

'ထိုင်ပါ ရုံ'

'ဟုတ်ကဲ့'

'မင်း ဘာစားမလဲ'

'ကော်ဖီတစ်ခွက်'

'ဘာပြောတယ်'

'ရှင်'

'မင်းပဲ ကော်ဖီမကြိုက်ဘူးဆို စိန်မြရုံခြယ်၊ ဘယ်တုန်းကများ ကော်ဖီကို ကြိုက်သွားရတာလဲ'

'မနေ့က… အဲ… အစကတည်းက ကြိုက်ပါတယ်၊ ဦးတိမ်သခင်ကို ရွဲ့ပြီး မကြိုက်ဘူးလို့ ပြောလိုက်တာ'

ကိုစကြာဝင္ဇာဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အမိန့်ကို နာခံရင်း ကော်ဖီကို ကြိုက်သွားတာ။ သူရော မနေ့ညက ဖျားနေတယ်။ ရုံ သွားမကြည့်မိတာပါ။ ခခကလည်း အတင်းအကြပ် လိုက်ကြည့်ပါလို့ ဆွဲမခေါ်ဘူး။ ရုံ အိုက်တင်ခံလွန်းသွားသည်။

'စိန်မြရုံခြယ်'

'ရှင်'

'မင်း တစ်ခုခုကို စဉ်းစားနေသလိုပဲ၊ ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ့်ကို ဘယ်လိုနှိပ်ကွပ်ရမလဲဆိုတာတွေလား'



www.burmeseclassic.com

www.burmeseclassic.com



'ဦးတိမ်သခင် ဘာပြောမလို့လဲ၊ ပြောပါ၊ ကျွန်မအနေနဲ့ ဦးတိမ်သခင်လိုလူမျိုးတစ်ယောက်နဲ့ ထိုင်နေရတာ ရှက်တယ်'

'ဘာဖြစ်လို့လဲ'

'ပတ်ဝန်းကျင်က တစ်မျိုးထင်မှာကြောက်လို့ပါ၊ ပြောစရာရှိတယ်ဆိုရင် အမြန်ဆုံးပြောလေ'

သူ စိန်မြရုံခြယ်ဆိုတဲ့ မိန်းကလေးကို စူးစိုက်ကြည့်မိနေလေသည်။ မင်းက ဦးစိန်ခြယ်နဲ့လည်း ဆင်တူနေသလိုပဲ။ မမခင်ပွန်း ဦးစိန်ခြယ်က ချောမောခန့်ညားသူပင်။

တိမ်သခင်ပြောပြချင်တာက မင်းအဖေကို ကိုယ့်အစ်မက ငယ်ရွယ်တဲ့အချိန်က မိုက်မိုက်မဲမဲနှင့် ချမ်းသာချင်တာလေးတစ်ခုအတွက် လက်ထပ်ခဲ့တာ။ ကိုယ်လုံးဝ ဆန့်ကျင်တယ်ဆိုတာတွေ ရှင်းပြတောင်းပန်စကားတွေ ပြောကြားဖို့ပင်။

ပြီးတော့ မင်းတို့မောင်နှမတွေကို စောင့်ရှောက်ပေးလိုကြောင်းတွေပါ။ ဒါပေမဲ့လည်း စိန်မြရုံခြယ်ရဲ့ ဒေါသတွေ ပေါက်ကွဲပြီး သူ့ကို ရှုံ့ရှာ မုန်းတီးသွားမှာလည်း စိုးရိမ်၍ ပြောပြရမှာ ခက်နေသည်။

'ဒီမှာပြောလေ ဦးတိမ်သခင်၊ ကျွန်မ အိမ်ပြန်ရမယ်၊ ပြောပါ'

'စိန်မြရုံခြယ်'

'ပြောပါ'

'မင်း အလုပ်တွေရှာနေမယ့်အစား ဟိုကွာ… မင်း ဆေးတက္ကသိုလ်ဝင်နိုင်တာပဲ ကျောင်းပဲတက်ပါ၊ မင်းရဲ့မိသားစုကို ကိုယ်ကူညီစောင့်ရှောက်ပေးမယ်ဆိုရင်ရော၊ ရိုးရိုးသားသား ကူညီတာနော်'





'ဒါလား… မလိုပါဘူး ဦးတိမ်သခင်၊ ဘယ်လိုနည်းနဲ့မှ လက်ခံနိုင်မှာမဟုတ်ပါဘူး၊ ထပ်ပြီးမကြိုးစားပါနဲ့တော့၊ ကျွန်မက ကိုယ့်အစွမ်းအစ ကိုယ့်ခွန်အားနဲ့ ထိုက်တန်တဲ့ ဝင်ငွေအပေါ်ပဲ တန်ဖိုးထားတတ်ပါတယ်၊ ဒါက ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်တဲ့ စကားတွေပါ၊ ပြန်မယ်လေ'

သူမ ထလိုက်သည်။ ဦးတိမ်သခင်က ချို့တဲ့နေတဲ့မိန်းကလေးတစ်ယောက်အပေါ် အထင်သေးပြီး လျှော့တွက်နေတာပဲ။ ရုံ ဒေါသဖြစ်မိ၏။ ဒါပေမဲ့လည်း ခခအလုပ်ရှင်ဖြစ်နေ၍ သည်းခံလိုက်တာပါ။

ဦးတိမ်သခင်က မင်းကို တခြားရှင်းပြစရာတွေလည်း ရှိပါတယ် ပြောပေမယ့် ရုံ နားမထောင်တော့ဘဲ Taxi အတင်းငှားပြီး ပြန်လာခဲ့လေတော့သည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

'နင့်အလုပ်ရှင်ဥက္ကဋ္ဌဖြစ်နေလို့ ငါ သည်းခံပြီး ပေါက်ကွဲမပြလိုက်တာ သိလား ခခ၊ အရမ်းလွန်နေပြီဟာ၊ စိန်မြရံခြယ်ကို ဘယ်လိုမိန်းကလေးထင်နေလဲ မသိဘူး၊ အဓိပ္ပာယ်မရှိ ထောက်ပံ့ပါရစေတဲ့'

'ဟုတ်ပါရဲ့ဟာ၊ ဦးတိမ်သခင် ဘယ်လိုဖြစ်သွားရတာလဲ၊ ခတောင် စဉ်းစားမရဘူး၊ အရမ်းတည်ကြည်ပြီး တော်တယ်၊ နာမည်ပျက်လည်း လုံးဝမရှိဘူး၊ တစ်ခုတော့ရှိတယ်၊ လူပျိုကြီးဆိုတော့ ရံက အရမ်းချောတယ်လေ၊ ချစ်သွားတာလည်း ဖြစ်နိုင်တယ်'

'ချစ်သွားတာ ဟုတ်လား၊ ရံ့ကိုအထင်သေးတာဟာ၊ ငွေနဲ့ဖြားယောင်းမြှူဆွယ်တာ၊ ရံ့လိုကောင်မလေးတစ်ယောက်ကို သူ့လိုယောကျ်ားမျိုးက တရားဝင်အတိအလင်း လက်ထပ်ယူရဲမှာလား၊ ပွဲတက်မယားအဖြစ် သူ့ပတ်ဝန်းကျင်မှာရော ပွဲထုတ်ရဲလို့လား၊ အလကားပါဟာ၊ ခြေတော်တင်ချင်တာပါ၊ ရံ့ကို ထောက်ပံ့မယ့် Sponsor မဟုတ်လား'

'ရံ'





'တော်ပြီဟာ၊ ဒီလူကြီးအကြောင်း မပြောချင်တော့ဘူး၊ စိတ်လည်း မဝင်စားဘူး၊ အာရုံနောက်တယ်၊ ခခ စဉ်းစားကြည့်လေ၊ ရံက မောင်လေးနဲ့ ညီမလေးအတွက် စံပြပဲ၊ ပိုက်ဆံရှာမရလို့ ငတ်သေသွားပါစေ ဦးတိမ်သခင်ပေးမယ့် Sponsor ကိုတော့ လက်မခံဘူး ခခ'

'ကောင်းတယ်၊ ခလည်း ထောက်ခံတယ် ရံ၊ ချမ်းသာတာ၊ ဆင်းရဲတာထက် နာမည်ပျက်ကြီးနဲ့တော့ လူ့လောကကြီးထဲမှာ အသက်မရှင်ချင်ဘူး'

သူမအလုပ်ရှင် ဖြစ်နေရင်လည်း ရံ ဆန္ဒရှိသလို ဆက်ဆံနိုင်ပါတယ်တဲ့။ မျက်နှာထောက်ထားစရာ မလိုဘူးတဲ့။ သူငယ်ချင်းရဲ့စိတ်ဓာတ်ကို ရံ နှစ်သက်သဘောကျမိရသလို ခွန်အားတွေလည်း ဖြစ်မိသည်။

'ဦးတိမ်သခင်က နင့်ကို တကယ်လည်း ချစ်မြတ်နိုးနေတာ ဖြစ်နိုင်ပါတယ် ရံရယ်၊ လက်ခံတာ လက်မခံတာက နင့်အပိုင်းလေ၊ ဒါပေမဲ့ နင့်ကို အပျော်ကြံတာမျိုးဆိုရင်တော့ ဘယ်လောက်ကောင်းတဲ့ အလုပ်ဖြစ်နေပါစေ ခ အလုပ်ထွက်မယ်၊ အဲဒါမျိုး လုံးဝလက်မခံနိုင်ပါဘူး ရံ'

'အင်းလေ··· စောင့်ကြည့်ရမှာပဲ၊ ခ အလုပ်မထွက်ပါနဲ့၊ ရံကတော့ ဘယ်လိုနည်းနဲ့မှ ဦးတိမ်သခင်ကို လက်မခံဘူး'

'ထားလိုက်ပါတော့ဟာ၊ ခ ညစာစီစဉ်လိုက်ဦးမယ်'

'ရံ ဝိုင်းကူပေးမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'မကူနဲ့ ရတယ်၊ ဒါပေမဲ့ဟယ် ဟိုရှေ့ခန်းက ကိုစကြာဝဠာ နေမကောင်းသေးဘူးတဲ့၊ ကိုမိုးရိပ်က သူ့နောက်ကျမှာမို့ သွားကြည့်ပေးပါတဲ့၊ ဟဲ့··· ရုံ နင့်ကြောင့် အအေးမိတာလေ၊ သွားကြည့်လိုက်ပါဟာ'

'ယောကျ်ားလေးတစ်ယောက်တည်း နေတဲ့အခန်းကို သွားမကြည့်ချင်ပါဘူး၊ သူများပြောစရာဖြစ်မယ်'

'ဘယ်သူပြောမှာလဲဟ၊ တို့ပဲရှိတာ၊ နင် မကြည့်ချင်လည်း ခပဲ သွားကြည့်မယ်၊ နင် ငရုတ်သီးထောင်းပေးထား'

ခခက ပြောပြောဆိုဆိုနဲ့ ထွက်သွားတော့ ရုံ ဒေါသထွက်ပြီး ကျန်ရစ်ခဲ့သည်။ ကောင်စုတ်မ အတင်းဆွဲပြီး သွားကြည့်လိုက်ပါဟယ် ဟု နိုင်းပါလား။ ရုံက အိုက်တင်နဲ့ ငြင်းတာ။ ညကလည်း ဒီလိုပဲ။ သူပဲ သွားကြည့်ချင်နေတာဖြစ်မယ်။ ရုံ့ကို ငရုတ်သီးထောင်းထားတဲ့။ ခုက္ခပါပဲ။ ရုံ ငရုတ်သီးထောင်းတာ ဒေါသဖြစ်ဖြစ်နဲ့ တဒုန်းဒုန်းထောင်းမိသည်။

'ဟဲ့··· ရုံ အမလေး··· နင်ငရုတ်သီးထောင်းတာကလည်း ဖိတ်စင်ပြီး အသံကျယ်လွန်းတယ်'

'ငါ ငရုတ်သီး မထောင်းတတ်ဘူး ခရ'

'ထားလိုက်တော့၊ ကိုစကြာဝဠာဆီ ကော်ဖီတစ်ခွက်လောက် ပို့ပေးစမ်းပါ ရုံ၊ သူ့တို့ဆီမှာ ရေနွေးလည်းမရှိဘူး၊ ကိုစကြာဝဠာက ကော်ဖီပူပူလေးတစ်ခွက် သောက်ချင်တယ်တဲ့၊ ဆေးလည်းသောက်ရမယ်တဲ့လေ'





'ပေးပေး၊ ရုံ သွားပေးပေးမယ်၊ ကိုစကြာဝဠာက အပြင်မှာလား'

'အင်း'

ဒီတစ်ခါတော့ ရုံ အိုက်တင်မခံတော့ဘဲ ခ ဖျော်ပေးတဲ့ ကော်ဖီခွက်လေးကို ကပျာကယာယူ၍ သူ့အခန်းရောက်လာသည်။ ညှိခန်းမှာ သူ ထိုင်နေ၏။ ယောကျ်ားလေးတစ်ယောက် နေထိုင်တဲ့ အခန်းမို့ ရုံ့မျက်နှာလေး ပူထူနေမိသလိုပင်။ ရုံ့ကို တွေ့လိုက်သဖြင့် သူ့နှုတ်ခမ်းတွင် အပြုံးတွေ ထင်းသွားသည်။

'ကိုစကြာဝဠာ ကော်ဖီသောက်မလို့ဆို၊ ဆေးရော သောက်ရဲ့လားဟင်၊ ဖျားနေသေးလား'

'ကိုယ့်နဖူးကို စမ်းကြည့်ပေးပါဦး ရုံ၊ အဖျားရှိနေလားလို့'

'ဟင်'

'ဪ Sorry ရုံ၊ ကိုယ်က မိတ်ဆွေရင်းတွေသဘောနဲ့ အကူအညီတောင်းတာပါ၊ တောင်းပန်ပါတယ်'

ရုံ့ကိုလည်း အလွန်အကျွံကြီး ခင်မင်ရင်းနှီးမှု မယူရဲပေ။ ရုံ့မျက်နှာလေး တည်သွားလျှင်ပင် ဝဠာမနေတတ်တော့။ ရုံ့မျက်နှာလေးက အပြုံးအရယ်ပျက်မသွား၍ တော်သေးသည်။

'ရပါတယ်၊ နဖူးစမ်းတာလောက်တော့ ဘာမှမဖြစ်ပါဘူး၊ မိတ်ဆွေချင်းတွေပဲ'

ပထမတော့ ရုံ ရှက်သွားပြီး သူ ကိုယ်ပူမပူ သိချင်စိတ်လည်းရှိနေ၍ သူ့နဖူးကို စမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်က ပူနေသေးတယ်၊ ကော်ဖီသောက်လိုက်နော်၊ ဆေးသောက်ရမယ်လေ၊ အဖျားဆိုတာ သိပ်ကြာနေရင် မကောင်းဘူး'

'ရုံ'

'ဟင်'

'ရုံ့ကို ကိုယ် ပြောစရာရှိတယ်'

ရုံ့လက်ကလေးကို သူ ပေါက်ကွဲတုန်ရီစွာ ဆုပ်ကိုင်လိုက်သဖြင့် ရုံ့မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားသလို သူလည်း မထူးတော့ဘူးဆိုပြီး သူမ ခန္ဓာကိုယ်လေးကိုပါ သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားလိုက်မိသွားသည်။

'ရှင်… ရှင်… ဘာလုပ်တာလဲ၊ လွှတ်ပါ'

သူ့ရင်ခွင်ထဲ သူမကိုယ်လေး မထင်မှတ်ဘဲ ရောက်သွားချိန်တွင် သူ့ကိုယ်အပူရှိန် မြင့်တက်လာပြီး သူ အရမ်းအဖျားတွေ တက်ကာ စိတ်ကယောင်ကတမ်းတွေ ဖြစ်သွားပြီထင်သည်။

'ရုံ့ကို ချစ်တယ်၊ ကိုယ်ဘယ်လိုမှ ထိန်းချုပ်ထားလို့မရတော့ဘူး၊ ကိုယ် အရမ်းချစ်တယ် ရုံ'

'လွှတ်ပါ၊ ဘာတွေပြောနေတာလဲ၊ ကျွန်မကို ယောက်ျားလေးအခန်းထဲ ဝင်လာရဲတယ်ဆိုပြီး အထင်သေးတာလား ကိုစကြဝဠာ'

'မဟုတ်ပါဘူး ရုံ၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုမှ ထိန်းချုပ်ထားလို့ မရဘူး၊ ရုံ့ကို လက်လွှတ်ဆုံးရှုံးရမှာ ကိုယ်အရမ်းကြောက်နေတယ်၊ ကိုယ့်ရင်ထဲက အချစ်တွေ ဘယ်လိုမှ သိမ်းဆည်းထားလို့မရဘူး၊ ပွင့်ထွက်နေပြီ'





'ဖယ်ပါ၊ ရှင် အဖျားတွေ အရမ်းတက်နေပြီထင်တယ်၊ ကယောင်ကတမ်းတွေ လျှောက်ပြောနေတယ်၊ ကျွန်မ ပြန်တော့မယ်'

ရုံ့မျက်ဝန်းလေးတွေ တင်းသွားသဖြင့် ဝဠာ ဆက်ပြီး မပက်ထားရဲတော့ဘဲ ရုံ့ခန္ဓာကိုယ်လေးအား သူ့ရင်ခွင်ထဲမှ ဖယ်ထုတ်ပေးလိုက်ရလေသည်။

သူလည်း မိန်းကလေးတစ်ယောက်ကို ပွေ့ဖက်ဖို့ နေနေသာသာ တရင်းတနှီးပင် စကားပြောဆိုခဲ့ဖူးခြင်း မရှိ၍ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

ရုံ့မျက်နှာလေးပေါ်မှာလည်း ပန်းသွေးရောင်တွေ ဖြန်းပက်ထားသလို။ သူ့ရင်ခွင်ထဲမှာ ရုန်းထရင်း လဲပြိုကျရင်း သူက ပြန်ပွေ့ဖက်ထားရင်းနှင့် ဆေးသေသေချာချာသောက်ဦးနော်ဟု ကတုန်ကယင်ပြော၍ ပြေးထွက်သွားလေသည်။

'အား… ဝဠာ… မင်းနေမကောင်းတာ ကံကောင်းခြင်းလက်ဆောင်ပဲ၊ ရုံ့ကို ချစ်တယ်လို့ ပြောထွက်သွားတယ်၊ ရုံ့မျက်နှာလေးပေါ်မှာလည်း ဒေါသတွေ ကင်းစင်နေတယ်၊ OKပြီထင်တယ်'

သူ့ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေပျံလာပြီး အပူရှိန်တွေ ပျောက်သွားရကာ အဖျားတွေ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

'ရုံက ဆေးသောက်ခိုင်းထားတယ်၊ အဖျားတွေပျောက်သွားမှာတောင် ကြောက်တယ်၊ ဒီအဖျားလေးက ရုံနဲ့ အောင်သွယ်တော်ဖူးစာလုပ်ပေးသွားတာ'

သူပျော်ပြီး အခန်းထဲမှာ ထခုန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဝဠာ ဘာတွေလုပ်နေတာလဲ၊ တစ်ယောက်တည်း ကနေတာလား'

'ဟင်... ခခ ဟာ... ဘာလာလုပ်တာလဲ၊ ကနေတာမဟုတ်ပါဘူး၊ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်နေတာပါ'

'ဟို... ရုံကလေ ဆေးမတိုက်ခဲ့ရဘူး သွားကြည့်ပေးပါဦးဆိုလို့လေ'

'ဟုတ်သားပဲ၊ မသောက်ရသေးဘူး၊ စိတ်တွေကယောင်ကတမ်းနဲ့ ကျေးဇူးပဲ ခခ'

'သွားပြီနော်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါဦး ကိုဝဠာရယ်၊ ရာသီဥတုက စိုစွတ်ပြီးအေးတယ်၊ အအေးမခံပါနဲ့၊ ရုံက ပြောခိုင်းတာ'

'ရုံက'

'သွားပြီနော်'

ခခလည်း ယောက်ျားလေးတစ်ယောက်တည်း ရှိနေတဲ့ အခန်းဖြစ်၍ အဝကပင် ပြောစရာရှိတာတွေ ပြော၍ ပြန်လာခဲ့သည်။

'အမလေး ရုံရယ် ရှင့်လူနာကလေ ထပြီးတောင် ကနေသေးတယ်'

'ဟင်'

ကိုဝဠာ အရမ်းပျော်ပြီး ကနေတာပဲ ဖြစ်မယ်။ ရုံလည်း ရင်ခုန်နေတယ်။ သူ့ရင်ခွင်ထဲကိုပဲ မကြာခဏလိုလို လဲပြိုကျနေရတာ ရုံနှင့်သူ သံယောဇဉ်တွယ်ငြိစေဖို့ အကြောင်းအရာတစ်ခု ဖြစ်နေသည်။





'ရုံ'

'ဟင်'

'နင်တို့'

'ဘာလဲဟ'

'ချစ်သူတွေ'

'တော်ပြီ'

'ရုံ'

ခခက မသင်္ကာတဲ့မျက်လုံးပြူးပြူးကြီးတွေနှင့် ရုံ့လက်လေးအား ဖျတ်ခနဲဆွဲပြီး နင်ဘာလို့ လှို့ဝှက်နေတာလဲ အတိအကျဖြေလို့ အတင်းအကြပ် ပြောခိုင်းနေသည်။

'တကယ်ပါ ခရဲ့၊ သူနဲ့ငါ ချစ်သူတွေအဆင့် မရောက်သေးပါဘူးဟယ်'

'အဆင့်ရောက်လုနီးလား ရုံ'

ရုံ မဖြေခဲ့။ သူမ လက်ကလေးကို ရုန်းဖယ်ပြီး အိပ်ခန်းထဲ ပြေးဝင်လာခဲ့သည်။

'ရုံ တံခါးဖွင့်နော်၊ ခ အော်ပစ်မှာ၊ တံခါးကို ရိုက်ဖွင့်မှာနော်၊ သူငယ်ချင်းတွေ အချင်းချင်း ဘာတွေလှို့ဝှက်ထားရတာလဲ ဖွင့်စမ်း'

'ဒုန်း... ဒုန်း'

'ရုံ... စိန်မြရုံခြယ်... ဒုန်း'

ခခက အတင်းပဲ ဖွင့်ခိုင်းပြီး တံခါးကို ထုနေ၍ ရုံ ဖွင့်ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'နင် ညစာချက်ရမယ်လေ၊ ဘာတွေလာစပ်စုချင်ရတာလဲ'

'ဟဲ့… ရုံ နင်မှန်မှန်ပြောနော်၊ စောစောက နင် ဝဋ္ဌာကို ချစ်တယ်ဆိုတဲ့အဖြေ ပေးခဲ့တာလား'

'ဟွန်း… မေးပုံက ရုံ အဲဒီလောက် အညာမလွယ်ဘူး သိလား'

'ကိုဝဋ္ဌာက အရမ်းပျော်ပြီး ခုန်ပေါက်ကနေတယ်၊ နင့်မျက်နှာပေါ်မှာလည်း ရှက်သွေးတွေဖြန်းပြီး ပီတိတွေ ရွှန်းလဲ့တောက်ပနေတယ်'

ခခကို ထိန်ချန်လျှို့ဝှက်မထားချင်တော့သဖြင့် ကိုဝဋ္ဌာနှင့် ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာတွေကို အမှန်အတိုင်း မထိန်မချန် ပြောပြလိုက်သည်။

'ကဲ… အဲဒါပဲ ကိုဝဋ္ဌာက ရုံ့ကို ချစ်ခွင့်တောင်းတယ်'

'ရှင်လည်း ကိုဝဋ္ဌာကို ချစ်နေပြီမဟုတ်လား ရုံ'

'အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင်တော့ ကိုဝဋ္ဌာ့အပေါ် ရုံလေ ချစ်နေမိပြီထင်တယ်၊ သူ့အကြောင်းတွေးမိတိုင်း ရုံ ရင်ခုန်ရတယ်၊ ဒါပေမဲ့ ခခရာ မဖြစ်နိုင်ပါဘူး၊ နှစ်ယောက်လုံးက ဘဝအခြေခိုင်ကြတဲ့သူတွေ မဟုတ်ဘူးလေ၊ ရုံ့မှာ တာဝန်တွေရှိတယ်၊ လမ်းကြောင်း ကွေ့ကောက်သွားလို့ လုံးဝမဖြစ်တာပါ၊ ရုံကစပြီး ချစ်သူထားတာမျိုးမှ အဖြစ်မခံနိုင်တာ'

ညီမလေးခရမ်းပြာက အပျိုပေါက်မလေးဖြစ်တော့မည်။ ရုံ့





ကို အတုယူရင်၊ မောင်လေးခြံရုံကရော… ပြီးတော့လည်း သူမဘဝက ချစ်သူနှင့်ပျော်ရွှင်ခွင့်ရမည့် မိန်းကလေးမဟုတ်။

လောလောဆယ်တော့ အချစ်တွေကို ရုံ့ရင်ထဲမှာပဲ သိမ်းဆည်းထားပါရစေ ကိုဝဋ္ဌာရယ်။ ဒါပေမဲ့လည်းဖဲလ ကိုဝဋ္ဌာ့ကို ချစ်ပါတယ်။ အချိန်တစ်ခုခု စောင့်ကြမယ်လေ။ ရှင် သစ္စာရှိနိုင်မလား။ ခခကလည်း သူမဘက်ကနေ ထောက်ခံသည်။

'ဟုတ်တယ် ရုံ၊ မင်းတွေးခေါ်တာ ကောင်းတယ်၊ အလုပ်သင့်ဆုံးပဲ၊ ဖူးစာရှင်တွေမှန်ရင် တစ်နေ့နေ့ ပေါင်းဖက်ကြရမှာလေ၊ သိကြားမင်း နားကင်းကြီးနဲ့ ဆင်းတာတောင်မပျက်ဘူး'

'ခလည်း ဟင်းချက်တော့လေ၊ ရုံက ရပါတယ်၊ တဖြည်းဖြည်း တည်ငြိမ်ရင့်ကျက်လာအောင် ရုံ ကြိုးစားနေပါတယ်၊ ဗိုက်ဆာတယ်ဟာ မြန်မြန်လေး'

'OK'

ခခ ပြန်ထွက်သွားတော့မှ ရုံ စိတ်အေးလက်အေးနှင့် စာကြည့်စားပွဲမှာထိုင်၍ ကိုဝဋ္ဌာနှင့် ဖြစ်ပျက်ခဲ့ရတဲ့အကြောင်းတွေ စဉ်းစားရင်း သူမနှလုံးသားထဲအထိ အချစ်တွေ တိုးဝင်သွားပြီဖြစ်ကြောင်း ဝန်ခံရမည်ဖြစ်လေသည်။

'ဒါပေမဲ့လည်း ကိုဝဋ္ဌာရယ်… နှစ်ယောက်လုံး ဘဝအခြေမခိုင်ကြသေးဘူးမဟုတ်လား၊ ကြိုးစားကြမယ်လေ၊ ကိုဝဋ္ဌာ့ကို ရုံ ချစ်တယ်'

စိန်မြရုံခြယ်အတွက် ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့မိတာ ကိုဝဠာပဲ ပထမဆုံးဖြစ်သွားၡျလားမသိ။ နှလုံးသား တဆတ်ဆတ်ခုန်ခဲ့ရတာ သူမ အသိဆုံးပင်။ ပေါက်ကွဲလွင့်စင်ထွက် မကျအောင် အချိန်အတိုင်းအတာနှင့်အမျှ ထိန်းချုပ်ထားရမည့် ခံစားမှု ဝေဒနာတွေ ချစ်သူကို တမ်းတမ်းတတလေး ရှိနေခဲ့တာတော့ ရံ ဝန်ခံရမည် ဖြစ်လေသည်။

'ရံ… ဒီမှာ ဖုန်းလာနေတယ်၊ နှင့်ညီမလေး ခရမ်းပြာခြယ်'

ခခက သူမ Hand Rhone ကို လာပေးသည်။ ညီမလေး ခရမ်းပြာ ဖြစ်နေ၏။ စောစောက ချစ်သူအတွက် ရင်ခုန်လှိုက်မောခံစား ရမှုတွေ ပျောက်ဆုံးသွားသည်။

'မမရံ'

'ညီမလေးခရမ်းပြာ… နေကောင်းလား၊ အဆင်ပြေလား၊ ဘာလိုအပ်လဲကွယ် ပြောလေ'

'တီတီရော၊ ညီမလေးရော၊ ကိုကိုရော နေကောင်းကြပါ တယ်၊ ဟိုလေ… မမ အလုပ်ရပြီလားဟင်၊ ခရမ်းပြာတို့ ကျူရှင်ခ တွေ ပေးရတော့မယ်နော်၊ မမ ငွေလွှဲပေးမယ်ဆိုရင်လည်း ပေးဖို့သတိ ပေးတာပါ'

'အို… ဟုတ်သားပဲ၊ ပေးရမှာပေါ့၊ အလုပ်တွေရှုပ်သွားပြီး အရေးကြီးတာ မေ့နေတာပဲ၊ မနက်ဖြန် မမ လွှဲပေးလိုက်မယ်နော်'

'မမ အဆင်ပြေလား၊ အလုပ်ရော ရပြီလားဟင်'

'အင်း… ရပြီ၊ အဆင်ပြေတယ်၊ ဘာမှမပူနဲ့၊ ညီမလေး လိမ်လိမ်မာမာနေ၊ စားပဲကြိုးစားနော်'





'ဟုတ်ကဲ့ပါ၊ ကိုကိုလည်း နည်းနည်းတော့ လွတ်ချင်တယ်၊ အမြင်ထွက်တာတ်နေပြီ'

'ဟင်… ဟုတ်လား၊ အခု ခြံရံရော'

'အမြင်ထွက်သွားတယ်၊ မမရံ နည်းနည်းဆုံးမဦးနော်'

'အင်း… ကိုကိုခြံရံက ဘာပဲလုပ်လုပ် မမရံကို တိုင်နော်၊ တီတီကရော မဆုံးမလား'

'တီတီက တူတွေ တူမတွေကို အရမ်းအလိုလိုက်တာ မမရံ သိတာပဲ၊ ကိုကို လေချင်နေတယ်'

'အေး… အေး… ညကျရင် မမဖုန်းဆက်မယ်လို့ ပြောပြ နော်'

'မမ'

'ဟင်'

'ခရမ်းပြာကို ဆုလိမ့်မယ်'

'ညီမလေးတိုင်တာလို့ မမ လုံးဝမပြောပါဘူး၊ ဒါပဲနော်'

ညီမလေးနှင့်ဖုန်းပြောပြီး မောင်လေးအကြောင်း ကြားရတော့ စိတ်ထဲမှာပူပြီး တီတီလေးက အလိုလိုက်တယ်။ ရံ ဘယ်လိုဆုံးမ သွန်သင်ရမလဲ။ မေမေကလည်း မရှိ။ အစ်မဖြစ်တဲ့ ရံက အဝေးမှာ။ ခြံရံ့ကိုတော့ ဖုန်းဆက်ပြီး ဆုံးမရမည်ဟု တွေးမိသည်။

❐ ❐ ❐



www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

တိမ်သခင် ဘယ်လိုမှ သည်းခံနိုင်စွမ်းမရှိလောက်အောင် စိန်မြရုံခြယ်အတွက် စိုးရိမ်ပူပန်မှုတွေ အထွတ်အထိပ်ရောက်နေလေသည်။

စိန်မြရုံခြယ်ရဲ့မိသားစု နယ်မှာ အခက်အခဲ ဒုက္ခတွေနှင့် ရင်ဆိုင်နေကြရသလို စိန်မြရုံခြယ်မောင်လေး ခြံရုံခြယ်တစ်ယောက် သူငယ်ချင်းအပေါင်းအသင်းတွေ မှားယွင်းပေါင်းနေကြောင်း တိမ်သခင် စုံစမ်းသိရှိထားလေသည်။

စိန်မြရုံခြယ်ကိုယ်တိုင် ဆေးကျောင်းအထိတက်နိုင်တဲ့ ပညာအရည်အချင်း ရှိနေပါလျက်နှင့် ဘဝကို ရုန်းကန်ကြိုးစားဖို့ အလုပ်ရှာနေရရှာ၏။ လခက ဘယ်လောက်ရမှာလဲ။ မောင်လေးနှင့် ညီမလေးအတွက် ဘယ်လောက်ပံ့ပိုးဖြည့်စွမ်းပေးနိုင်မှာလဲ။ တိမ်သခင် အကူအညီပေးချင်ပေမယ့်လည်း စိန်မြရုံခြယ်က လက်ခံမှာမဟုတ်။

သူ့အစ်မကြောင့်ဟုသာသိလျှင် မိုးအထိ မီးလောင်နိုင်တဲ့ ဒေါသမီးတောက်တွေ အလျှံညီးညီး ထတောက်သွားနိုင်သည်။





'စိန်မြရုံခြယ်ရယ်… ကိုယ် အရမ်းစိတ်ထိခိုက်ကြေကွဲနေရပါတယ်ကွာ၊ ဘာကြောင့်များ မင်းတို့မိသားစုဘဝလေး ပြိုကွဲရတာ၊ မင်းတို့မိသားစု ပြိုကွဲအောင် ကြံစည်ဖန်တီးသူက ကိုယ့်အစ်မဖြစ်နေရတာလဲ'

သူ့ရင်ထဲမှာ တစ်ကြိမ်တစ်ခါမျှပင် ခံစားဖြစ်ပေါ်ရခြင်းမရှိခဲ့တဲ့ အချစ်တွေ စိန်မြရုံခြယ်နှင့်တွေ့မှ သူ့နှလုံးသားထဲအထိ စူးနစ်တိုးဝင် ချစ်နေမိရတာလဲ။ ကိုယ်အရမ်းချစ်တယ်။ မင်းတို့ဘဝလေး ပြည့်စုံချမ်းသာသွားအောင် ကိုယ့်စည်းစိမ်ဥစ္စာတွေ ပုံအောပြီး ထောက်ပံ့စောင့်ရှောက်ပါရစေကွာ။

ဒီအကြောင်းတွေသာသိလျှင် ကမ္ဘာပေါ်မှာ စိန်မြရုံခြယ်အမုန်းတီး အရွံရှာဆုံးက တိမ်သခင်ဖြစ်သွားနိုင်လေသည်။

'ကိုယ် ရှင်းပြချင်ပါတယ် ရုံ၊ မမနိုးလုပ်ရပ်ကို ကိုယ်ဘယ်တော့မှ မထောက်ခံခဲ့ပါဘူးလို့၊ အမြဲတမ်း ရွံရှာစက်ဆုပ်နေခဲ့တာပါလို့'

သူ အရက်ကို တစ်ခွက်ပြီးတစ်ခွက် မော့သောက်ပစ်သည်။ ယခင်က ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေက မမနိုးနှင့်ဝေးအောင်နေပြီး မေ့ပျောက်နိုင်ခဲ့ပေမယ့် စိန်မြရုံခြယ်ကို သူ ချစ်မိသွားတဲ့အချိန်မှာတော့ ဘယ်လိုမှ ဖြေသိမ့်လို့မရနိုင်ခဲ့။

ဒေါသတွေက မီးတောင်ကြီးတစ်ခု ပေါက်ကွဲသလို သူ့ရင်ထဲမှာ ပေါက်ကွဲနေရ၏။ သူ ထိုအဖြစ်အပျက်တွေ မေ့ပျောက်သွားစေရန် အရက်ကို သောက်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးစိန်ခြယ်… ခင်ဗျားကြီး တော်တော်တာဝန်မဲ့တာပဲ၊ မိသားစုအပေါ် ရက်စက်တယ်၊ ခင်ဗျား သားနဲ့သမီးတွေ ခိုကိုးရာမဲ့ ဖြစ်နေပြီဗျ'

ဦးစိန်ခြယ်က မမနီးကို မစွန့်လွှတ်နိုင်ဘဲ မမနီးမျက်နှာ တစ်စက်ကလေးမှ အညှိုးမခံဘဲ အချစ်သူရဲကောင်းကြီးအဖြစ် ဝိဝိ ပြင်ပြင် ပြသနေသည်။ သားသမီးတွေနှင့် ပတ်သက်မှုကို ယောင်မှား ပြီးပင် မလုပ်ရဲခဲ့။ မမနီးကို ဦးစိန်ခြယ်အပေါ် ဒီလောက်ကြီးလွှမ်းမိုး မထားဖို့ သူ တားဆီးပေမယ့် လက်မခံ။

သူမအား ငယ်ရွယ်သူဆိုပြီး မထေမဲ့မြင်မပြုဝံ့စေရန် နှိပ်ကွပ် ထားခဲ့၏။ ဒီနေ့တော့ တိမ်သခင် ရှောင်နေလို့မဖြစ်တော့ဘူး။ နှစ်ပေါင်း များစွာ ရှောင်ရှားနေလာခဲ့သော ဦးစိန်ခြယ်နှင့် တွေ့ဆုံရမည်ဖြစ်လေ သည်။

'ခင်ဗျားမိသားစုကို ခင်ဗျားထောက်ပံ့ရမယ်၊ ခင်ဗျား စောင့် ရှောက်ဖို့ လိုအပ်နေပြီဗျ'

သူသောက်နေတဲ့ အရက်ကလည်း တစ်ပုလင်းကုန်သွားပြီ ဖြစ်၍ တိမ်သခင် အစသတ်ပြီး သူ ခြံထဲ ဆင်းလာသည်။

'မောင်တိမ်သခင်… ဘယ်သွားမလို့လဲ၊ အရမ်းမူးနေပြီ၊ ကားမောင်းလို့ မရဘူးထင်တယ်'

'ရတယ် ဦးထွန်း၊ ဘာမှမဖြစ်ဘူး မပူနဲ့'

ဒရိုင်ဘာကြီး ဦးထွန်းက တားဆီးနေပေမယ့် သူ ဖွတ်ပဲ ကားပေါ်တက်၍ စက်ကို နှိုးပစ်လိုက်သည်။ သူ မမနီးအိမ်ကို သွား





တာ ပတ်ဝန်းကျင်ကိုလည်း မသိစေလိုပေ။ သူ တာမင်ရဲဆေးတင်ပြီး မောင်းလာခဲ့တာပါ။ မမနီးဆီရောက်တော့ ဦးစိန်ခြယ်နှင့်တွေ့သည်။

'မောင်တိမ်သခင်… မင်း… မင်း ရောက်လာတာလား၊ မင်း အရက်တွေ အရမ်းမူးနေပြီထင်တယ်'

နီးနီးရဲ့မောင် ရောက်လာတာ ထူးဆန်းအံ့ဩသွားရသော ဦးစိန်ခြယ်။ မျက်နှာပူရပေမယ့် ပျာပျာသလဲ ဆီးကြိုရင်း အရမ်းမူးနေ သည့်အတွက် ပြဿနာတစ်ခုခုတော့ ရှိနိုင်သည်ဟု ထင်မိသည်။

'မောင်တိမ်သခင် ဘာကိစ္စများ ရှိလို့လဲ၊ နီး မရှိဘူး'

'ကျွန်တော်က ဦးစိန်ခြယ်နဲ့တွေ့ဖို့လာတာပါ၊ အဖေတစ် ယောက်အနေနဲ့ ဒုက္ခရောက်နေကြတဲ့ သားသမီးတွေကို စောင့်ရှောက် ဖို့ လာပြောတာ'

'ဟင်'

'ခင်ဗျားသမီး စိန်မြရဲ့ခြယ်က တက္ကသိုလ်ဝင်တန်းမှာ ဂုဏ်ထူး တွေနဲ့ အောင်ခဲ့ပေမယ့် အခု တစ်လငါးသောင်းလောက် အလုပ်လေး ရဖို့ မျက်နှာငယ်ငယ်နဲ့ ကုမ္ပဏီတွေမှာ လျှောက်နေရတယ်၊ ကျန်ခဲ့တဲ့ မောင်လေးနဲ့ ညီမလေးအတွက်လေ'

'ကိုယ့်မိသားစုဘဝက ကျန်ခဲ့ပါပြီ မောင်တိမ်သခင်၊ ကျန်ခဲ့ တဲ့ မိသားစုအတွက် ကိုယ်အများကြီး ထားခဲ့တာပဲလေ'

'ဘာဗျ… ခင်ဗျားကြီး တာဝန်မဲ့လှချည်လား၊ စီးပွားရေး ဘာတစ်ခုမှ မလုပ်တတ်တဲ့ အမေနဲ့ ထားခဲ့တာဗျ၊ ကျွန်တော် ပိုက်ဆံ တွေအများကြီးပေးပါ့မယ်၊ မမနီးမသိအောင်ဘဲဖြစ်ဖြစ် သွားထောက်ပံ့ ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ခြယ်လည်း သားသမီးတွေကို တွေ့ချင်ပါတယ်။ အခု သူ့မှာ စည်းစိမ်ချမ်းသာတွေ မရှိတော့။ နိုးနိုးကြောင့် ကုန်သွားပြီ ဖြစ်သည်။ မောင်ဖြစ်သူရဲ့ ထောက်ပံ့ပေးကမ်းမှုတွေကို ခံယူနေရတဲ့ ဘဝ။

ခက်နေတာတစ်ခုက ချစ်ဇနီးငယ်လေး နိုးနိုးကို မစွန့်လွှတ်နိုင်ခြင်းပင်။ သမီးကြီးက ငယ်သေးတယ်။ မိမိ တာဝန်မကျေဘူးဆိုတာတော့ မိသားစုကို ထားရစ်ခဲ့ကတည်းကပင် သိသည်။

'ဦးစိန်ခြယ် သွားစောင့်ရှောက်ပေးပါဗျာ၊ မောင်နှမတွေ ဖရိုဖရဲ ဖြစ်နေကြတယ်'

'မောင်တိမ်သခင်နဲ့ ဘယ်လိုဆုံမိကြတာလဲ၊ သမီးကြီး လာပြောတာလား'

'မပြောပါဘူး၊ ကျွန်တော့်ကုမ္ပဏီမှာ အလုပ်လာလျှောက်တာလေ၊ ဦးစိန်ခြယ်ရဲ့သမီး စိန်မြရုံခြယ်ဆိုကတည်းက ကျွန်တော် သိလိုက်တာပါ၊ ကျန်တဲ့ကလေးတွေက နယ်မှာလေ'

ဦးစိန်ခြယ်ရဲ့သမီးကို ကျွန်တော် အရမ်းချစ်မြတ်နိုးနေမိတယ် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော်က ဦးစိန်ခြယ်ကို ယောက္ခမရော၊ ယောက်ဖရော တော်ရမှာလား။

တိမ်သခင်ရဲ့ နှလုံးသားထဲမှာ ချွန်မြလွန်းသော အပ်တွေ အချောင်းဒါဇင်ပေါင်းများစွာ ထိုးစိုက်ခြင်း ခံထားရသလိုပင်။ စိန်မြရုံခြယ်အား တွေးပွေ့နှစ်သိမ့်ပေးဖို့ရော၊ ရယူပိုင်ဆိုင်ဖို့ရော လုံးဝမဖြစ်နိုင်တဲ့ အခြေအနေ ဖြစ်နေလေသည်။





'မောင်တိမ်သခင် ပြန်ပါ၊ အစ်ကိုကြီး ကြိုးစားကြည့်ပါ့မယ်၊ နိုးနိုးအကြောင်းလည်း မောင်တိမ်သခင် သိထားတဲ့အတိုင်းပဲလေ'

ဦးစိန်ခြယ်အား တိမ်သခင် ဒေါသတွေပေါက်ကွဲပြီး တစ်စုံတစ်ခု မိုက်မိုက်မဲမဲ လုပ်ပစ်ချင်တဲ့အထိ ဖြစ်လာလေသည်။ သားသမီးတွေ ဒုက္ခရောက်နေသည်ပြောတာတောင် အေးစက်စက်။

သူ့မျက်စိရှေ့မှာ မြင်မြင်သမျှအရာတွေအားလုံး ရိုက်ခွဲဖျက်ဆီးပစ်ချင်တယ်။ ခင်ဗျားကြီး ဘာဖြစ်လို့များ တာဝန်မဲ့ရတာလဲ ဦးစိန်ခြယ်။

'ကျွန်တော့်ဆီက ငွေတွေ ကြိုက်သလောက် လာယူသွားပါ၊ သားသမီးတွေကို ပြန်စောင့်ရှောက်ပါ၊ ကျွန်တော် အနူးအညွတ်တောင်းဆိုပါတယ်ဗျာ'

'ကောင်းပါပြီ မောင်တိမ်သခင်၊ ကိုယ်စောင့်ရှောက်မှာပါ၊ ကိုယ့်ရဲ့ဆိုးဝါးလွန်းတဲ့ ကံကြမ္မာနဲ့ ဝဋ်ကြွေးထင်တယ်၊ ကိုယ် တာဝန်မဲ့တဲ့အဖေဖြစ်ရတာ ဝဋ်ကြွေးပဲ'

တိမ်သခင် ပြန်လာခဲ့သည်။ စိန်မြရုံခြယ် ရှိနေနိုင်မည့် ဘတ်စ်ကားဂိတ်ကို သူရောက်လာတော့ စိန်မြရုံခြယ်နှင့် လူငယ်တစ်ယောက် ရယ်ရယ်မောမောနှင့် ဘတ်စ်ကားဂိတ်မှာ စကားပြောနေတာ တွေ့လိုက်ရသဖြင့် သူ့မျက်ဝန်းတွေ မီးဝင်းဝင်းတောက်သွားရ၏။ ကားကို သူမတို့စုံတွဲ ရှိနေတဲ့နေရာမှာ ဝေါခနဲ ထိုးရပ်ပစ်လိုက်လေသည်။

'စိန်မြရုံခြယ်… မင်းဘာလုပ်နေတာလဲ၊ လာ… ကားပေါ်တက်'



www.burmeseclassic.com

www.burmeseclassic.com



'ဦးတိမ်သခင်... ကျွန်မ ဒီမှာ...'

'ကားပေါ်တက်ပါ၊ ကိုယ် မင်းကို ပြောစရာရှိတယ်၊ ညီလေး မင်းပြန်ပါ၊ စိန်မြရုံခြယ်ကိုတော့ ကိုယ် ခေါ်သွားမယ်'

'ဒီမှာ'

'Sorry ကွာ၊ နောက်မှပြောကြတာပေါ့ မောင်ရင်၊ စိန်မြရုံခြယ် သွားမယ်'

စိန်မြရုံခြယ်ရဲ့ လက်ကိုဆွဲပြီး ကားထဲပစ်သွင်းလိုက်ကာ မောင်းထွက်လာခဲ့လေသည်။

'ဦးတိမ်သခင် ဘာလုပ်တာလဲ၊ တောင်းပန်ပါတယ်၊ ကျွန်မ ကို ဒီလိုမလုပ်ပါနဲ့'

'မင်း ဘာဖြစ်လို့ ချစ်သူထားရတာလဲ၊ မင်းက မောင်နှမတွေ ရဲ့ စံပြလေ'

'ယောကျ်ားလေးတစ်ယောက်နဲ့ တွဲတိုင်း ချစ်သူလား၊ မိတ် ဆွေသူငယ်ချင်းအနေနဲ့တောင် မပြောရဘူးလား'

'လူမြင်လို့ မကောင်းဘူးထင်တယ် စိန်မြရုံခြယ်'

'ဦးတိမ်သခင် အဲ့ဒီလို ပိုင်စိုးပိုင်နင်းတွေ မလုပ်ပါနဲ့ရှင်၊ ပြီးတော့ အရက်တွေ အရမ်းမူးလာပြီ ထင်တယ်'

'ဟုတ်တယ်၊ ငါ အရမ်းမူးလာတယ်၊ မင်းနဲ့ပတ်သက်တာ တွေပဲ အမြဲတမ်း တွေးမိနေလို့ မူးအောင်သောက်မိတာလေ၊ ကိုယ် အရက်သမားမဟုတ်ဘူး၊ ဒါပေမဲ့ အခုတလော ကိုယ် အရက်ကို မူးအောင်သောက်မိနေတယ်'





'ကျွန်မကို မေ့ပစ်လိုက်ပါ ဦးတိမ်သခင်၊ မဖြစ်နိုင်ပါဘူး၊ ကားကို ရပ်ပေးပါ၊ ဘယ်ကိုမောင်းနေတာလဲရှင့်၊ မြို့ပြင်ရောက်နေပြီ၊ ကျွန်မ အချိန်နဲ့ အိမ်ပြန်ရမယ်'

ကိုစကြာဝဠာက ဘယ်လိုထင်မလဲ။ ရုံ့ကို သူဌေးကြီးတစ် ယောက်နဲ့ ပတ်သက်ဆက်ဆံနေတယ်ဆိုပြီး အထင်သေးပြီး ရုံချစ်တာ ကိုဝဋ္ဌာပဲ။ ဆင်းရဲရဲ ချမ်းသာသာ ရုံ ချစ်သည်။ ဦးတိမ်သခင် ဘာ တွေအရူးလာထနေတာလဲ။ ရုံ့အပေါ် ပိုင်စိုးပိုင်နင်းလာလုပ်နေတာကြီး ကို ရုံ မုန်းမိသည်။

'ကားကို ပြန်ကွေ့ပါ၊ ကျွန်မ အသေခံမှာနော်၊ ဦးတိမ်သခင် ချမ်းသာတယ်ဆိုပြီး အနိုင်မကျင့်ပါနဲ့၊ ကျွန်မလုံးဝမချစ်ဘူး၊ မုန်းတယ်၊ ကျွန်မ အဲ့ဒီလိုလူမျိုးတွေကို အရမ်းမုန်းတာပဲ'

ရုံ့ထံမှ အရမ်းမုန်းတယ်ဆိုတဲ့ စကားတွေက သူ့နှလုံးသား ကို ဓားတစ်ချောင်းနှင့် ထိုးခွဲလိုက်သလို နာကျင်ပေါက်ကွဲစွာ ကား မောင်းနေရင်း သူ့စိတ်တွေ ဆောက်တည်ရာမရအောင် ခံစားလိုက်ရ ကာ သူ့မျက်လုံးတွေလည်း ပြာဝေမူးနောက်သွားရလေသည်။

'အား... အမလေး... ဒုက္ခပါပဲ၊ ကားကိုရပ်လိုက်ပါတော့ ဦးတိမ်သခင်၊ တောင်းပန်ပါတယ်၊ ကျွန်မတို့ အေးအေးဆေးဆေး ဆွေးနွေးကြမယ်၊ ရပ်ပါ'

ဦးတိမ်သခင် အရူးတစ်ယောက်ကဲ့သို့ပင် ကားကို ဦးတည် ရာမဲ့ မောင်းနှင်ရင်း ကားလမ်းမပေါ်မှာ ကားက ဘယ်ညာယိမ်းခါ ရမ်းနေ၍ ရုံ အထိတ်တလန့်အော်ဟစ်တားဆီးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးတိမ်သခင် သတိထားစမ်းပါဦး၊ စိတ်တွေရော မှန်ရဲ့လား'

ဦးတိမ်သခင်ကားလေးက လမ်းဘေးထိုးရပ်သွား၍ ရံ စိတ်အေးသွားရသည်။ ရံ မသေနိုင်သေးပါဘူး။ မောင်လေးနှင့် ညီမလေး ဘဝရှေ့ရေးက ရှိသေးသည်။

'ဦးတိမ်သခင်… သတိထားပါဦး၊ တကယ်လို့ ဦးတိမ်သခင်က ကျွန်မကို ချစ်မြတ်နိုးပါတယ်ဆိုရင် ကျွန်မဘက်ကနေ မဖြစ်နိုင်ဘူးလို့ ငြင်းပါရစေ'

'မင်း… မင်း ဘယ်လောက်ပဲငြင်းငြင်း ကိုယ့်ဘက်ကတော့ တစ်ဖက်သတ်ပဲဖြစ်ပါစေကွာ မင်းကို ချစ်နေမယ်၊ ကိုယ့်ချစ်သူလို့ သတ်မှတ်ထားမယ်၊ မင်း ကိုယ့်အထောက်အပံ့အစောင့်အရှောက်ကို ခံယူရမယ် စိန်မြရုံခြယ်'

'ဟာ… ဒုက္ခပါပဲ၊ အဲဒီလို တစ်ဖက်သတ်ကြီးလုပ်နေတာ အနိုင်ကျင့်နေတာ ကျွန်မ် လုံးဝလက်မခံနိုင်ဘူး၊ ဦးတိမ်သခင်က ချမ်းသာပြီး ပြည့်စုံတဲ့လူပါ၊ ရုပ်ရည်ရူပကာလည်း ခန့်ညားချောမောပါတယ်၊ ကျွန်မလို အစုတ်အနုတ်ကောင်မလေးတစ်ယောက်ကို ဒီလောက်ကြီး အရူးအမူး စွဲလန်းနှစ်သက်နေစရာအကြောင်းမရှိပါဘူး၊ အပျော်ကြံချင်တာပဲ ဖြစ်နိုင်မယ်'

မင်းကို ကိုယ် စတွေ့တွေ့ချင်းပဲ နှလုံးသားအထိ တိုးဝင်ချစ်မိသွားရတာပါ စိန်မြရုံခြယ်။ ကိုယ့်ရင်ထဲအထိ မင်းကိုချစ်တဲ့အချစ်တွေ တိုးဝင်သွားတဲ့အချိန်မှာ မင်းက ကိုယ့်အစ်မခင်ပွန်း ဦးစိန်ခြယ်ရဲ့ သမီးဖြစ်နေတယ်။ ကိုယ် အရမ်းရူးသွပ်နာကျင်ကြေကွဲရတယ်ကွာ။





ကိုယ့်အသည်းနှလုံးတွေ ဟက်တက်ကွဲနေပြီ။ ကိုယ့်အစ်မကြောင့် မင်းတို့မိသားစုလေး ပြိုကွဲသွားရတယ်။ မိသားဂုတွေ ဒုက္ခရောက်ရတယ်။

မင်းအဖေထားခဲ့တုန်းက မင်းတို့ ကိုယ့်အစ်မကို ဘယ်လောက်အထိနာကျည်းမုန်းတီးနေကြမလဲ။ စိန်မြရုံခြယ်ကို ကောင်လေးတစ်ယောက်နှင့် တွဲ၍ တွေ့လိုက်သဖြင့် သူ့စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ နှစ်ယောက်အတူတူ သေပစ်ချင်တဲ့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်ပေါ်သွားရလေသည်။

'စိန်မြရုံခြယ်… မင်း… မင်း တွဲရပ်နေတဲ့ကောင်လေးက ဘယ်သူလဲ၊ ဘာလုပ်တာလဲ၊ မင်းနဲ့ ဘဝတူတွေထင်တယ်၊ ပြောလေ'

'ကျွန်မ အမှန်အတိုင်းပဲ ဝန်ခံမယ် ဦးတိမ်သခင်၊ သူနဲ့ကျွန်မတို့က ချစ်နေကြတဲ့ ချစ်သူတွေပဲ၊ ဒါပေမဲ့ ဘဝကို အခြေအနေတစ်ခုအထိ စောင့်ကြမယ်၊ ကျွန်မချစ်တာ သူပဲ၊ ကျွန်မတို့ကို မနှောင့်ယှက်ဖို့ တောင်းပန်ပါတယ်'

'မဖြစ်ဘူး၊ မင်း အဲဒီလိုလုပ်လို့ မဖြစ်ဘူး စိန်မြရုံခြယ်၊ မင်းမောင်လေးနဲ့ ညီမလေးဘဝ နစ်သွားလိမ့်မယ်၊ မင်းရည်းစားမထားသင့်ဘူး၊ 'မင်းရွေးချယ်ရမယ့်ယောကျ်ားက ကိုယ်ပဲ'

'အဓိပ္ပာယ်မရှိတာပဲ ဦးတိမ်သခင်၊ ကျွန်မကို ရှင်ဘယ်လိုအတိုင်းအတာအထိ လက်ထပ်ယူနိုင်မလဲ၊ လူကြီးစုံရာနဲ့ တောင်းနိုင်မလား'

ကိုယ် တောင်းနိုင်ပါတယ် စိန်မြရုံခြယ်။ ဒါပေမဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



မင်း လက်ခံနိုင်မှာမဟုတ်ပါဘူး။ မင်းနဲ့ လက်ထပ်ဖို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တဲ့ အခြေအနေပါ။ မင်းအဖေက ကိုယ့်ယောက်ဖဖြစ်နေတာကွ။ စိန်မြရုံခြယ်ရဲ့ ပခုံးလေးနှစ်ဖက်ကို သူ ဆတ်ခနဲ ဆုပ်ကိုင်ထားမိသွားသည်။

'ဟင်… ဘာလုပ်မလို့လဲ ဦးတိမ်သခင် လွှတ်ပါ၊ ပြန်ကြရအောင်ပါ၊ မိုးတွေတောင် မှောင်မည်းလာပြီ၊ မိုးရွာတော့မယ်၊ မြို့ပြင်တောင် ရောက်နေတယ်၊ ကျွန်မကို ပြန်ပို့ပေးပါနော်'

ရုံ ငိုပစ်ချင်နေပြီ။ ဦးတိမ်သခင်ရဲ့ မျက်ဝန်းတွေထဲမှာ အလိုရမ္မက်ပြင်းပြင်း အချစ်တွေ ရှိမနေပေမယ့်လည်း ကြေကွဲဆို့နင့်စွာ ရီဝေစိုစွတ်နေသော မျက်ရည်တွေ ဖုံးလွှမ်းနေသည်။

ဘာကြောင့်လဲ ကျွန်မလိုအဆင့်အတန်းမျိုးက ကောင်မလေးတစ်ယောက်ကို ဦးတိမ်သခင်ရဲ့ ပွဲတက်မယားအဖြစ် မတင့်တယ်နိုင်တာ မဟုတ်လား။ ချမ်းသာကြွယ်ဝလွန်းတဲ့ ဦးတိမ်သခင်ကဲ့သို့ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ကျွန်မ ဘယ်လိုနည်းနဲ့မှ မယုံဘူး။

သူမလက်မောင်းလေးတွေနှင့် သူ့လက်တွေကို ခပ်ကြမ်းကြမ်း ဖယ်ထုတ်ပစ်သည်။

'မင်း ဆေးကျောင်းပဲ တက်ပါကွာ စိန်မြရုံခြယ်ရယ်၊ ပြီးတော့ မင်းမောင်လေးနဲ့ ညီမလေးကိုလည်း ရန်ကုန်ခေါ်ထားပါ၊ မင်းမောင်လေးက လူပေါင်းမှားသွားရင် ပျက်စီးသွားနိုင်တယ်၊ မင်းမျက်စိအောက်မှာ ထားပါ၊ ကိုယ်စောင့်ရှောက်ပေးပါ့မယ်၊ လက်ခံပေးပါ စိန်မြရုံခြယ်'





မောင်လေးအတွက်တော့ ရုံ တော်တော်လေးစိတ်ပူနေမိလေသည်။ ညီမလေးခရမ်းပြာကလည်း ပြောတယ်။ မောင်လေးခြံရုံခြယ် ပျက်စီးစပြုနေပြီတဲ့။ ရုံ သွားကြည့်ရဦးမယ်။

ညီမလေးကလည်း ကျူရှင်ခတွေ တောင်းနေတယ်။ ရုံ့မှာက တစ်လစာလောက်ပဲ အသုံးစရိတ် ကျန်တော့တယ်။ ဦးတိမ်သခင် ပြောသလို သူမ အမှန်ကန်ဆုံး ရွေးချယ်ရမှာက ဦးတိမ်သခင်လို ယောကျ်ားမျိုးလား။

သူမ ခေါင်းကို ခါရမ်းပစ်မိလေသည်။ ဦးတိမ်သခင်လို ယောကျ်ားက စိန်မြရုံခြယ်ကို တိတ်တိတ်ပုန်းအပျော်မယားအဖြစ်ပဲ Sponsor ပေးနေမှာပါ။ ရုံ မနှစ်သက်မိ။

ရုံတို့ဖေဖေတောင် အငယ်အနှောင်းလေးရဲ့ စွဲဆောင်စည်းရုံးသိမ်းသွင်းမှုကြောင့် မိသားစုဘဝ ပျက်သွားခဲ့ရ၏။ နာမည်ပျက်အမည်းစက်ကြီးက ရုံတို့မောင်နှမတွေအပေါ်မှာ အုပ်မိုးထားနေသည်။ အခု အစ်မဖြစ်သူ ရုံကပါ အဖတ်ဆယ်လို့မရတဲ့ အမှားအယွင်းအမည်းစက်တစ်ခု ညီမလေးခရမ်းပြာထံ စွန်းထင်းပေကျံစေရန် လုပ်ဆောင်ဦးမလို့လား။

ဦးတိမ်သခင်က သူမ ပခုံးပေါ်မှ လက်တွေကို ဖယ်ရှား၍ ကားစက်ကို ပြန်နှိုးလိုက်သဖြင့် ရုံ နည်းနည်းလေးအသက်ရှူချောင်သွားရလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

'ဝူး… ဝူး…'

'ဝူး… ဝူး…'

'ဟာ… ဒုက္ခပါပဲကွာ၊ ကားက စက်နိုးလို့မရဘူး၊ ဆီပိတ်တာထင်တယ်'

'ရှင်'

'စိန်မြရုံခြယ်… မင်းမကြောက်ပါနဲ့၊ ကိုယ်ပြန်ပို့ပေးဖို့ပဲ ကားက အရေးထဲမှာ စက်ပျက်ချင်နေတယ်'

'ဟင်… မိုးတွေကလည်း မှောင်နေတာပဲ ဦးတိမ်သခင်၊ ကျွန်မ ပြန်ဖို့အရမ်းနောက်ကျလို့မဖြစ်ဘူး၊ တမင်တကာတော့ ကားပျက်ချင်ယောင် မဆောင်ပါနဲ့နော်'

'မင်းက ကိုယ့်ကို ဒီလောက်အထိပဲ အထင်သေးရလား စိန်မြရုံခြယ်၊ ကိုယ် မင်းကို အရမ်းချစ်မြတ်နိုးမိပေမယ့် မင်းဘဝကိုတော့ ရုတ်ပြတ်သတ်သွားအောင် မလုပ်ရက်ပါဘူး'





'ရုံ တောင်းပန်ပါတယ်နော်၊ အမြန်ပြန်ကြရအောင်ပါ၊ တော်ကြာ အရမ်းနောက်ကျသွားရင် ဟိုလေ ခခ စိတ်ပူနေလိမ့်မယ်၊ ပြီးတော့လည်း ကိုဝဠာက အထင်လွဲလိမ့်မယ်ထင်တယ်'

'ဘာပြောတယ်'

'ဟင်'

'ကိုဝဠာအထင်လွဲမှာ မင်းကြောက်နေတယ် ဟုတ်လား'

'ဟို… ဟိုလေ အဲဒီလိုလည်း မဟုတ်ပါဘူး၊ ပတ်ဝန်းကျင်မှာ အတင်းပြောစရာဖြစ်မှာလည်း ကြောက်တယ်'

'စိန်မြရုံခြယ်'

'ရှင်'

သူ့ခန္ဓာကိုယ်ကြီးက စိန်မြရုံခြယ်ရဲ့ ခန္ဓာကိုယ်လေးအား အုပ်မိုးထားလိုက်တော့ သူမ မျက်လုံးပြူးမျက်ဆန်ပြူးလေးနှင့် ကြောက်လန့်တကြား ငြင်းပယ်ရန် ဟန်ပြင်နေစဉ် တိမ်သခင်က ဒေါသကလည်းဖြစ်နေ၊ တခြားယောကျ်ားတစ်ယောက်အပေါ် သံယောဇဉ်အမျှင်တန်းသယောင်စကားတွေ ကြားလိုက်ရ၍ ဒေါသတွေပေါက်ကွဲစွာဖြင့် စိန်မြရုံခြယ်ရဲ့ မျက်နှာပေါ် ပိုမိုနီးကပ်အောင် သူ့မျက်နှာကိုအုပ်မိုးထားလိုက်သည်။

'ဘာလုပ်မလို့လဲ၊ ကျွန်မကို အဲဒီလိုမဆက်ဆံပါနဲ့ ဦးတိမ်သခင်၊ ကျွန်မအသားကို နည်းနည်းလေး ထိလို့ကတော့ နောက်နေ့ရှင်… ရှင် အချုပ်ထဲရောက်ပြီပဲ'

'ဟား… ဟား… ဟား စိန်မြရုံခြယ် အရမ်းလှပသလောက်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမာနတွေ ပြနေခဲ့တာပဲ၊ ကြည့်ပါဦး နှုတ်ခမ်းလေးက တုန်နေတယ်၊ မင်း ကြောက်နေတာလား'

'မကြောက်ပါဘူး၊ ဘာဖြစ်လို့ကြောက်ရမှာလဲ၊ ကျွန်မက နိမ့်ကျတဲ့မိန်းကလေးပါ၊ ဘာတန်ဖိုးမှလည်း မရှိဘူး၊ ဂုဏ်ဒြပ်လည်း မရှိဘူး၊ အညတြလေ၊ ရှင်က ဘာလဲ၊ ရှင့်ရဲ့စီးပွားရေးလုပ်ငန်းတွေ၊ နာမည်ဂုဏ်ဒြပ်တွေ ဝိုင်းရံခနေတာနော်၊ ကျွန်မအသားကို ထိလို့ကတော့ ဘာကိုမှ ငဲ့ညှာထောက်ထားနေမှာ မဟုတ်ဘူး'

'ထိတယ်ကွာ ဘာဖြစ်လဲ'

'အား'

သူ့စိတ်တွေ ထိန်းချုပ်ထားနိုင်မှု အတိုင်းအတာတစ်ခု ကျော်လွန်ပေါက်ကွဲထွက်သွားလေရာ စိန်မြရုံခြယ်ရဲ့ တဆတ်ဆတ်တုန်နေသော နှင်းဆီငုံဖူးအာအာ နှုတ်ခမ်းထူထူလေးကို မညှာမတာ ဖိကပ်နမ်းပစ်မိသွားလေသည်။

သူ့မလက်ကလေးတွေက သူ့မျက်နှာအား ကုတ်ခြစ်တွန်းဖယ်ပစ်နေပေမဲ့ သူ့နှုတ်ခမ်းကတော့ သူမနှုတ်ခမ်းသားလေးပေါ် မိုးထစ်ချုန်းမှ ကွာမည့် တောက်တဲ့တစ်ကောင်ကဲ့သို့ ခိုင်မြဲစွာ တွယ်ကပ်နေ၏။

မတတ်နိုင်ဘူး စိန်မြရုံခြယ်။ မင်းကို တန်ဖိုးထား ချစ်မြတ်နိုးပြီး ကြီးကျယ်ခမ်းနားလွန်းတဲ့ မင်္ဂလာပွဲကြီးနဲ့ လက်ထပ်ယူချင်နေပေမယ့် မင်းအဖေက ကိုယ့်ယောက်ဖဖြစ်နေလို့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တာလေ။





ကိုယ်က မင်းကို စည်းစိမ်ဥစ္စာတွေနဲ့ ဖိပြီး အပျော်ကြံတာမျိုးတော့ လုံးဝမဟုတ်ဘူး။ ကိုယ့်နှလုံးသားတွေထဲကနေ အချစ်တွေ ပေါက်ကွဲထွက်သွားရတာပါကွာ။ မိုးပေါက်တွေက ကြမ်းတမ်းစွာ သူ့ကားခေါင်မိုးပေါ် တရကြမ်းပြုတ်ကျဆူညံသွားမှ သူ့အသိတရားတွေ ပြန်ဝင်လာလေသည်။

'လွှတ်ပါ... လွှတ်'

'အချစ်ရယ်'

'ဖယ်ပါ... ရှင်... ရှင် တော်တော်ယုတ်မာကောက်ကျစ်တဲ့ လူကြီးပဲ၊ ကျွန်မကို စော်ကားဖို့ ကြံစည်တယ်၊ လူယုတ်မာကြီး'

သူ့နှလုံးသားတွေ အေးစက် ဘကျောသွားရသလို စိန်မြရုံခြယ်ရဲ့ နာကျည်းမုန်းတီးရွံရှာနေတဲ့ အကြည့်တွေ စကားလုံးတွေထက် နှုတ်ခမ်းနီ ရဲရဲတွတ်တွတ်တွေ ထူပိန်းနေအောင် ဆိုးထားသလို စိန်မြရုံခြယ်နှုတ်ခမ်းရဲရဲလေးကိုပဲ သူ စူးစိုက်ကြည့်မိလေသည်။

မင်း အရမ်း နာကျင်သွားလားကွာ။ ကိုယ် အဲဒီလိုလုပ်ဖို့ တကယ်ပဲမရည်ရွယ်ပါဘူး။ ဒါပေမဲ့လည်း တိမ်သခင်ကျေနပ်သွားသလိုနှင့် သူ့နှုတ်ခမ်းတွေက လှစ်ခနဲပြုံးသွား ၁ည်။

'ရှင် ကျွန်မကို ဒီနေရာမှာတင် ကြိုက်သလိုလုပ်၊ အသေပဲ သတ်သတ်၊ နောက်တစ်နေ့ ရှင် ဂျာနယ်ကွေထဲမှာ ပါပြီပဲ၊ လက်ထိပ်အခတ်ခံရပြီး အချုပ်ထဲရောက်ပြီပဲ၊ အခုလောက်ဆိုရင် ကိုဝဋ္ဋာက သက်ဆိုင်ရာကို တိုင်ပြီးလောက်ပြီ'

'အဲဒီနာမည် မင်းပါးစပ်ကနေ ထပ်ထွက်လာရင် မင်းခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ခုလုံးကို ကိုယ့်ရင်ခွင်ထဲ ဆွဲသွင်းပြီး စိစိညက်ညက်ချေပစ်လိုက်မှာနော်'

မိုးကလည်း မှောင်မည်းမိုက်နေပြီး မိုးပေါက်တွေရော၊ လေကြမ်းကြမ်းကရော မညှာမတာ တဝေါဝေါ သွန်းဖက်နေသည်။ ရုံ ဘယ်လိုလုပ်ရမလဲ။ သူက ကားစက်ကို နှိုးနေပေမယ့် မနိုးပေ။ တမင်လုပ်နေတာပါ။ ကားပေါ်မှဆင်းဖို့လည်းမလွယ်။

ကိုဝဠာကတော့ သူဌေးကြီးတစ်ယောက်နှင့် ရှုပ်နေသည်ဟု ထင်မှာသေချာ၏။ တစ်ညလုံးပျောက်နေရင် ရုံ ဘယ်လိုဖြေရှင်းရတော့မလဲ။ ခခ သက်ဆိုင်ရာကို တိုင်တောတာမျိုး လုပ်မှာမဟုတ်။ သူ့အလုပ်ရှင်သူဌေး ဖြစ်နေသည်။

'ကိုယ် တမင်လုပ်နေတာမဟုတ်ဘူးနော် စိန်မြရုံခြယ်၊ တကယ်ပဲ ကားဆီပိတ်နေတယ်၊ ဘယ်လိုလုပ်ကြမလဲ'

'ဖုန်းဆက်လိုက်လေ၊ တခြားကားတစ်စီးနဲ့ လာခေါ်လို့၊ ဦးတိမ်သခင်ရဲ့ တပည့်တစ်ယောက်ယောက်ကို၊ ကျွန်မနောက်ကျလို့ မဖြစ်ဘူး'

ရုံကတော့ ဦးတိမ်သခင်လို စိတ်ကစဉ့်ကလျားဖြစ်နေတဲ့ လူကြီးတစ်ယောက်နှင့် ညအမှောင်ထုကို ဖြတ်သန်းရမှာကြောက်သည်။ ပတ်ဝန်းကျင်ကလည်း မိုးမှောင်ကျတာရော၊ ညအချိန်ဘက်သို့ ကူးပြောင်းလာတာရော ရုံ ဆက်၍ပင်မစဉ်းစားရဲ။ ဦးတိမ်သခင်က ဟုတ်သားပဲဆိုပြီး ဖုန်းကိုရှာတော့ သူ့မှာ ဖုန်းမပါလာဘူးတဲ့။ ဖြစ်နိုင်ပါ့မလားလို့။





'ကိုယ် ဖုန်းတောင်မေ့လာတယ် စိန်မြရုံခြယ်၊ တကယ်ပါကွာ၊ ကိုယ်အလောတကြီးထွက်လာခဲ့မိတာပါ'

'မဖြစ်နိုင်တာပဲ ဦးတိမ်သခင်၊ လုပ်ငန်းရှင်ကြီးတစ်ယောက်က ဖုန်းမေ့ကျန်ခဲ့တယ်ဆိုတာ မဖြစ်နိုင်တာပဲ၊ အဲဒီလိုမလုပ်ပါနဲ့၊ ကျွန်မ အနူးအညွတ် တောင်းပန်တာပါ၊ ဦးတိမ်သခင်နဲ့ ဘယ်နည်းနဲ့မှ ဒီလိုအထင်လွဲမခံနိုင်ပါဘူး၊ ရန်ကုန်ကို ကားခေါ်ပေးပါ'

'တကယ်ပဲ ဖုန်းမပါလာတာပါ၊ ကိုယ် တမင် ဖုန်းမယူလာတာတော့ မဟုတ်ပါဘူး စိန်မြရုံခြယ်'

'သေချင်လိုက်တာနော်'

သူက ကားပေါ်မှဆင်း၍ စက်ဖုံးကို ဖွင့်ကြည့်နေသည်။ မိုးရေတွေက သူ့ကိုယ်ပေါ် တဝုန်းဝုန်းခုန်ပေါက်ပြီး ကျနေ၏။ ကိုဝဠာကို ရုံသတိနေမိသည်။ မိုးပေါက်တွေကြားထဲမှာ သူမနှင့် ကိုဝဠာ နှစ်ယောက် ချစ်မိုးတွေ ဇွေခဲ့ကြသည်။

'ကိုဝဠာရယ်... ရုံ့ကို အထင်မလွဲပါနဲ့နော်၊ ဦးတိမ်သခင်ဆိုတဲ့လူကြီးနဲ့ ဘာမှမပတ်သက်ပါဘူး'

ကိုဝဠာအား တောင်းပန်စကားတွေ ရင်ထဲမှ တိတ်တခိုးပြောနေမိသည်။ ဦးတိမ်သခင် ဘာတွေကြံစည်ဦးမလဲမသိပါဘူး။ ကားပေါ်ပြန်တက်၍ စက်နှိုးနေ၏။ မရပေ။ ရုံ မိုးအေးအေးချမ်းချမ်းကြားမှာ ချွေးပေါက်တွေ အသီးလိုက် ပျံနေသည်။

'စိန်မြရုံခြယ်'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'မိုးတိတ်အောင်တော့ စောင့်မယ်၊ ကိုယ် တစ်နည်းနည်းနဲ့ မင်းကို ပြန်ပို့ပေးမှာပါ၊ ကားဆက်ပြတ်နေတယ်၊ တစ်စီးတလေလာရင် ဖုန်းပဲဖြစ်ဖြစ် ခဏငှားပြီး ရန်ကုန်ကို ဆက်မယ်'

ရုံ့မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပင် ပြည့်လျှံနေလေသည်။ ဦးတိမ်သခင်ကို မုန်းတယ်။ သူမအား တရားဝင်လက်ထပ်ရဲတဲ့ သတ္တိတွေ မရှိဘဲနှင့်။ သူမနှုတ်ခမ်းသားလေးတွေ စပ်ဖျဉ်းနာကျင်နေဆဲပင်။

ပိုင်စိုးပိုင်နင်း အချစ်ရဲ့တန်ခိုးကို ရှင်ကြီးတို့ နှလုံးသားထဲမှာ ရှိနေလို့လား။ မိန်းကလေးငယ်ငယ်တွေ့တိုင်း ခြေတော်တင်ဖျက်ဆီးပစ်ချင်တဲ့ လူကြီး။ ရုံ မျက်နှာထားကိုတင်း၍ တစ်ဖက်သို့လှည့်နေမိသည်။

'ကိုယ့်ကံပဲထင်တယ် စိန်မြရုံခြယ်၊ ကားကလည်း တစ်စီးမှမလာဘူး၊ ကိုယ်တားပြီး အကူအညီတောင်းမလို့ဟာ'

စိန်မြရုံခြယ် မျက်နှာလေးတင်းပြီး တစ်ဖက်သို့လှည့်နေကာ ငြိမ်သက်နေသည်။ မင်းရဲ့မာနလေးကို ကြိုက်တယ်။ မင်းဘဝ ချို့တဲ့နေခဲ့ပေမယ့် မင်းရိုးသားတယ်။

ကိုယ်က မင်းထင်သလိုမျိုး ယုတ်မာ ကောက်ကျစ်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူးကွာ။ အချစ်ရဲ့ ကျေးကျွန်ပါ။ မင်းကို လူကြီးစုံရာနဲ့တောင်းရမ်းဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့အခြေအနေပါကွာ။

သူ့စိတ်တွေကို အတော်လေး ထိန်းချုပ်ထားရ၏။ အရမ်း





လှပအိစက်နေတဲ့ ကောင်မလေးတစ်ယောက်။ သူချစ်မြတ်နိုးရသော စိန်မြရုံခြယ်... မည်းမှောင်နေတဲ့ ကားကြီးထဲမှာ နှစ်ကိုယ်တူ ချစ်ရည်မှုကြတဲ့ ချစ်သူတွေဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

'မင်း ငိုနေတာလား စိန်မြရုံခြယ်၊ ဒီလောက်တောင်ပဲ ကိုယ့်အနားမှာနေရတာ စိတ်ဒုက္ခရောက်နေရတာလား၊ မင်း ဘာဖြစ်လို့ ကိုယ့်ကို မုန်းတီးနေရတာလဲ၊ ကိုယ်က မင်းကို ချစ်ခွင့်မရှိတော့ဘူးလား'

'ဒီမှာ'

'ပြော'

'ချစ်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ ရှင် ကျွန်မကို တရားဝင်လက်ထပ်နိုင်မလား'

'လက်ထပ်နိုင်တယ်ဆိုရင်ရော'

'ဦးတိမ်သခင်မှာ အစ်မတစ်ယောက်ရှိတယ်လို့ ကျွန်မကြားထားတယ်၊ ခေါ်လာပြီး ကျွန်မအဒေါ်ဆီမှာ တောင်းပါ၊ ဘယ်လိုလဲ'

သူ စိန်မြရုံခြယ်ကို ကြည့်သည်။ သူ့မျက်ဝန်း ရွှန်းရွှန်းတောက်တောက်တွေက သူမမျက်ဝန်းအစုံထဲ ထိုးဖောက်သွားမတတ်ပင်။ သူမကလည်း ရှုံရှာမုန်းတီးလွန်းတဲ့ မျက်ဝန်းခါးခါးသီးသီးတွေနှင့် တုံ့ပြန်ကြည့်နေသည်။

'မိန်းကလေးတစ်ယောက်ကို ရှင်လည်း လက်ထပ်မယူနိုင်ဘဲနဲ့ ဘဝတစ်ခုလုံး ဖျက်ဆီးပစ်ဖို့ မကြံစည်ပါနဲ့၊ ကျွန်မက ကိုယ့်ခွန်ကိုယ့်အားနဲ့ရတဲ့ ပိုက်ဆံကိုပဲ တန်ဖိုးထားတယ်၊ အချောင်မယူဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်က ရိုးရိုးသားသား မင်းကိုကူညီမယ်ဆိုရင်ရော၊ သိန်းငါးဆယ်လောက်၊ ဒါမှမဟုတ် မင်းတို့မောင်နှမတွေရဲ့ ပညာသင်စရိတ်တွေ၊ မင်းမောင်လေး အုပ်ထိန်းမှု သိပ်ကင်းကွာနေလို့မကောင်းတဲ့ အရွယ်'

ဟုတ်တော့ဟုတ်တယ်။ ခြံရဲ့ ဒီကောင်လေး အပေါင်းအသင်း အစုံပေါင်းပြီး ပျက်စီးစပြုနေပြီထင်တယ်။ ရံ သွားကြည့်ရမယ်။

မိသားစုအကြောင်း တွေးပြီး စိတ်ပူပင်သွားရပေမယ့် ဦးတိမ်သခင်ရဲ့ ပေးကမ်းထောက်ပံ့မှုကို လက်မခံပါဘူး။ ဘာရိုးရိုးသားသားလဲ။ သူ့ စကားကို ဝေ့လည်ကြောင်ပတ်နှင့် ရံ့ကို လူကြီးစုံရာနှင့်တောင်းပါမယ်ဟု မပြော။

ရံ အကြည့်ကို ဆတ်ခနဲ လွှဲပစ်လိုက်မိသည်။ မိုးကလည်း ကောင်းလိုက်တာ။ ည ခုနစ်နာရီလောက်တောင် ရှိနေပြီ။ ကိုဝဥ္စာကို ဘယ်လိုရှင်း ရှင်းပြရမလဲ။ ရံ ချစ်တာက ကိုဝဥ္စာကိုပါ။ ဦးတိမ်သခင် တမင်သက်သက် လုပ်တာပဲ။ ကားတစ်စီးလောက် ရောက်လာပါစေဟု ဆုတောင်းကာမှ တစ်စီးမှ မလာ။ သူမ ကံဆိုးလွန်းသည်။

'မင်း မျက်ရည်တွေကို သုတ်ပစ်လိုက်စမ်းပါ၊ မျက်ရည်တွေ ကျနေရင် မင်းမျက်ရည်တွေကို ကိုယ့်အနမ်းတွေနဲ့ သုတ်ပေးလိုက်ရမလား'

'အို… ရှင်နော်၊ ကောင်းပြီလေ၊ ရှင်လုပ်ချင်သလို လုပ်ပါ၊ ကျွန်မ ဦးတိမ်သခင်နောက် လိုက်ခဲ့တာ ခခကြောင့်သိလား၊ ခခ





အလုပ်ပြုတ်မှာကြောက်လို့ပဲ၊ ဒါပေမဲ့ ဦးတိမ်သခင်က လုံးဝ လူကြီးလူကောင်းမပီသဘူး'

ကိုယ် လူကြီးလူကောင်း မပီသတာမဟုတ်ပါဘူး စိန်မြရုံခြယ်ရယ်။ အချစ်ကံခေသူပါ။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးက ကိုယ်လက်ထပ်ခွင့်မရှိတဲ့ မိန်းကလေး ဖြစ်နေတယ်။ သူ့စိတ်တွေ ထပ်မံလွှတ်ထွက်သွားကာ စိန်မြရုံခြယ်ကိုယ်လုံးလေးအား တင်းကြပ်စွာပွေ့ဖက်ထားပစ်မိလေသည်။

'အို… လွှတ်ပါ၊ ကျွန်မကို အဲဒီလိုမလုပ်ပါနဲ့၊ လွှတ်နော်'

'ကိုယ် မနက်ဖြန် ထောင်ထဲဝင်ရနိုင်တယ်၊ ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေလည်း အဖတ်ဆယ်လို့မရအောင် နာမည်ပျက်ရလိမ့်မယ်၊ ငါးမရရင် ရေချိုးတော့ ပြန်ရလိမ့်မယ် စိန်မြရုံခြယ်'

'ရှင် တော်တော်အကြံပက်စက်တဲ့ လူကြီးပဲ… အား'

မင်းမျက်နှာပြင်ပေါ်မှာ မျက်ရည်တွေ ကိုယ်မမြင်ချင်ဘူး။ ကိုယ့်အစ်မကြောင့် မင်းတို့မိသားစု မျက်ရည်တွေ ပင်လယ်ဝေခဲ့ရတယ်မဟုတ်လား စိန်မြရုံခြယ်။ မင်းကို မျက်ရည်သုတ်ပေးရုံလေးပါ။ အရမ်းချစ်တယ်။ ကိုယ့်နှလုံးသားထဲအထိ စူးစူးနစ်နစ်ချစ်ခဲ့ရတာပါကွာ။

ကိုယ် နိုင်ငံခြားမှာ ထွက်ပြီးအလုပ်လုပ်ကတည်းက ကိုယ့်ရဲ့ကြီးမားတဲ့ ရည်ရွယ်ချက်က ဦးစိန်ခြယ်ရဲ့ မိသားစုဝင်တွေကို ထောက်ပံ့စောင့်ရှောက်မယ်ဆိုတဲ့ ဆန္ဒတွေနဲ့ပါ။ မင်းကို ရှင်းမပြနိုင်တော့ဘူး။ ကိုယ့်အပေါ် အမုန်းတိမ်တိုက်ကြီး အုပ်မိုးကျသွားတော့မယ်။ မင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ကနေ အနမ်းလေးတွေရဖို့လောက်တော့ ကိုယ် ကြိုးစားချင်တယ်။ မင်း ဒေါသတွေပေါက်ကွဲပြီး ကြိုက်သလို စွပ်စွဲပါ။

မနက်ဖြန် ကိုယ့်ကို သဲသဲမဲမဲ အညှိုးတကြီး လက်စားချေဖို့အတွက် မင်း ရဲစခန်းကို အကြောင်းကြားမှာ သေချာပါတယ်။ သူ ရှုးသွပ်နေလေသည်။

'အရမ်းချစ်တယ်၊ ကိုယ် တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုး ချစ်ခဲ့မိတာပါ၊ ယုံပေးပါ အချစ်လေးရယ်'

သူမက ရုန်းဖယ်လေ သူ့လက်တွေက ပိုမိုတင်းကြပ်စွာ စိန်မြရုံခြယ်ရဲ့ ခန္ဓာကိုယ်လေးကို သိုင်းဖက်မိလေပဲ။ မိုးပေါက်တွေနှင့် အပြိုင် သူမမျက်နှာလေးအနှံ့ အနမ်းမိုးတွေကလည်း ဝုန်းဒိုင်းကြဲစွာ ကျရောက်နေ၏။ သူ့မှာ အသိမရှိတော့သလိုပဲ။ အချစ်တွေက အတိုင်းအဆမရှိ တိုးဝင်လာနေသလို။

ဒီနေ့က နောက်ဆုံးတွေ့ဆုံခြင်းဆိုတဲ့ အသိတွေက သူ့ကို ရူးသွပ်သွားစေသည်။ အချိန်တွေ ဘယ်လောက်အထိ ရှည်ကြာသွားပြီလည်း မသိ။ သူမထံမှ တသိမ့်သိမ့်ကြေကြေကွဲကွဲ ငိုရှိုက်သံကြောင့် သူ့အသိတွေ ဖျတ်ခနဲတိုးဝင်လာကာ စိန်မြရုံခြယ်ကို လွှတ်ပေးမိသည်။ မိုးက ဖွဲဖွဲလေးပဲ ရွာနေ၏။ သူ ကားပေါ်မှ ဆင်း၍ မိုးရေပေါက်တွေကြားမှာ မတ်တပ်ရပ်နေသည်။

ကားတစ်စီး မောင်းလာတာတွေ့၍ သူ တားလိုက်၏။ ယောကျ်ားလေးတွေဖြစ်နေသဖြင့် ဖုန်းပဲခဏငှားပြီး တပည့်တွေဆီ ကားလာပို့ဖို့၊ စက်ပြင်ဆရာကိုလည်း ခေါ်လာဖို့ ပြောလိုက်သည်။





'အစ်ကို··· ကောင်မလေးနဲ့လား၊ ရာသီဥတုက ကိုယ့်ဘက် ပါနေတာ ဘာဖြစ်လို့ ကားခေါ်နေတာလဲ အေး ဆေး'

မင်းကိုလည်း နှိမ်နှိမ်ချချ မဖြစ်စေချင်တာ ကိုယ့်ဆန္ဒပါ စိန်မြရုံခြယ်။ ကိုယ် တဒင်္ဂ ရူးသွပ်သွားမိတာပါ၊၊ မင်းရဲ့နစ်နာမှုအတွက် မင်းဆန္ဒရှိသလို စီရင်ပါ။ သူ အပြစ်ဒဏ်ခတ်သလို မိုးရေတွေအောက် မှာပဲ ငြိမ်သက်စွာ ရပ်နေမိလေသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

'ရဲ ဘယ်လိုဖြစ်လာရတာလဲ၊ မိုးရေတွေ ရွဲနေတာပဲ၊ ဦးတိမ်သခင်က နင့်ကို ဘယ်ကိုခေါ်သွားတာလဲ၊ ကိုဝဠာက ရဲစခန်းကို တိုင်မယ်လုပ်နေလို့ ငါ မနည်းတားလိုက်ရတယ်၊ နင် ဘာတွေဖြစ်လာတာလဲဟင် ပြောလေ'

သူမ အခန်းထဲရောက်တော့ အချိန်က ည ဆယ်နာရီထိုးလုဖြစ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး မိုးရေတွေ ရွှဲစိုနေပြီး ခိုက်ခိုက်တုန်အောင် ချမ်းနေပမယ့် သူမရင်ထဲမှာတော့ မီးတောင်ကြီးတစ်ခု ပေါက်ကွဲသလို ပူပြင်းလောင်မြိုက်နေရ၏။

ကိုဝဠာက သူမကို ဘယ်လိုမိန်းကလေးမျိုးအဆင့် သတ်မှတ်မလဲ။ ဦးတိမ်သခင်လို သူဌေးကြီးတစ်ယောက်နှင့် ရှုပ်ထွေးနေသည့် ညှီဖျင်းလွန်းတဲ့ မိန်းမအဖြစ် သတ်မှတ်တော့မှာ သေချာလေသည်။

'ရဲ... အဝတ်အစားလဲလေ၊ နင် အအေးပတ်တော့မယ်၊ လာ အခန်းထဲဝင်၊ အဝတ်အစားတွေလဲရအောင်၊ ပြောစရာရှိတာတွေ နောက်မှပြောတော့နော်'





ခခက သူမလက်ကိုဆွဲပြီး အိပ်ခန်းထဲ ဆွဲခေါ်သွားကာ အဝတ်အစားတွေ လဲပေးနေပေမယ့် သူမကတော့ အသိတွေ ကင်းမဲ့စွာ ခန္ဓာကိုယ်တစ်ခုလုံး လေးလံထုံထိုင်းနေကာ မျက်ရည်တွေပဲ သူမ ပါးပြင်လေးပေါ် လိမ့်ဆင်းကျနေသည်။

'ရဲ... နင့်ကို ဦးတိမ်သခင် ဘာလုပ်လဲ၊ ဘယ်ကိုခေါ်သွားတာလဲဟင်၊ ကိုဝဠာကပြောတော့ အတင်းဆွဲခေါ်သွားတာတဲ့၊ ဒီလူက နင်နဲ့ဘယ်လိုပတ်သက်နေလဲ မေးလို့ အမှန်အတိုင်းပဲ ရှင်းပြလိုက်တယ်လေ'

'အဟင့်... ဟင့်... အဟင့်... ဟီး'

'ရဲ ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ ဒီလောက်အထိ ဝမ်းနည်းကြေကွဲနေရတာလဲဟယ်၊ ပြောလေ၊ မငိုပါနဲ့ ရဲရယ်၊ နင် ဘာလုပ်ချင်လဲ၊ ဘာဖြစ်ချင်လဲ ပြော... နင့်ကို ဦးတိမ်သခင်က စော်ကားလိုက်တာလား၊ ဒါဆို အခုပဲ ရဲစခန်းတိုင်မယ်၊ ခခလည်း သည်းမခံနိုင်ဘူး'

ခခက Hand Phone ယူ၍ ရဲစခန်းကို ဆက်မည်ပြုစဉ် ရဲ ပြဿနာတွေ အရှည်အရှည်မဖြစ်စေချင်၍ ခခလက်ထဲမှ Phone ကို ယူထားလိုက်သည်။

'သူတို့က ပိုက်ဆံချမ်းသာတယ်ဆိုပြီး နိုင့်ထက်စီးနင်းလုပ်တာပဲ၊ တိုင်ရမယ်လေ၊ မှတ်လောက်သားလောက်အောင် ပညာပေးရမယ်'

'မတိုင်ပါနဲ့တော့ ခ၊ ထားလိုက်ပါတော့၊ ရဲ့ဘဝပဲလေ၊ ဦးတိမ်သခင်က စော်ကားတဲ့အထိတော့ မလုပ်ပါဘူး၊ အရှုံးကြီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို အရူးအမူး ရှံလေ တွေးတောင်မတွေးရဲတော့ဘူး ကြောက်လိုက်တာ'

'တကယ်တော့ ဦးတိမ်သခင် ဒီလိုအရူးအမူးဖြစ်တယ်ဆိုတာ နင့်ကိုယ်တွေ့ဖြစ်နေလို့သာ ခ လက်ခံရတာ ရှံ၊ ကုမ္ပဏီမှာ လုံးဝကို နာမည်ပျက်မရှိတာ၊ သူ့မှာ အစ်မတစ်ယောက်ရှိပေမယ့် လုံးဝမပတ်သက်တာ၊ ကင်းကင်းရှင်းရှင်းနေတယ်၊ နင့်ကိုလည်း ခိုးကြောင်ခိုးဝှက် လုပ်နေစရာ အကြောင်းမရှိဘူး၊ သူ့အချစ်ရေး အိမ်ထောင်ရေးမှာ ကန့်ကွက်မယ့်သူမှ မရှိတာ'

'လာကန့်ကွက်မယ့်သူ တစ်ယောက်တလေမရှိလည်း ရှံ့လို အဆင့်မျိုးကကောင်မလေးကို အတိအလင်းလက်ထပ်ယူမလား ခ၊ ရှင်းရှင်းလေးပဲဟာ၊ Sponsor ပေးချင်တာလေ'

'ဦးတိမ်သခင်က ကုမ္ပဏီမှာ အရမ်းကိုလေးစားကြည်ညို ကြောက်ရွံ့ကြရတဲ့ ဥက္ကဋ္ဌတစ်ယောက်ပါ၊ ဝန်ထမ်းတွေကိုလည်း စောင့်ရှောက်တယ်၊ ပညာရေးလည်း အားပေးတယ်'

'ကုတ်ကမြင်းကြီး ဖြစ်မှာပေါ့ ခရဲ့၊ ယဉ်ယဉ်လေးနဲ့ ရှုံးနေတာပဲဖြစ်မယ်၊ ကျွန်မကို တရားဝင်လက်ထပ်မလားဆိုတော့ ငြိမ်နေတယ်၊ အဖြေမပေးနိုင်ဘူးလေ၊ ရှံ ဒေါသတွေ ဖြစ်ရလွန်းလို့ အခုချက်ချင်းတောင် အချုပ်ထဲ ပို့ပစ်ချင်ပါတယ် ခရယ်၊ ဒါပေမဲ့လေ ရှံမှာ အမှုဖြစ်စရာ ငွေကြေးရော၊ အချိန်ရော မရှိဘူး၊ နာမည်ပျက်လည်း မခံနိုင်ဘူး၊ ညီမလေးခရမ်းပြာရဲ့အနာဂတ်လည်း ရှိသေးတယ်'

ဦးတိမ်သခင်နှင့် ဖြစ်ပျက်ခဲ့တာတွေက ပတ်ဝန်းကျင်မှာ





ကြားလို့တောင် မကောင်းတဲ့အဖြစ်အပျက်တွေ ဖြစ်နေသည်။ ရှံ့နာမည် အမည်းစက် ထင်ကျန်ရစ်တာပဲရှိမည်။ ရှံ အလုပ်ရှာရမယ်။ ဝင်ငွေရှာရမယ်။ မောင်လေးနဲ့ ညီမလေးတို့ ဘဝရေ့ရေး၊ ရှံ့လျှောက်လှမ်းရမည့် လမ်းခရီး ဖြောင့်တန်းဖို့ အဓိကဖြစ်နေလေသည်။

'ထားလိုက်ပါတော့ ခ၊ နောက်ထပ် ဒီလိုမဖြစ်အောင် ဆင်ခြင်ရမယ်၊ သတိလည်း ထားရမယ်၊ ရှံလေ အမှုတွေနဲ့ မရှုပ်ထွေးချင်တော့ပါဘူး၊ ခလည်း အလုပ်မထွက်ပါနဲ့၊ ရှံ နယ်ကို ခဏလောက် ပြန်ဦးမယ်နော်'

'ဘာဖြစ်လို့လဲ ရှံ၊ နင် အလုပ်ရှာမှ ဖြစ်မယ်လေ၊ ခအစ်မဆီက ပိုက်ဆံချေးထားတယ်၊ မနက်ဖြန် ပို့ပေးမယ်တဲ့၊ နင်သုံးထားလေ၊ နောက်မှ ဖြည်းဖြည်းချင်းပြန်ဆပ်လည်း ရတယ်ရှံ၊ မမက ကူညီမယ်တဲ့'

'ကျေးဇူးပါပဲ ခရယ်၊ နင်ပဲ သိမ်းထားပေးပါ၊ ရှံ ခဏပြန်တာပါ၊ မောင်လေးကြောင့်ပါ၊ ပြန်ကြည့်ရမယ်၊ ညီမလေးခရမ်းပြာ ဖုန်းဆက်တယ်လေ၊ နည်းနည်းလွတ်ချင်တယ်တဲ့၊ ပြန်ပြီးဆုံးမရဦးမယ်'

'ရှံရယ်'

သူငယ်ချင်း စိန်မြရှံခြယ်အတွက် ခင်ခ အလွန်အမင်း ဝမ်းနည်းကြေကွဲရသည်။ ငယ်စဉ်က ချမ်းချမ်းသာသာနှင့် ပြည့်ပြည့်စုံစုံနေထိုင်ခဲ့ရသလောက် ဖခင်ဦးစိန်ခြယ်ကြောင့် ခက်ခဲတဲ့ဘဝအခြေအနေတွေနှင့် ရင်ဆိုင်နေရရှာ၏။

ဦးတိမ်သခင်က ဘာဖြစ်လို့များ ဒီလိုအပြုအမူတွေ လုပ်နေရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ။ အနိုင်ကျင့်နေတာလား။ သူမ သူငယ်ချင်းက ရိုးသားသူပါ။ ခြေတော်တင် ဖျက်ဆီးချင်တာမျိုးတော့ ခင်ခခ လုံးဝလက်မခံနိုင်ပေ။

ရုံက မနက်ဖြန် နယ်ပြန်ဖို့ ပစ္စည်းတွေ သိမ်းနေသည်။

'ရုံရယ်… ခ ဘယ်လိုကူညီရမလဲ၊ နင့်ကို သနားလိုက်တာ၊ ကိုဝဥ္ဇာကိုတော့ တွေ့လိုက်ပါ၊ သူလည်း အရမ်းစိတ်ပူနေတယ်၊ ရုံ စခန်းတိုင်မယ်လုပ်နေလို့ ခ တားထားရတယ်'

'တော်ပါပြီဟာ၊ ရုံ့ဘဝက ချစ်သူထားဖို့အထိ အခြေအနေ မပေးပါဘူး၊ ကိုဝဥ္ဇာနဲ့လည်း ရုံ ချစ်သူတွေလည်း မဖြစ်သေးပါဘူး၊ ရုံ ပြန်လာမှာပါ၊ တစ်ပတ်လောက်ပါပဲ၊ ကိုဝဥ္ဇာနဲ့ မတွေ့ချင်တော့ဘူး'

'ရုံ'

သူမ နှုတ်ခမ်းလေးတွေ၊ ပါးပြင်လေးတွေ သူမရဲ့ချစ်သူရည်းစားမဟုတ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အနမ်းတွေ အထပ်ထပ် ကျရောက်ခဲ့ရလေသည်။ သူမကိုယ်သူမပင် မုန်းတီးရွံရှာနေရ၏။ စိတ်မသန့်။

ကိုဝဥ္ဇာကို စွန့်လွှတ်ဖို့ပဲ ဆုံးဖြတ်ထားသည်။ ရုံ့ရင်ထဲမှာ မွန်းကြပ်ပြီး သက်ပြင်းမောတွေ ရှိုက်သွင်းနေရသည်မှာ အကြိမ်ကြိမ်။ စွန့်လွှတ်လိုက်တော့မည် ဆုံးဖြတ်ပြီးမှ ချစ်သူကို အသည်းနင့်မတတ် ချစ်ခဲ့ရတဲ့အကြောင်း ရုံသိလာသည်။

'မငိုပါနဲ့ ရုံရယ်၊ နင့်စိတ်တွေ ဒီလောက်ပျော့ညံ့နေရင် ခြံရုံနဲ့ ခရမ်းပြာကို ဘယ်လိုအုပ်ထိန်းမလဲ၊ သတ္တိရှိစမ်းပါဟယ်၊ ဟယ်… ဖုန်းလာနေတယ်၊ ဟဲ့… ရုံ… ကိုဝဥ္ဇာ သိလား'





ခခ Hand Phone မှ အသံစုံလေးမြည်လာ၍ ခခက ဖုန်းဖွင့်ကြည့်ပြီး ကိုဝဥ္ဇာဆက်တာဟုပြောတော့ ရုံ ရင်တွေဒိန်းခနဲ မြည်ဟီးဆောင့်ခုန်တက်သွားသည်။ ရုံ ခေါင်းခါပြလိုက်ကာ နင်ပဲပြော ဟု ငြင်းမိ၏။ သူ့မေးခွန်းတွေကို ရုံ ဘယ်လိုဖြေရှင်းပေးရမလဲ။ ရုံက ချစ်သူကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေသည်။

'ရုံ ပြန်ရောက်ပါပြီ ကိုဝဥ္ဇာ၊ မိုးတွေစိုရွှဲလာလို့ အဝတ်အစားတွေ လဲနေတယ်၊ ရုံက ဖုန်းမပြောချင်သေးဘူးတဲ့၊ နောက်မှနော်'

ခခက ဖုန်းပိတ်ပြီး နင့်ကို ဖုန်းပြောချင်တယ်ဟု ပြောနေတယ် ဟု ပြောသည်။ ရုံ ခေါင်းကို ခါပစ်လိုက်၏။ မနက်စောစောထပြီး ရရာကားနှင့် နယ်ကိုပြန်မယ်။ ကိုဝဥ္ဇာနှင့် ရင်ဆိုင်ရဲတဲ့သတ္တိ လောလောဆယ် မရှိသေးပေ။

'ကရင်… ကရင်…'

'ဟင်…'

'ကရင်… ကရင်…'

အခန်းထဲမှာ ရုတ်တရက်ထွက်ပေါ်လာသော လူခေါ်ဘဲလ်သံကြောင့် ရုံရော ခခပါ မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရကာ ခခက ကိုဝဥ္ဇာထင်တယ်၊ နင်ဘယ်လိုလုပ်မလဲ ရုံ၊ တွေ့လိုက်ပါဟာ ဟု ပြောသည်။

'မတွေ့ဘူး၊ ဘယ်သူနဲ့မှလည်း ရင်မဆိုင်ချင်ဘူး ခခ၊ ပြန်နိုင်းလိုက်ပါ၊ ဒီယောကျ်ားတွေ ဘာဖြစ်နေကြတာလဲဟာ၊ ရုံ့ကို လာပြီး



www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်နေကြတယ်၊ နင်ပဲ ရှင်းလိုက်ပါ ခ၊ ရံ လုံးဝမတွေ့ချင်ဘူး နော်'

'ကရင်… ကရင်… ကရင်…'

လူခေါ်ဘဲလ်သံက အဆက်မပြတ်ထွက်ပေါ်နေ၍ ခခ အပြင်သို့ ပြေးထွက်လာကာ တံခါးကို ဖွင့်ပေးလိုက်သည်။

'ခခ… တံခါးဖွင့်ပေးစမ်းပါ၊ ရံ ပြန်ရောက်လာပြီလား၊ ကျွန်တော် တွေ့ပါရစေဗျာ'

'မနက်မှတွေ့ပါ ကိုဝဏ္ဏ၊ အခုတော့ ရံ ပင်ပန်းနေတယ်၊ ရံ ဘာမှမဖြစ်ပါဘူး၊ စိတ်အေးအေးထားပါ၊ ပြန်ပါနော်'

'ကိုယ် မပြန်နိုင်ဘူး ခ၊ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါဗျာ၊ ရံ့ကို တွေ့မှဖြစ်မယ်၊ ဟိုလူကို ရဲစခန်းတိုင်သင့်ရင်လည်း တိုင်ရအောင်'

'ရံက လက်မခံဘူး၊ ဘာမှမဖြစ်ဘူးတဲ့၊ အခုလည်း နောက်ကျနေပါပြီ၊ ကျွန်မတို့က မိန်းကလေးတွေပဲ နေကြတာပါ၊ မနက်ဖြန်ကျမှ တွေ့ပါတော့ ကိုဝဏ္ဏ'

ရံ အရမ်းပင်ပန်းနေတာ ခခ သိ၍ ကိုဝဏ္ဏအား ဖျောင်းဖျ ပြန်ခိုင်းရသည်။ ကိုဝဏ္ဏကလည်း စိုးရိမ်ပူပန်မှုတွေနှင့် ရံကို တွေ့ခွင့်ပေးဖို့ အနူးအညွတ်တောင်းဆိုနေ၏။ ကိုမိုးရိပ်ရောက်လာပြီး ကိုဝဏ္ဏကို ဖျောင်းဖျခေါ်နေသည်။

'ဟုတ်ပါတယ် ဝဏ္ဏ၊ ပြန်ကြမယ်၊ မိန်းကလေးတွေနေတဲ့ အခန်းကွ၊ ပတ်ဝန်းကျင်ကသိသွားရင် မကောင်းဘူး၊ အခုတောင်





တို့တွေကို အကဲခတ်နေကြတာ၊ ပြန်ကြမယ်၊ ရံလည်း ပြန်ရောက်နေပြီပဲ'

'တောက်… ဒီလူကြီး ပိုက်ဆံရှိတယ်ဆိုပြီး မတရားအနိုင်ကျင့်တာပဲ၊ ရံ့ဆန္ဒမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်'

'လာပါဝဏ္ဏရာ၊ မင်းစိတ်ကို ထိန်းစမ်းပါ၊ ပတ်ဝန်းကျင်က ရှိသေးတယ်၊ ရံနဲ့ ခခတို့ ဂုဏ်သိက္ခာကို စောင့်ထိန်းပေးရမယ်လေ'

မိုးရိပ်က အတင်းဆွဲခေါ်လာ၍ ဝဏ္ဏပြန်လာခဲ့ရသည်။ သူ့အခန်းထဲပြန်ရောက်မှ ဒေါသတွေ ပိုပြီးပေါက်ကွဲနေ၏။ ချစ်သူကို အတင်းအကြပ်ဆွဲခေါ်သွားတဲ့ ယောကျ်ားတစ်ယောက်အား သူ တားဆီးနိုင်ခြင်းမရှိခဲ့။ ကြောင်ကြည့်နေမိစဉ်မှာပင် ချစ်သူက သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ကားထဲ ရောက်သွားပြီး ခေါ်ဆောင်သွားခြင်း ခံလိုက်ရသည်။

'ဦးတိမ်သခင်… ဘာလုပ်တာလဲ၊ ကျွန်မကို လာပြီးအနိုင်ကျင့်ပြန်ပြီလား၊ လွှတ်ပါ… လွှတ်'

ရံက အော်ဟစ်ငြင်းဆန် ရုန်းကန်ရင်း ပါသွားခဲ့သည်။ ရံနှင့် ထိုလူ ဘယ်လိုပတ်သက်မှုတွေ ရှိနေလည်းမသိ၍ သူတားဆီးဖို့ တွေဝေသွားရ၏။ ခခရှင်းပြတော့မှ ရံ့ကို တစ်ဖက်သတ်ချစ်နေတဲ့ လူကြီးဖြစ်ကြောင်း သိရလေသည်။

'မင်းလည်း သူဌေးတစ်ယောက်ပဲ ဝဏ္ဏ၊ ဘာဖြစ်လို့ အခုထိ ဖုံးကွယ်ထားရတာလဲကွ၊ မင်းမှားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သူဌေးဆိုတဲ့အရှိန်အဝါကြီးနဲ့ ချစ်သူရဲ့ အချစ်ကို မယူချင်လို့ပဲ မိုးရိပ်၊ ဖြူစင်တဲ့အချစ်တွေ ကိုယ်ရနေပြီ'

'မင်း ဖွင့်ပြောသင့်တယ်၊ ရံ့အခက်အခဲတွေကို မင်း ဝိုင်းကူပေးသင့်တယ် ဝဠာ၊ ဦးတိမ်သခင်ဆိုတဲ့လူကြီးနဲ့လည်း ဘာတွေလဲ၊ မင်း စိတ်အေးအေးထားပါ ဝဠာရာ'

'ရံ့ကို ကိုယ်ယုံတယ်၊ ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေးတစ်ယောက်ကွ၊ ဟိုလူကြီး တစ်ဖက်သတ်အနိုင်ကျင့်တာပဲ'

'ဦးတိမ်သခင်ဆိုတဲ့လူကြီးက ဘယ်ကိုခေါ်သွားတာလဲ၊ ရံ ပြန်လာတဲ့အချိန်က တော်တော်လေးနောက်ကျနေပြီ ဝဠာ၊ မင်း စိတ်တွေကို ထိန်းစမ်းပါ'

'ရံ့ကို တွေ့ချင်တယ်၊ အဖြစ်မှန်တွေကို သိချင်တယ်၊ ရံ အခက်အခဲတွေ ဘာတွေရှိနေလဲ၊ ကိုယ် မေးချင်တယ်၊ ကိုယ်ချစ်ရတဲ့ မိန်းကလေးကို အားပေးနှစ်သိမ့်ပေးချင်တယ်'

ခင်ဗျားကြီး ဦးတိမ်သခင်ဆိုလား ဘာလား ကျုပ်ချစ်သူနာကျင်အောင် စော်ကားလို့ကတော့ ကျုပ် အသက်ချင်းလဲပစ်မယ်။ ရံ့ဆန္ဒမပါနိုင်ဘူးဆိုတာ ဝဠာ ယုံကြည်နေသည်။ သူ့ရင်တွေ မီးတောက်နေ၏။ အချိန်နောက်ကျနေလို့ပါ။

'ရံ ရှောင်ထွက်သွားမှာ စိုးရိမ်တယ်၊ မာနကြီးတဲ့မိန်းကလေးပဲ'

သူသိနေတာက ရံ မာနခဲမလေး သူ့ကိုရှောင်ထွက်သွားမှာပင်။ ကိုယ် ယုံကြည်ပါတယ် အချစ်ရယ်။ သူ စိတ်ပူရတာက





ဦးတိမ်သခင်က ရံ့ကို ဘယ်လိုအခြေအနေအထိ လွှန်ကျူးခဲ့ပြီလဲ။ အတွေးကြောင့် သူ ဆတ်ခနဲ ထိုင်နေရာမှ ထမိပြန်သည်။

'ဝဠာ ဘာဖြစ်တာလဲကွ၊ မင်း လုပ်ချင်တိုင်းလုပ်လို့ မရဘူးနော်၊ ပတ်ဝန်းကျင်က ရှိသေးတယ်၊ ရံတို့က မိန်းကလေးနှစ်ယောက်တည်းနေကြတာ၊ ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းစမ်းပါ ဝဠာရယ်'

မိုးရိပ်လည်း ဝဠာ့အခြေအနေကို ကြည့်ပြီး စိတ်ပူမိသည်။ ဒီကောင့်မျက်လုံးတွေ ကြောင်စီစီဖြစ်နေပြီ။ အိပ်နိုင်းလို့လည်း မရ။ ခခဆီ ဖုန်းထပ်ဆက်၍ ရံနှင့် စကားတစ်ခွန်းနှစ်ခွန်းလောက်ပဲ ပြောပါရစေဟု ခွင့်တောင်းပေမယ့် ရံ့ထံမှ ငြင်းဆန်နေမှုတွေပဲ ရသည်။

'ကိုဝဠာ... တောင်းပန်ပါတယ်နော်၊ ရံက ဘယ်သူနဲ့မှ စကားမပြောချင်ဘူးတဲ့၊ စိတ်အေးလက်အေး အိပ်ပါတော့၊ ဘာမှမဖြစ်ပါဘူး၊ ရံ့အခြေအနေ ကောင်းပါတယ်'

'ခဏလေးပဲဖြစ်ဖြစ်ပါ ခခ၊ ကျွန်တော် အရမ်းစိတ်ပူနေလို့ပါ အိပ်လို့လည်းမရဘူး၊ ရံ့အသံလေးကို ကြားရရင် တော်ပါပြီဗျာ'

'Sorry နော်၊ ရံက လုံးဝလက်မခံပါဘူး၊ ရံ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့တော့နော်'

ခခက ဖုန်းပါ ပိတ်ပစ်လိုက်သဖြင့် သူ ဒေါသထွက်ပြီး အပြင်ထွက်မည်ပြုစဉ် မိုးရိပ်က ဆွဲထားသည်။

'ဝဠာ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ တစ်ဘက်က အခြေအနေက ဘာမှန်းမသိဘူး၊ ပြီးတော့ မိန်းကလေးတွေပဲ နေကြတာ၊ မသင့်တော်ဘူး၊ ထိန်းချုပ်ထားစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ရုံက ဘာဖြစ်လို့ ကိုယ်နဲ့တွေ့ဖို့ ငြင်းနေရတာလဲ၊ ကိုယ်သိတယ်၊ ရုံက ကိုယ့်ကို ချစ်နေတယ်၊ ကိုယ်တို့နှစ်ယောက်လုံး အရမ်းချစ်ကြတယ်'

'ဝဠာ... မနက်မှ ရှင်းကွာ၊ အိပ်ကြစို့၊ ဒါမှ တောင်းပန်လို့ မရလည်း မင်းသဘောပဲ၊ ခခတို့ကတော့ မင်းကို တံခါးဖွင့်ပေးမှာ မဟုတ်ဘူး၊ ရုံ့ရဲ့ဂုဏ်သိက္ခာကို မငဲ့ကွက်ရင် သွားသောင်းကျန်းကွာ'

မိုးရိပ်က ပြောပြီး သူ့အိပ်ခန်းထဲ ဝင်သွားသည်။ ဝဠာ ဆိုဖာတစ်လုံးပေါ် ဝုန်းခနဲ ပြိုလဲကျသွား၏။ သူ့ခန္ဓာကိုယ်က အရုပ်ကြိုးပြတ်သလို ယိုင်ခွေချည့်နဲ့နေသည်။ ရုံ... ကိုယ်အရမ်းခံစားနေရတယ်။ မရက်စက်ပါနဲ့ကွာ။ ဦးတိမ်သခင်နဲ့ မင်း ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ်ချစ်နေမှာပဲ။ ကိုယ့်ကို မထားခဲ့ပါနဲ့ကွာ။ သူ မျက်လုံးတွေ ကြောင်စီစွာ အိပ်စက်ခြင်းတွေ ပျောက်ဆုံးနေလေသည်။

❐ ❐ ❐



(၁၉)

မနက်စောစော အလင်းရောင်တွေ ဖြန့်ကျက်မလာခင် ရုံ တစ်ယောက် အိတ်လေးဆွဲပြီး နယ်ကိုပြန်ဖို့ ပြင်ဆင်နေသည်။ ကိုဝဠာနှင့်လည်း ရုံ မျက်နှာချင်းမဆိုင်လို၍ စောစောပဲ ထွက်သွားဖို့ ဆုံးဖြတ်ထားမိ၏။ ခခလည်း လိုအပ်တာတွေ ဝိုင်းကူထည့်ပေးနေသည်။

'ရုံ မြန်မြန်ပြန်လာနော်၊ အလုပ်တွေ ရှာထားမယ်၊ ဦးတိမ်သခင်ကိုလည်း ခ ဝင်တွေ့မယ်၊ ရုံ့ကို ထပ်ပြီးမနှောင့်ယှက်ဖို့လေ'

'ထားလိုက်ပါတော့ ခရာ၊ နင် အလုပ်ပြုတ်မှ နှစ်ယောက်လုံး ဒုက္ခရောက်မယ်'

'အလုပ်တွေက ပေါပါတယ်ရုံ ထပ်ရှာမယ်၊ အမှန်တရားဘက်ကပဲ ခ လိုက်မယ်၊ ရုံ ပြန်လာခဲ့ပါ၊ စိတ်ဓာတ်မကျနဲ့နော်၊ ကိုဝဠာနဲ့လည်း ရှောင်မနေပါနဲ့ဟာ၊ တွေ့လိုက်ပါ'

'အင်း သွားပြီနော် ခ၊ လိုက်မပို့နဲ့တော့၊ မိုးမလင်းသေးဘူးလေ၊ အိပ်ဦး'



www.burmeseclassic.com

www.burmeseclassic.com



ခကို ထားခဲ့ပြီး ရံ အိတ်တစ်လုံးဆွဲ၍ အပြင်ထွက်လာခဲ့လေသည်။ ရံ ထွက်လာသည်နှင့် ခက တံခါးပိတ်ပြီး အထဲပြန်ဝင်သွား၏။ သူမ အောက်ကိုဆင်းဖို့ လှေကားထိပ်အရောက်တွင် သူမကို ရပ်စောင့်နေသော ကိုဝဠာကို တွေ့လိုက်ရသည်။

'ရံ'

'ဟင်… ကိုဝဠာ'

'ရံ ထွက်သွားမယ်ဆိုတာ သိလို့ ကိုယ် စောင့်နေတာ၊ တစ်ညလုံးပဲလေ၊ ကိုယ် တစ်ရေးမှ မအိပ်ရသေးဘူး'

'ဟင်'

ကိုဝဠာ့မျက်ဝန်းတွေက ချောင်ကျနေသည်။ ရံ့ရင်တွေ စူးနစ်နာကျင်သွားရ၏။ ဖြစ်မှဖြစ်ရလေ ကိုဝဠာရယ်။ ချစ်သူကိုလည်း ရံ သနားသွားရသည်။ ဆံပင်တွေ ဖွာလန်ကြဲကာ မျက်တွင်းဟောက်ပက်နှင့် သူမရှေ့မှာ ရပ်နေတဲ့ ကိုဝဠာက ညှိုးငယ်တုန်ယင်နေသည်။

'မင်း ဘယ်သွားမလို့လဲ ရံရယ်၊ ကိုယ့်ကို မထားခဲ့ပါနဲ့၊ ကိုယ်တို့ လက်ထပ်ကြမယ်၊ ကိုယ်ယောကျ်ားပါ၊ မင်းကိုရော၊ ညီလေးနဲ့ ညီမလေးကိုရော မင်းတို့မိသားစုဝင်အားလုံး ကိုယ်တာဝန်ယူနိုင်ပါတယ်'

'တခြားကိစ္စတွေ နောက်မှပြောကြတာပေါ့ ကိုဝဠာ၊ အခု ရံ နယ်ကိုပြန်ရမယ်၊ ညီမလေးခရမ်းပြာက ဖုန်းဆက်တယ်၊ ပြန်လာခဲ့ပါဦးတဲ့'

ချစ်သူရင်ခွင်ထဲ ပြေးဝင်၍ ရံ ရင်ဆိုင်ဖြတ်သန်းနေရတဲ့





ပြဿနာအခက်အခဲတွေကို ရင်ဖွင့်ပြောပြလိုသည်။ ကိုဝဠာလည်း ကူညီဖြေရှင်းပေးနိုင်မှာမဟုတ်။ သူမလိုပဲ အလုပ်လက်မဲ့ပါ။

'ကိုယ်လည်းလိုက်မယ် ရံ၊ မင်း ဘာတွေအခက်အခဲတွေ ဖြစ်နေလဲ ကိုယ့်ကိုပြောပြပါ'

'ပြောလို့လည်း ဘာထူးမှာလဲ ကိုဝဠာ၊ ရံတို့က ဘဝတူတွေပဲလေ၊ ရံတို့ဘဝက အချစ်ကို ရှေ့တန်းတင်လို့လည်း မဖြစ်သေးပါဘူး၊ နားလည်ပေးပါနော်'

'ရံ ကိုယ်တို့လက်ထပ်မယ်'

'ရှင်'

'ကိုယ့်မှာ မင်းနဲ့လက်ထပ်နိုင်တဲ့ အခြေအနေတွေ ရှိပါတယ်၊ မင်းထင်သလို ကိုယ်က အလုပ်လက်မဲ့မဟုတ်ပါဘူး ရံရယ်'

'ကိုဝဠာ ဘာတွေလာပြောနေတာလဲ၊ ရံက ငွေမက်တဲ့သူတော့ မဟုတ်ဘူးနော်၊ ရံ လက်ထပ်ဖို့ဆိုတာ ပိုပြီးတောင် မဖြစ်နိုင်တဲ့ကိစ္စပါ၊ ရံ အဲဒီလောက် မိသားစုအပေါ် အတ္တမကြီးနိုင်ဘူး'

'မင်းတို့မိသားစုအပေါ် ကိုယ်တာဝန်ယူနိုင်ပါတယ်ရံ၊ တကယ်တော့ ဒီအခန်းက ကိုယ့်အလုပ်သမားတွေနေဖို့ ငှားထားခဲ့တာပါ'

'ဘာပြောတယ် ကိုဝဠာ'

ဝဠာလည်း မထူးတော့ဘူးဆိုပြီး ရံ့ကို သူ့အဝအဖြစ်မှန်တွေ ပြောပြလိုက်သည်။ ရံ့ကို မစွန့်လွှတ်နိုင်တော့လို့ပါ။ ချစ်သူလက်လေးကို ဆုပ်ကိုင်တော့ သူမမျက်ဝန်းလေးတွေက မယုံကြည်သလို မနောက်ပါနဲ့ ကိုဝဠာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်မရှိတာတွေ မပြောပါနဲ့ ကိုဝဏ္ဏ၊ ရုံက လူလိမ်တွေကို မုန်းတယ်၊ မရှိတာကပဲ ရုံနဲ့ ဘဝတူပါတယ်၊ အရင်ကတော့ ချမ်းသာပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်မိတယ်၊ မောင်လေးနဲ့ ညီမလေးကြောင့်လေ၊ ဒါပေမဲ့လည်း ဘဝတူချင်းပဲ ကောင်းပါတယ်၊ ရုံတို့ ကြိုးစားကြမယ်လေ၊ တစ်ချိန်ချိန်ပေါ့'

'ကိုယ် အချိန်တွေ မစောင့်ချင်တော့ဘူး၊ ကိုယ့်မှာလည်း ကုမ္ပဏီကြီးရှိပါတယ်၊ ရုံတောင် အလုပ်လာလျှောက်သေးတာပဲ၊ ဒီမှာ ကိုယ့်ရဲ့ကုမ္ပဏီကဒ်ပါ'

'ဟင်'

သူမ ယူကြည့်လိုက်တော့ ကိုဝဏ္ဏနာမည်နှင့် ကုမ္ပဏီနာမည်ဖြစ်နေသည်။

'အရှိန်အဝါတွေပြပြီး ရုံ့အချစ်ကို မတောင်းခဲ့ချင်လို့ပါကွာ၊ ကိုယ် လိမ်ညာလှည့်ဖြားတာ မဟုတ်ရပါဘူး၊ ကိုယ်တို့လက်ထပ်ကြရအောင်ပါ'

ရုံ့ မျက်ဝန်းဝိုင်းဝိုင်းလေးတွေနှင့် ကြောင်ကြောင်လေး သူ့ကို မော့ကြည့်မိသည်။ သူက ကုမ္ပဏီပိုင်ရှင် လုပ်ငန်းကြီးတစ်ခုရဲ့ ဥက္ကဋ္ဌတဲ့။

'ကိုယ်က ကိုယ့်အိမ်ထောင်ရေးကို လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိတယ် ရုံ၊ မင်းပျော်ရွှင်စေရမှာပါ'

သူ့ရဲ့လက်လေးကို ဆုပ်ကိုင်လိုက်မိရာ အေးစက်တုန်ရီနေတာတွေ့ရ၍ သနားကြင်နာစွာ ရင်ခွင်ထဲ ထွေးပွေ့ထားမိလေသည်။





'စိုးရိမ်ထိတ်လန့်မနေပါနဲ့ ရုံရယ်၊ ကိုယ့်နှလုံးသားထဲမှာ တန်ဖိုးထားပြီး ချစ်မြတ်နိုးရတဲ့ မိန်းကလေးက စိန်မြရုံခြယ်ပါ၊ မင်း စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေရတာ ကိုယ် ကြည့်နေနိုင်တော့ဘူး'

သူ့လက်တွေက သူမမျက်နှာလေးကို ဆွဲယူမော့စေပြီး တဆတ်ဆတ်တုန်ရီနေတဲ့ သူမနှုတ်ခမ်းလေးအား နမ်းမည်ပြုစဉ် သူမ အသိတွေ ဝင်လာရကာ သူ့ရင်ခွင်ထဲကနေ ဆတ်ခနဲရုန်းထွက်၍ ခန္ဓာကိုယ်လေးအား ခွာပစ်သည်။

'ရုံ'

'ရုံ စဉ်းစားပါရစေဦး ကိုဝဏ္ဏ၊ လောလောဆယ် မဆုံးဖြတ်ပါရစေနဲ့နော်၊ မိသားစုဆီ ပြန်ရမယ်၊ ရုံကို ခွင့်ပြုပါ'

ကိုဝဏ္ဏရဲ့ အနမ်းတွေကို ခံယူဖို့ ရုံ့စိတ်ထဲမှာ မသန့်။ ဦးတိမ်သခင်ရဲ့အနမ်းတွေက သူမမျက်နှာလေးအနှံ့ အထပ်ထပ်ကျရောက်ခဲ့ပြီး ဖြစ်လေသည်။

ဘာဖြစ်လို့မှန်း မသိတော့ပါဘူး။ ကိုဝဏ္ဏ အနမ်းတွေကို မခံယူလိုပေ။ ရုံ့နှလုံးသားတွေ ကြေကွဲနာကျင်နေရ၏။ သူမ လှေကားအတိုင်း အောက်သို့သွက်သွက်လေး ပြေးဆင်းလာခဲ့မိသည်။

'ရုံ.... ကိုယ်လည်း လိုက်မယ်၊ မင်းတစ်ယောက်တည်း စိတ်မချဘူး၊ ခွင့်ပြုပါကွာ၊ ကိုယ်နဲ့လက်ထပ်ဖို့ စဉ်းစားပါ၊ အချိန်တွေ ဘယ်လောက်ပဲကြာကြာ ကိုယ်စောင့်နေပါ့မယ်'

'ရုံ့နောက်ကို ထပ်မလိုက်ဖို့ တောင်းပန်ပါတယ် ကိုဝဏ္ဏ၊ မိသားစုကိစ္စတွေ ရှိနေလို့ပါ၊ ကိုဝဏ္ဏ ဝင်ပါဖို့မသင့်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူမချစ်မိသွားတဲ့သူက ကုမ္ပဏီပိုင်ရှင်ကြီးဆိုတဲ့ အသိက သူမနှလုံးသားတွေကို အေးစက်သွားစေသည်။ နှလုံးသားထဲမှာ အချစ်ဆိုတဲ့အရာ ကိန်းဝပ်ဖြစ်တည်မှုနှင့် ငွေကြေးစည်းစိမ်ဥစ္စာဂုဏ်ဒြပ်တွေနှင့် မဆိုင်ဟု ထင်မိနေ၏။ ကိုဝဠာ့အပေါ် သူမ ခံစားမှုတွေ အေးစက်တည်ငြိမ်နေတာကိုက သူမကိုယ်သူမ အံ့သြတုန်လှုပ်စွာ မကျေမနပ်ဖြစ်နေမိသည်။

'ရုံစကားကို ကိုယ်နားထောင်ပါ့မယ်၊ မလိုက်တော့ပါဘူးကွာ၊ ကိုယ်စောင့်နေမယ် ရုံ၊ မင်း အမြန်ဆုံးပြန်လာခဲ့ပါ'

ရုံ အောက်သို့ဆက်၍ ဆင်းလာခဲ့သည်။ ချစ်သူရင်ခွင်က ပူပူလောင်လောင်ကြီး ဖြစ်နေရ၏။ ဘာကြောင့်လဲဟင် ကိုဝဠာက လိုလေးသေးမရှိအောင် ပြည့်စုံနေသူ ရုံလက်ထပ်မည့် လက်တွဲဖော် ရွေးချယ်မယ်ဆိုရင်တောင် ကိုဝဠာ့ကိုပဲ ရွေးချယ်သင့်သည်။

သူမ အဝေးပြေး ကားကြီးပေါ်ရောက်တဲ့အထိ သူမနှလုံးသားထဲကနေ ကိုဝဠာ့က ပျောက်ဆုံးနေ၏။ ဦးတိမ်သခင်ကြောင့်လား။

'အလကားလူကြီးပါ၊ အချောင်သမားကြီး'

'ဟင်'

'အို'

သူမနှုတ်ခမ်းတွေဆီမှ အချောင်သမားကြီးဟု ရေရွတ်မိတဲ့အသံက ကျယ်လောင်သွားလေရာ ဘေးမှာထိုင်နေတဲ့လူကြီးတစ်ယောက်က ဘာလဲဟာဟု မျက်ထောက်နီကြီးနှင့် အပြူးအပြဲကြည့်နေသည်။





'အို… Sorry'

ဦးတိမ်သခင်ကြောင့် သူမ အမြဲတမ်း ဒေါသတွေပေါက်ကွဲရသည်။ လက်ထပ်ဖို့တောင်းဆိုတော့ တုပ်တုပ်မှမလှုပ်။ ဆိုးဝါးတဲ့ ကံကြမ္မာကြောင့် ခပ်ကြောင်ကြောင် ဦးတိမ်သခင်နှင့် ဆုံတွေ့ခဲ့ရ၏။

သူမက စတာပါ။ နမော်နမဲ့နှင့် သူမ ကားကို Taxi အမှတ်ဖြင့် မှားယွင်း၍ ငှားမိခဲ့သည်။

'မုန်းစရာကောင်းတဲ့လူကြီး၊ ရွံစရာကောင်းလိုက်တာ၊ ရုံ့ချစ်သူကလည်း သူ့ဌေးပဲ၊ ငယ်ရွယ်နုပျိုချောမောတယ်'

မဆီမဆိုင်မတွေးချင်ပါဘူးဆိုမှ ဦးတိမ်သခင်အကြောင်းတွေပဲ စဉ်းစားမိနေ၍ မကျေနပ်မိ။ ကိုဝဠာ့အကြောင်း တွေးဖို့ ကြိုးစားမိတိုင်း ဦးတိမ်သခင့်အကြောင်းတွေသာ သူမအတွေးတွေအားလုံးကို စိုးမိုးနေလေသည်။

'မင်းကို အရမ်းချစ်တယ်၊ တန်ဖိုးထားပြီး ချစ်ခဲ့တာပါ၊ ကိုယ်ရူးသွပ်မတတ်ချစ်တာပါ စိန်မြရုံခြယ်'

ဦးတိမ်သခင်က သူမကို ချစ်တယ်ဟု အငမ်းမရပြောဆိုရင်း သူမနှုတ်ခမ်းသားလေးတွေ ကျိန်းစပ်နာကျင်သွားခဲ့ရသည်။

'ရှင်ကြီး ကျွန်မကို လက်ထပ်ရဲတဲ့သတ္တိရှိလို့လား၊ တိတ်တိတ်ပုန်းလေးနဲ့ ခြေပုန်းခုတ်ချင်တာမဟုတ်လား'

သူမ နာကျင်စွာအော်ဟစ်ပစ်ချင်တဲ့ဆန္ဒတွေ ပေါက်ကွဲလွင့်စင်မတတ် ဦးတိမ်သခင်ကို မေ့ပစ်ရမယ်။ သူမ ရွေးချယ်သင့်တာက သူမချစ်သူ ကိုဝဠာ။ အပြစ်ကင်းစွာ တည်ကြည်ခန့်ညားသူပါ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် အားကိုးရမည့်အစွမ်းအစတွေ ပိုင်ဆိုင်ထားသူ။ ဦးတိမ်သခင်အကြောင်း တွေးမိလိုက်၊ ကိုဝဋ္ဌာအကြောင်း အစားထိုး စဉ်းစားလိုက်နှင့် မောင်လေး၊ ညီမလေးတွေဆီ ရောက်လာသည်။

'ဟင်… မမ ဘာဖြစ်လို့ ကြိုတင်ဖုန်းမဆက်တာလဲ၊ ခရမ်းပြာလာကြိုမှာပေါ့'

'ခြံရှံရော'

'ကားတစ်စီးနဲ့ အပြင်ထွက်သွားတယ်လေ'

'ကားတစ်စီးနဲ့'

'မမကို ပြောပြစရာတွေရှိတယ်၊ အခန်းထဲမှာလေ ဖေဖေရှိတယ်'

'ဘယ်သူ'

'ဖေဖေ ဦးစိန်ခြယ်လေ၊ ခရမ်းပြာတို့ကို လာတွေ့တယ်၊ ငွေကြေးကအစ အားလုံးပြည့်ပြည့်စုံစုံ ထောက်ပံ့တယ်'

'ဟုတ်တယ်ရဲ့ တီတီလေးလည်း လက်မခံဘဲ မောင်းထုတ်တယ်၊ ဒါပေမဲ့ ကိုစိန်ခြယ် အရမ်းပိန်သွားတယ်၊ အဆုတ်ကင်ဆာဖြစ်နေပြီတဲ့၊ နောက်ဆုံးအဆင့်တဲ့၊ သူသေဖို့ သုံးလလောက်ပဲ လိုတော့တယ်'

ဖေဖေ့အကြောင်း ကြားရတော့ ဘယ်လောက်ပဲ ရက်ရက်စက်စက် သူမတို့သားအမိကို စွန့်ပစ်သွားခဲ့ပါစေ ရဲ့ ဝမ်းနည်းကြေကွဲစွာ ဖေဖေ့ကို တွေ့မြင်ချင်နေရသည်။ နှစ်ပေါင်းများစွာ ဇနီးနှင့်သားသမီး





တွေရှေ့ အရိပ်အယောင်လေးပင် လာမပြခဲ့သော သံယောဇဉ်ဖြတ်ခဲ့တဲ့ ဖေဖေ… ရဲ့ မယုံနိုင်အောင် ဖြစ်ရသည်။

'သမီးဖေဖေ အခန်းထဲမှာ အိပ်နေတယ်၊ မနေ့ကမှ ရောက်လာတာ၊ မိတ်ဆွေတစ်ယောက်က ကားနဲ့လာပို့ပေးတယ် ရဲ့၊ သမီးကြီးလည်း နားလည်လက်ခံပေးလိုက်ပါ၊ ကိုယ့်အဖေပဲ'

တီတီလေးဖျောင်းဖျစကားတွေကြောင့်လည်း မဟုတ်ပါဘူး။ မိန်းကလေးငယ်ငယ်နှင့် မတွေ့ခင်က မိသားစုကို ချစ်မြတ်နိုးပြီး တာဝန်ကျေပွန်ခဲ့တဲ့ဖေဖေပါ။ စီးပွားအရှာကောင်းတဲ့ဖေဖေ့ကြောင့်လည်း တစ်ခါတစ်ရံ သတိရတမ်းတမိနေတတ်ခဲ့သည်။

'ဖေဖေက မမနဲ့ တွေ့ချင်တယ်တဲ့၊ သားသမီးတွေအနာဂတ်အတွက် လုပ်ပေးခဲ့လို့တဲ့လေ၊ ခရမ်းပြာကတော့ ဖေဖေ့ကို သိပ်မမှတ်မိဘူး၊ ဒါပေမဲ့လည်း ဖေဖေ့ကို ချစ်တယ်၊ အရင်က စိတ်ဆိုးပေမယ့် သားသမီးတွေကို လာပြန်ကြည့်လို့လေ'

'ခြံရှံကရော ဘာပြောလဲဟင်'

'ကိုကိုကတော့ သုံးဖြုန်းချင်တာလေ၊ ဖေဖေ့ကို ဝမ်းသာအားရကြိုဆိုတယ်၊ အခုတောင် ဖေဖေ့မိတ်ဆွေကားနဲ့ မြို့ကို ပတ်နေတယ်'

'ဖေဖေ့မိတ်ဆွေရော ပါလာတယ်လား ခရမ်းပြာ'

'အင်း… အရမ်းချောပြီး အရမ်းခန့်ညားတဲ့လူကြီးတစ်ယောက်ပဲ မမ၊ သူစီးလာတဲ့ကားက ခရမ်းပြာတို့မောင်နှမစီးဖို့ ပေးမှာတဲ့'

'ဘာတွေလဲ ခရမ်းပြာ၊ အရမ်းလည်း ဝမ်းသာမနေနဲ့ဦး၊



www.burmeseclassic.com

www.burmeseclassic.com



မမတော့ ဖေဖေနဲ့ သေသေချာချာတွေ့ပြီး စကားပြောရမယ်ထင်တာ
ဖေဖေ ဘာတွေလုပ်နေလဲ။ နောက်မိန်းမငယ်ငယ်လေး
သွားတာကလွဲပြီး ကျန်တာတွေ နာမည်ပျက်မရှိခဲ့သူပါ။ အဆုတ်
ဆာဖြစ်နေပြီဆိုတော့လည်း ရံ့အနေနှင့် ဖေဖေ့ကို အပြစ်မတင်
တော့။ သားသမီးဝတ္တရားအရ ပြုစုစောင့်ရှောက်ပေးရမည် ဖြစ်သ

'ရံ… ဟိုမှာ သမီးကြီးဖေဖေ နိုးလာပြီ'

အိပ်ခန်းထဲကနေ ထွက်လာသော ဖေဖေသည် သိသိသာ
ကြီး ပိန်ချုံးနေပြီး ဖြူရော်ရော်။ ရံ့ကိုတွေ့တော့ ပြုံးပြီးနှုတ်ဆက်
ပေမယ့် ရံ အိပ်မက်တွေလားဟု မယုံတစ်ဝက်နှင့် ဖေဖေ့အား တွေ
ဝေဝေ ကြည့်နေမိသည်။

'သမီးကြီး ပြန်လာတာလား၊ ဖေဖေ့ကိုရော မှတ်မိရဲ့လ
သမီးကြီးကတော့ မှတ်မိမှာပါ၊ ဖေဖေထွက်သွားတုန်းက သမီး အ
ရောက်နေပါပြီ'

ဖေဖေ ပြုံးနေပေမယ့် အခုမှ သားသမီးတွေကို လာတွေ့တ
ဆိုတော့ အပြစ်ရှိတဲ့သူလို မျက်နှာငီမြန်းမြန်းနှင့် မျက်ရည်တွေ ပြည့်
ရှာသည်။ ယိုင်ယိုင်နဲ့နဲ့ ခြေလှမ်းတွေနှင့် ရံ့အနား ရောက်လာ
ရံ ဘယ်လိုမှ မာနတွေ ပြမနေနိုင်တော့ဘဲ ဖေဖေဟုအော်ကာ ရင်
ထဲပြေးဝင်ဖက်တွယ်ထားမိသွားသည်။

'ဖေဖေမှားပါတယ် သမီးကြီးရယ်၊ မျက်နှာပြရမှာဝေ
ရှက်တယ်၊ ဒါပေမဲ့ ဖေဖေ့ဘဝ နောက်ဆုံးအချိန်လေးမှာတော့ တ
ကျေခွင့်ပေးကြပါ၊ ဖေဖေ တောင်းပန်ပါတယ်ကွယ်'



'ဖေဖေရယ်… ရံတို့ အပြစ်မတင်ရက်တော့ပါဘူး၊ ဖေဖေနဲ့
သမီးတို့ တွေ့ဆုံရမယ့်အချိန်လေးက ဘာကြာတော့လို့လဲ၊ ဒါနဲ့ ဖေဖေ
တယ်သူနဲ့လာတာလဲ၊ ဖေဖေ့ဇနီးရောဟင်'

'နိုးနိုးကတော့ ကျန်ရစ်ခဲ့တယ်၊ သူလည်း ခွင့်ပြုပါတယ်၊
သမီးတို့ကိုလည်း စောင့်ရှောက်ပေးမယ်လို့ ပြောပါတယ်၊ အခု ဖေဖေ
က ဖေဖေ့မိတ်ဆွေနဲ့လာတာလေ၊ ဖေဖေ့ဘဝကြီးတစ်ခုလုံးကို ကာကွယ်
စောင့်ရှောက်ပေးနေတာလေ၊ အရမ်းအရည်အချင်းရှိပြီး စိတ်သဘော
ထား ပြည့်ဝတည်ကြည်တယ်၊ သားငယ်နဲ့ အပြင်သွားတယ်၊ သူတို့
ပြန်လာပြီး ဒီမှာ တစ်ညအိပ်ပြီး သားသမီးတွေအနာဂတ်အတွက်
ဖေဖေစီမံမယ်'

'ကောင်းပါတယ်ဖေဖေ၊ ရံတို့ကို ဖေဖေ့ဆန္ဒအတိုင်း စီမံပါ၊
ရံလည်း ဖေဖေ့ကို ပြုစုပေးချင်ပါသေးတယ်'

အတိတ်ကအကြောင်းအရာတွေကို ရံ မေ့ပစ်ချင်သည်။
ဖေဖေ့ကို မသေခင် တွေ့ဆုံခွင့်ရတာကိုပဲ ရံ ကျေနပ်ဝမ်းသာမိ၏။
ဖေဖေက ဖေဖေပဲလေ။ ဖေဖေ့ရဲ့နောက်ဆုံးအချိန်က ဝေဒနာနှင့်အတူ
ကြောက်စရာကောင်းလောက်အောင် နီးကပ်နေပြီဖြစ်၍လည်း ရံ စိတ်
ထိခိုက်ကြေကွဲနေရသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

မောင်လေးခြံရှံနှင့်အတူတူ ဦးတိမ်သခင်ကို တွေ့လိုက်ရသေ
အခါ ရံ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားရသည်။ ဖေ
မိတ်ဆွေက ဦးတိမ်သခင်လား။ ဘယ်လိုတွေ ဖြစ်ရတာလဲ။ ဒီလူကြီး
အထောက်အပံ့ကိုတော့ ရံမလိုချင်ပါဘူး။ မောင်လေးခြံရံရဲ့ပခုံးက
တယုတယဖက်ပြီး သူဝင်လာသည်။

'လာလေ မောင်တိမ်သခင်… သမီးစိန်မြရံခြယ် ရောက်လ
တယ်၊ အတော်ပဲ၊ မိတ်ဆက်ပေးရမယ်'

စိန်မြရံခြယ် ရုတ်တရက် အကြောင်းမကြားဘဲ ရောက်လာ
တိမ်သခင်ပင် တုန်တုန်လှုပ်လှုပ်နှင့် မျက်နှာပျက်မိသည်။ သူ ဘယ
တော့မှ စိန်မြရံခြယ်နှင့် မပတ်သက်ဖို့ ဆုံးဖြတ်ထားမိ၏။ ဦးစိန်ခြ
မှတစ်ဆင့် မိသားစုကို ထောက်ပံ့ကူညီဖို့ပဲ ရှိသည်။

'ဒါက သမီးကြီးစိန်မြရံခြယ်ပါ၊ ရန်ကုန်မှာ သူငယ်ချင်း





အတူတူနေတယ်၊ သမီး… သူက ဖေဖေ့ကို အမြဲတမ်းကူညီစောင့်ရှောက်နေတဲ့ မောင်တိမ်သခင်ပါ၊ ဖေဖေ့ကျန်းမာရေး ဆေးကုသမှု စရိတ်တွေလည်း သူပဲ ထောက်ပံ့နေတာပါ'

ဦးစိန်ခြယ်ကို မိတ်ဆွေတွေဟုပဲ ပြောပြပေးဖို့ သူတောင်းဆိုထားသည်။ စိန်မြရံခြယ်တို့မိသားစု ဖြိုကွဲပျက်စီးစေရန် လုပ်ဆောင်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ မောင်အဖြစ် မသိစေလိုပေ။ ဦးစိန်ခြယ်မှာ အဆုတ်ကင်ဆာဖြစ်နေတာ နောက်ဆုံးအဆင့်ရောက်မှ မမနိုးရော၊ တိမ်သခင်ရော သိရှိကြရသည်။

'တွေ့ရတာ ဝမ်းသာပါတယ် စိန်မြရံခြယ်၊ ကိုယ့်ကို အားမနာပါနဲ့၊ ဘာပဲဖြစ်ဖြစ် ဦးစိန်ခြယ် စိတ်ချမ်းသာဖို့အတွက် အဓိကပဲမဟုတ်လား၊ နောက်ဆုံးအချိန်လေးတွေကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနေထိုင်သွားပါစေ'

ရံ့မျက်နှာလေး အပြုံပြုံအပျက်ပျက်နှင့် နှုတ်ခမ်းတင်းတင်းလေးက စူထော်ချင်သွားသလို မျက်ဝန်းလေးတွေထဲမှာ မကျေနပ်ချက်တွေ ပြည့်လျှံ၍ ဝင်းတောက်လာသည်။ သူ ရယ်ပစ်ချင်သွား၏။

မာနတွေ ထင်းနေတဲ့ မျက်နှာချောချောလေးကို စူးစိုက်ကြည့်ပစ်လိုက်၏။ စိန်မြရံခြယ်အား အတင်းအကြပ်ခေါ်ဆောင်သွားကာ ရူးသွပ်စွာ နမ်းပစ်ခဲ့မိသည့်အဖြစ်အပျက်တွေကို သူ လွမ်းလွမ်းဆွတ်ဆွတ် သတိရစေခဲ့၏။ စိန်မြရံခြယ်က အေးဆေးတည်ငြိမ်စွာ သူ့ကို နှုတ်ဆက်အပြုံးလေး ပေးတာပင် ရင်ထဲက မပါမှန်းသိသိကြီးနှင့် သူကျေနပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဦးတိမ်သခင် ဖေဖေ့ကို စောင့်ရှောက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရဲတို့မောင်နှမတွေကတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်တာမျိုး ပိုပြီးသဘောကျကြပါတယ်'

'သမီးကြီးရဲ့ မောင်တိမ်သခင်က အသက်သိပ်မကြီးသေးပါဘူး၊ သမီးအစ်ကိုအရွယ်ပါကွယ်၊ အစ်ကိုကြီးလို့ပဲ ခေါ်ပါ၊ ပြီးတော့ ဖေဖေ့ဆန္ဒက သမီးတို့မောင်နှမတွေ ပညာရေးဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြဖို့ မောင်တိမ်သခင်ရဲ့ အထောက်အပံ့ကို ယူပါ'

ရဲ့ချစ်သူကလည်း ဦးတိမ်သခင်လိုပဲ မိသားစုအပေါ် ထောက်ပံ့ပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ပါဖေဖေလို့ ပြောပစ်ချင်ပေမယ့် ဘာဖြစ်လို့မှန်းမသိဘဲ သူမ နှုတ်ခမ်းတွေက စေ့ကပ်နေသည်။ ဦးတိမ်သခင်ရဲ့ အကူအညီကို မလိုချင်ပါဘူး။

ငြင်းပစ်ဖို့ ဖေဖေကြောင့်ဟု ထင်ရပေမယ့် သူမကိုယ်တိုင် ခါးခါးသီးသီး မငြင်းနိုင်ခဲ့။ မသိမသာလေး မျက်စောင်းထိုးရင်း မောင်လေးခြံရံကလည်း အစ်ကိုကြီးကို ခင်တယ်။ ဖေဖေ့ဆန္ဒအတိုင်း မမရဲ မငြင်းပါနဲ့၊ ဆေးကျောင်းတက်ပါတဲ့။ သူတို့လည်း ငွေကြေးပြည့်စုံရင် ကြိုးစားမယ်တဲ့။

မိသားစုရှေ့မှာ ချစ်သူကိုဝဏ္ဏအကြောင်း ဘာဖြစ်လို့များ မပြောမိရတာလဲ။ ဦးတိမ်သခင် ပြန်တော့မယ်ဆိုတော့ ဖေဖေက ရဲကို သမီးပြန်လိုက်သွားပါလားတဲ့။

'ရောက်ရောက်ချင်းကြီး ဖေဖေ၊ သမီး တစ်ပတ်လောက် နေဦးမယ်'





'ရဲ'

'ရှင်'

'မင်း ကိုယ့်ကုမ္ပဏီမှာ အလုပ်ဝင်ပါ၊ ကျောင်းဆက်တက်ချင်လည်း တက်လေ'

'ရဲ စဉ်းစားပါဦးမယ်'

သူ့ကို ဒေါသတကြီးနဲ့ ရန်တွေ့ပစ်ချင်တဲ့စိတ်တွေ ထိန်းမရ သိမ်းမရ ဖြစ်ပေါ်နေခဲ့ပေမယ့် ဖေဖေ့ရဲ့ကျေးဇူးရှင်ဖြစ်နေ၍ မျိုသိပ်ထားရသည်။ ဖေဖေ့ ဆေးကုသစရိတ်တွေ ရဲလည်း မတတ်နိုင်ဘူး။ သူမ ငြိမ်နေရသည်။

'ဖေဖေ့အပေါ် နှစ်ပေါင်းများစွာ ကောင်းလာခဲ့တဲ့ သူပါကွယ်၊ ဖေဖေ မှားသွားပါတယ်၊ နောက်ပိုင်း စီးပွားရေးတွေလည်း ဖေဖေ မလုပ်နိုင်ပါဘူး၊ အသက်ကြီးလာတော့ ရောဂါတွေလည်း ဝင်လာတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက အဆုတ်ကင်ဆာဖြစ်ခဲ့တာ၊ ဖေဖေ ဘယ်သူ့ကိုမှ ဖွင့်မပြောပြခဲ့ဘူး၊ မောင်တိမ်သခင်ကြောင့် ဖေဖေ့မိသားစုကိုလည်း စောင့်ရှောက်နိုင်ခဲ့တယ်'

ဖေဖေ မောမောနေသည်။ ရဲ စကားမပြောဖို့ တားရ၏။ ဖေဖေ့ ဆန္ဒပဲပေါ့။ မောင်လေးခြံရံရော၊ ခရမ်းပြာရော အစ်ကိုကြီး... အစ်ကို ကြီးနှင့် ရဲပင် မျက်စောင်းထိုးကြည့်ယူရတဲ့အထိပဲ။

တကယ်ဆို ရန်ကုန်က ကိုဝဏ္ဏအကြောင်း ပြောပြရမှာပါ။ ဦးတိမ်သခင်အား အမြင်ကတ်ကတ်နှင့် ကိုဝဏ္ဏအကြောင်း ထုတ်ပြောရမှာ။ ပြောပြန်ရင်လည်း ဦးတိမ်သခင် ဒေါသတကြီးနှင့် သူမအပေါ် ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်လာမှာလည်း ကြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ပြန်မယ် စိန်မြရုံခြယ်၊ နောက်မှ မင်းနဲ့ ရန်ကုန်မှာတွေ့ပြီး တိုင်ပင်ဆွေးနွေးကြတာပေါ့၊ ခြံရုံရော၊ ခရမ်းပြာရော အစ်ကိုကြီး ပြန်ပြီ၊ ဖေဖေ့ကိုတော့ ဂရုစိုက်ကြပါ'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ အခုလို ခရမ်းပြာတို့ကို စောင့်ရှောက်တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်'

'OK'

'အစ်ကိုကြီး မကြာခဏလည်း ခြံရုံတို့ဆီ လာပါနော်'

'မင်းလည်း လိမ်လိမ်မာမာ နေထိုင်ဖို့ လိုအပ်တယ် ခြံရုံ၊ ဘာဖြစ်လို့လဲဆိုတော့ မိသားစုမှာ မင်းက သားယောကျ်ားလေးပဲ၊ မင်း စံပြအဖြစ် နေသင့်တယ်နော်'

'ဟုတ်ကဲ့'

'သွားပြီနော်'

မြန်မြန်သွားစမ်းပါ ဦးတိမ်သခင်။ ရုံတို့မောင်နှမတွေကို ဆရာကြီးလုပ်ပြီး ဆုံးမသွန်သင်မနေစမ်းပါနဲ့။ ကျွန်မချစ်သူက ရှင့်လိုပဲ ချမ်းသာတဲ့လူပါ။ ဖေဖေ့ကြောင့် သိလား။

သူမနှင့်အကြည့်ချင်းဆုံမိစဉ် အမြင်ကတ်ကတ်နှင့် မျက်စောင်းထိုးပစ်လိုက်သည်။ သူ ကားပေါ်တက်ပြီး လက်ပြရင်း မောင်းထွက်သွား၏။

ခြံရုံနှင့် ခရမ်းပြာကတော့ ပျော်ရွှင်လို့။ ဖေဖေက မောင်တိမ်သခင်က မဟုတ်တာ၊ မမှန်တာ လုပ်တာလည်း မကြိုက်ဘူး၊ အရမ်းတော်ပြီး စီးပွားရေးလည်း ငယ်ငယ်ရွယ်ရွယ်နှင့် ကြီးပွားချမ်းသာအောင် လုပ်တတ်ကြောင်း ချီး မွမ်း၍မဆုံးတော့။ ရုံ အခန်းထဲ ဝင်လာခဲ့သည်။





'မမကြီး'

'ဟင်… ခရမ်းပြာ'

'ရော့'

'ဘာလဲ'

'အစ်ကိုကြီးက ပေးသွားတာပါ၊ မမအတွက်ရော၊ ကိုကိုနဲ့ ခရမ်းပြာအတွက်ရော၊ တီတီလေးအတွက်ရော Hand Phone တစ်လုံးစီလေ'

'ဘာပြောတယ်'

'လက်ခံလိုက်ပါ မမကြီးရာ၊ ဖေဖေထားပစ်ခဲ့ကတည်းက တဖြည်းဖြည်း ဆင်းရဲဒုက္ခရောက်ရတာ၊ ခရမ်းပြာဆိုရင် ချမ်းသာတဲ့ဘဝဆိုတာတောင် ကောင်းကောင်းမသိလိုက်ရပါဘူး၊ ဆင်းရဲပြီး အခက်အခဲတွေ မရှိဘူးဆိုတဲ့စကားတွေကိုပဲ အမြဲတမ်းကြားလာခဲ့ရတာပါ'

ဟုတ်လည်း ဟုတ်သည်။ ညီမလေးခရမ်းပြာက ဒုက္ခအခံရဆုံးပဲ။ ဦးတိမ်သခင်အား ကျေးဇူးရှင် အားကိုးရာပုဂ္ဂိုလ်ကြီးအဖြစ် လေးစားကြည်ညိုနေ၏။ ရုံ ဘာတတ်နိုင်တော့မှာလဲ။ ညီမလေးရဲ့ အပျော်ကို မပျက်စီးစေချင်ပေ။

'ယူထားလိုက်ပါ၊ မမကြီးတစ်ယောက်တည်း ရှန်းအားနဲ့ ကိုကိုရော ခရမ်းပြာရော ဘယ်လိုရပ်တည်မလဲ၊ ဖေဖေလည်း စိတ်ချမ်းသာအောင် မမ လိုက်လျောပေးပါနော်'

'ခရမ်းပြာ… ညီမလေး'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

'မမလက်တွဲဖော်အဖြစ် ရည်ရွယ်ထားတဲ့သူကလည်း ချမ်းသာတဲ့သူ ဖြစ်နေရင်ရော'

'မမမှာ ချစ်သူရှိနေပြီလားဟင်၊ ခရမ်းပြာတို့ကတော့ အစ်ကိုကြီးကို သဘောကျတယ်၊ ဖေဖေ့ကျေးဇူးရှင်လေ၊ ပြီးတော့ သူက ညီမလေးတို့ကို ကြည်ကြည်ဖြူဖြူနဲ့ စောင့်ရှောက်ပေးမှာပါ၊ အားနာစရာမလိုဘူး၊ မမချစ်သူက ဘယ်သူလဲဟင်'

'ပြောပြတာပါ၊ မမကို နှစ်သက်နေတာလေ၊ ကဲပါ ဘာမှစဉ်းစားမနေနဲ့တော့၊ ညီမလေးတို့ ပျော်ရွှင်မှုက အဓိကပါပဲလေ၊ မမအနားယူလိုက်ဦးမယ်နော်'

'ဟုတ်ကဲ့'

ညီမလေး ခရမ်းပြာက ဦးတိမ်သခင်ပေးထားခဲ့တဲ့ Phone အနီရောင်ရဲရဲလေးကို သူမဘေးနားမှာ ချ၍ထွက်သွားသည်။

'ဦးတိမ်သခင်… လူလည်ကြီး ငွေနဲ့ဖိတာပေါ့လေ၊ ရန်ကုန်ရောက်မှ သိမယ်၊ မိသားစုကိုများ ဖုန်းတစ်လုံးစီတဲ့၊ တော်တော်လေး စေတနာရှိနေတာပဲ'

ခရမ်းပြာပြောသလိုပဲ ဦးတိမ်သခင်က သူ့စေတနာနှင့် ရုံတို့မိသားစုကို စောင့်ရှောက်ပေးတာပါ။ သူမကတော့ ကိုဝဠာအကူအညီကိုလည်း ယူချင်တဲ့ဆန္ဒမရှိပေ။ ရုံတစ်ယောက်တည်းလည်း ငွေကြေးထောက်ပံ့နိုင်ဖို့ မဖြစ်နိုင်ပေ။ သူမဘဝကိုသူမ နာကျင်ကြေကွဲနေရသည်။





'တီ… တီ'

'တီ…'

'ဟင်'

သူမဘေးနားမှာရှိနေတဲ့ Hand Phone မှ အသံမြည်လာ၍ ရုံ လန့်သွားရကာ ဦးတိမ်သခင် ဆက်ပြီဆိုတာ သိလိုက်သည်။

'အရမ်းရှုပ်တဲ့လူကြီးပဲ၊ မပတ်သက်ချင်ပါဘူးဆိုမှ'

'တီ… တီ…'

'တီ… တီ…'

'တီ…'

'ဒုက္ခပါပဲ'

ရုံ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့သဖြင့် ဖုန်းကို ဖွင့်၍ နားထောင်လိုက်ရသည်။

'ဟဲလို'

'ရုံ'

'ဒီမှာ ကျွန်မကို ငွေနဲ့ဖိလို့ကတော့ လုံးဝလက်ခံမှာမဟုတ်ဘူးနော် ဦးတိမ်သခင်၊ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ၊ ဖေဖေ့ကို ဘယ်လိုအသုံးချလိုက်တာလဲ'

'မင်းကို Sponsor ပေးတာလေ'

'ဘာပြောတယ်၊ ကျွန်မကို ဘာအမြှုးတွေရှိလို့ စော်ကားမော်ကားလုပ်နေရတာလဲ၊ ရှင့်ထောက်ပံ့မှုကိုလည်း ကျွန်မလက်ခံမှာမဟုတ်ဘူးနော်၊ ဒီမှာ ရှင် ကျွန်မကို တရားဝင်လက်ထပ်ဖို့ လူကြီးစုံရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လာတောင်းပါ၊ ရှင့်မှာ အစ်မရှိတာပဲ၊ အဲ့ဒီအစ်မလင်မယားကို ခေါ်လာခဲ့၊ ဒါပဲ စိန်မြရုံခြယ်က သူဌေးတစ်ယောက်ရဲ့ တိတ်တိတ်ပုန်း ခြေပုန်းခုတ်လို့ရမယ့် မိန်းကလေးမဟုတ်ဘူး၊ လူကို လာအထင်မသေးနဲ့’

‘အရမ်းမာနကြီးတဲ့ စိန်မြရုံခြယ်ပဲ… ကြိုက်တယ်၊ ကိုယ်က အဲဒီလို စိန်ခေါ်ရဲတဲ့ ကောင်မလေးမျိုးကို ကြိုက်တယ်၊ မင်း တကယ်ပဲ စိန်ခေါ်တာနော် စိန်မြရုံခြယ်၊ ကိုယ့်အစ်မလင်မယားခေါ်ပြီး မင်းဆီမှာ လူကြီးစုံရာနဲ့တောင်းရင် မင်း တကယ်ပဲ ကိုယ့်ကိုလက်ထပ်မလား’

‘လက်ထပ်မယ်’

‘OK’

သူ တကယ်မတောင်းဘူးထင်၍ စိန်မြရုံခြယ်က စိန်ခေါ်နေခြင်းဖြစ်သည်။ မဖြစ်နိုင်တာလည်း သူ အသိဆုံးပင်။ တစ်နေ့နေ့ပေါ့။ မင်းကို ကိုယ်လိမ်ညာလှည့်ဖြားမှုတွေ မလုပ်ချင်လို့ပါ စိန်မြရုံခြယ်။

‘ရှင် တွေဝေနေပြီမဟုတ်လား၊ ရှင်တို့လိုလူတန်းစားတွေက ဒီလိုပဲလေ၊ မိန်းကလေးတစ်ယောက်ကို အတည်လက်ထပ်ယူဖို့ဆိုတာ ရှင်တို့နဲ့ ဂုဏ်ဒြပ်တွေ ထပ်တူကျမှ ဖြစ်နိုင်တာပါ၊ ရှင့်ထောက်ပံ့မှုတွေကို ပြန်ရုပ်သိမ်းချင် ရုပ်သိမ်းပါ၊ ကျွန်မမှာ ချစ်သူရှိတယ်’

‘မင်းနဲ့တွဲနေတဲ့ ကောင်လေးလား၊ ရုပ်ရည်ကတော့ မဆိုးပါဘူး၊ မင်းချစ်သူနဲ့ပဲ လက်ထပ်ပါ၊ ကိုယ်ကတော့ အဖိုးထိုက်တန်တဲ့ လက်ဖွဲ့ပေးရမယ်လေ’

‘မလိုပါဘူး၊ သူက သူဌေးပဲ၊ ဦးတိမ်သခင်လိုပဲလေ၊ ကျွန်မနဲ့ ဘဝအခြေအနေတူညီအောင် တမင်မရှိဟန်ဆောင်ထားတာ သိလား’





‘ဟား ဟား ဟား’

‘ရှင် ဘာရယ်နေတာလဲ၊ လှောင်တာလား၊ မယုံရင်လည်း စောင့်ကြည့်နေလေ’

ကိုယ့်ရင်ထဲမှာ ဝမ်းနည်းကြေကွဲပြီး အရူးတစ်ယောက်လို အော်ဟစ်ငိုပစ်ချင်တာပါ။ ကိုယ် ဘယ်လိုလုပ် ရယ်နိုင်မှာလဲ။ ကိုယ် ချစ်မြတ်နိုးရတဲ့မိန်းကလေးက ကိုယ်လက်ထပ်ခွင့်မရှိဘူးလေ။ ကိုယ် လိမ်ညာလှည့်ဖြားပြီး မင်းကို လက်ထပ်လိုက်ရင် ဘဝတစ်သက်လုံး မင်း နာကျည်းကြေကွဲနေရလိမ့်မယ်။ မင်းအဖေ ဦးစိန်ခြယ်က ကိုယ့်ယောက်ဖလေ။

‘တွေ့လား၊ ရှင်က အံ့ရမ်းပျော်သွားတာပဲ၊ ကျွန်မကို ကျေးဇူးပြုပြီး လိုက်မနှောင့်ယှက်ပါနဲ့တော့၊ တောင်းပန်ပါတယ်၊ လူကြီးလူကောင်းပီသစွာ နေထိုင်သင့်နေပါပြီ ဦးတိမ်သခင်’

‘ဟား ဟား ဟား’

‘ဒီမှာ ရယ်လေ… ရှင် သေတဲ့အထိ လှောင်ပါ၊ စိန်မြရုံခြယ်ကို လျှော့မတွက်နဲ့နော်၊ ရှင့်လိုလုပ်ငန်းရှင်သူဌေး ငယ်ငယ်ရွယ်ရွယ်လေးနဲ့ လက်ထပ်မှာ’

‘ကိုယ်တို့လို လူမျိုးတွေကို သတိထားနော်၊ အရမ်းယုံပြီး ပုံမအပ်လိုက်နဲ့၊ ဒီလိုတွေချည်းပဲ’

‘ကျွန်မချစ်သူကို အထင်မသေးပါနဲ့၊ အရမ်းစိတ်သဘောထားဖြူစင်ရိုးသားတယ်၊ ယောကျ်ားပီသတယ်၊ လူကြီးလူကောင်းလည်းပီသတယ်၊ ပြီးတော့လေ…’



www.burmeseclassic.com

www.burmeseclassic.com

'တော်ပြီ စိန်မြရုံခြယ် အရမ်းကြီးချီးမွမ်းခန်းဖွင့်မနေပါနဲ့၊ ကိုယ်ဆက်ပြီးနားမထောင်နိုင်ရင် မင်းဆီပြန်လှည့်လာပြီး ဖက်နမ်းပစ်မှာ၊ ကိုယ် မင်းတို့မြို့လေးက တည်းခိုခန်းမှာ တည်းနေတာ'

'ဘုရားရေ'

ဒီလူမပြန်သေးပါလား။ ရုံက အဝေးကြီးရောက်သွားပြီထင်လို့။ ဖုန်းကို ကမန်းကတန်း ပိတ်ပစ်မိသွားသည်။ ဦးတိမ်သခင်ရဲ့ အနမ်းတွေကို အရမ်းပဲ ရွံရှာမုန်းတီးတယ်။ လက်ထပ်ယူဖို့ ဘယ်တော့မှ အဖြေတစ်ခု အတိအကျမပေးနိုင်တဲ့လူကြီး။ ညှံဖျင်းလွန်းတယ်။ ရုံ တော်တော်လေးမကျေမနပ်ဖြစ်နေရသည်။ သူမကို အထင်သေးနှိမ်ချချင်တဲ့ ဦးတိမ်သခင်ကို အော်ဟစ်ဆူပူပြောဆို ထုရိုက်ပစ်ချင်လာရ၏။ ကိုဝဠာလို ချစ်သူတစ်ယောက်ကို ရုံ ပိုင်ဆိုင်နေရပါလျက်နှင့် ယောကျ်ားမပီသဘဲ အောက်တန်းကျလွန်းတဲ့ ဦးတိမ်သခင်ကို ရုံ သတိတရ ဖြစ်နေတာလည်း သူမကိုယ်သူမ ဒေါသဖြစ်နေသည်။

❐ ❐ ❐



(၂၁)

'ဖေဖေစိတ်ချမ်းသာမယ်ဆိုရင် ဖေဖေ့ဇနီးကို ခေါ်ထားနိုင်ပါတယ်၊ ဖေဖေနဲ့ပတ်သက်ပြီး ရုံတို့ရဲ့ အမေပါပဲလေ၊ တကယ်လို့ သူက ဆန္ဒရှိနေမယ်ဆိုရင်ပေါ့'

'နေပါစေ သမီးရယ်၊ ဖေဖေ့အတွက် မလိုအပ်တော့ပါဘူး၊ ဇနီးငယ်ငယ်လေးယူပြီး မိသားစုဘဝပျက်တာပဲ ရှိတယ်၊ ဖေဖေ့အတွက် ပျော်ရွှင်ချမ်းမြေ့မှုတွေ ဘာတစ်ခုမှ မရှိဘူး၊ စိတ်သောကတွေပဲ ရောက်ရတယ်၊ သူ့ကိုလည်း ဖေဖေ သားသမီးတွေနဲ့ပဲ အတူတူနေဖို့ ပြောခဲ့ပါတယ်'

'သူ ဆန္ဒရှိရင် လာနေပါစေ ဖေဖေ၊ ခြံရုံနဲ့ ခရမ်းပြာလည်း လက်ခံပါတယ်'

'သမီးကြီး ကျောင်းဆက်တက်ဖို့ကိစ္စ မောင်တိမ်သခင်ရဲ့ အကူအညီကို လက်ခံပါကွယ်၊ ဖေဖေ့ရဲ့ အကြီးမားဆုံးဆန္ဒပါ၊ မောင်တိမ်သခင်က တည်ကြည်တယ်၊ ဖေဖေ့ကိုလည်း စောင့်ရှောက်ခဲ့တယ်၊


www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိတာက ဖေဖေ နောက်မိန်းမ ယူတဲ့အပေါ် အကြီးအကျယ် ကန့်ကွက်ခဲ့ပြီး မကြိုက်ဘူးလေ'

'သူနဲ့ဖေဖေက အသက်ချင်းကွာပြီး ဘယ်လိုပတ်သက်နေရတာလဲ'

'ဖေဖေက သူ့မိဘတွေနဲ့ ခင်မင်ပတ်သက်ခဲ့တာပါ၊ သူ့ကို သမီး ယုံကြည်ပြီး ဆက်ဆံပေးပါ၊ ဒါမှ ဖေဖေ စိတ်အေးရမယ်'

မောင်တိမ်သခင်လိုလူမျိုးက စိတ်သဘောထား မြင့်မြတ်လွန်း၍ ဦးစိန်ခြယ်အနေနှင့် နီးစပ်စေချင်မိသည်။ ဒါပေမဲ့ မိမိဇနီး နီးနီးရဲ့ မောင်ဖြစ်နေ၍ ခက်နေ၏။

ထိုအကြောင်းအရာတွေကို လုံးဝမဖော်ထုတ်ဖို့ ဆုံးဖြတ်ထား၏။ နီးနီးကိုလည်း သားသမီးတွေ တွေ့ဖူးတာမှ မဟုတ်တာ။ မိမိက သေလူပါ။ တာဝန်မကျေတဲ့အဖေတစ်ယောက်ကြောင့် သားသမီးတွေ အနာဂတ် မလုံမခြုံဖြစ်ခဲ့ရသည်။

'ဖေဖေ တောင်းပန်ပါတယ်၊ အရမ်းမိုက်မဲလွန်းတဲ့ အဖေပါ၊ ရှက်စရာလည်း ကောင်းပါတယ် သမီးရယ်'

'ဘာမှတွေးမနေပါနဲ့တော့ ဖေဖေ၊ သားသမီးတွေအတွက်လည်း မပူပါနဲ့၊ ရံ ရန်ကုန်ပြန်မယ်၊ ကျောင်းကိစ္စလည်း ဖြည်းဖြည်း စဉ်းစားမယ်၊ နှစ်တွေအများကြီး သင်ရမှာပါ'

'မမရဲ့နော်၊ ခရမ်းပြာတို့ကတော့ အစ်ကိုကြီးနဲ့ သဘောတူတယ်၊ တခြားသူကို မစဉ်းစားပါနဲ့၊ အစ်ကိုကြီးက ခရမ်းပြာတို့နဲ့ ရင်းနှီးနေပြီ'





'ဘာတွေလျှောက်ပြောနေတာလဲ ခရမ်းပြာ၊ ဦးတိမ်သခင်က မမကို ကြိုက်မလား၊ လက်ထပ်ဖို့ဆိုတာ ဝေလာဝေးပဲ'

ညီမလေး မသိပါဘူး။ ဦးတိမ်သခင်အကြောင်း မမ အသိဆုံးပါပဲ။ မမရံကို လက်ထပ်ဖို့ ကတိတောင်မပေးနိုင်တဲ့လူ။ အချောင်သမားကြီး။ သူမမျက်နှာထားလေး တင်းသွား၍ ဖေဖေနှင့်ညီမလေး ဘာမှဆက်မပြောကြတော့။ ဦးတိမ်သခင်က ရံတို့မောင်နှမသုံးယောက် နာမည်နှင့် ဘဏ်စာရင်းဖွင့်ပေးထားသည်။ မိသားစုသုံးဖို့ ကားတစ်စီး၊ လိုအပ်တဲ့အသုံးအဆောင်ပစ္စည်းတွေ အပြည့်။ ဘာပဲဖြစ်ဖြစ် ဦးတိမ်သခင်ရဲ့ကျေးဇူးနှင့် ရံ စိတ်တော့အေးသွားရသည်။

'ဖေဖေ့ကို သမီး ကန်တော့ခဲ့ပါတယ်၊ တစ်လတစ်ခေါက် လောက်တော့ ရံ ပြန်လာခဲ့မှာပါ၊ ဒီကြားထဲ ဖေဖေ အရေးတကြီးဖြစ်ရင် ဖုန်းဆက်ပါ၊ ရန်ကုန်မှာပဲ ဆေးကုဖို့ နေသင့်ပါတယ်'

'ဖေဖေ သားသမီးတွေနဲ့ အတူတူနေချင်လို့ပါကွယ်၊ သမီးတို့မေမေ ခေါင်းချခဲ့တဲ့နေရာလေးမှာပဲ ဖေဖေ ခေါင်းချချင်ပါတယ်'

'ဖေဖေရယ်'

အချိန်တွေက အရမ်းနှောင်းသွားခဲ့ရပြီလေ။ စီးပွားရေးတွေ မလုပ်တတ် မကိုင်တတ်နဲ့ မိသားစုတာဝန်ကို မေမေ ပင်ပင်ပန်းပန်း ရှန်းကန်ခဲ့ရတာပါ။ ဖေဖေ့ကိုလည်း အပြစ်တင်စကားတွေ မပြောလိုပေ။ အားလုံးကို နှုတ်ဆက်၍ ရံ ထွက်လာခဲ့သည်။

'စိန်မြရံခြယ်'

'ဟင်... ရှင်... ရှင်... ဦးတိမ်သခင်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ကိုယ်လည်း မင်းနဲ့အတူတူ အဝေးပြေးကားစီးပြီး ရန်ကုန်ပြန်မလို့'

'ဟင်'

'ကိုယ့်ကားကိုတော့ တပည့်တွေ လာယူလိမ့်မယ်၊ ကိုယ်တည်းခိုခန်းမှာ အပ်ထားခဲ့တယ်လေ'

'ကျွန်မက လက်မှတ်ဖြတ်ပြီးပြီရှင့်'

'ကိုယ်လည်း မင်းနဲ့ကပ်လျက်ခုံမှာ ဝယ်ထားပါတယ်၊ တိမ်သခင်တို့က ဒီလောက်တော့ ပိုင်ပါတယ်'

'ဟွန်း'

'ဦးစိန်ခြယ်တို့ကတော့ ကိုယ့်ကို ပြန်သွားပြီထင်နေမယ်၊ ကိုယ် မင်းနဲ့အတူတူပြန်ဖို့ စောင့်နေတာပါ'

'ဒီမှာ'

'လာပါကွာ၊ စကားတွေအရမ်းများမနေပါနဲ့၊ သွားကြစို့၊ ကားတောင် ထွက်တော့မယ်'

ကျွန်မမှာ ချစ်သူရှိတ...နော်ဟု ပြောဖို့ပြင်ပြီးမှ လည်ချောင်းဝမှာ တစ်လာတဲ့ ထိုစကားလုံးကို မျိုချပစ်လိုက်ရသည်။ လူရှေ့မရှောင် သူရှေ့မရှောင် သူမကို ဖက်ရမ်းနမ်းရှုံ့ပစ်ရင် ဒုက္ခပဲ။ သူမလက်ကိုဆွဲပြီး ကားပေါ်တက်၏။ ထိုင်ခုံမှာ ထိုင်မိပြီးမှ သူမလက် မလွှတ်သေး၍ ဆတ်ခနဲ ရုန်းဖယ်ပစ်ရသည်။

'တကယ်တော့ ကိုယ်က ကားမောင်းပြီး မင်းနဲ့ပြန်ချင်တာ၊ မင်းမလိုက်မှာစိုးလို့'





'ကလေးကလားနဲ့'

'မင်းနဲ့တွေ့မှ ကိုယ်လည်း ကလေးအရမ်းဆန်နေတယ်၊ အတိတ်က ဖူးစာဖက်တွေ ရေစက်တွေရှိခဲ့ကြတယ်ထင်တယ်'

'မဖြစ်နိုင်တာတွေ လာပြောမနေပါနဲ့၊ ကျွန်မကို ဘယ်အထိ လိုက်နှောင့်ယှက်နေဦးမှာလဲ ဦးတိမ်သခင်'

သူမ မျက်နှာစူတင်းတင်းလေးနှင့် လေသံမာထန်ထန်လေးကို ကြည့်ပြီး သူရယ်မောပစ်မိသည်။ မင်းကိုအရမ်းချစ်တယ် စိန်မြရုံခြယ်။ ကိုယ့်ရင်ထဲမှာ နာကျင်နေတယ်။

မင်းကို ပိုင်ဆိုင်ခွင့်မရရင်လည်း ကိုယ်ဆက်ပြီး မင်းတို့မောင်နှမတွေကို စောင့်ရှောက်မယ်။ စိန်မြရုံခြယ်နှင့်သူ အတူတူနေထိုင်ပတ်သက်ခွင့်က အချိန်အကြာကြီး မရှိနိုင်တော့တာ သူသိနေသည်။

'ရုံ'

'ဘာလဲ'

'မင်း ကျောင်းဆက်တက်ပါ၊ အလုပ်တွေ လျှောက်မနေပါနဲ့တော့'

'အလုပ်လုပ်စရာမလိုတော့ပါဘူး၊ ကျွန်မ ကျောင်းဆက်တက်ချင်လည်း တက်မှာပါ'

'ကိုယ့်ပိုက်ဆံနဲ့ပဲ တက်ရမှာနော်၊ မင်း ဘယ်သူ့အထောက်အပံ့မှ ယူစရာမလိုဘူး'

'ဘာဖြစ်လို့လဲ၊ အဲဒါက ကျွန်မကိုယ်ရေးကိုယ်တာကိစ္စလေ၊ ဦးတိမ်သခင်နဲ့ မဆိုင်ဘူးထင်တယ်၊ ကျွန်မချစ်သူကလည်း ကျွန်မကို ထောက်ပံ့နိုင်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'စိန်မြရုံခြယ်'

'အမေ့'

သူမ စကားပြောမှားသွားပြန်သည်။ သူ့သဝန်တိုမှုတွေက ပေါက်ကွဲမတတ် ဖြစ်သွားပေမယ့် ကားပေါ်မှာဖြစ်၍ သူ ထိန်းချုပ်ထား၏။ ထုံးစံအတိုင်း သူ့လက်တွေကတော့ သူမကို ပွေ့ဖက်ထားပြီးသားပဲ။ သူမ ရှန်းသည်။ နောက်ဆုံးခုံတန်းမို့ တော်သေးတယ်။ ပတ်ဝန်းကျင်ထိုင်ခုံတွေမှာ လူမရှိ။ သူဝယ်ထားတာတဲ့။

ရုံ မလှုပ်သာ မလွန့်သာ။ သူထားရာနေ စေရာသွားလိုခဲ့တဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်လာတာကို ရုံ အသိနှင့် ထိန်းချုပ်ပစ်ရသည်။

'မင်း ချစ်သူရည်းစား မထားပါနဲ့ စိန်မြရုံခြယ်၊ မင်းက မင်းတို့မောင်နှမတွေရဲ့ စံပြပါ၊ မင်းက ချမ်းသာသူမို့လို့ ရွေးချယ်တာလား'

'ကျွန်မကို ချစ်တဲ့ယောကျ်ားလေ၊ အသက်အရွယ်လည်း မတိမ်းမယိမ်းပဲ၊ သူလည်း အရမ်းကြိုးစားတယ်၊ ဦးတိမ်သခင်ထက်တောင် တော်တယ်'

သူ့လက်တွေက ရုံခန္ဓာကိုယ်အား ရစ်သိုင်းပွေ့ဖက်ထားရာကနေ ပြေလျော့သွားတော့သည်။ သူမ ကြည့်လိုက်၏။ မျက်ဝန်းတွေထဲမှာ ကြေကွဲနာကျင်နေလေသည်။ ဦးတိမ်သခင်မှ သတ္တိမရှိတာပဲ။ ရုံ တမင်အရွဲ့တိုက်ပြောနေတာကို သူ ဒေါသတကြီးတုံ့ပြန်ခြင်းမရှိတော့ အကြည့်တွေက အပြင်သို့ ရောက်နေသည်။

'စိန်မြရုံခြယ် မင်းပြောတာမှန်တယ်၊ ကိုယ်က မင်းကို ဘယ်





လောက်ပဲချစ်ချစ် မိဘစုံညီ တောင်းရမ်းလက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကိုယ်က လူကြီးပါ၊ မင်းကို မနှောင့်ယှက်သင့်ဘူး'

ရုံနှင့်သူ ဘယ်လိုအကြောင်းနှင့်မှ လက်ထပ်နိုင်ခြင်းမရှိ။ ဦးစိန်ခြယ် သေဆုံးသွားခဲ့ရင်တောင် ရုံတို့မောင်နှမတွေက သူ့ကို ခွင့်လွှတ်နိုင်ကြမှာမဟုတ်။ ရုံ့ကို သူ စွန့်လွှတ်ရန် အခက်ခဲဆုံး ဖြစ်နေသည်။

လောကကြီးက မတရားဘူး။ ဘာဖြစ်လို့များ စိန်မြရုံခြယ်နှင့် ဆုံတွေ့စေခဲ့ရတာလဲ။ ငယ်စဉ်ကတည်းက မမနိုးလုပ်ရပ်ကြောင့် တိမ်သခင် နှလုံးသားတွေ အရှက်မီးတွေ တောက်လောင်ပြီး ဒဏ်ရာအနာတရ ဖြစ်စေခဲ့သည်။

'ဘယ်လိုလူကြီးလဲ မသိပါဘူး၊ အနိုင်ကျင့်ဗိုလ်ကျချင်တာပဲရှိတာမဟုတ်လား၊ မိန်းမတစ်ယောက်ကို လက်ထပ်ယူရဲတဲ့ သတ္တိလည်း မရှိဘူး၊ ဖေဖေနဲ့ ညီမလေးက ရှင့်ကို အမျိုးတော်ချင်နေတာသိလား'

သူမ စိတ်ထဲကနေ အော်ဟစ်ပြောပြနေသည်။ သူကတော့ ရုံကို မကြည့်။ ကားပေါ်မှာ တစ်ယောက်တည်းပဲ ခရီးထွက်လာသလိုလို။ တကယ်ပဲ မနှောင့်ယှက်တော့တာလား။ ရုံ မကျေနပ်မိ။ သူနှင့် အတိုက်အခံ စကားပြောနေရတာ ပျော်နေသည်။

'စိန်မြရုံခြယ်နော်… နင် ရူးနေလား၊ သူ့လိုလူမျိုးတစ်ယောက်ကိုများ နင့်ကို အဖက်လုပ်မယ် ထင်လို့လား၊ သူက Sponsor ပဲပေးမှာ'



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်စောင်းထိုးပစ်သည်။ မျက်လုံးတွေမှိတ်ပြီး အိပ်ပြ
ပြီလားမသိဘူး။ ကောင်းတယ်။ ကျွန်မကို ဘယ်တော့မှ လာပြီ
မပတ်သက်ပါနဲ့တော့။ ကျွန်မရွေးချယ်မှာက ကိုဝဏ္ဏပဲ။

'ဒီမှာ'

'ဟင်… ဘာလဲ ရုံ'

'Phone လေ၊ ရှင်ပေးထားတာ၊ ကျွန်မအတွက် မလိုအပ်လို့ပါ၊ တော်ကြာ ကျွန်မချစ်သူဆီ ဖုန်းဆက်မိရင်'

'ဆက်ပါ ရုံ၊ ကိုယ် သဘောထားကြီးပါတယ်၊ ချစ်သူတွေအနေနဲ့ မဖြစ်နိုင်ဘူးဆိုရင်တောင် မိတ်ဆွေတွေအနေနဲ့ပေါ့'

တကယ့်ကို ဒေါသဖြစ်ဖို့ကောင်းတဲ့ ဦးတိမ်သခင်ပဲ။ အရမ်းကို သဘောထားတွေ ကြီးပြနေပါလား။ ကောင်းပြီလေ။ ဆက်ပြမယ်။ အင်းလေ… မနာလိုလည်း ဖြစ်မှာမဟုတ်ပါဘူး။ တကယ်ချစ်မြတ်နိုးတာမှ မဟုတ်တာ။ အမြင်ကတ်ကတ်နှင့် ကိုဝဏ္ဏဆီ ဖုန်းဆက်လိုက်သည်။

'ကိုဝဏ္ဏလား… ရုံပါ၊ အခု ကားပေါ်မှာလေ၊ ရန်ကုန်ကို ပြန်လာနေပြီ'

'ရုံလား… အမလေး ရုံရယ်… ကိုယ် အရမ်းမျှော်နေတာ၊ ဘယ်ကားနဲ့လဲ၊ ဘယ်အချိန်ရောက်မလဲ၊ ကိုယ်လာကြိုနေမယ်၊ ပြောလေ ရုံ'

ရုံ စဉ်းစားနေမိသည်။ ဦးတိမ်သခင်ရှေ့မှာ ကိုဝဏ္ဏနှင့် တွဲပြဖို့အထိတော့ ရုံ မလုပ်ပြလိုခဲ့။ သူ အရမ်းမုန်းသွားမှာကို စိုးရိမ်ကြောင့်ကြမှုတွေ ဘယ်ကနေရောက်လာမှန်း မသိ။





'ရုံ… ဟယ်လို… ရုံ ကြားလား၊ ကိုယ့်အသံ ကြားရလားဟဲလို… ရုံ'

'ဟင်'

'မင်း ဘယ်ကားနဲ့လဲ၊ ဘယ်အချိန် ကားဆိုက်မလဲ၊ ပြောလေ၊ ကိုယ်အရမ်းလွမ်းနေပြီ၊ လာကြိုမယ်၊ ခလည်း ဝမ်းသာမှာ၊ ကြိုရင်တော့ ကိုယ်တစ်ယောက်တည်း လာကြိုမှာ'

'မကြိုပါနဲ့ အဖော်ပါတယ်၊ နောက်မှတွေ့မယ်၊ ဒါပဲနော်'

သူမ ဖုန်းပိတ်ပစ်လိုက်တော့. ဦးတိမ်သခင်ရဲ့အကြည့်က ဆတ်ခနဲ ရောက်လာသည်။ သူ ပြုံးနေပေမယ့် မျက်ဝန်းတွေက စိုစွတ်နေသည်။

'ဟော့… ဘာအဖော်ပါတာလဲ၊ မင်းအဆက်နဲ့ ပြန်ပါ၊ လာလာကြိုခိုင်းလိုက်လေ'

ကိုယ် သဘောထားကြီးသလိုလို။ ရုံ့ထံမှ ဖုန်းကို လုယူရိုက်ချိုးလွှင့်ပစ်ချင်တယ်။ ကိုယ် လူကြီးဆန်သင့်တယ်။ မင်းကို သနားတယ် ရုံ။ အချစ်ဆိုတာ ပေးဆပ်ခြင်းပဲ ထင်တယ်။ ရယူပိုင်ဆိုင်လို့မှ မဖြစ်တာ။ သူမ မျက်ဝန်းလေးတွေက မျက်တောင်ကော့ကော့လေးတွေ တဖျတ်ဖျတ်ခတ်ကာ နှုတ်ခမ်းလေးက လှောင်ပြုံးလေးပြုံးပြနေသည်။

'မင်းပျော်ရွှင်မယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ် စိန်မြရုံခြယ်၊ မင်းတို့ချင်းပဲ ကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ် မင်းကို အရမ်းချစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'အို… ဘာတွေလာပြောနေတာလဲ၊ ပတ်ဝန်းကျင်မှာ လူတွေ ရှိတယ်နော်'

'ရှိရှိကွာ၊ ကိုယ်နဲ့မင်း နှစ်ယောက်တည်း တွေ့ဆုံခွင့်က ဒါနောက်ဆုံး ဖြစ်သွားနိုင်တယ် ရံ၊ မင်းချစ်သူက လက်ခံမှာမဟုတ် လို့ပဲ၊ ကိုယ့်ကို အသေသတ်ပစ်နိုင်တယ်၊ နောက်ဆုံးလေ'

'အို'

တကယ်ပဲ နောက်ဆုံးပါ စိန်မြရဲခြယ်။ ကိုယ်ဆုံးဖြတ်ထား လိုက်ပါပြီ။ မင်းကို စွန့်လွှတ်တော့မယ်။ မင်း ပျော်ရွှင်စွာနေထိုင်သွား စေချင်လို့ပါ။

'လွှတ်ပါ… ဒုက္ခပါပဲနော်'

'နောက်ဆုံးလေ'

'ဘာနောက်ဆုံးလဲ၊ အဓိပ္ပာယ်မရှိတာပဲ၊ ဦးတိမ်သခင်နဲ့ ကျွန်မက ချစ်သူတွေလည်း မဟုတ်ဘူးလေ၊ ပြီးတော့ ကိုဝင့်အပေါ် ကျွန်မ သစ္စာမဲ့ရာရောက်တယ်၊ ဖယ်ပါ'

'မင်း ဟိုကောင့်ကို ချစ်တယ်လို့ အဖြေမပေးရသေးတာကို ကိုယ်သိတယ် ရံ၊ မင်းက အဲဒီလောက် အညှာလွယ်တဲ့ မိန်းကလေးမှ မဟုတ်တာ၊ ကိုယ်က မင်းကို ချစ်တယ်လို့ အရင်ဆုံးပြောခဲ့တာနော်'

ပတ်ဝန်းကျင်မှာ လူတွေရှိနေ၍ ရံ ကျယ်ကျယ်လည်း မပြော ရဲ။ သူ ကြမ်းကြမ်းရမ်းရမ်း ချစ်တတ်တာလည်းသိ၍ တိုးတိုးတိတ် တိတ် ပြောနေရသည်။





'ဦးတိမ်သခင်… တကယ်ပဲ ရံမှာချစ်သူရှိနေတယ်၊ ကျေးဇူး ပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့၊ လွှတ်ပါ'

'ကိုယ့်ရင်ခွင်ထဲမှာ ခဏလေးပဲ ငြိမ်နေပေးပါ ရံ၊ ကိုယ် တောင်းဆိုတာပါ'

သူ့အပြုအမူတွေကို နားမလည်နိုင်စွာ ဖြစ်သွားရသည်။ ဦးတိမ်သခင်ရဲ့ မျက်ဝန်းတွေက မှိုင်းမှိုင်းဝေဝေနှင့် ရံ့အပေါ် ချစ်မြတ် နိုးရိပ်တွေ ပြည့်လျှံနေသည်ကို ရံ သိလာရသလိုပင်။

ခုပြောတာက ဦးတိမ်သခင်နဲ့ သူ့အစ်မက သိပ်မပတ်သက် ကြဘူးတဲ့။ မိသားစုပြဿနာ ရှိနိုင်တယ်တဲ့။

နောက်ဆုံးအနေနှင့် ရံ့ငြင်းဆန်ဖို့ ခက်ခဲနေသလို ပတ်ဝန်း ကျင်မှာ ခရီးသည်တွေရှိနေသဖြင့်လည်း မလွှဲသာမရှောင်သာတော့ဘဲ သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နေရသည်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

'ရံ… ဟိုလူ… ဦးတိမ်သခင်ဆိုတာ မင်း သူနဲ့အတူတူ လာတာလား'

'အင်း… သူက ဖေဖေ့မိတ်ဆွေဖြစ်နေတယ်၊ ရံတို့မောင်နှမ တွေကို ထောက်ပံ့တယ်လေ'

'ကိုယ်ရိပ်သားပဲရံ၊ ဘာဖြစ်လို့ ဦးတိမ်သခင်ရဲ့ အထောက်အပံ့ ကို ယူရတာလဲ၊ မင်းတို့နှစ်ယောက်…'

'ကိုဝဍ္ဎက ရံ့ကို မယုံကြည်တာလား'

'ယုံကြည်ပါတယ် ရံ၊ ဒါပေမဲ့ ဦးတိမ်သခင်နဲ့ မပတ်သက်စေ ချင်တော့ဘူး၊ ကိုယ်တို့ လက်ထပ်ကြရအောင်၊ ကိုယ်က ပြည့်စုံပြီး သားပါ'

ဦးတိမ်သခင်က ကိုဝဍ္ဎထက် သုံးနှစ်လောက်ပဲ ပိုအသက် ကြီးနိုင်သည်။ ရံ တွေဝေမိနေသလိုပင်။ ရံချစ်တာ ဘယ်သူလဲ။ ရံ ရွေးချယ်မည့်ယောကျ်ားကရော။ ဦးတိမ်သခင်ကိုယ်တိုင်က ရံ့ကို နောက်ဆုံးအကြိမ်ဟု ပြောခဲ့၏။ တွေးမိတိုင်း ဒေါသတွေ ပေါက်ကွဲချင် သည်။





'မင်းကို ကိုယ် လက်ထပ်မယူနိုင်ပါဘူး၊ ဒါကြောင့် မင်း ပျော်ရွှင်မှုအတွက် မင်းချစ်တဲ့ယောကျ်ားကိုပဲ ရွေးချယ်လိုက်ပါ စိန်မြ ရံခြယ်၊ ကိုယ်စွန့်လွှတ်ပါ့မယ်၊ နောက်ဆုံးတွေ့ဆုံခွင့်ရတဲ့ အချိန်လေး မှာ ကိုယ့်ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေး နေပေးစမ်းပါကွာ'

မုန်းစရာကောင်းလွန်းတဲ့ ဦးတိမ်သခင်ပဲ။ သတ္တိမရှိလိုက်တာ။ ရံ့ကို နှိမ်ချဆက်ဆံတာ၊ ရှင့်အသိုင်းအဝိုင်းထဲ မဝင်ဆံ့နိုင်တဲ့ ရှင့်ဇနီး မယားအဖြစ် တရားဝင်ဖော်ထုတ်ဖို့ ဂုဏ်ငယ်နေတယ်လို့ ထင်တာ မဟုတ်လား။

ကိုဝဍ္ဎရှေ့မှာ သူမ အပျော်တွေက ကင်းမဲ့နေသလိုပင်။ အချစ်တွေက မုန်းတီးစရာကောင်းတယ်။ ကိုဝဍ္ဎအား ချစ်မိသလို ထင်ရပေမယ့် တကယ်တမ်းကျတော့ ကိုဝဍ္ဎအပေါ် အချစ်တွေ ခံစား မရ။ ဦးတိမ်သခင်ကိုပဲ ချစ်မိသွားတာ သူမ သေသေချာချာသိရှိသွား ၍လည်း အချစ်ကို မုန်းတီးမိသည်။

'ရံ ဘယ်လိုလဲကွာ၊ ကိုယ် မင်းနဲ့မခွဲနိုင်တော့ဘူး၊ ဦးတိမ် သခင်ကိုလည်း မယုံဘူး၊ မင်း ခုထိ ကိုယ့်ကိုချစ်တယ်လို့လည်း အဖြေမပေးရသေးဘူး၊ ကိုယ့်ကို အဖြေအတိအကျပေးပါ ရံရယ်'

'ရံ စဉ်းစားပါ့မယ် ကိုဝဍ္ဎ၊ အရမ်းအလျင်မလိုပါနဲ့နော်၊ အချိန်တွေ ရှိပါသေးတယ်'

ကိုဝဍ္ဎက ဟန်ဆောင်ဖုံးကွယ်ထားတာတွေ ခွာချပစ်လိုက် ပြီး နောက်ဆုံးပေါ်ကားအကောင်းစားကြီးနှင့် သူမကို လာရောက်ကြိုခဲ့ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကားပေါ်တက်လေ ရုံ၊ ပြန်ကြမယ်၊ ခခလည်း မျှော်နေလောက်ပြီ၊ ရုံကို သတင်းတစ်ခုပေးရဦးမယ်၊ မိုးရိပ်လေ ခခကို လက်ထပ်ခွင့်တောင်းထားတယ်'

'ခခက လက်ခံလား'

'စဉ်းစားဦးမယ်တဲ့လေ၊ ကိုယ့်ကိုတော့ ရုံ လုံးဝလက်ခံတဲ့ အဖြေပဲ ပေးရမှာနော်၊ အချိန်ဆွဲနေစရာမလိုဘူးလေ၊ ကိုယ်တို့က ပြည့်စုံနေတာပဲ'

'ရုံက မောင်လေးနဲ့ ညီမလေးရဲ့ ရှေ့ဆောင်လမ်းပြပါ ကိုဝဠာ၊ သူတို့လေးတွေရဲ့ သဘောထားလည်း လိုအပ်ပါတယ်'

သူမရင်ထဲမှာ ကိုဝဠာ့ကိုလက်ခံနိုင်ဖို့ အဖြေက အဆင်သင့်ရှိမနေပေ။ ကိုဝဠာ့ကို ချစ်သည်ဟု ထင်မှတ်ခဲ့တဲ့ သူမနှလုံးသားက အပြောင်းအလဲတွေ ဖြစ်ကုန်ပြီထင်သည်။ ကိုဝဠာကလည်း သူမကို ချစ်တဲ့ယောကျ်ားတစ်ယောက်ပါပဲ။

ရုံ့နှလုံးသားတွေက ထူးဆန်းအံ့ဩဖွယ်ပင်။ ကိုဝဠာ့အား လက်မခံဘဲ ဖြစ်နေခဲ့၏။ သူမကို လက်ထပ်ဖို့ ဆန္ဒမရှိတဲ့ ဦးတိမ်သခင်က သူမနှလုံးသားထဲ အလိုမရှိဘဲ ဝင်ရောက်နေရာယူထားလေသည်။

'ရုံ'

'ဟင်'

'ဘာတွေစဉ်းစားနေတာလဲကွာ၊ ရောက်ပြီလေ'

'ဟုတ်လား'





သူမ နေထိုင်တဲ့တိုက်ကြီးရှေ့မှာ ကိုဝဠာ ကားကိုရပ်သွားတာပင် မသိ။ ဦးတိမ်သခင်အကြောင်း တွေးမိတိုင်း အလိုမကျမှုတွေ နာကျင်နေမှုတွေ ခံစားပြီး အသိတွေ ကင်းမဲ့သွားတတ်သည်။

'ကိုယ် ကုမ္ပဏီကို သွားရမယ်၊ အပေါ်မတက်တော့ဘူးနော်၊ ညနေ အပြင်မှာထွက်ပြီး ညစာစားမယ်၊ ရုံ စဉ်းစားထား'

ရုံ ဘာမှပြောမနေတော့ဘဲ ရှစ်ထပ်တိုက်ကြီးရဲ့ ရှစ်လွှာအထိ ဖြည်းဖြည်းချင်း တက်လာခဲ့သည်။ ခခက ဝမ်းသာအားရ ဆီးကြိုနေ၏။ သူမ မှားယွင်းဝင်သွားခဲ့သည့် ကိုဝဠာနေသော တိုက်ခန်းက သော့ပိတ်လျက်။ သူ ပြောင်းသွားပြီပဲ။ အချစ်ဆိုတာ ပြောင်းလဲတတ်တာလား။ ကိုဝဠာ့ကို လက်ခံလိုက်သင့်တယ်။ သူမအပြုံးက မှိန်မှိန်မှိုင်းမှိုင်းဆိုတော့ ခခက ဘာတွေဖြစ်လာလဲဟု စိုးရိမ်တကြီး မေးသည်။

'အမေ ပြန်ရောက်နေတယ် ခခ'

'ဟင်… ဦးလေးခြယ်လား'

'ဟုတ်တယ်၊ သားသမီးတွေကို လာစောင့်ရှောက်တာလေ၊ ဒါပေမဲ့ ဖေဖေ့မှာ အဆုတ်ကင်ဆာရောဂါက နောက်ဆုံးအဆင့်ရောက်နေပြီ'

'ဟယ်… ဖြစ်မှဖြစ်ရလေ ရုံရယ်'

'ပိုပြီးအံ့ဩဖို့ကောင်းတာက ဖေဖေ့မိတ်ဆွေက ဦးတိမ်သခင်လေ'

'ဟင်'

'နင်တို့သူဌေးလေ၊ တို့မောင်နှမတွေကို လိုလေသေးမရှိ အရမ်းပြည့်ပြည့်စုံစုံ ပေးကမ်းထောက်ပံ့သွားတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှံ့ကြောင့်ထင်တယ်၊ နှင့်ဖူးစာရေးနတ်မင်းကြီးက ရွာလည် နေပြီထင်တယ်၊ ဦးတိမ်သခင်လား၊ ကိုဝဠာလား'

'နှင်ကရော ဘယ်သူနဲ့ ပိုပြီးသဘောတူလဲ ခခ'

'ဦးတိမ်သခင်နဲ့ပဲလေ၊ တို့သူဌေးအကြောင်း တို့သိတယ်၊ အသက်အရွယ်အရရော၊ ရင့်ကျက်တည်ငြိမ်တယ်၊ နှင့်ကိုလည်း အရမ်း ချစ်မယ်ထင်တယ်'

'သေလိုက်ပါလား၊ နှင့်သူဌေးဘက် လိုက်မနေနဲ့ ခ၊ သတ္တိ မရှိဘူး၊ ငါ့ကို အထင်သေးတယ်၊ သူနဲ့ မတူမတန်ဘူးလို့ သတ်မှတ် ထားတာဟ၊ မနေ့ညက သူနဲ့ငါ နောက်ဆုံးတွေ့ဆုံခြင်းတဲ့၊ ရှံ့ကို ဘယ်တော့မှ မနှောင့်ယှက်တော့ဘူးတဲ့၊ မင်းချစ်တဲ့သူကိုပဲ ရွေးပါတဲ့ လေ'

'ရှံ့ရယ်… နှင်က ကိုဝဠာ့ကို ချစ်တာလား၊ ကိုဝဠာလည်း မဆိုးပါဘူးဟယ်၊ ဦးတိမ်သခင်ကို ခက ထောက်ခံပေမယ့် သူ့အဆင့် နဲ့ နှင့်ကို လက်ထပ်ဖို့မဖြစ်နိုင်လို့ ထင်တယ်'

ရှံ့ မကျေမနပ်ဖြစ်ရဆုံးက သူမကို လက်မထပ်ရဲတဲ့ သူ့ရဲ့ အပြုအမူကိုပါပဲ။ ဘယ်လောက်ဒေါသဖြစ်ဖို့ ကောင်းလဲ။ ဦးတိမ်သခင် ရဲ့ ထောက်ပံ့မှုတွေကို ဖေဖေကွယ်လွန်သွားတာနှင့် ပြန်ရုပ်သိမ်းပစ် မည်။ ဟုတ်တယ်၊ ရှံ့ရွေးချယ်သင့်တာက ကိုဝဠာပဲ။ စိတ်ရှုပ်လိုက် တာ။ ခက ဘာမှစဉ်းစားနေဘဲ ပျော်ပျော်နေကြမယ်ဆိုပြီး သီချင်းတွေ အကျယ်ကြီး ဖွင့်သည်။

'ကကြမလား'





'အရှုံး'

'ရှံ့ရယ် နှင်တို့ဖေဖေကို မသေခင် ပြန်တွေ့ရတာပဲ ပျော် စမ်းပါ၊ ပညာရေးပဲ စဉ်းစားပါ'

'ဟဲ့… ခခ နှင်ရော ကိုမိုးရိပ်က လက်ထပ်ခွင့်တောင်းတယ် ဆို'

'အင်း… ဒါပေမဲ့ စဉ်းစားလိုက်တိုင်း ခရင်ထဲမှာ အချစ်ဆို တာ မရှိဘူး၊ ပညာရေးကလည်း မဆုံးသေးဘူးလေ၊ ခက မမဆီ လိုက်သွားမှာဆိုတော့ အချစ်ရေးကို လုံးဝမစဉ်းစားသေးဘူးလို့ ဆုံး ဖြတ်ထားတယ်'

'ကောင်းတယ် ခ၊ ဘဝတစ်သက်တာအတွက် သေသေချာ ချာ စဉ်းစားဆုံးဖြတ်သင့်တယ်ဟ'

'ဟယ်… ရှံ့ ဘယ်တုန်းက လူကြီးစိတ် ဝင်သွားရတာလဲ၊ အတွေးအခေါ်တွေ မှန်လာပြီဟ'

သူမတို့နှစ်ယောက် မွန်းကြပ်နေတဲ့စိတ်တွေ ပြေလျော့သွား စေရန် သီချင်းတွေဆိုကြသည်။ ရှံ့ကတော့ ညနေရောက်မှာကို ကြောက်နေမိသလိုပင်။ ကိုဝဠာ့ကို အဖြေပေးရမယ်။ ခ ရုံးသွားတော့ သူမတစ်ယောက်တည်း အခန်းထဲမှာ ငြိမ်သက်စွာထိုင်နေမိသည်။ ဦးတိမ်သခင် ပေးထားတဲ့ ဖုန်းအနီရောင်လေးက စားပွဲပေါ်မှာရှိနေ၏။ တကယ်ပဲ ဦးတိမ်သခင်က နောက်ဆုံးပတ်သက်မှုလား။ မိတ်ဆွေ အဖြစ်တောင် ဖုန်းမဆက်။ ရှံ့ကရော သူ့ကို ဘာဖြစ်လို့ မျှော်လင့် နေရတာလဲ။ ငုတ်တုတ်လေးထိုင်ရင်း ဖုန်းအနီရောင်လေးကို ငေးကြည့် နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'တီ… တီ…'

'တီ… တီ…'

'ဟင်…'

ဖုန်းနီနီလေးမှ အသံမြည်လာ၍ သူမ ရုတ်ခြည်းပျော်သွားပြီး ဖုန်းကို ကောက်ယူကာ ဖွင့်နားထောင်မိသည်။

'ဟဲလို'

'စိန်မြရုံခြယ်… ကိုယ် ဖုန်းမဆက်တော့ဘူးလို့ ဆုံးဖြတ်ပြီးကာမှ မင်းရဲ့ပိုက်ဆံအိတ်လေးက ကိုယ့်ဆီ ပါလာတယ်လေ၊ အထဲမှာ မှတ်ပုံတင်တွေ ပါတယ်'

'အို… ဟုတ်သားပဲ၊ ကျွန်မကလည်း မပတ်သက်ချင်တော့ပါဘူး၊ ကိုဝဍ္ဍကိုပဲ ချစ်သူအဖြစ် ရွေးချယ်လိုက်ပါတော့မယ်'

'ဘာပြောတယ်'

'အမလေး'

အော်ပစ်လိုက်တာ ရုံနားထဲ မိုးထစ်ချုန်းပြီး မိုးကြိုးပစ်ချလိုက်သလိုပင်။ ဖုန်းကိုပင် ချွာပစ်လိုက်ရသည်။ တကယ်ပါပဲ။ သူပဲ ကိုဝဍ္ဍကို ရွေးချယ်ဆိုပြီး သဘောကောင်းချင်ယောင် ဆောင်ပြနေတယ်။ ဦးတိမ်သခင် နည်းနည်းလေးသဝန်ကြောင်ပြ၍ ရုံ ကျေနပ်ပျော်ရွှင်သွားသည်။

'ဘာဖြစ်တာလဲ ဦးတိမ်သခင်၊ ရုံပဲ ရွေးချယ်ဆို'

'မင်း တကယ်ပဲ ရွေးချယ်တော့မှာလား ရုံ'

'ရွေးချယ်သင့်တယ်လေ၊ ကျွန်မကို တင့်တောင့်တင့်တယ်





ထားနိုင်တာထက် တရားဝင်လက်ထပ်ယူနိုင်တဲ့ ယောက်ျားလေ၊ ရုံ့ကိုလည်း ချစ်တယ်၊ ဒီညနေ သူ့ကို အဖြေပေးရမယ်ထင်တယ်၊ ဦးတိမ်သခင်က ဖေဖေ့မိတ်ဆွေဆိုတော့ တိုင်ပင်တာပါ၊ ကိုဝဍ္ဍနဲ့ မိတ်ဆက်ပေးရမလား'

'မင်း ဆက်မပြောနဲ့တော့ စိန်မြရုံခြယ်၊ မင်းအိတ်ကို လာပို့ပေးမယ်၊ မင်းအခန်းကပဲ စောင့်နေပါ'

'အို… အခန်းထဲအထိ လာမပို့ပေးပါနဲ့၊ ကျွန်မ ဆင်းယူမယ်'

'ကိုယ်တက်လာခဲ့မယ်'

'ဒီမှာ… အဓိပ္ပာယ်မရှိတာပဲ၊ ကျွန်မတစ်ယောက်တည်းရှိတာနော်၊ ပတ်ဝန်းကျင်က ဘာပြောမလဲ၊ မသင့်တော်ပါဘူး၊ မနေ့ကပဲ နောက်ဆုံးပတ်သက်မှုဆို'

'ကောင်းပြီလေ၊ မင်း အောက်ကပဲ ဆင်းစောင့်ပါ၊ ကိုယ်လာပြီ'

'ဟုတ်ကဲ့'

သူ့ကိုတော့ အခန်းထဲအဝင်ခံလို့ မဖြစ်ပါဘူး။ ရုံ အမြန်ဆင်းမှပါ။ အိတ်ကို သူယူထားတာ ရုံလည်း ပြန်တောင်းဖို့ မေ့သွားတယ်။ နောက်ဆုံးလို့ပြောပြီး ရုံ့ ပိုက်ဆံအိတ်လေးကို တမင်ယူထားတာဖြစ်နိုင်သည်။

သူမ အခန်းထဲမှထွက်၍ အပြင်ကိုထွက်ဖို့ တံခါးဖွင့်လိုက်ရာ သူ့ကို ဘွားခနဲတွေ့လိုက်ရ၍ အထိတ်တလန့်ဖြစ်သွားရကာ တံခါးကို အမြန်ပြန်ပိတ်ဖို့ နောက်ကျသွား၏။ သူ့ကိုယ်က အခန်းထဲဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးတိမ်သခင်… ဘာလုပ်တာလဲ၊ ဒီမှာက ကျွန်မတစ်ယောက်တည်းနော်၊ မတရားအနိုင်ကျင့်လို့ ရမယ်မထင်နဲ့၊ ကျွန်မအော်မှာ'

'အော်လေ… မင်းကိုယ်တိုင် တံခါးဖွင့်ပေးပြီးတော့ လူတွေက ဘာထင်မလဲ'

သူ ညှော့ခန်းက သစ်သားခုံတစ်လုံးမှာ ဝင်ထိုင်သည်။ တော်တော်လေး ဆင်းရဲတာပဲ။ အခန်းက သပ်ရပ်ပေမယ့် အသုံးအဆောင်တွေက ခပ်ညှံ့ညှံ့တွေ။ ရုံက မတ်တပ်ရပ်နေသည်။

'ထိုင်လေ'

'ဒီမှာ အိတ်ထားခဲ့ပါ၊ ပြန်ပါတော့၊ ကျွန်မတို့အခန်းက ဦးတိမ်သခင် ထိုင်နေဖို့ မတန်ဘူးထင်တယ်၊ ဒါတောင် ကျွန်မက သူငယ်ချင်းအခန်းမှာ ကပ်နေရတာ'

သူ့စိတ်တွေ ထိန်းချုပ်ထားတာပါပဲ။ ဒါပေမဲ့ စိန်မြရုံခြယ်ကို စွန့်လွှတ်လိုက်ရတော့မယ်ဆိုတဲ့ အသိ ဝင်လာတိုင်း ပြင်းထန်စွာ ပေါက်ကွဲနေရသည်။ မဖြစ်နိုင်တာ သိသိကြီးနှင့် အတင်းအကြပ်လက်ထပ်ပစ်လိုနေခဲ့၏။ ရုံ့ရဲ့ပိုက်ဆံအိတ်လေးကိုလည်း တမင်ယူထားလိုက်မိသည်။

'ကျွန်မအိတ် ထားခဲ့ပါ'

'ရုံ'

'ဟင်'





'ကိုယ် အစ်မခေါ်လာပြီး မင်းကို လာတောင်းမယ်၊ မင်း တကယ်ပဲ ကိုယ့်ကို လက်ထပ်မလား'

'လာတောင်းလေ'

'မင်းက ကိုယ်မတောင်းရဲဘူး ထင်နေလား'

'လက်တွေ့ပြပါ ဦးတိမ်သခင်၊ ကျွန်မကို လှည့်ပတ်လို့ ရမယ်မထင်နဲ့နော်၊ အခုတော့ ပြန်ပါ'

'မင်း ကိုယ့်ကလွဲပြီး ဘယ်သူ့ကိုမှ မရွေးချယ်ရဘူး'

'အဟင်း ဟင်း အရမ်းရယ်ရတာပဲ၊ အဲဒီလို ပိုင်စိုးပိုင်နင်း မလုပ်ပါနဲ့၊ ဒါက ကျွန်မရဲ့ အခွင့်အရေးပါ၊ ရှင်နဲ့ မဆိုင်ဘူးထင်တယ်'

'မင်း တကယ်ပဲ စကြဝဠာကို ရွေးချယ်တော့မှာလား ရုံ'

'ဟုတ်တယ်၊ ကျွန်မနဲ့ အလိုက်ဖက်ဆုံးက သူပဲလေ'

သူက ထွက်မသွား၍ သူမ ထွက်သွားဖို့ စဉ်းစားလိုက်ပြီး လှည့်အထွက်တွင် သူက ထလာပြီး ရုံ့ကို ဖက်ထားလေသည်။

'ကိုယ့်ကို မထားခဲ့ပါနဲ့၊ မင်းနဲ့ကိုယ် တွေ့ဆုံမှုက ရေးဘဝက ရေစက်တွေ ကံကြမ္မာတွေပဲ ရုံ၊ ကိုယ် မင်းကို မစွန့်လွှတ်နိုင်ဘူး'

သူမလည်း တုံ့ပြန်၍ သူ့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားချင်ပေမယ့် ရုံ ရွေးချယ်သင့်တာက ကိုဝဠာလေ။ ဖေဖေတောင် မိသားစုကို စွန့်ခွာ၍ ချစ်မြတ်နိုးရတဲ့ မိန်းကလေးကို သတ္တိရှိရှိ တာဝန်ယူလက်ထပ်ခဲ့သည်။

'လွှတ်ပါ ဦးတိမ်သခင်၊ မဖြစ်နိုင်ပါဘူး၊ ကျွန်မလမ်းကို ကျွန်မ အေးအေးချမ်းချမ်း လျှောက်ပါရစေ၊ ဦးတိမ်သခင်ရဲ့ အထောက်



www.burmeseclassic.com

www.burmeseclassic.com



အပ့ံတွေကို ဖေဖေ ဆုံးသွားရင် လက်မခံတော့ပါဘူး၊ ရှံ့ကို သနားပါ၊ ဦးတိမ်သခင်နဲ့ လုံးဝလိုက်ဖက်တင့်တယ်မှုမရှိတဲ့ မိန်းကလေးပါနော်'

ရှံလည်း သူ့ရင်ခွင်ထဲကနေ မထွက်ပစ်ချင်ပါဘူး။ နာကျင်စွာ ချစ်မိနေသည်။ ထုတ်ဖော်ပြသဖို့ မသင့်ဘူးဟုပဲ သူမဆန္ဒတွေကို မျိုသိပ်ထိန်းချုပ်ထားရသည်။ သူ့အနမ်းတွေကိုလည်း ငံ့လင့်နေမိဆဲပင်။ နောက်ဆုံးမျှော်လင့်ချက်ဆိုတဲ့ စကားလုံးတွေ ရင်ထဲမှာ တန်းစီနေသလိုပင်။ သူက လွှတ်ပေးလိုက်၏။ သူမပိုက်ဆံအိတ်လေးကို ထုတ်ပေးပြီး သူမလက်ထဲ တယုတယထည့်ပေးသည်။

'Sorry နော် စိန်မြရှံခြယ်၊ ကိုယ် ပေါက်ကွဲသွားတယ်၊ မင်းနဲ့ကိုယ် လုံးဝမဖြစ်နိုင်ပါဘူးကွာ၊ ကိုယ် အရှုံးမထတာပဲ ကောင်းပါတယ်၊ ကိုယ့်ကို အစ်ကိုကြီးတစ်ယောက်အနေနဲ့တော့ ဆက်ဆံပေးပါ၊ ကိုယ့်အထောက်အပံ့တွေလည်း လက်ခံပါ၊ တောင်းဆိုပါတယ်၊ မင်းချစ်မြတ်နိုးတာကလည်း စကြဝဠာပဲ ဖြစ်မှာပါ၊ ကိုယ့်ကိုတော့ မင်း ရွံမုန်းနေမှာ သေချာပါတယ်လေ၊ အဟဲ··· တောင်းပန်တယ်၊ ဒီတစ်ခါတော့ တကယ့်ကို နောက်ဆုံးဖြစ်မယ် ထင်တယ်နော်'

သူက ပြောပြီး သူမအား ကျောခိုင်းထွက်ခွာသွားသည်။ ကျွန်မက ဦးတိမ်သခင်ကို မချစ်ဘဲ ရွံမုန်းနေမယ်လို့ ဘယ်သူက ပြောလို့လဲ ဦးတိမ်သခင်··· ကျွန်မမျက်ဝန်းတွေကို စေ့စေ့ကြည့်ပါ။ ဦးတိမ်သခင်ကိုလည်း ချစ်နေနိုင်ပါတယ်။

အချစ်တွေကို မခံစားချင်ဘူး။ ကျွန်မနှလုံးသားထဲမှာ အချစ်





တွေ လှိုင်းဂယက်ထသွားအောင် ဦးတိမ်သခင်ပဲ စတင်လှုပ်ခတ်ပေးခဲ့တာပါ။

သူထွက်သွားတဲ့ အသံတွေ သူမ ကြားနေရသည်။ လှေကားထစ်တွေကို ဆင်းသွားတဲ့ ခြေသံက သူမနှင့် တဖြည်းဖြည်းဝေးသထက်ဝေးသွားရ၏။ နောက်ဆုံး သူမ ကြားလိုက်ရတာက ကားစက်နှိုးပြီး မောင်းထွက်သွားသံ သဲ့သဲ့လေး။

ရင်ထဲမှာ ဟာသွားသည်။ သူ့နောက်သို့ ပြေးလိုက်သွားချင်တဲ့ ဆန္ဒပြင်းပြမှုတွေ ပျောက်သွားစေရန် နံရံကို မှီ၍ ကြမ်းပြင်မှာ ထိုင်ချပစ်မိ၏။ ဦးတိမ်သခင် ထားခဲ့တဲ့ သူမပိုက်ဆံအိတ်လေးက စားပွဲပေါ်မှာ ကျန်ရစ်ခဲ့လေသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

'သမီးကြီး… ဖေဖေ လူ့လောကကြီးထဲမှာ သိပ်မနေရတော့ဘူး၊ သွားရတော့မယ်ကွယ်၊ နောက်ဆုံး ဖေဖေ မှာချင်တာကတော့ မောင်တိမ်သခင်ကို လက်ထပ်ပါ၊ ဖေဖေ့ဆန္ဒပဲ၊ သမီးကြီးတို့မောင်နှမတွေကို စောင့်ရှောက်ပေးဖို့ သူပဲ ဖြစ်နိုင်တယ်၊ မောင်တိမ်သခင်က အပြစ်မရှိပါဘူးကွယ်၊ ဘယ်လိုအကြောင်းတွေပဲရှိရှိ မောင်တိမ်သခင်ကို ခွင့်လွှတ်ပေးပြီး လက်ထပ်ပါ'

သူမမျက်ခွံတွေ ဖျတ်ခနဲပွင့်သွားပြီး ပတ်ဝန်းကျင်ကို အထိတ်တလန့်ကြည့်မိတော့ သူမအိပ်ခန်းဖြစ်နေပြီး သူမ အိပ်မက်မက်နေတာ ဖြစ်ကြောင်း သိလိုက်ရသည်။

'ဖေဖေ တကယ့်ကို ရံ့ကိုတောင်းဆိုနေသလိုပဲ၊ ဖေဖေ နေရောကောင်းရဲ့လား မသိပါဘူး'

ဖေဖေ့အတွက် ရံ စိတ်ပူပင်သွားရကာ ဦးတိမ်သခင်ကို လက်ထပ်ဖို့လည်း ဂရုတစိုက်အသေအချာ မှာကြားနေသလိုပင်။ ရံ





ထလိုက်သည်။ မိုးလင်းခါနီးပြီပဲ။ အိပ်မက်ကြောင့် ရံ့စိတ်တွေ လေးလေးလံလံ ဖြစ်နေသည်။ အပြင်မှာ ခရဲ့ လှုပ်ရှားသံတွေကြားနေရ၍ မနက်စာပြင်ဆင်နေတာ ဖြစ်နိုင်၏။

ရံလည်း ဆက်မအိပ်ချင်တော့၍ ရေချိုးခန်းထဲဝင် မျက်နှာသစ်ဖို့ ပြင်နေစဉ် သူမဖုန်းက မြည်လာသဖြင့် ထိတ်ထိတ်လန့်လန့်နှင့် ကောက်ယူပြီး နားထောင်ဖို့ပင် ဝန်လေးနေမိသည်။

'ရံ… ဖုန်းလာနေတယ်လေ၊ ဒီအချိန်ကြီး ဘယ်ကဖုန်းလဲ၊ ဦးတိမ်သခင်လား၊ ကိုဝဏ္ဏဆီကပဲလား'

သူမ ကြောင်၍ ရပ်ကြည့်နေမိသဖြင့် ခခကပဲ ကောက်ပြီး နားထောင်သည်။

'ဟယ်လို… ပြောပါ'

'မမခလား… မမရံရော… ခရမ်းပြာပါ၊ ဖေဖေလေ ဖေဖေ ဆုံးသွားပြီ'

'ဘာပြောတယ်'

'မမရံကို ပြောပေးပါနော်၊ အခုချက်ချင်းပဲ လာခဲ့ပါလို့၊ အစ်ကိုကြီးဆီလည်း ဖုန်းဆက်ထားတယ်၊ အစ်ကိုကြီးက ရံ သူ့အစီအစဉ်နဲ့သူ လာပါစေတဲ့၊ အစ်ကိုကြီးက လေယာဉ်နဲ့ လာမှာတဲ့၊ အဟင့်… ဟင့်… အီး…'

'ခရမ်းပြာလေး မငိုနဲ့နော်၊ မမတို့ လာခဲ့မယ်၊ အားမငယ်ပါနဲ့၊ မင်းတို့အစ်ကိုကြီးလည်း လေယာဉ်နဲ့ချက်ချင်းရောက်လာမှာပါ'

ညီမလေးခရမ်းပြာဆိုကတည်းက ဖေဖေ ဆုံးသွားပြီဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရံ သိလိုက်ရသည်။ ထင်ထားတဲ့အတိုင်းပင် ဖေဖေဆုံးသွားတဲ့သတင်း ဖြစ်နေ၏။ ဖြစ်မှဖြစ်ရလေ ဖေဖေရယ်… ရံ့ကို လာနှုတ်ဆက်တာ ထင်တယ်။ သူမမျက်ဝန်းတွေထဲမှမျက်ရည်တွေ လိမ့်ဆင်းကျလာသည်။

'ရံ… မငိုပါနဲ့ဟယ်၊ ဘယ်တတ်နိုင်မလဲ၊ နင် အရမ်းကြေကွဲနေရင် ခရမ်းပြာနဲ့ ခြံရံ အရမ်းဝမ်းနည်းနေလိမ့်မယ်၊ ငိုချင်ရင်လည်း ဒီမှာပဲ အားရအောင် ငိုပစ်လိုက်နော်'

'ဖေဖေ မနက်က ရံ့ကို လာနှုတ်ဆက်တယ်၊ သွားတော့မယ်တဲ့၊ ပြီးတော့လေ မောင်တိမ်သခင်ကို ဘာအပြစ်ပဲရှိရှိ ခွင့်လွှတ်ပြီး လက်ထပ်ပါတဲ့'

'ဟုတ်လား… တို့သူဌေးက ရံတို့အဖေနဲ့ ဘယ်လိုပတ်သက်နေလဲ'

ဦးတိမ်သခင် ဘယ်လိုပြစ်မှုတွေ ကျူးလွန်ခဲ့လဲ။ ဖေဖေက ခွင့်လွှတ်ပြီး လက်ထပ်ပါတဲ့။ ရံနှင့်ခခ အမြန်ဆုံး နယ်မြို့လေးကို ပြန်လာခဲ့ကြသည်။ ဦးတိမ်သခင်လည်း ရောက်နေ၏။ ပြီးတော့ ဖေဖေ့ဇနီးငယ်ငယ် ဒေါ်ခင်မြတ်နိုးလည်း ရောက်နေသည်။

'စိန်မြရံခြယ်ဆိုတာ ညီမလား၊ အစ်ကိုကြီးလည်း ဆုံးသွားပြီဖြစ်လို့ မမတို့ပြဿနာတွေ၊ အမုန်းတွေ ကြီးထွားမနေကြတော့ဘဲ မိသားစုဝင်တွေအဖြစ် ချစ်ချစ်ခင်ခင် နေထိုင်ကြရအောင်ပါကွယ်'

ရံလည်း မမုန်းနေတော့ပါဘူး။ ဖေဖေ ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်ပဲလေ။ ခြံရံနှင့် ခရမ်းပြာတို့ကလည်း လက်ခံကြသည်။ ဖေဖေ့ကို လာပြုစုနေတာ နှစ်ပတ်လောက်ရှိပြီတဲ့ အဆင်ပြေကြပုံပင်။





'မမမှာလည်း မောင်နှမနှစ်ယောက်ပဲ ရှိကြတာပါ၊ သူလေ မမရဲ့ တစ်ဦးတည်းသောမောင်လေး တိမ်သခင်တဲ့၊ အင်း… မမနဲ့ အစ်ကိုကြီး လက်ထပ်တုန်းက အကြီးအကျယ်ကန့်ကွက်ခဲ့တာလေ၊ ရှက်ပြီး နိုင်ငံခြားကို ထွက်သွားတာ၊ ပြီးတော့ ဒုက္ခရောက်နေရရှာတဲ့ ညီမလေးတို့ကိုလည်း တစ်နေ့နေ့ စောင့်ရှောက်ပေးနိုင်ဖို့ မောင်လေးက အမြဲတမ်းကြံစည်ကြိုးစားနေတာလေ'

'ရှင်'

ဦးတိမ်သခင်က ဖေဖေ့နောက်မိန်းမရဲ့ မောင်ဖြစ်နေလေသည်။ ရံရော၊ ခခပါ အံ့ဩတုန်လှုပ်စွာ။ ရံဆိုရင် အသိတွေကင်းမဲ့သွားသလိုပင်။ မျက်ဝန်းတွေပင် ပြာဝေသွားရ၏။ သူကတော့ ဘာမှမဖြစ်သလိုပင် ဖေဖေ့ရှာပနအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်နေသည်။

'သမီးကြီးရယ် ဘယ်လိုအကြောင်းတွေပဲရှိရှိ မောင်တိမ်သခင်ကို လက်ထပ်ပါကွယ်'

အိပ်မက်ထဲမှာ ဖေဖေလာပြောခဲ့တဲ့စကားတွေကိုကြားယောင်မိလာသည်။ သူ… သူက ဖေဖေ့ယောက်ဖတဲ့။

'စိန်မြရံခြယ်… မမတောင်းပန်ပါတယ်၊ ငယ်ရွယ်စဉ်က မောင်နှမနှစ်ယောက် ဒုက္ခရောက်လွန်းလို့ ချမ်းသာတဲ့သူ စီးပွားရှာနိုင်တဲ့သူကို အရယူခဲ့တာပါ'

ရံလည်း ဘယ်သူ့ကိုမှ အပြစ်မတင်လိုတော့ပေ။ ကံကြမ္မာတွေပဲလေ။ ဦးတိမ်သခင်က ရံ့အား လူကြီးစုံရာနှင့် တောင်းရမ်းဖို့ ဝန်လေးနေခြင်းက ထိုအကြောင်းတွေကြောင့် ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မမတို့ စည်းစည်းလုံးလုံး နေထိုင်ကြရအောင်ကွယ်နော်၊ ဒါကလည်း အစ်ကိုကြီးဆန္ဒပါ၊ ကလေးတွေကို မမစောင့်ရှောက်ပါရစေနော်'

ရံ ရှာနေမိတာက ဦးတိမ်သခင်ကိုပင်။ သူဘာကြောင့် ရှုံးသွပ်ခဲ့ရတာလဲဆိုတာ ရံ သဘောပေါက်နားလည်ခဲ့ရလေသည်။

'ကိုယ်တို့ရဲ့တွေ့ဆုံမှုက ကံကြမ္မာတွေပါ ရံ၊ မင်းကို ကိုယ် စွန့်လွှတ်ပါတော့မယ်လေ'

ဦးတိမ်သခင်ကတော့ အစ်မဖြစ်သူအား အပြစ်တင်ရင်း မုန်းတီးနေကာ အဝေးမှာ ကင်းကင်းရှင်းရှင်းသွားရောက်နေထိုင်ခဲ့ကြောင်း ခခတို့ သိထားကြသည်။

'ဟဲ့… ရံ… တို့သူဌေးက နင့်ကို ချစ်လျက်နဲ့ လက်ထပ်ဖို့ ငြင်းနေတာ မိသားစုပြဿနာတွေရှိလို့ ထင်တယ်၊ နင်လည်း ဦးတိမ်သခင်ကို ချစ်နေတယ်မဟုတ်လား'

'ဟင်'

'နင် ကိုဝဠာ့ကို အဖြေမပေးသေးတာ ဦးတိမ်သခင်အပေါ် နင် သံယောဇဉ်ရှိနေလို့ပဲ၊ မညာနဲ့နော် ရံ'

'လောလောဆယ် ဒါတွေမပြောချင်သေးပါဘူး ခခ၊ ဖေဖေ့ ဆန္ဒက သူ့ဇနီးနဲ့အဆင်ပြေစေချင်တယ်လေ'

'ဦးတိမ်သခင်နဲ့လည်း လက်ထပ်စေချင်တာလေ ရံ'

'တော်ပါတော့ဟာ'

ရံ ဘယ်လိုဆုံးဖြတ်ရမှန်းပင် မသိ။ ကိုဝဠာ့ကို သူမ ယခု





အထိ ချစ်သူအဖြစ် အတိအလင်းရွေးချယ်မှု မပြုရသေးပါဘူး။ သူမ အသိတရားတွေက ရွေးချယ်လိုပေမယ့် နှလုံးသားက ငြင်းပယ်ထားခဲ့သည်။

ဖေဖေ့အသုဘရက်လည်တဲ့နောက်နေ့တွင် ဦးတိမ်သခင်နှင့် ခခ ရန်ကုန်ကို ပြန်မည်ဖြစ်သည်။ ဦးတိမ်သခင်က ရံ့ကို နှုတ်ဆက်တဲ့အနေနဲ့ လာရောက်တွေ့ဆုံခဲ့၏။ ရံတို့ခြံရဲ့ထောင့် ခရေပင်ကြီးအောက်မှာ ရံရှိနေတုန်း သူရောက်လာသည်။

'စိန်မြရံခြယ်… လောလောဆယ်မှာတော့ မင်း ကိုယ့်ကို အရမ်းမုန်းတီးနေမယ်ထင်တယ်၊ ဓာကယ်တမ်းဝန်ခံရရင် မင်းကို ကိုယ် စတွေ့တွေ့ချင်းပဲ ချစ်မိသွားရပါတယ်၊ ဒါပေမဲ့ အင်တာဗျူးမှာ စိန်မြရံခြယ်ဆိုတဲ့ နာမည်နဲ့ ဖခင်အမည် ဦးစိန်ခြယ်ဆိုတာ သိလိုက်ရတော့ ကိုယ် ရှုံးသွပ်မတတ် ခံစားလိုက်ရတယ် ရံ'

သူဆုံးဖြတ်လိုက်တာက ရံ့ကို စွန့်လွှတ်ဖို့ပင်။ သူ့ကို ရံ အမုန်းကြီးမုန်းသွားပြီဆိုတာလည်း သိလိုက်သည်။

'တစ်နေ့နေ့ ကိုယ့်ကို ရံ အရမ်းမုန်းသွားမယ်ဆိုတာ ကိုယ် သိပါတယ်၊ ဒါပေမဲ့ ကိုယ် အရမ်းရှက်ပြီး အကြီးအကျယ် ကန့်ကွက်ခဲ့တာပါ ရံရယ်၊ လုံးဝ မနှစ်သက်ခဲ့ပါဘူး၊ ခုထိလည်း မမကို ထောက်ပံ့တာကလွဲပြီး ကိုယ် ကင်းကင်းနေထိုင်ခဲ့တယ်'

ဦးတိမ်သခင်ကို ကျွန်မ ဘယ်တော့မှ မမုန်းနိုင်ခဲ့ပါဘူး။ မထင်မှတ်ဘဲ ချစ်မိသွားတာပါ။ ဒါပေမဲ့လည်း ရံ့ဘက်ကနေ အောက်ကျခံ၍ ဖွင့်ဟပြောရမှာ ဝန်လေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းရွေးချယ်တဲ့ မင်းရဲ့ချစ်သူ စကြဝဠာကလည်း အရည်အချင်းရှိတဲ့သူပါ၊ ဖြစ်သင့်ပါတယ် စိန်မြရံခြယ်'

ကျွန်မ ဘယ်သူ့ကိုမှ မရွေးချယ်ရသေးပါဘူး ဦးတိမ်သခင်။ ကိုဝဠာက လူကောင်းတစ်ယောက်ဖြစ်ပေမယ့် ကျွန်မကို ပထမဆုံး နမ်းခဲ့တဲ့သူက ဦးတိမ်သခင်ပါ။ ဖြစ်နိုင်ရင် ညီမလေးတွေလို အစ်ကိုကြီး ဟု ခေါ်ချင်သည်။

'ခြံရံနဲ့ ခရမ်းပြာကို ကိုယ်နဲ့မမ စောင့်ရှောက်ပါရစေ၊ မင်း လက်ထပ်ပါ၊ မင်းချစ်ရတဲ့သူနဲ့ ပျော်ရွှင်စွာနေထိုင်ပါ၊ ကိုယ့်ကိုတော့ ခွင့်လွှတ်ပေးပါကွာ'

ရံ ငြိမ်သက်နေမိသည်။ လောလောဆယ်တော့ ရံလည်း ရှက်တယ်။ ဖေဖေ့ဖနီးနှင့်လည်း စိမ်းနေသေးသည်။ အကျွမ်းဝင်မှု လည်း မရှိ။ မောင်လေးနှင့် ညီမလေးကတော့ ခင်မင်ရင်းနှီးနေကြပြီ ဖြစ်၏။ ရံ ပြောချင်နေတဲ့စကားတွေက ရင်ဝမှာ တစ်ဆို့နေသည်။

'မင်းတို့မင်္ဂလာပွဲမှာလည်း ကိုယ် သတို့သမီးရှင်ဘက်ကနေ မျက်နှာမငယ်ရအောင် ခြံနဲ့တိုက်တစ်လုံး လက်ဖွဲ့ပါရစေ'

'တော်ပါတော့ ဦးတိမ်သခင်၊ ဘယ်သူက ဘယ်သူ့ကို လက်ထပ်မယ်လို့ ပြောသေးလို့လဲ၊ ကျွန်မ အမုန်းဆုံးက စည်းစိမ်ဥစ္စာ တွေနဲ့ ဖုံးလွှမ်းပစ်ဖို့ ကြိုးစားတာပဲ သိလား'

သူ အရင်ကလို ရံ့အား အရူးအမူး ပွေ့ဖက်နမ်းရှုပ်ခြင်းမပြု ဘဲ လူကြီးလူကောင်းဆန်ဆန် တည်တည်ငြိမ်ငြိမ် ပြောဆိုနေတာပင်





ရံ မကျေမနပ်နှင့် ဒေါသတွေဖြစ်နေရသည်။ ရံ ငိုပစ်ချင်လာ၏။ သူ့ရင်ခွင်ထဲပြေးဝင်ပြီး ဗုရိုက်ပစ်ချင်လာရသည်။

'ကျွန်မ ကိုဝဠာကို မရွေးချယ်ခဲ့ပါဘူး ဦးတိမ်သခင်၊ ကျွန်မ ဖေဖေက သေဆုံးခါနီးအထိ ကျွန်မဆီ အိပ်မက်အဖြစ်နဲ့ ဦးတိမ်သခင် ကို လက်ထပ်ပါလို့ ပြောနေခဲ့တယ်'

'ဘာပြောတယ် ရံ'

'ကျွန်မရွေးချယ်သင့်တာ ကိုဝဠာဆိုပေမဲ့ ကျွန်မနှလုံးသား က လက်မခံဘူး သိလား'

'ဟင်... ရံရယ်'

ရံ့စကားတွေကြောင့် သူ အလွန်အမင်းအံ့သြသွားရကာ ရံ့ အနားသို့ တိုးကပ်လာပြီး တကယ်မှဟုတ်ရဲ့လားဟု ရံ့ခန္ဓာကိုယ်လေး အား သိမ်းကျုံးပွေ့ဖက်ထားမိသည်။

'ကျွန်မ... ဦးတိမ်သခင်ကို ဘာဖြစ်လို့ မုန်းလို့မရတာလဲ၊ ကျွန်မတို့မိသားစုဘဝကို ဖျက်ဆီးသွားတဲ့ မိန်းမတစ်ယောက်ရဲ့ မောင် အဖြစ် သိရတော့လည်း ကျွန်မ အရမ်းမုန်းပစ်ချင်ပေမယ့် မုန်းလို့မရ ဘူးဖြစ်နေတယ်လေ'

'ရံရယ် ကိုယ် အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်၊ မင်း တကယ်ပြောနေတာလားကွာ၊ ကိုယ့်ကို ရံ ချစ်တယ်မဟုတ်လား'

'ဟုတ်တယ် ချစ်နေတယ်လေ၊ ကျွန်မ လုံးဝမကျေနပ်ခဲ့တာ က ဦးတိမ်သခင်ကို ချစ်နေခဲ့တာပဲ'

သူမ ဟန်ဆောင်နိုင်ခြင်းမရှိတော့ဘဲ အစ်ကိုကြီးရင်ခွင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်ဖက်ထားရင်း ကိုကြီးကို ချစ်တယ်ဟု မရှက်မကြောက် ဝန်ခံမိသွားသည်။

'ကိုကြီးကို ချစ်တယ်၊ ရုံလေ… ဘယ်လိုမှ မုန်းလို့မရဘဲ အစားထိုးဖို့ ခက်ခဲပြီး ကိုကြီးကို အရမ်းချစ်မိနေပါပြီ'

'ရုံရယ်… ကိုယ်က ရုံ့ကို စွန့်လွှတ်ရတော့မယ် ထင်နေတာပါ၊ ဒီလိုကျတော့လည်း လောကကြီးက အရမ်းပဲပျော်စရာကောင်းသွားပြီကွာ'

'ကိုကြီးရယ်'

ကိုကြီးရင်ခွင်ထဲမှာ စိန်မြရုံခြယ် လုံးဝတိတ်ဆိတ်ငြိမ်သက်သွားရသည်။ ကိုကြီးအနမ်းတွေက ပူနွေးနွေးလေး သူမအား ထိတွေ့ဆော့ကစားနေ၏။

သူမ ဘဝင်လေး ငြိမ်းချမ်းပြီး ပျော်ရွှင်မှုတွေနှင့် ပြီးပြည့်စုံသွားပြီဟု စိန်မြရုံခြယ် တသိမ့်သိမ့်ခံစားနေမိလေသည်။

သင်ပြမြတ်နိုး

ဖိုးလပြည့်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com